# လွတ်မြောက်ပြီးတဲ့အခါ
# ဘဝကို အစကနေ ပြန်စကြရတယ်

## မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဘဝအတွေ့အကြုံများနှင့် ပြန်လည်ပေါင်းစည်းရေး စိန်ခေါ် မှုပြဿနာများ

AAPP FPPS

From -1A

# လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်

## မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများနှင့် ပြန်လည်ပေါင်းစည်းရေးစိန်ခေါ်မှု ပြဿနာများ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနှင့်
နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့တို့က ရေးသားထုတ်ဝေဖြန့်ချိသည်။
၂၀၁၆ ခုနှစ်၊ မေလ ၂၅။

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

www.aappb.org

info@aappb.org

https:..www.facebook.com/burmapoliticalprisoners/?fref=ts

**နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့**

ppinformationcentre01@gmail.com

https://www.facebook.com/ppinformationcenter

## ကျေးဇူးစကား

ယခုသုတေသနလုပ်ငန်းဖြစ်မြောက်အောင် အဓိကရံပုံငွေထောက်ပံ့ပေးခဲ့သော အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမား ဗျူရို (Department of State's Bureau for Democracy, Human Rights and Labor)၊ ပရောဂျက် ၂၀၄၉ အင်စတီကျု (Project 2049 Institute) မှ Ms. Kelley Currie နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များ၊ အစရှိသူများကိုကျေးဇူးတင်ရှိကြောင်းဦးစွာဖော်ပြလိုပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား တက္ကသိုလ်၊ အာဗင်း ဥပဒေကျောင်း၊ အပြည်ပြည်ဆိုင်ရာတရားမျှတမှုဌာန (University of California, Irvine ("UCI")'s School of Law International Justice Clinic) ၏ အထောက်အကူပေးမှုကိုလည်း ကျေးဇူးတင်ရှိပါသည်။ စနစ်ကျစွာ စစ်တမ်းကောက်ယူနိုင်ရေးအတွက်သင်တန်းစီစဉ်ပေးခဲ့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတရေးနိုင်ငံတကာဌာန (International Center for Transitional Justice)ကိုလည်းကျေးဇူးတင်ရှိပါသည်။ နောက်ထပ်ဖော်ပြရန်လိုသည့် အထူးကျေးဇူးတင်ရမည့်သူများမှာ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုဖြစ်သော အချက်အလက်ကောက်ခံသူများဖြစ်ပါသည်။ ၄င်းတို့သည် မြန်မာပြည်တန်တလျားသို့လည်းကောင်း၊ ထိုင်း-မြန်မာနယ်စပ်ဒေသများသို့လည်းကောင်း၊ ရောက်ရှိရန်ခက်ခဲသော နယ်စွန်နယ်ဖျားဒေသများသို့လည်းကောင်း အကြိမ်ကြိမ်သွားရောက်၍ အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ကြပါသည်။ ထပ်မံဖော်ပြရမည်ဆိုလျှင် ဤအချက်အလက် ကောက်ယူခြင်းလုပ်ငန်းသည် မြန်မာပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီရုံးများ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးများ၊ ၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းကွန်ရက်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (အထက်ဗမာပြည်)ရုံးများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီပေးမှုမရှိဘဲ အောင်မြင်နိုင်မည် မဟုတ်ပါ။

အလားတူပင် အချက်အလက်ကောက်ယူရန်အတွက် ကူညီဆောင်ရွက်ပေးသူအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ဒေသခံများ၊ အချက်အလက်ကောက်ယူခြင်းဆိုင်ရာလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ဘာသာပြန်ပေးသော ကိုအောင်သူငြိမ်း၊ အစီရင်ခံစာရေးသားပေးခဲ့သော Sasha Nichols နှင့် Alysha Khambay၊ အသေးစိတ်စိစစ်ပေးသော Mr. Ben Gate၊ Mrs. Katherine Lee နှင့်အေအေပီပီ၏လုပ်အားပေး(volunteer)များ၊ တည်းဖြတ်ခြင်းလုပ်ငန်းကိုပြုလုပ်ပေးသော ကိုအောင်ခိုင်မင်း၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ရုံးအဖွဲ့၊ သုတေသနအဖွဲ့သားများ အားလုံးတို့ကိုလည်းကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ကျေးဇူးတင်ရမည့်သူများမှာ ယခုသုတေသနလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခဲ့ကြသောနိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုဝင်များဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များ မပါဝင်ဘဲ ဤသုတေသနအစီရင်ခံစာထွက်ပေါ်လာနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အထူးကျေးဇူးတင်လိုသူများမှာ အခက်အခဲ အမျိုးမျိုးကြားမှ ၄င်းတို့၏အတွေ့အကြုံများကိုမျှဝေပေးသော၊ အချက်အလက်များထောက်ပံ့ပေးသော၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို ဖြစ်ပါသည်။

# အစီရင်ခံစာ၏ အမှာ

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ် စစ်တပ်မှအာဏာသိမ်းပြီးချိန်မှစ၍ အာဏာသိမ်းစစ်အစိုးရ အဆက်ဆက်တို့က အတိုက်အခံ နိုင်ငံရေးအကျဉ်းသားများအား ရန်သူသဖွယ်သဘောထားကာ ဖိနှိပ်မှုချုပ်ချယ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုများ တစိုက်မတ်မတ်ပြုလုပ်ခဲ့ပြီး မတရားဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်းများကို အစဉ်တစိုက်ပြုလုပ်ခဲ့ကြပေသည်။ ၁၉၆၂ ခုနှစ်မှ နဝတ၊ နအဖ စစ်အစိုးရအဆက်ဆက်နှင့် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ဖမ်းဆီးခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားပေါင်းမှာ သောင်းချီ၍ ရှိနိုင်ပေသည်။ စစ်ကြောရေးစခန်းများတွင် အသက်သေဆုံးသည်အထိ နှိပ်စက်ညှဉ်းပန်းမှုများရှိခဲ့သလို အကျဉ်းထောင်၊ ရဲဘက်စခန်းများတွင်လည်း နှိပ်စက်ညှင်းပန်းမှု၊ အစာရေစာမလုံလောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း တို့ကြောင့်သေဆုံးသွားသူများ များစွာရှိခဲ့သည်။ ထို့အပြင် ပေါ်တာခေါ်ယူခြင်းခံရပြီး ရှေ့တန်းဒေသများတွင် သေဆုံးသွားခဲ့ရသော နိုင်ငံရေးအကျဉ်းသားများလည်း ရှိခဲ့သည်။ အဆိုးဆုံးဖြစ်ရပ်မှာ အကျဉ်းထောင်များအတွင်း မှတ်တမ်းမဲ့ပျောက်ဆုံးမှုများပင်ဖြစ်သည်။

အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးသော နိုင်/ကျဉ်းဟောင်းများသည် စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ နာကျဉ်မှုများ ပါလာခဲ့သလို၊ ပညာရေး၊ ကျန်းမာရေး ထိခိုက်မှုများ ကြီးမားစွာ ရှိလာခဲ့သည်။ ထို့အတူ မိသားစုဘဝများ ဖရိုဖရဲဖြစ်ကာပြိုကွဲခြင်း၊ စားဝတ်နေရေး ပြန်လည်နလံမထူနိုင်ခြင်း စသည့် လူနေမှုဘဝ ပျက်စီးမှုများလည်း ကြုံတွေ့ခဲ့ကြရသည်။

ယနေ့ကာလသည် ပြည်သူများမှ ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရ အုပ်ချုပ်သော အချိန်ကာလပင်ဖြစ်သည်။ ပြည်သူ့အစိုးရသည် ပြည်သူဘက်သို့ မျက်နှာမူရမည်ဖြစ်သည်နှင့်အညီ အစိုးရတာဝန်များကို လွှဲယူအပြီး ရက်ပိုင်းအတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ တရားရင်ဆိုင်နေရသော ကျောင်းသား၊ လူငယ်များအား အစိုးရလုပ်ပိုင်ခွင့်ထဲမှ လုပ်ဆောင်နိုင်သမျှကို လုပ်ဆောင်၍ လွတ်ပေးခြင်း၊ အမှုများ ရုပ်သိမ်းပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့မြင်နေရပေသည်။ သို့သော်လည်းအစိုးရကိုယ်တိုင်ပင်လျှင် အကန့်အသတ်များစွာထဲကလုပ်ဆောင်နေရသောကြောင့် နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးအရတရားရင်ဆိုင်နေရသူအားလုံးကို လွှမ်းခြုံနိုင်ခြင်းတော့ မရှိသေးချေ။

မည်သို့ပင်ဖြစ်စေ အခြားအခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အသွင်ကူးပြောင်းရေးကာလကို မဖြစ်မနေဖြတ်ကျော်ရလိမ့်မည်ဖြစ်သည်။ ထိုကာလများတွင် အတိတ်ကာလအရိပ်ဆိုးများကို သင်္ခန်းစာယူနိုင်ပြီး အနာဂတ်နိုင်ငံထူထောင်ရာတွင် ထိုသို့သော အဖြစ်ဆိုးများမှ ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းစဉ်များ အစိုးရအနေနှင့် ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များတွင်၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ မှတ်တမ်းတင်ရေးလုပ်ငန်းစဉ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့် ကုစားခြင်းလုပ်ငန်းစဉ်များ ပါဝင်ပါသည်။

ထို့ကြောင့် ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဖြတ်သန်းရမှုအခြေအနေများကို ပြည်သူလူထုတို့သိရှိနိုင်ပြီး ထိုသူများကိုအသိအမှတ်ပြုနားလည်လာခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ နာကျည်းခံစားခဲ့ရသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဒဏ်ရာများကို ပြန်လည်ကုစားပေးနိုင်ရန် နည်းလမ်းများရှာဖွေခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကျိုးကြေပျက်စီးခဲ့ရသော ဘဝများကို ပြန်လည်ထူထောင်ခြင်း၊ အသွင်ကူးပြောင်းရေးကာလ အမှန်တရားဖော်ထုတ်ရေးနှင့် တရားမျှတရေး အစီအစဉ်များကိုရေးဆွဲခြင်း၊ တရားဥပဒေနှင့် တရားစီရင်ရေးပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ယန္တရားများ အားကောင်းလာစေခြင်းတို့ကို များစွာအထောက်အကူပြုမည်ဟု မိမိတို့အနေဖြင့်ယုံကြည်ပါသည်။

# နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) အကြောင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ကို ပြည်ပထိုင်းနိုင်ငံရောက် နိုင်ငံရေးအကျဉ်းသားဟောင်းများက ၂၀၀၀ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး၊ အကျိုးအမြတ်မယူသော၊ အစိုးရမဟုတ်သော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ထိုင်း-မြန်မာနယ်စပ်တွင် အခြေပြုသည်။ (AAPP) က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေး လှုပ်ရှားမှုကမ်ပိန်းများ တစိုက်မတ်မတ်ဆောင်ရွက်နေပါသည်။ ထို့အပြင် လက်ရှိနိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့မိသားစုများအတွက်လည်း တတ်နိုင်သမျှထောက်ပံ့ပေးပါသည်။ အကျဉ်းထောင်အတွင်းနှင့် ထောင်မှလွတ်မြောက်လာပြီး ကြုံတွေ့ကြရသည့် အတွေ့အကြုံများ၊ အကျဉ်းချခံရခြင်းကြောင့် မိသားစုနှင့် သက်မွေးဝမ်းကျောင်းအပေါ် ထိခိုက်သက်ရောက်မှုများနှင့်ပတ်သက်ပြီး အတွေ့အကြုံဗဟုသုတရှိကြသူများဖြစ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကိုယ်တိုင်က အေအေပီပီတွင်အချိန်ပြည့်တာဝန်ထမ်းဆောင်လုပ်ကိုင်နေကြပါသည်။ အကျဉ်းချခံရခြင်းကြောင့်ခံစားကြရသော အချို့သောရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ၊ ငွေကြေးအခက်အခဲများ သက်သာပြေလည်စေရေးအတွက် (AAPP) က နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့မိသားစုဝင်များအတွက် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံပေးဆွေးနွေးခြင်း၊ ပညာရေးနှင့်သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးခြင်းအပါအဝင်၊ ထောက်ပံ့မှုအစီအစဉ် အများအပြားဆောင်ရွက်နေပါသည်။

အထောက်အပံ့ အစီအစဉ်များအပြင်၊ (AAPP) က အစိုးရမှ နိုင်ငံရေးအကျဉ်းသားများနှင့် တက်ကြွလှုပ်ရှားသူများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း မှတ်တမ်းပြုစုခြင်း၊ အစီရင်ခံစာထုတ်ပြန်ခြင်းများ လုပ်ဆောင်နေပါသည်။ ဤသို့ဆောင်ရွက်မှုများကြောင့် (AAPP) ကို မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ အရေးနှင့်ပတ်သက်၍ ယုံကြည်ကိုးစားရသော သတင်းရင်းမြစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ စည်းရုံးတိုက်တွန်းခြင်း၊ အစိုးရများသို့ ချည်းကပ်ပြောဆိုခြင်းဖြင့် (AAPP) က မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံရေးအကျဉ်းသားများ အားလုံးလွတ်မြောက်ရန်အရေးကြီးကြောင်း ဆက်လက်တိုက်တွန်းဆောင်ရွက်နေပါသည်။

# နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) အကြောင်း

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ရေးတောင်းဆိုချက်ကို ထပ်မံခိုင်မာစွာဆောင်ရွက်ရန်နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ လွတ်မြောက်ပြီးနောက် လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးတွင် ရုန်းကန်နေကြရသည့် အခက်အခဲများကို ကူညီပံ့ပိုးပေးနိုင်ရန် ဖွဲ့စည်းခဲ့သည်။ ယခုအဖွဲ့အစည်းက စာနာထောက်ထားကြသည့် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများကွန်ရက်အကျယ်အပြန့်ကိုချိတ်ဆက်ထားနိုင်သည့်အားလျော်စွာ (FPPS) က အကျဉ်းကျစဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ကူညီကုသပေးခဲ့သည်။ (FPPS) က နိုင်ငံရေးအကျဉ်းသားဟောင်းများကို နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရန် ဖိတ်ကြားကာ၊ အပြန်အလှန်ပံ့ပိုးကူညီရေး ဆောင်ရွက်ပေးခဲ့သည်။ ထောင်သွင်းအကျဉ်းချခံရမှုကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာများကို သက်သာစေခဲ့သည်။ ဤလှုပ်ရှားမှုများမှာ (FPPS) ၏ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိစေရေး လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ (FPPS) အဖွဲ့က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးကို မျှော်မြင်ချက်ထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားပြည်သူများ တိုးတက်ပါဝင်နိုင်ရေးအတွက်လည်း သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်နေသည်။

# မာတိကာ


ဇယားများနှင့် ပုံများစာရင်း ---------------------- ၈
အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အတိုကောက်ဝေါဟာရများ ---------------------- ၉
သုတေသနပြုရာနေရာများ ---------------------- ၁၀
အစီရင်ခံစာအကျဉ်းချုပ် ---------------------- ၁၁

**အခန်း-၁**

**နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေ ခြုံငုံဖော်ပြချက်**

၁-၁ နိဒါန်း ---------------------- ၁၅
၁-၂ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ (၁၉၆၂- ၂၀၁၁ ခုနှစ်) ---------------------- ၁၅
၁-၃ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ (၂၀၁၁ ခုနှစ် နောက်ပိုင်းကာလ) ---------------------- ၁၆
၁-၄ ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံရေးအကျဉ်းသားများအခြေအနေ ---------------------- ၁၇

**အခန်း-၂**

**သုတေသန နည်းနာ**

၂-၁ နိဒါန်း ---------------------- ၁၈
၂-၂ ရည်ရွယ်ချက် ---------------------- ၁၈
၂-၃ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှု ---------------------- ၁၉
၂-၄ အခက်အခဲများနှင့် အကန့်အသတ်များ ---------------------- ၂၂
၂-၅ အချက်အလက် ဒေတာများ သုံးသပ်စိစစ်မှု ---------------------- ၂၃
၂-၆ ပါဝင်ဖြေကြားသူများ၏ လူဦးရေဆိုင်ရာ အကြောင်းအချက်များ ---------------------- ၂၄

**အခန်း-၃**

**တရားရေးစနစ်ကို အလွဲသုံးစားပြုမှုများ**

၃-၁ နိဒါန်း ---------------------- ၂၆
၃-၂ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်း ---------------------- ၂၆
၃-၃ တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ရန် အသုံးပြုသည့် ဥပဒေများ ---------------------- ၂၈
၃-၄ တရားမျှတမှုမရှိသော ခုံရုံးများ ---------------------- ၃၁
၃-၅ တရားလက်လွတ် ထိန်းသိမ်းထားခြင်း ---------------------- ၃၄

**အခန်း - ၄**

**စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် ညှဉ်းပန်းနှိပ်စက်မှုများ**

၄-၁ နိဒါန်း ---------------------- ၃၅
၄-၂ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုအား
တားမြစ်ထားသည့် ဥပဒေအခြေခံမူဘောင် ---------------------- ၃၅
၄-၃ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနည်းနာများ ---------------------- ၃၇
၄-၄ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနည်းနာများ ---------------------- ၃၉

၄-၅ ညှဉ်းပန်းနှိပ်စက်ခြင်းသည် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ်
ကျူးလွန်သည့် ချိုးဖောက်မှု ဖြစ်သည်။ ---------------------- ၄၂

**အခန်း - ၅**
**အကျဉ်းထောင်တွင်း မတော်မတရားပြုမူမှုများ**
၅-၁ နိဒါန်း ---------------------- ၄၄
၅-၂ အကျဉ်းထောင်တွင်း မတော်မတရားပြုမူမှုများကို
တားမြစ်ထားသည့် ဥပဒေအခြေခံမူဘောင် ---------------------- ၄၄
၅-၃ မြန်မာနိုင်ငံ အကျဉ်းထောင်များ၏ အခြေအနေ ---------------------- ၄၅
၅-၄ အကျဉ်းထောင်များအတွင်း ရုပ်ပိုင်းဆိုင်ရာ အခြေအနေ ---------------------- ၄၅
၅-၅ အကျဉ်းသားများအပေါ် မတော်မတရား ပြုမူမှု ---------------------- ၄၉

**အခန်း - ၆**
**ပြန်လည်ပေါင်းစည်းရေးအတွက် အဟန့်အတားများ**
၆-၁ နိဒါန်း ---------------------- ၅၅
၆-၂ အတင်းအကျပ် ပြည်ပသို့ထွက်ခွာစေခြင်း ---------------------- ၅၆
၆-၃ ခရီးသွားလာခွင့် ကန့်သတ်ချုပ်ချယ်မှုများ ---------------------- ၅၈
၆-၄ ပညာရေးအခွင့်အလမ်းများ ငြင်းပယ်ခြင်း ---------------------- ၅၈
၆-၅ အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ငြင်းပယ်ခြင်း ---------------------- ၅၉
၆-၆ ငွေကြေးအခက်အခဲများ ---------------------- ၆၄
၆-၇ လူမှုအသိုင်းအဝိုင်းနှင့် မိသားစုမှ ဖယ်ကျဉ်ခြင်း ---------------------- ၆၅
၆-၈ ဆက်လက်ခံစားနေရသော ကျန်းမာရေးပြဿနာများ ---------------------- ၆၆
၆-၉ နိုင်ငံရေးတွင် ဆက်လက်ပါဝင်မှု ---------------------- ၆၉

**အခန်း ၇**
**ပြန်လည်ကုစားပေးမှုများ** ---------------------- ၇၀

**အခန်း - ၈**
**နိဂုံး** ---------------------- ၈၇

**အခန်း - ၉**
**အကြံပြုချက်များ** ---------------------- ၈၉

**နောက်ဆက်တွဲများ**
နောက်ဆက်တွဲ ၁။ စစ်တမ်း ---------------------- ၉၀
နောက်ဆက်တွဲ ၂။ တွေ့ဆုံမေးမြန်းမှုအတွက် လမ်းညွှန်များ ---------------------- ၉၃
နောက်ဆက်တွဲ ၃။ ညှဉ်းပန်းနှိပ်စက်မှုနည်းများပြပုံ ---------------------- ၉၄

From -1B

# ဇယားများနှင့် ပုံစာစာရင်းများ

**ဇယားများ**

ဇယား-၁ အကြိမ်ကြိမ် ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အရေအတွက်
ဇယား-၂ နိုင်ငံရေးအကျဉ်းသားများအပေါ် စွဲဆိုလေ့ရှိသော ဥပဒေများ
ဇယား-၃ နိုင်ငံရေးအကျဉ်းသားများအပေါ် ပြစ်ဒဏ်ချမှတ်သော ခုံရုံးများ (၁၉၆၂-၂၀၁၃ ခုနှစ်)
ဇယား-၄ အမှုများကို ချမှတ်သော တရားခုံရုံးများ (၂၀၁၁-၂၀၁၃ ခုနှစ်)

**ပုံများ**

ပုံ(က) နိုင်ငံရေးအကျဉ်းသားဟောင်းများ အရေအတွက် (၁၉၆၂-၂၀၁၃ ခုနှစ်)
ပုံ(ခ) နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသော ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု နည်းနာများ
ပုံ(ဂ) နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု နည်းနာများ
ပုံ(ဃ) နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ရရှိမှုအခြေအနေ
ပုံ(င) အလုပ်အကိုင် အမျိုးအစားများ
ပုံ(စ) ထောင်ကျစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုအခြေအနေယိုယွင်းကျဆင်းလာမှု

# အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အတိုကောက်ဝေါဟာရများ

| | | |
|---|---|---|
| AAPP | = | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| ABFSU | = | ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် |
| Assembly Law | = | ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ |
| Basic Principles | = | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများအပေါ် ကြီးလေးစွာချိုးဖောက်ခံရသည့် နစ်နာရသူသားကောင်များအပေါ်နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဆိုင်ရာဥပဒေများအပေါ် ကြီးလေးစွာ ချိုးဖောက်ခံရသူများအပေါ် ပြန်လည်ကုစားမှုပေးရေးနှင့် ပြန်လည်နာလံထူစေရေးအတွက်၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အခြေခံမူများနှင့်လမ်းညွှန်များ |
| CBO | = | လူထုအခြေပြု အဖွဲ့အစည်း |
| Constitution | = | ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ |
| FPPS | = | နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ |
| ICCPR | = | အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် |
| ICRC | = | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ |
| Jail Manual | = | မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲ |
| MHAP | = | စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေးအစီအစဉ် |
| MNHRC | = | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် |
| NGO | = | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | = | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| PRAIS | = | ဘက်စုံ စောင့်ရှောက်မှုနှင့် လူ့အခွင့်အရေးများမှတဆင့် ချီလီနိုင်ငံ၏ ပြန်လည်ကုစားရေးအစီအစဉ် |
| PTSD | = | ထိခိုက်ဒဏ်ရာရပြီးနောက် စိတ်ဖိစီးသွေးလွဲမှု (Post-traumatic stress disorder) |
| Report | = | 'လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်' မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများနှင့် ပြန်လည် ပေါင်းစည်းရေးစိန်ခေါ်မှု ပြဿနာများ. အစီရင်ခံစာ |
| SMRs | = | အကျဉ်းသားများကို ပြုမူဆက်ဆံရာ၌ လိုက်နာဆောင်ရွက်ရမည့် အနိမ့်ဆုံးစံနှုန်း |
| Special Branch | = | အထူးသတင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| UCI | = | ကယ်လီဖိုးနီးယား အိုင်ဗင်းတက္ကသိုလ် (University of California Irvine) |
| UDHR | = | အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း |
| UN | = | ကမ္ဘာ့ကုလသမဂ္ဂ |
| UNCAT | = | ကမ္ဘာ့ကုလသမဂ္ဂ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်သည့်၊ လူမဆန်သည့်၊ သို့မဟုတ် လူ့ဂုဏ်သိက္ခာကို သေးသိမ်စေသော ပြုမူဆက်ဆံမှု၊ သို့မဟုတ် ပြစ်ဒဏ်ပေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် |



From -2A

# သုတေသနပြုရာနေရာများ - မြန်မာနိုင်ငံနှင့်ထိုင်း - မြန်မာနယ်စပ်ဒေသ



# အစီရင်ခံစာ အကျဉ်းချုပ်

၁၉၆၂ ခုနှစ်မှ ယနေ့တိုင်မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ပေါင်း ၇,၀၀၀ မှ ၁၀,၀၀၀ ဝန်းကျင်ရှိနိုင်ပြီး၊ ၎င်းတို့က မြန်မာနိုင်ငံ တွင်းနှင့် ထိုင်း-မြန်မာနယ်စပ်တွင် အခြေချနေထိုင်နေကြသည်။ ၎င်းတို့ ၏ပြောစကား၊ ဇာတ်လမ်းများ အများအပြားရှိနေသော်လည်း၊ ထိုသူတို့ မြန်မာနိုင်ငံ၏ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု၊ မတော်မတရားပြုမူခံရမှုများနှင့် ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားများ တွေ့ကြုံခဲ့ရသည့် ကိစ္စများအပေါ် ဘက်စုံ တိကျစွာအထောက်အထား အချက်အလက်များ မှတ်တမ်းတင်ထားနိုင်ခြင်း မရှိသေးပေ။ ထို့အပြင် ပြန်လည်လွတ်မြောက်လာပြီးနောက် နိုင်ငံရေး အကျဉ်းသားများ ရင်ဆိုင်ကြရသည့် အခက်အခဲ၊ စိန်ခေါ်မှုပြဿနာများ အပေါ်အပြည့်အစုံ အချက်အလက်များမှတ်တမ်းတင်ထားနိုင်ခြင်း မရှိ သေးပါ။ ပြီးခဲ့သည့် ၂-နှစ်တာကာလအတွင်း၊ AAPP နှင့် FPPS အဖွဲ့တို့က နိုင်ငံတစ်ဝှမ်းရှိနိုင်ငံရေးအကျဉ်းသားဟောင်းများကို စစ်တမ်း ကောက်ယူကာ၊ ၎င်း၏အတွေ့အကြုံများကို ရယူစုဆောင်းခဲ့ပါသည်။ ယခု အစီရင်ခံစာအတွက်စုဆောင်းရရှိခဲ့သော နိုင်ငံရေးအကျဉ်းသား ဟောင်းထဲမှ အချက်အလက်ပြည့်စုံမှုရှိသော ၁,၆၂၁ ဦးထံမှ တွေ့ရှိရ သည့် အချက်အလက်မှတ်တမ်းများအရ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်း သားများအပေါ် မတော်မတရားပြုမူမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများကို စနစ်တကျကျယ်ပြန့်စွာအသုံးချနေမှုများကို တွေ့ရှိရပါသည်။ ထို နိုင်ငံ ရေးအကျဉ်းသားဟောင်းများအား ပြန်လည်ကုစားပေးရေး ကိစ္စအပေါ် အခြေခံ၍ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆောင်ကျဉ်းပေးနိုင်မည် ယူဆမိပါသည်။



မြန်မာနိုင်ငံအတွင်း နာမည်ဆိုးဖြင့်ကျော်ကြားသည့် အင်းစိန်ထောင်

၂၀၀၅ ခုနှစ်တွင်၊(AAPP)က "ကျွန်တော်တို့ မြင်တွေ့ခဲ့ရသည့် အကာလ- မြန်မာနိုင်ငံ၏ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များ အတွင်း ညှဉ်းပန်းနှိပ်စက်မှုများ" The Darkness We See: Torture in Burma's Interrogation Centers and Prisons အစီရင်ခံစာကို ထုတ်ဝေခဲ့ပြီး၊ စစ်ကြောရေးစခန်းများနှင့်အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများအပေါ် ကျူးလွန်ဆောင်ရွက်ခဲ့ကြသည့် ညှဉ်းပန်းနှိပ်စက်မှုနှင့် မတော်မတရားပြုမှု အသေးစိတ်ကိုနိုင်ငံ ရေးအကျဉ်းသားဟောင်း ၃၅-ဦး၏ အတွေ့အကြုံအပေါ် အခြေခံ၍ ဖော်ပြထားပါသည်။ ၂၀၀၅ ခုနှစ်၊ အစီရင်ခံစာက နိုင်ငံရေးအကျဉ်းသားများအပေါ် ထောင်သွင်းအကျဉ်းချမှုနှင့် မလျော်ကန်ပြုမူမှုများနှင့်ပတ်သက်၍ စစ်အစိုးရထံသို့ အကြံပြုချက်အချို့ကိုဖော်ပြထားခဲ့ပါသည်။ သို့သော်လည်း အများစုကို လျစ်လျူရှုထားဆဲ ဖြစ်ပါသည်။ ယခင်စစ်အစိုးရက ကျူးလွန်ခဲ့သည့် အမှားများကို အသိအမှတ်ပြုခြင်းမရှိဘဲ၊ ယင်းအစား လက်ရှိအစိုးရက ဆက်လက်၍ သူတို့၏ နိုင်ငံသားအခွင့်အရေးများနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များကို ခုခံကျင့်သုံးရန် ဆောင်ရွက်ကြသူများကို ထောင်သွင်းအကျဉ်းချ၊ မတော်မတရားမှုများ ကျူးလွန်နေပါသည်။ ၂၀၁၅ ခုနှစ် ဆန်းပိုင်းတွင် ကုလသမဂ္ဂ ("UN") လူ့အခွင့်အရေးဆိုင်ရာ အထူးမဟာမင်းကြီးက ဖော်ပြရာတွင်၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအတွက် ခေတ်ကုန်ဆုံးစေရမည်ဟု ကတိပြုထားသော်လည်း၊ ၎င်းက "ကတိကဝတ်ပြုထားသည့် ဒီမိုကရေစီလွတ်လပ်ခွင့်များကို ခံစားနိုင်ရန် ဆောင်ရွက်ကြသူများကို ထောင်သွင်းအကျဉ်းချ၍ နိုင်ငံရေးအကျဉ်းသားမျိုးဆက်အသစ်ကို ထပ်မံဖန်တီးနေပုံရသည်" [၁] ဟု ဖော်ပြထားသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများအရေးအတွက်မှာ ဝမ်းနည်းဖွယ်ရာဆက်လက်တိုးတက်နေပါသည်။ နိုင်ငံရေးအကျဉ်းသားများအပေါ် မြန်မာနိုင်ငံတွင် အတိတ်ကာလက ကျူးလွန်ခဲ့သည့်လူ့အခွင့်အရေးမှတ်တမ်းများကို သိရှိနိုင်ရန်နှင့်နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်လာပြီးနောက် လူမှုအဖွဲ့အစည်းအတွင်းပြန်လည် ပေါင်းစည်းရေးပြဿနာများကို သိရှိနိုင်ရန်၊ ယခုအစီရင်ခံစာကို (AAPP) နှင့် (FPPS) တို့က ထုတ်ဝေခြင်းဖြစ်ပါသည်။

**အခန်း-၁ ။ ။ (နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ခြုံငုံဖော်ပြချက်)**တွင်၊ မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းချိန်မှစတင်၍၊ သမ္မတဦးသိန်းစိန် ဦးဆောင်သည့်၊ ၂၀၁၁ ခုနှစ် အရပ်သားတစ်ပိုင်းအစိုးရ ဖွဲ့စည်းပြီးချိန်အထိ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏ အထွေထွေအခြေအနေကို ဖော်ပြထားပါသည်။ အထူးသဖြင့် ၁၉၆၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည်တစ်မျိုးတစ်ဖုံသော စစ်တပ်အုပ်ချုပ်ရေးအောက်တွင် ရှိနေခဲ့ရပြီး၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကဲ့သို့သော အခြေခံလွတ်လပ်ခွင့်များ ပုံမှန် ချိုးဖောက်ခံနေခဲ့ရပါသည်။ အဆက်ဆက်သော စစ်အစိုးရများက ဤသို့သော အခြေခံအခွင့်အရေးများကို ကာကွယ်ရန်ကြိုးပမ်းကြသည့် လူထောင်ပေါင်းများစွာကို စနစ်တကျအကျဉ်းချထားခဲ့ကြပါသည်။ သမ္မတဦးသိန်းစိန် အစိုးရ၏ ကနဦးကာလများတွင် နိုင်ငံရေးအကျဉ်းသားများ အများအပြားကိုလွှတ်ပေးခဲ့သည်။ သို့သော် ထိုအချိန်မှစ၍ မြန်မာအစိုးရသည် ရေရှည်စစ်မှန်သည့် ပြုပြင်ပြောင်းလဲရေးကို မသွားလိုကြောင်း၊ သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်နေခြင်းမရှိကြောင်း ထင်ရှားစွာပြသလာခဲ့ပါသည်။ တိုးတက်လာနေသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက်က ဤအချက်ကို ညွှန်ပြနေပါသည်။

**အခန်း-၂။ ။(သုတေသနနည်းနာ)**တွင်၊ အစီရင်ခံစာ၏ ရည်ရွယ်ချက်၊ လေ့လာသည့်အတိုင်းအဆနှင့် နည်းနာတို့ကို ဖော်ပြထားပါသည်။ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများကို လေ့လာဆန်းစစ်ရန်ဖြစ်ပြီး၊ ယင်းတို့တွင် ဖမ်းဆီးခံရပြီးနောက် စစ်ကြောရေးကာလနှင့် ထောင်အတွင်း တွေ့ကြုံရသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လွတ်မြောက်ပြီးချိန်မှစ၍ တွေ့ကြုံရသော အခက်အခဲများ အပါအဝင် ဖြစ်သည်။ ယခုသုတေသနကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ် ဇူလိုင်လတိုင် ဆောင်ရွက်ခဲ့ပြီး၊ စစ်တမ်းကောက်ယူ မေးမြန်းခြင်းနှင့် ယခင်နိုင်ငံရေးအကျဉ်းသားဟောင်းများကို လူတွေ့မေးမြန်းမှုများ ပါဝင်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းနှင့်ထိုင်း-မြန်မာနယ်စပ်တွင်ဆောင်ရွက်ခဲ့ပါသည်။ နောက်ဆုံး သုတေသနပြုမှုတွင် ပြည့်စုံသည့် စစ်တမ်းမေးမြန်းမှု ၁,၆၂၁ ခုနှင့်၊ ဘက်စုံလူတွေ့မေးမြန်းမှု ၆-ခု ရရှိခဲ့ပါသည်။ ယင်းတို့ကို ယခုအစီရင်ခံစာ တွေ့ရှိမှုများတွင် ဖော်ပြထားပါသည်။

**အခန်း-၃။ ။ (တရားရေးစနစ်ကို အလွဲသုံးစားပြုမှုများ)** တွင်၊ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် အဆောက်အအုံပိုင်းဆိုင်ရာအရ

---

၁။ OHCHR, မြန်မာနိုင်ငံက လမ်းကြောင်းမှန်ပေါ် အလျင်အမြန် ပြည်လည်ရောက်ရှိရန် လိုအပ်နေခြင်း "Myanmar "needs urgently to get back on track" – Zeid, (February 2015) <http://bit.ly^1eYWfkd>

အကျင့်ပျက်ခြစားနေခြင်း၊ မထိရောက် မထက်မြက်ခြင်းနှင့် စစ်တပ်သြဇာလွှမ်းမိုးခံထားရခြင်းကို ဖော်ပြထားပါသည်။ ယင်းက နိုင်ငံသားများနှင့် နိုင်ငံရေးအခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းကြသူများကို အစိုးရကရာဇဝတ်ကြောင်း ပြစ်မှုများဖြင့် အရေးယူနိုင်ရန် ခွင့်ပြုထားပါသည်။ ဒေတာအချက်အလက်များ ဖော်ပြချက်များကို အခြေပြု၍ ဤအခန်းတွင်နိုင်ငံရေးအကျဉ်းသားများဖမ်းဆီး၊ ထောင်ချခံရသည့် အခြေအနေများကိုဖော်ပြထားပါသည်။ အာဏာပိုင်များက မြန်မာနိုင်ငံတရားစီရင်ရေးစနစ်ကို အလွဲသုံးစားပြု၍ နိုင်ငံရေးအတိုက်အခံပြုမှုများကို အသံတိတ်စေရန် ဆောင်ရွက်နေပုံကိုမီးမောင်းထိုး ဖော်ပြထားပါသည်။

**အခန်း-၄။ ။(စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်မှုများ)**တွင်၊ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုမပြုရန် ဥပဒေမူဘောင်များအရ တားမြစ်ထားသော်လည်း၊ အာဏာပိုင်များက ဆက်လက်၍ မြန်မာနိုင်ငံ၏ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် မည်သို့မည်ပုံညှဉ်းပန်းနှိပ်စက်မှု ကျင့်သုံးနေကြသည်ကို ဖော်ပြထားပါသည်။ သတင်းများရယူရန် စစ်ကြောမှုသာမက၊ အပြစ်ပေးရန်၊ လူ့ဂုဏ်သိက္ခာကို နှိမ့်ချရန်နှင့် သေးသိမ်စေရန် ပြုမူဆက်ဆံမှုအဖြစ် ကျင့်သုံးနေကြပါသည်။ အများစုအဖြစ် နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ခဲ့ကြရသည့် ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု အချက်အလက်သတင်းများသည်၊ ညှဉ်းပန်းနှိပ်စက်မှုကို စနစ်တကျ ကျယ်ပြန့်စွာတက်ကြွလှုပ်ရှားသူများအပေါ် ကျင့်သုံးနေကြောင်း ခိုင်လုံစွာဖော်ပြနေပါသည်။

**အခန်း-၅။ ။ (အကျဉ်းထောင်တွင်း မတော်မတရားပြုမူမှုများ)** တွင် မြန်မာနိုင်ငံ၏ထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများကြုံတွေ့ရသည့်မတရားပြုမူမှုများနှင့် ထိန်းသိမ်းခံထားရသူများ မကြာခဏဆိုသကဲ့သို့ ၎င်းတို့၏ အခြေခံအခွင့်အရေးများ ငြင်းပယ်ခံရပုံကို ဖော်ပြထားပါသည်။ ထောင်အာဏာပိုင်များက စနစ်တကျနှင့် နိုင်ငံရေးအကျဉ်းသားများအပေါ် မတရားပြုမူကြပြီး၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ပြုမူကြသည်။ အကျဉ်းသားများအတွက် နိုင်ငံတကာ အခြေခံစံနှုန်းများကိုချိုးဖောက်ရုံမျှမက၊ ပြည်တွင်းဥပဒေများတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်စံနှုန်းများကိုလည်း ချိုးဖောက်မှု ရှိနေပါသည်။ ဆိုးရွားသည့် ထောင်များ၏အခြေအနေ၊ တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေး ကင်းမဲ့နေပုံ၊ အစားရေစာ နှင့် ရေလုံလောက်စွာထောက်ပံ့ပေးမှု မရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းနေခြင်းတို့ကြောင့် ထိန်းသိမ်းခံနေရသူများအကြား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ဝေဒနာပြဿနာအများကို ဖြစ်ပေါ်စေပါသည်။

**အခန်း-၆။ ။ (ပြန်လည်ပေါင်းစည်းရေးအတွက် အဟန့်အတားများ)**တွင်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ပြီးနောက်၊ ကြုံတွေ့နေထိုင်ရသော ဆိုးရွားသည့် လက်တွေ့ဘဝအခြေအနေများကို ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ထောင်ချခံရသောကြောင့် ရေရှည် သက်ရောက်ထိခိုက်မှုများအပြင်၊ အမျိုးမျိုးသော ကန့်သတ်ချုပ်ချယ်မှုများ၊ လူမှုရေးအရခွဲခြားသတ်မှတ်ခံရခြင်းများ ကြုံတွေ့ရပြီး၊ လူမှုအဖွဲ့အစည်းနှင့် အောင်မြင်စွာပြန်လည်ပေါင်းစည်းရေးအတွက် အဟန့်အတားများ ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ငြင်းပယ်ခံရခြင်း၊ ငွေကြေးအခက်အခဲများ၊ မိသားစုပြဿနာများနှင့် ဆက်လက်ခံစားနေရသော ကျန်းမာရေးပြဿနာများ… စသည့်အမျိုးမျိုးသောအကန့်အသတ် အခက်အခဲများအားရင်ဆိုင်ကြရပါသည်။

**အခန်း-၇။ ။ (ပြန်လည်ကုစားပေးမှုများ)** တွင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုတရားမျှတရေး အစီအစဉ်၌ နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ပြန်လည်ကုစားပေးမှုကိစ္စများနှင့်ပတ်သက်၍ တင်ပြထားသည်။ နိုင်ငံတကာဥပဒေများအရ မြန်မာနိုင်ငံတွင် ပြန်လည်ကုစားမှုပေးရန် ဥပဒေကြောင်းအရတာဝန်ရှိမှုကို ဖော်ပြထားသည်။ ယခုအချိန်တွင် အစိုးရကလုပ်ဆောင်ပေးခြင်း မရှိသောကြောင့် အရပ်ဖက်လူထုအဖွဲ့အစည်းများက နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ဝန်ဆောင်မှုများပံ့ပိုးပေးနေကြသော်လည်း အစိုးရတွင်ပြန်လည်ကုစားမှု လုပ်ဆောင်ပေးရန် တာဝန်ရှိနေပါသည်။ အခြားနိုင်ငံများတွင် အစိုးရများက ကမကထပြုဆောင်ရွက်သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ပြန်လည်ကုစားပေးမှုများကို မြန်မာနိုင်ငံနှင့် သက်ဆိုင်ပတ်သက် သင်ခန်းစာယူနိုင်သည့် နိုင်ငံတကာဖြစ်ရပ်များအဖြစ် ဖော်ပြထားပါသည်။

**အခန်း-၈ ။ ။ (နိဂုံး)** တွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်ပေးခဲ့သော်လည်း၊ သူတို့၏ဒုက္ခ အခက်အခဲများမှာ မကုန်ဆုံးသေးကြောင်း၊ ၎င်းတို့အပေါ် အာဏာပိုင်များက တင်းကျပ်သည့် ချုပ်ချယ်ကန့်သတ်မှု အများအပြားချမှတ်ထားသောကြောင့်နှင့် ထောင်တွင်းခံစားခဲ့ရသည့် ရေရှည်သက်ရောက်ထိခိုက်မှုများကြောင့် လူထုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းမှုများ လမ်းကြောင်းမှာ မဖြစ်နိုင်သေးကြောင်း နိဂုံးချုပ်ဖော်ပြထားပါသည်။သို့အတွက်ကြောင့် လူထုအဖွဲ့အစည်းနှင့် အောင်မြင်စွာပြန်လည်ပေါင်းစည်းနိုင်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ကူညီပံ့ပိုးမှုများအရေးကြီးကြောင်း ဖော်ပြထားပါသည်။

**အခန်း-၉။ ။ (အကြံပြုချက်များ)** တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်၊ နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့်မိသားစုများအတွက် ပြန်လည်ကုစားမှုများ စီစဉ်ပေးရန် အဓိကကျသည့် မူဝါဒရေးရာ အကြံပေးမှုများကို မြန်မာအစိုးရထံ ဦးတည်တိုက်တွန်းထားပါသည်။ သုတေသနပြုမှုများကို အခြေခံထားသည့် ယခုအကြံပေးချက်များအား စိတ်ကျေနပ်မှု၊ ပြန်လည်ဖြည့်ဆည်းပေးမှု၊ ပြန်လည်ပျိုးထောင်ပေးမှု၊ လျော်ကြေးပေးမှု၊ နောက်တစ်ကြိမ် ထပ်မံမဖြစ်ပွားစေရန် အာမခံမှု၊ အကယ်၍ ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ခဲ့လျှင် နိုင်ငံရေးအကျဉ်းသားဟောင်းများ အပေါ်အပြုသဘောအပြောင်းအလဲများ ဖြစ်ပေါ်လာစေရန်နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်နေမှုတို့အပေါ် သက်သေပြရန်… လွှမ်းခြုံဖော်ပြထားပါသည်။ ယခုအကြံပြုချက်များကို မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူထုအဖွဲ့အစည်းများ နှင့် နိုင်ငံတကာ မိသားစုထံသို့လည်း ဦးတည်ထားပါသည်။ ယခုအကြံပြုချက်များကို အကောင်အထည်ဖော်ရန်နှင့် ကြားကာလတွင် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် မိသားစုများအတွက် ယာယီကူညီပံ့ပိုးမှုများပြုပေးပါရန် မြန်မာအစိုးရထံလည်း တိုက်တွန်းထားပါသည်။

# အခန်း - ၁
# နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ခြုံငုံဖော်ပြချက်

## ၁-၁ နိဒါန်း

၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းချိန်မှ စတင်၍၊ မြန်မာနိုင်ငံသည် ပုံစံတစ်မျိုးမဟုတ်တစ်မျိုးသော စစ်တပ်အုပ်ချုပ်ရေးအောက်တွင် ရှိနေခဲ့ရသည်။ စစ်အစိုးရများက နိုင်ငံအတွင်း အနည်းငယ်မျှသော အာခံဆန့်ကျင်မှုမျိုးကိုပင်ချေမှုန်းလိုကြသောကြောင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ကဲ့သို့သော အခြေခံလွတ်လပ်ခွင့်များ ပုံမှန်ချိုးဖောက် ဖိနှိပ်ခံနေခဲ့ရပါသည်။ ဤသို့သော အခြေအနေအောက်မှာပင် ပြီးခဲ့သည့်ဆယ်စုနှစ် ၅-ခုအတွင်း၌ ထောင်ပေါင်းများစွာသော တက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များ၊ လူပုဂ္ဂိုလ်များသည် ၎င်းတို့၏ အခွင့်အရေးများကိုကာကွယ်ရန် ကြိုးပမ်းရင်း၊ စနစ်တကျ ဖမ်းဆီးထောင်သွင်းအကျဉ်းချခံခဲ့ကြရပါသည်။ ညှဉ်းပန်းနှိပ်စက်မှုနှင့် ကြီးလေးပြင်းထန်သည့် မတော်မတရားပြုမှုများကိုခံစားခဲ့ကြရသည်။ ဤအခန်းတွင် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို မြန်မာနိုင်ငံအနေဖြင့် စစ်အုပ်ချုပ်ရေး ခိုင်ခိုင်မာမာအောက် ရှိနေစဉ်ကာလဖြစ်သည့် ၁၉၆၂ ခုနှစ်မှ ၂၀၁၁ခုနှစ်အတွင်းနှင့် ၂၀၁၁ ခုနှစ် နောက်ပိုင်း သမ္မတဦးသိန်းစိန် အာဏာရယူပြီး အရပ်သားတစ်ပိုင်းအစိုးရလက်အောက် အခြေအနေကို အပိုင်းနှစ်ပိုင်းဖြင့် ခြုံငုံဖော်ပြထားပါသည်။

## ၁- ၂
## မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားများ
## (၁၉၆၂-၂၀၁၁ ခုနှစ်)

မြန်မာနိုင်ငံရှိ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံထားရသော အစိုးရထံမှ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်ထိတိုင် စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် ကျရောက်နေခဲ့ရသည်ဟုဆိုနိုင်ပါသည်။ ဤကာလအတွင်း မြန်မာနိုင်ငံသည်ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ စစ်အစိုးရ အဆက်ဆက်က ဆင်းရဲတွင်းနက်စေ၍ ဖိနှိပ်အုပ်ချုပ်ထားခဲ့ပြီး၊ အကြောက်တရားနှင့် ပြင်းထန်စွာလက်တုံ့ပြန်ခံရမည်ကို သိရှိနေသောကြောင့် မြန်မာနိုင်ငံသား ပြည်သူများက စစ်အစိုးရကို ဝေဖန်ဆန့်ကျင်ပြောဆိုရန် အလွန်ခဲယဉ်းခဲ့ကြသည်။ ပြောဆိုရဲကြသူများမှာလည်း ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်းများ ကြုံတွေ့ခဲ့ရသည်။ သို့သော်လည်း ၁၉၈၈ ခုနှစ်တွင် အကြီးအကျယ် ဖိနှိပ်ခံရသူများ၏ ဒေါသများပေါက်ကွဲကာ နိုင်ငံတစ်ခုလုံးအုံကြွဆန့်ကျင်သည့် အရေးတော်ပုံပေါ်ပေါက်ခဲ့ရသည်။ ကျောင်းသားများဦးဆောင်သည့် ဒီမိုကရေစီလှုပ်ရှားမှုက နိုင်ငံအနှံ့ ပျံ့နှံ့သွားခဲ့သည်။ ဤဖြစ်ရပ်ကို ၁၉၈၈ လူထုအရေးတော်ပုံကြီးဟုလည်း အမှတ်သညာပြုခဲ့ကြသည်။ ယင်းကို အစိုးရလုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်ချေမှုန်းခြင်းဖြင့် ရက်စက်စွာ နိဂုံးချုပ်စေခဲ့ပြီး၊ ထောင်ပေါင်းများစွာသောဆန္ဒပြသူများကိုသတ်ဖြတ်၍ နောက်ထပ်ထောင်ပေါင်းများစွာကို ထောင်သွင်းအကျဉ်းချခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားအရေအတွက်မှာ ၁၉၈၈ လူထုအုံကြွမှု နောက်ပိုင်းနှစ်များအတွင်း အဆမတန်တိုးလာခဲ့ပြီး၊ အာဏာသိမ်းစစ်အစိုးရက နိုင်ငံအတွင်း အာခံဆန့်ကျင်မှုများကို ချိုးနှိမ်ဖိနှိပ်ခဲ့သည်။ ဤသို့အန္တရာယ်များသည့်တိုင် မြန်မာနိုင်ငံ လွတ်မြောက်ရေးအတွက် တက်ကြွလှုပ်ရှားသူများက ရဲဝံ့စွာဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။

ယခုကာလအတွင်း နိုင်ငံရေးအကျဉ်းသားများကို ရံဖန်ရံခါ ဆိုသကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်/လွတ်ငြိမ်းသက်သာခွင့်အဖြစ် လွတ်ပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့ကိုလွတ်ပေးခြင်းမျိုးမှာ နိုင်ငံတကာမိသားစုထံမှမျက်နှာသာရရှိစေရေးအတွက် နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများနှင့် တိုက်ဆိုင်၍ဖြစ်ပေါ်တတ်သည်။ ဥပမာအားဖြင့်- ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးမဲခွဲ၍ဆုံးဖြတ်ချက်မချမီ တစ်ပတ်အလို ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ထင်ရှားသည့် ၈၈ မျိုးဆက်ခေါင်းဆောင် ၅ ဦးကိုလွတ်ပေးခဲ့သည်။ ဤသို့နိုင်ငံရေးအရအရေးကြီးသော အခါသမယမျိုးနှင့် အချိန်ကိုက်လွတ်ပေးခဲ့သည်များ ရှိသည့်တိုင် နိုင်ငံရေး



From -2B

အကျဉ်းသား အရေအတွက်မှာ ကျဆင်းမသွားခဲ့ပါ။ ထိုအခြေအနေက စစ်တပ်မှ အမှန်တကယ် စိတ်ဆန္ဒမရှိခြင်းနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကုန်ဆုံးနိဂုံးချုပ်စေရန် မလိုလားသည်ကို ဖော်ပြနေသည်။ ယင်းအစားအတိုက်အခံပြုသူများကို ဆက်လက်၍ ဖမ်းဆီးနေခြင်း၊ နိုင်ငံရေးအရ ထိန်းသိမ်းထားသူများကို နှစ်ရှည်ထောင်ဒဏ်များ ဆက်လက်ချမှတ်နေခြင်းတို့ကြောင့် နိုင်ငံရေးအကျဉ်းသားအရေအတွက် ဆက်လက် တိုးမြင့် လာနေစေသည်။ ၂၀၀၃ ခုနှစ် (နိုင်ငံရေးအကျဉ်းသား ၃၀၀၀ ကျော်)နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် အမြင့်ဆုံး အရေအတွက်သို့ရောက်ရှိခဲ့သည်။ ထိုအချိန်ကမြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ အနည်းဆုံး ၂၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

## ၁-၃ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ (၂၀၁၁ ခုနှစ် နောက်ပိုင်းကာလ)

၂၀၁၁ ခုနှစ်မှစ၍ သမ္မတဦးသိန်းစိန်ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအချို့ကိုစတင်လုပ်ဆောင်လာခဲ့ပါသည်။ ယင်းက ကနဦးပိုင်းတွင် နိုင်ငံရေး အကျဉ်းသားများ၏ အခြေအနေတိုးတက်လာစေရန် ကြည့်ရှုဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်လုပ်ငန်းစဉ်အနေဖြင့် နိုင်ငံရေးအကျဉ်းသားများစွာကို လွှတ်ပေးခဲ့သည်။ အထူးသဖြင့်၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် အမြောက်အမြားလွှတ်ပေးခဲ့ရာ၊ မြန်မာ့သမိုင်းတွင်သမိုင်းမှတ်တိုင်သဖွယ် ရှုမြင်ကြပါသည်။ လွှတ်ပေးသူများတွင် နာမည်ကြီး နိုင်ငံရေးအကျဉ်းသားများလည်း ပါဝင်လာသည်။ ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများကို စိစစ်နိုင်ရေးအတွက် ကော်မတီတစ်ရပ်ကိုလည်း ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသားများကို စိစစ်လွှတ်ပေးနိုင်ရေးကြိုးပမ်းမှုမှာလည်း နောက်ထပ်အပြုသဘောဆောင်သည့် တိုးတက်မှုတစ်ခုပင်ဖြစ်သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးမည်ဟူသော အစိုးရကပြုခဲ့သည့် ကတိကဝတ်များနှင့် နှိုင်းယှဉ်လျှင် အကျဉ်းသား ၃၀ ကျန်ရှိနေသေးပြီး ဆက်လက်၍အရေအတွက် တိုးတက်လာနေပြန်သည်။ နိုင်ငံရေးအကျဉ်းသား ပြဿနာအား ဖြေရှင်းရန် နိုင်ငံရေးဆန္ဒကင်းမဲ့နေခြင်းကို စိစစ်ရေးကော်မတီ၏ လုပ်ငန်းစဉ်များ တစ်လျှောက်လုံးတွင် စိတ်ပျက်ဖွယ်ထင်ရှားစွာတွေ့မြင်နေရပြီး နောက်ဆုံးတွင်ယင်းကော်မတီကို ၂၀၁၄ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပါသည်။ ယင်းကော်မတီအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း မရှိပါ။ များမကြာမီတွင် အစားထိုးကော်မတီတစ်ရပ်ကို ဖန်တီးပြီး နိုင်ငံရေးအကျဉ်းသား ပြဿနာအပေါ် အစိုးရအား ပုံမှန်ဝေဖန်ပြောဆိုနေကြသည့် (AAPP)အဖွဲ့အပါအဝင်၊ ယခင်ကော်မတီမှ အရေးပါသည့် အဖွဲ့ဝင်များကိုဖယ်ချန်ထားခဲ့သည်။ သို့တိုင်အောင်ကော်မတီအသစ်သည် ယခုနှစ်ကုန်တိုင် အစည်းအဝေးခေါ်ဆိုနိုင်ခြင်း မရှိသေးပါ။ လက်ရှိတွင်၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ရပ်တန့်နေကြောင်း ယေဘုယျအားဖြင့် လူအများကသဘောတူလက်ခံနေကြပြီး၊ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေမှာလည်း တိုး၍ စိုးရိမ်ဖွယ်ဖြစ်လာပါသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသားပေါင်း ၉၅ ဦး ရှိနေပြီး၊ နောက်ထပ် ၄၆၅ ဦးမှာတရားရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ [၂] ဤအချက်များအပြင်၊ အစိုးရကနောက်ပြန်ဆွဲသည့် ခြေလှမ်းများလည်း ပြုလာခဲ့သည်။ ယခုဧပြီလ ၃၀ ရက်နေ့ စာရင်းအရ နိုင်ငံရေးအကျဉ်းသား ၆၁ ဦးကျန်ရှိနေဆဲဖြစ်ပြီး နိုင်ငံရေးနှင့်ဆက်စပ်ပြီး တရားရင်ဆိုင်နေရသူ ၁၃၀ ခန့်ရှိပါသည်။

ထို့အပြင်၊ ယခုအစိုးရက ယခင်စစ်အစိုးရမှ ကျင့်သုံးသည့် တက်ကြွလှုပ်ရှားသူများကို ချက်ချင်းထောင်သွင်း အကျဉ်းချသည့်နည်းဗျူဟာမှ ဖယ်ခွာကာအတိုက်အခံပြုသူများကို အချုပ်အဖြစ် ကာလရှည်ထိန်းသိမ်းထားမှုမျိုးဖြင့် ကြာရှည်ထားသည့် မဟာဗျူဟာအသစ်အမျိုးမျိုးကို အသုံးပြုလာခဲ့ပါသည်။ ဥပမာအားဖြင့်- ယခင်စစ်အစိုးရလက်ထက်က နှစ်ကြီးပြစ်ဒဏ်ကြီးများ ချမှတ်နိုင်သည့် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကိုအသုံးပြုကာ တက်ကြွလှုပ်ရှားသူများကို ထောင်သွင်းအကျဉ်းချသကဲ့သို့ နည်းများကိုဆက်လက်၍ အသုံးမပြုတော့ဘဲ၊ ယင်းအစား လက်ရှိအစိုးရကအသစ်အသစ်သော ဥပဒေများကို ရေးဆွဲအသုံးပြု၍ တက်ကြွလှုပ်ရှားသူများကို ထောင်ချသွင်းအကျဉ်းချနေသည်။ အပေါ်ယံကြည့်လျှင် ပြစ်ဒဏ်ပေါ့လျော့သည့်သဘောရှိပြီး သင့်တော်သည့်ဥပဒေဟု ထင်ရစေသည်။ သို့သော်လည်း ဥပဒေအမျိုးမျိုးကို တစ်ချိန်တည်းပေါင်း၍ အသုံးပြုပြီးတက်ကြွလှုပ်ရှားသူများကို စွပ်စွဲလေ့ရှိသည်။ သို့မဟုတ် ပြစ်မှုတစ်ခုတည်းကို မြို့နယ်အသီးသီးတွင် အကြိမ်ကြိမ်အခါခါခွဲကာ စွဲချက်တင်၍တက်ကြွလှုပ်ရှားသူများကို အမှုပေါင်းများစွာ ရင်ဆိုင်စေခြင်းဖြင့် အာဏာပိုင်များက တက်ကြွလှုပ်ရှားသူများအား နှစ်ရှည်ထောင်ဒဏ်များ ကျခံစေပါသည်။ ထို့အပြင် တက်ကြွလှုပ်ရှားသူတစ်ဦးကို စွဲချက်တင်ထားပြီး တရားရုံးတွင်လပေါင်းများစွာကြာ အမှုမစစ်ဘဲထားခြင်း၊ သို့မဟုတ် အမှုကိုမပြတ်စေဘဲ ရုံးချိန်းပေါင်းများစွာချိန်းသောကြောင့် အမှုရင်ဆိုင်ရသူများအား အင်အားဆုတ်ယုတ် ပင်ပန်းစေပါသည်။ ဤသို့ဖြင့် ပြစ်မှုအပေါ် အမိန့်မချမီအချုပ်အဖြစ် အမှုရင်

[၂]။ ယခုစာရင်းများသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအထိစာရင်း ဖြစ်ပါသည်။

ဆိုင်ဆဲကာလ ထိန်းသိမ်းထားမှုကိုကာလကြာရှည်စေပါသည်။

နိုင်ငံရေးအရ ထိန်းသိမ်းထားသူများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက်ကျူးလွန်နေသောကြောင့်၊ အစိုးရက ပြုပြင်ပြောင်းလဲမှုများအပေါ် သန္နိဋ္ဌာန်ချမှတ်လုပ်ဆောင်နေခြင်း မဟုတ်ကြောင်း နောက်ထပ်သက်သေ အထောက်အထားများ ဖြစ်စေသည်။ ၂၀၁၄ ခုနှစ် ဇန္နဝါရီလတွင် မြန်မာအစိုးရက ကုလသမဂ္ဂ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်ကြမ်းကြုတ်လူမဆန်သည့်၊ သို့မဟုတ် လူသားဂုဏ်သိက္ခာကို သေးသိမ်စေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းများဆန့်ကျင်သည့် နိုင်ငံတကာသဘောတူညီချက် ("UNCAT") ကို ယင်းနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သော်လည်း လက်မှတ်မထိုးဘဲ ဆက်လက်ရှိနေပါသည်။ ထိုမျှမက အစိုးရက UNCAT သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ယင်း၏ ကတိကဝတ်ကို ပျက်ကွက်နေသည်နှင့် တစ်ချိန်တည်းတွင် ပြီးခဲ့သည့် နှစ်အတွင်း မြန်မာနိုင်ငံထောင်များအတွင်းနှင့် ပြင်ပတွင် ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပွားသည့် သတင်းအများအပြားဆက်လက်ရရှိနေသောကြောင့် မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများအား ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသေးကြောင်း ထင်ရှားနေပါသည်။[၃] ဤသို့လူမဆန်သည့် ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်း မရှိသမျှ ကာလပတ်လုံး၊ အတိုက်အခံပြုသူ နိုင်ငံသားများအပေါ် ဆက်လက်၍ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်နေကြဦးမည်ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးနေသော်လည်း၊ ထိုသူများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာအစိုးရက ကူညီပေးရမည့်အစား အတင်းအကျပ်ချုပ်ချယ်ကန့်သတ်မှုများကို ချမှတ်လုပ်ဆောင်နေပါသည်။ ၎င်းတို့၏ ခရီးသွားလာမှုများ၊ အလုပ်အကိုင်ရရှိရေးနှင့် ပညာရေးကိုချုပ်ချယ်ခြင်းတို့သည် လူ့အဖွဲ့အစည်းသို့ ပြန်လည်ဝင်ဆန့်နိုင်ရေးအတွက် အဓိကအခက်အခဲဖြစ်စေပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများကို အနီးကပ်စောင့်ကြည့်၍ အာဏာပိုင်များက ဖိနှိပ်မှုများ ပြုနေပါသည်။ အချိန်မရွေး ပြန်ဖမ်းဆီးခံရနိုင်သည်ဟု ထိုသူများကို အကြောက်တရားရနေစေသည်။ လက်ရှိတွင်၊ မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသားဟောင်းများ ပြန်လည်ထူထောင်ရေးအတွက် မည်သည့်အစီအစဉ်မျှ ချမှတ်ဆောင်ရွက်ခြင်းသို့မဟုတ် ၎င်းတို့ မတရားဖမ်းဆီးခံခဲ့ရသည့်အပေါ် ပြန်လည် ကုစားပေးခြင်းများလည်း မရှိပါ။ နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် အစိုးရက ပံ့ပိုးကူညီမှု ကင်းမဲ့နေသောကြောင့် ၎င်းတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးနှင့် ငွေကြေးဆိုင်ရာအခက်အခဲများကို ခက်ခဲပင်ပန်းစွာ ရုန်းကန်ရင်ဆိုင်နေကြရပါသည်။ သို့အတွက်ကြောင့်၊ နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်များမှ ပြန်လွှတ်ပေးသည့်တိုင် ၎င်းတို့၏ အခက်အခဲများ ပြီးဆုံးသွားခြင်း မရှိသေးပါ။

## ၁-၄ ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံရေးအကျဉ်းသားများ အခြေအနေ

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အစိုးရသစ်ဖွဲ့လာနိုင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သားကိုယ်စားလှယ် ၂၅% မှာ လွှတ်တော်တွင်း အလိုအလျောက်နေရာယူထားနိုင်ခွင့်ရှိပြီး ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးလို အရေးကြီးသည့် အပြောင်းအလဲ လုပ်ရန်ခက်ခဲနေပေသေးသည်။ ထို့အပြင်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(စ)အရဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သမ္မတဖြစ်ရန်မဖြစ်နိုင်ပေ။ ထို့ကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်မှ အစိုးရအဖွဲ့ကို သူမအနေဖြင့် ဦးဆောင်မည်ဖြစ်ပြီး သမ္မတအထက်တွင် သူမရှိနေမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပင် ပြောဆိုခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏အယုံကြည်ရဆုံးနှင့် အနီးကပ်ကူညီပေးနေသူဦးထင်ကျော်ကို နိုင်ငံတော်၏ သမ္မတအဖြစ် အာဏာလွှဲပြောင်းယူစေခဲ့ပါသည်။ ထိုသို့အာဏာလွှဲပြောင်းယူပြီး များမကြာမီဧပြီလ ၆ ရက်နေ့ ၂၀၁၆တွင် သမ္မတ ဦးထင်ကျော်မှ လွှတ်တော်သို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဥပဒေကြမ်းကို တင်သွင်း၍ လွှတ်တော်မှအတည်ပြုနိုင်ခဲ့ပြီးဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်လာခဲ့ပါသည်။ သူမနိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်လာပြီး နောက်နေ့တွင်ပင်ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ တရားရင်ဆိုင်နေရသော ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးစားသွားမည်ဟု ဧပြီလ ၇ ရက်နေ့တွင် ကြေညာခဲ့ပြီး ဧပြီလ ၈ ရက်နေ့တွင် တရားရင်ဆိုင်နေရသော သူ ၁၉၉ ဦး၏ အမှုများအားပလပ်ပေးခဲ့သည်။ ထို့နောက် ဧပြီလ ၇ ရက်နေ့တွင်လည်း နောက်ထပ်ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ၈၃ ဦးအား လွှတ်ပေးခဲ့ပါသည်။ ထိုသို့ လွှတ်မြောက်ပေးမှုများသည် အစိုးရသစ်၏ နိုင်ငံရေးအကျဉ်းသားကိစ္စနှင့်ပတ်သက်၍ အလေးထားမှုကို ဖော်ပြသောလှုပ်ရှားမှုဖြစ်သော်လည်း အကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ရှိနေဆဲပင်ဖြစ်နေပါသေးသည်။

---

၃။ ၂၀၁၄ ခုနှစ်တွင် ညှဉ်းပမ်းနှိပ်စက်မှုများ အသေးစိတ်အတွက်၊ (AAPP) ၏ ၆၅ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ (အောက်တိုဘာလ ၂၀၁၄ ခုနှစ်) သို့ တင်ပြချက်ကို ကြည့်ပါ။ <http://bit.ly/1UDbfuw>



From -3A

# အခန်း - ၂
# သုတေသနနည်းနာ

## ၂-၁ နိဒါန်း

၁၉၈၂ ခုနှစ်မှ ယနေ့တိုင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၇,၀၀၀ မှ ၁၀,၀၀၀ အကြား ထောင်သွင်းအကျဉ်းချခံခဲ့ရပါသည်။ ယင်းတို့အနက် အများစုမှာမြန်မာနိုင်ငံအတွင်းနှင့် ထိုင်း-မြန်မာနယ်စပ်တွင် နေထိုင်နေကြပါသည်။ ဖြစ်ရပ်မှတ်တမ်းများ အများအပြား ရှိနေသော်လည်း၊ နိုင်ငံရေးအကျဉ်းသားများ စစ်ကြောရေးစခန်းများနှင့် ထောင်တွင်းတွင် ကြုံတွေ့ရသည့်ညှဉ်းပန်းနှိပ်စက်မှုနှင့် မတော်မတရားပြုမူမှုများနှင့်ပတ်သက်၍ ပြည့်စုံသည့်အချက်အလက်များ အနည်းအကျဉ်းမျှသာရှိပါသည်။ ထို့အပြင်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ပြီးနောက် သူတို့၏ အတွေ့အကြုံများနှင့် ပတ်သက်၍ မှတ်တမ်းအချက်အလက်များ အနည်းအကျဉ်းမျှသာရှိပါသည်။ ၂၀၁၃ ခုနှစ်တွင်၊ (AAPP) က သုတေသနလုပ်ငန်းအတွက် အဆိုပြုချက်တစ်ခု ရေးသား၍ထောင်များအတွင်း တွေ့ကြုံရသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ၎င်းတို့ လွတ်မြောက်ပြီးနောက် ကြုံတွေ့ရသော အခက်အခဲများ အပါအဝင် မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများအပေါ် ဆန်းစစ်လေ့လာရန်တင်ပြခဲ့ပါသည်။ ကယ်လီဖိုနီးယားပြည်နယ် အိုင်ဗင်းတက္ကသိုလ်(University of California Irvine- UCI) ၏ နိုင်ငံတကာတရားမျှတမှုကုသရေးဌာနကျောင်း (School of Law International Justice Clinic) နှင့်တွဲဖက်၍ သုတေသနလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့က ယခုသုတေသနလုပ်ငန်း၏ ဒီဇိုင်းရေးဆွဲမှုနှင့် နည်းနာများကို ဖော်ထုတ်ပြုစုခဲ့ပါသည်။

## ၂-၂ ရည်ရွယ်ချက်

ယခုလေ့လာမှုသည် ၁၉၈၂ ခုနှစ်မှ စတင်၍ ယနေ့တိုင်၊ ဖမ်းဆီးအကျဉ်းချခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မှတ်တမ်းအချက်အလက်များကို စူးစမ်းလေ့လာရန် ဖြစ်ပါသည်။ AAPP နှင့် FPPS တို့၏ အချက်အလက်စုဆောင်းမှု မတိုင်မီတွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏လူမှု-စီးပွားအဆင့်အတန်းနှင့် ပတ်သက်၍သတင်းအချက်အလက်မှတ်တမ်းအနည်းအကျဉ်းမျှသာ သို့မဟုတ် မရှိသလောက်ဟုပင် ဆိုနိုင်ပါသည်။ အလားတူပင် ထောင်စနစ်အတွင်း၌ ၎င်းတို့၏ အတွေ့အကြုံများအတွက် ပြည့်စုံသည့် အချက်အလက်များလည်းမရှိပါ။ ယခုလေ့လာမှုသည် ရည်ရွယ်ချက် ၃-ခုကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စာရင်းကို ကောက်ယူစုဆောင်းရန်၊ အကျဉ်းထောင်တွင်း ၎င်းတို့တွေ့ကြုံရသော ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတော်မတရားပြုခံရမှုများ အတိုင်းအဆကို သိရှိနားလည်နိုင်ရန်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လူမှု-စီးပွားရေး အခြေအနေကို သိရှိနားလည်နိုင်ရန် ဖြစ်ပါသည်။ သို့မှသာ နောင်တွင်ကြားဝင်ဆောင်ရွက်ပေးမှုများနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ရေးဆွဲချမှတ်ရာတွင် အချက်အလက်သက်သေအဖြစ် ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။




နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စာရင်းကောက်ယူစုစည်းမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ

## ၂-၃ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှု

UCI တက္ကသိုလ်၏ နိုင်ငံတကာတရားမျှတမှု ကုသရေးဌာနကျောင်း (School of Law International Justice Clinic) က မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများကို တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ယူမှုနှင့် တောင်အာဖရိက၊ မြောက်ပိုင်းအိုင်ယာလန်၊ ချက်သမ္မတနိုင်ငံ၊ နီပေါနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပတ်သက်သည့် သုတေသနများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် နည်းနာတို့အား ပေါင်းစပ်က AAPP နှင့် FPPS တို့အတွက် မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားဟောင်းများကို စစ်တမ်းကောက်ယူရန်နည်းနာကို ရေးဆွဲပြုစုပေးခဲ့ပါသည်။ ယင်း နည်းစနစ်အား AAPP နှင့် FPPS တို့၏ ကွင်းဆင်းသုတေသနလုပ်ဆောင်သူများက အသုံးပြုခဲ့ကြပါသည်။ ယခုစစ်တမ်းကောက်ယူမှု[၄]တွင် ရွေးချယ်စရာမေးခွန်းများပါဝင်သည့် မေးခွန်းများနှင့် စိတ်ကြိုက်အဖြေပေးနိုင်သည့် မေးခွန်းများ ရောထွေးပါဝင်ပါသည်။ ယင်းတို့က လူဦးရေဆိုင်ရာ အခြေခံအကြောင်းအချက်များနှင့် စီးပွားရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းကျန်းမာရေး၊ ပညာရေးဆိုင်ရာလိုအပ်ချက်များနှင့် ၄င်းတို့၏ လိုလားမျှော်မှန်းချက်များ၊ သတင်းအချက်အလက်များကို အလေးပေး မေးမြန်းပါသည်။ ထို့အပြင် ပြန်လည်လွတ်မြောက်ပြီးနောက် လူ့အဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးဆိုင်ရာ အသေးစိတ်သဘော မေးခွန်းများကို မေးမြန်းခဲ့ပါသည်။

ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံသားများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖြစ်ကြသည့် AAPP နှင့် FPPS တို့၏ အချက်အလက်စုဆောင်းကောက်ယူသူ ၁၀-ဦးတို့က ယခုစစ်တမ်းကို အကောင်အထည်ဖော်ခဲ့ကြပါသည်။ ယင်း ၁၀-ဦးလုံးက မြန်မာစကားပြောဆိုနိုင်ကြပြီး၊

---

၄ ။ နောက်ဆက်တွဲ-၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု (နိုင်ငံရေးအကျဉ်းသား Survey)ကို ကြည့်ပါ။



ICTJ သင်တန်းပေးနေစဉ်



ICTJ သင်တန်းပေးနေစဉ်

ယင်းတို့အနက် အချို့ကဒေသခံ တိုင်းရင်းသားဘာသာစကား ၂-မျိုးကို ပြောဆိုနိုင်ကြသူများ ပါဝင်ပါသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် AAPP နှင့် FPPS ၏ အချက်အလက်ကောက်ယူစုဆောင်းသူများက ယင်းစစ်တမ်းကို စတင်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများအကြားနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဒေသဆိုင်ရာလူမှုကွန်ရက်ချိတ်ဆက်မှုများကိုသုံး၍ မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ထိုင်း-မြန်မာနယ်စပ်ရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများကို ရှာဖွေတွေ့ဆုံနိုင်ခဲ့ပါသည်။ ၈၈-မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (အထက်မြန်မာပြည်) နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများမှ (AAPP) နှင့် (FPPS) တို့အား နိုင်ငံရေးအကျဉ်းသားဟောင်းများကို လိုက်လံရှာဖွေတွေ့ရှိနိုင်ရန် ကူညီပေးခဲ့ကြပါသည်။ အချက်အလက်ကောက်ယူသူ သုတေသီအားလုံးက ယခင် ဤသို့အချက်အလက်ကောက်ယူသည့် အတွေ့အကြုံမရှိကြသော်လည်း အသွင်ကူးပြောင်းရေးကာလ တရားမျှတရေး နိုင်ငံတကာဌာန (International Center for Transitional Justice) က ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရန်ကုန်၌သင်တန်းတစ်ခုစီစဉ်ကာ နိုင်ငံရေးအကျဉ်းသားဟောင်းများအား ကောင်းစွာစီမံ စစ်တမ်းကောက်ယူရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။



ICTJ သင်တန်းအမှတ်တရ

အချက်အလက် ကောက်ယူစုဆောင်းသူက စစ်တမ်းကောက်ယူမည့်မြို့သို့ မရောက်ရှိမီ ထိုမြို့ရှိအဆက်အသွယ်သို့ ကြိုတင်ဖုန်းဆက်ပါသည်။ ၎င်းအဆက်အသွယ်က သူသိရှိသော၊ ဖြေကြားရန်ဆန္ဒရှိသော နိုင်ငံရေးအကျဉ်းသားဟောင်းများကို အဆင်ပြေမည့်နေရာတွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးပါသည်။ ထိုသူများကအချက်အလက်စုဆောင်း ကောက်ယူနိုင်ရန် ဖြေကြားပေးကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများကို ယခုစစ်တမ်းတွင်ပါဝင်ဖြေကြားခြင်းအတွက် ငွေကြေး မက်လုံးပေးခြင်းမျိုးမရှိပါ။ ယင်းအစား၊ အချက်အလက်ကောက်ယူသူနှင့် တွေ့ဆုံသည့် အစည်းအဝေးတွင် ယခုအစီအစဉ်၏ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းပြပါသည်။ ဤသို့ဖြင့် ပါဝင်ဖြေကြားရန် စေ့ဆော်မှု ဖြစ်စေပါသည်။ အစည်းအဝေးများတွင် အချက်အလက် ကောက်ယူ မစုဆောင်းမီ ဤသဘောတူညီချက်ကို အရင်ရယူပါသည်။ တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲကြောင့် ယင်းအစည်းအဝေးစီစဉ်ပေးသူများက နိုင်ငံရေးအကျဉ်းသားဟောင်းများ အတွက် စကားပြန်အဖြစ်ပါ လုပ်ဆောင်ပေးကြသည်။ စစ်တမ်းကောက်ယူမှုများအားလုံးကို နိုင်ငံရေးအကျဉ်းသားဟောင်းများက မြန်မာဘာသာဖြင့် ဖြေဆိုဆောင်ရွက်ခဲ့ကြပြီး ဘာသာပြန်ရန်လိုအပ်ပါက အချက်အလက်စုဆောင်းသူများကပင် ဆောင်ရွက်ပေးခဲ့ကြသည်။ အကယ်၍ နိုင်ငံရေးအကျဉ်းသားဟောင်းက စာမတတ်သူ ဖြစ်ပါကလည်း ထိုသူများကပင်ကူညီ ဖြည့်စွက်ပေးခဲ့ကြသည်။

အချက်အလက် စုဆောင်းသူများက နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့်တွေ့ဆုံ၍ စစ်တမ်းကောက်ယူရန်မစီမံနိုင်သည့် ဒေသများတွင်၊ (ဥပမာအားဖြင့်- နိုင်ငံရေးအကျဉ်းသားဟောင်းက အချိန်ကြာရှည်အလုပ်လုပ်နေရခြင်း၊ အစည်းအဝေးစီစဉ်ရန် ခက်ခဲခြင်း၊ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားဟောင်းက သုတေသနပြုသူနှင့် တွေ့ဆုံရန် စိတ်ချီတုံချတုံဖြစ်နေခြင်း)စသည့် အခြေအနေများတွင် စစ်တမ်းမေးခွန်း လွှာများကိုဖြန့်ဝေ၍နိုင်ငံရေးအကျဉ်းသားဟောင်းများအား ၎င်းတို့ဘာသာဖြည့်စွက်စေကာ ယင်းဒေသရှိအဆက်အသွယ်ပုဂ္ဂိုလ်က ပြန်၍စုဆောင်းပေးပါသည်။ ၎င်းတို့က ဖြေဆိုဖြည့်စွက်ထားသည့် စစ်တမ်းများကို ရန်ကုန်ရှိ (AAPP) နှင့် (FPPS) အဖွဲ့များထံသို့ လူဖြင့်ဖြစ်စေ ကြိုတင်စီစဉ်ထားသည့် ပို့ဆောင်နည်းဖြင့်ဖြစ်စေ ပြန်ပို့ပေးပါသည်။ ပြန်လည်လက်ခံရရှိပြီးသည့် စစ်တမ်းဖြေဆိုမှုများအားလုံးကို (AAPP) ၏ သုတေသနအဖွဲ့က မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးပါသည်။ ယင်းမှတ်တမ်းအချက်အလက်များကို အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGOs)အတွက် လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အချက်အလက်များအား လုံခြုံစိတ်ချစွာ မှတ်တမ်းတင်သိမ်းဆည်းနိုင်ရန် စီစဉ်ထားသည့် အချက်အလက်ဘဏ်စနစ် (Martus) ပရိုဂရမ်သို့ ထည့်သွင်းပါသည်။



နိုင်ငံရေးအကျဉ်းသားဟောင်းများအား အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းနေစဉ်

၂၀၁၅ ခုနှစ်အစောပိုင်းတွင် သုတေသနအဖွဲ့က ယခုအစီရင်ခံစာတွင် ဖော်ပြရန် နောက်ထပ်အရည်အသွေးပိုင်းဆိုင်ရာ သုတေသနပြုမှုလုပ်ဆောင်ရန်လိုအပ်သေးကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထို့အတွက်ကြောင့် အင်တာဗျူးလမ်းညွှန် (interview guidelines)[၅] ကို ရေးသား၍ နိုင်ငံရေးအကျဉ်းသားဟောင်းများကို ၄င်းတို့၏ တုံ့ပြန်ဖြေကြားမှုနှင့်ဖြေဆိုလိုသည့်ဆန္ဒအပေါ်မူတည်၍ စစ်တမ်းဖြေဆိုထားသူများအနက်မှ ရွေးချယ်ခဲ့ပါသည်။ ဤမေးမြန်းမှု လမ်းညွှန်မှုများတွင် အထွေထွေသော ကဏ္ဍများပါဝင်ပြီး ဖြေဆိုသူ၏ နောက်ခံအကြောင်းအရာ၊ ၄င်းတို့နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာရသည့် အကြောင်းအရင်း၊ ထောင်တွင်းအတွေ့အကြုံ၊ အနာဂတ်အတွက် မျှော်လင့်ချက်များကို မေးမြန်းခဲ့ပါသည်။ အမှုတစ်ခုချင်းနှင့်သီးခြားပတ်သက်သည့် မေးခွန်းများကိုမူ စစ်တမ်းတွင်ဖြေဆိုခဲ့သည့် သတင်းများအပေါ်မူတည်၍ ပြုစုခဲ့ပါသည်။ အချက်အလက်စုဆောင်းသူများက အသေးစိတ် ဖော်ထုတ်ရယူသည့် တွေ့ဆုံမေးမြန်းမှုများကို ၂၀၁၅ ခုနှစ် မတ်လမှ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေးအကျဉ်းသားဟောင်း ၆-ဦးက ပါဝင်ဖြေကြားရန် သဘောတူညီခဲ့ကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများကို အသံဖမ်းယူ မှတ်တမ်းတင်၍ ဤမှတ်တမ်းများကို သုတေသနအဖွဲ့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ကြသည်။

## ၂-၄ အခက်အခဲများနှင့် အကန့်အသတ်များ

အချက်အလက် ကောက်ယူစုဆောင်းမှုတွင် အခက်အခဲ မရှိခဲ့ဟူ၍ မဟုတ်ပါ။ စုဆောင်းသော သတင်းများ၏ အကဲဆတ်မှု သဘောသဘာဝအရ လူအများက ၄င်းတို့၏ အတိတ်ကိုပြန်လည်၍ မဆွေးနွေးလိုကြပါ။ အချို့သောနိုင်ငံရေးအကျဉ်းသားဟောင်းများက ၄င်းတို့ခံစားခဲ့ရသော စိတ်ဒဏ်ရာအနာတရများကြောင့် ပြန်လည်ဝေမျှရန် ဝန်လေးနေကြပါသည်။ သတင်းအချက်အလက် ကောက်ယူစုဆောင်းရာတွင် အဓိကအခက်အခဲမှာ နောက်ဆက်တွဲ အကျိုးဆက်များကို ကြောက်ရွံ့နေကြခြင်း ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုမှာ ပုံမှန်အားဖြင့် ထောင်မှပြန်လွတ်ပြီးနောက်ပိုင်းတွင် အာဏာပိုင်များ၏နောက်ယှက်မှုများ ကြုံတွေ့နေကြရပြီး မည်သို့သော လှုပ်ရှားမှုတွင် ပါဝင်သည်ဖြစ်စေ၊ အာဏာပိုင်များက နိုင်ငံရေးတွင် ပါဝင်သည်ဟု မှတ်ယူ၍၊ နောက်ထပ်နှောင့်ယှက်ခြိမ်းခြောက်မှုများ၊ နောက်တစ်ကြိမ် ပြန်လည်ဖမ်းဆီးခံရမှုများ ကြုံတွေ့ရနိုင်ပါသည်။ လက်တုံ့ပြန်မည်ကို ကြောက်ရွံ့နေခြင်းကြောင့် များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများက အချက်အလက် ကောက်ယူစုဆောင်းမှုကို ရောက်လာသည့်အခါမှ လုံးဝရှောင်ရှားကြ သို့မဟုတ် မေးခွန်းလွှာကို ဖြည့်ပေးရန် ငြင်းဆိုကြပါသည်။ အချို့သောဒေသများတွင်သုတေသနအဖွဲ့က အဓိကကျသည့်နိုင်ငံရေးအကျဉ်းသားဟောင်းနှင့်ဆက်သွယ်သည့်အခါ ထိုသူက အချက်အလက်ကောက်ယူစုဆောင်းသူကို မလာရောက်ရန် ညွှန်ကြားသည်လည်းရှိပါသည်။ ဤသည်မှာ ဒေသခံအာဏာပိုင်များက ဤလုပ်ငန်းကို ကြားသိသည့်အခါ နိုင်ငံရေးအကျဉ်းသားဟောင်းကို ခြိမ်းခြောက်ခြင်း အချက်အလက်ကောက်ယူသူများနှင့်တွေ့ရှိပါက သတင်းပေးရမည်ဟု တောင်းဆိုခြင်းများကြောင့် ဖြစ်ပါသည်။ သို့သော်လည်း နှိုင်းယှဉ်ချက်အရ စစ်တမ်းဖြေဆိုပါဝင်ကြသူများက ချက်ချင်းဆိုးကျိုးမရှိဟု သိရှိလာကြသည့်အခါ အချို့သောနိုင်ငံရေးအကျဉ်းသားဟောင်းများက (AAPP) နှင့် (FPPS) အဖွဲ့အစည်းများထံ မေးခွန်းလွှာဖြေကြားရန် ဆက်သွယ်လာကြသည်များလည်း ရှိခဲ့ပါသည်။

---

၅။ နောက်ဆက်တွဲ-၂။ အင်တာဗျူးလမ်းညွှန် (Interview Guidelines) ကို ကြည့်ပါ။



နိုင်ငံရေးအကျဉ်းသားဟောင်းအချို့ သုတေသန မှတ်တမ်းတွင် ဖြည့်စွက်နေပုံ

မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားဟောင်းအများအပြားမှာ ဝေးလံသည့်နေရာများနှင့် ဆက်သွယ်ရ ခက်ခဲသည့်နေရာများတွင် နေထိုင်ကြပါသည်။ တစ်ခါတရံတွင် တယ်လီဖုန်းဖြင့်ပင် ဆက်သွယ်၍ မရပါ။ အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ တစ်နေ့လျှင်နာရီများစွာ အလုပ်လုပ်ကြရပြီး၊ အချက်အလက်စုဆောင်းသူများက သတ်မှတ်ချိန်းဆိုသည့် အစည်းအဝေးမတိုင်မီ ကာလကြာရှည်ကပင်ဆက်သွယ်ထားကြရပါသည်။ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ မရနိုင်သောကြောင့်လည်း၊ ဤသို့ဆောင်ရွက်ရန် ခက်ခဲလှပါသည်။ ထို့အတွက်အချက်အလက်ကောက်ယူစုဆောင်းသူများက ကြိမ်ဖန်များစွာ ပြန်လာကြရ သို့မဟုတ် သတင်းစုဆောင်းနိုင်ရန် ဝေးလံသည့်နေရာများသို့ ခရီးထွက်ကြရပါသည်။

ဤသို့ အကန့်အသတ်များရှိသော်လည်း သုတေသနအဖွဲ့၏ စိတ်ပိုင်းဖြတ်ဆောင်ရွက်မှုနှင့်ညင်သာပါးနပ်စွာ စီမံနိုင်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ထိုင်း-မြန်မာနယ်စပ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၃,၀၀၀ ခန့်ကို မေးမြန်းစစ်တမ်းကောက်ယူကာ နိုင်ငံရေးအကျဉ်းသားဟောင်း ၆ ဦးနှင့်လည်း ဘက်စုံအင်တာဗျူးမေးမြန်းနိုင်ခဲ့သည်။

## ၂-၅ အချက်အလက်မှတ်တမ်းများ သုံးသပ်စိစစ်မှု

စစ်တမ်းကောက်ယူမှုမှ ရရှိလာသည့် မှတ်တမ်းအချက်အလက်ထည့်သွင်းမှုများကို သေချာစေရန် ပြန်လည်စိစစ်ပြီးနောက် အချက်အလက် စိစစ်သုံးသပ်မှုပြုလုပ်ကာ အချက်အလက်များ၏ ဖော်ပြချက်များနှင့် အကျဉ်းချုပ်ကိုရယူပါသည်။ ပြောင်းလဲနိုင်သည့် ကိန်းရှင်များအပေါ် နှိုင်းယှဉ်ခြင်း၊ အချင်းချင်းယှဉ်ကြည့်ခြင်းပြုကာ ယင်းကိန်းရှင်များအကြား ဆက်စပ်နေမှုကိုဖော်ထုတ်လေ့လာကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၃,၀၀၀ ခန့်ထံမှ မှတ်တမ်းအချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ပြီး သုတေသနအဖွဲ့က စစ်တမ်း၏ စုစုပေါင်းအရေအတွက်ကို ထုတ်ယူစိစစ်ဆဲဖြစ်ပါသည်။ ထို့အပြင်၊ ဖြေကြားမှုမရှိခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာဖြေကြားခြင်းများကြောင့် လစ်လပ်နေ





From -3B

သော အချက်အလက်များကိုလည်း ထည့်သွင်း၍ စိစစ်လေ့လာကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများကို စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူကယင်းအချက်ကို သိပ်အကဲဆတ်လွန်းသောကြောင့် သို့မဟုတ် ယင်းကိစ္စ၏ အဖြေကိုမသိသောကြောင့် မဖြေဆိုခဲ့၍ သို့မဟုတ် အခြားကိစ္စများနှင့်ကွဲလွဲနေသောအဖြေများကြောင့် တည်းဖြတ်ရာတွင် ပယ်ဖျက်ခဲ့၍ သို့မဟုတ်အချက်အလက်စုဆောင်းသူက မေးခွန်းမမေးမြန်းနိုင်ခဲ့၍၊ သို့မဟုတ် မှတ်တမ်းမတင်နိုင်ခဲ့၍ ဖြေကြားခြင်းမရှိသည်များ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ ဖြေကြားထားခြင်းများလည်း ဖြစ်ပေါ်တတ်ပါသည်။ တစ်စိတ်တစ်ပိုင်းသာ ဖြေကြားထားခြင်းမှာ ဖြေဆိုသူကစစ်တမ်းမေးခွန်းအချို့ကို ဖြေဆိုသော်လည်း မေးခွန်းအားလုံးကို မဖြေဆိုသောကြောင့် ဖြစ်ပါသည်။ ဤသို့ဖြေကြားထားခြင်း မရှိခဲ့သော အချက်အလက်များကြောင့် စိစစ်အကဲဖြတ်မှုတွင် မှတ်တမ်းများအရမေးခွန်းများအပေါ် ဖြေဆိုထားမှုများအပေါ်တွင်သာ ကန့်သတ်အသုံးချမည် ဆိုပါက စစ်တမ်းခန့်မှန်းသုံးသပ်မှု၏ သွေဖည်ဘက်လိုက်မှုကို ဖြစ်ပေါ်စေပါသည်။ ဤသို့သွေဖည်ဘက်လိုက်မှုကို တတ်နိုင်သမျှ လျှော့ချနိုင်ရန် အချက်အလက်အများစု ပျောက်ဆုံးနေသည့်စစ်တမ်းဖြေဆိုချက်များကို သုံးသပ်စိစစ်မှုမပြုမီ လုံးဝပယ်ဖျက်ခဲ့ပါသည်။ စုဆောင်းကောက်ယူထားသည့် စုစုပေါင်းစစ်တမ်းပေါင်း ၃,၀၀၀ခန့်မှ အချက်အလက် စစ်ဆေးအတည်ပြုပြီးသား စစ်တမ်းဖြေဆိုမှု ၁,၆၂၁ ခုနှင့်အင်တာဗျူးမေးမြန်းမှု ၆-ခုကိုသာ နောက်ဆုံးအတည်သုံးသပ်မှုအတွက် ရယူခဲ့ပါသည်။

## ၂-၆ ပါဝင်ဖြေကြားသူများ၏ လူဦးရေဆိုင်ရာ အကြောင်းအချက်များ

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတစ်ဝန်းနှင့် ထိုင်း-မြန်မာ နယ်စပ်ရှိ နိုင်ငံရေးအကျဉ်းသားဟောင်း ၁,၆၂၁ ဦးထံမှစုဆောင်းထားသည့် ဒေတာအချက်အလက်များကို အခြေခံပါသည်။ လုံခြုံရေးအခြေအနေကြောင့် ယခုအစီရင်ခံစာတွင် လူတစ်ဦးချင်း၏ အမည်များဖြစ်ရပ်များကို ဖော်ပြမည်မဟုတ်ပါ။ အကယ်၍ ထိုသူများသည် လူသိများထင်ရှားသူများဖြစ်ပြီး၊ ၎င်းတို့၏ဆန္ဒသဘောတူညီချက်ပါမှသာလျှင် အမည်နှင့် ဖြစ်ရပ်များ ဖော်ပြအသုံးပြုပါမည်။ ပါဝင်ဖြေကြားကြသူများသည် (AAPP) နှင့် (FPPS) တို့၏ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီကြသူများ ဖြစ်ပါသည်။

> "မည်သူမဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားအားလုံး ပါဝင်သည့် နိုင်ငံသားအခွင့်အရေးတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်းတို့ကြောင့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများအားလုံးကို လည်းကောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဖွဲ့စည်းပေါ်ပေါက်လာသော မဏ္ဍိုင် (၃) ရပ်နှင့် လုပ်ငန်းအဖွဲ့များ(သို့မဟုတ်)ပြည်ထောင်စုအဖွဲ့ဝင် လုပ်ငန်းအဖွဲ့များ၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်များအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ ကန့်ကွက်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ မကျေနပ်ကြောင်း၊ ကန့်ကွက်ကြောင်းကို အခြားပုံသဏ္ဍာန် တစ်ခုခုဖြင့်လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း ဆက်စပ်ပတ်သက်ခြင်း စသည်တို့ကြောင့်ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများအားလုံးကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်သည်" ၆

၆။ နောက်ထပ် သတင်းအချက်အလက်များအတွက် (AAPP) နှင့် (FPPS) အဖွဲ့တို့၏ နိုင်ငံရေးအကျဉ်းသားများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။ (၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်) http://aappb.org/wp-content^uploads/2014/09/AAPP and FPPS Joint statement -Definiation-of-Political-Prisoners-burmese..pdf

ယခုအစီရင်ခံစာ ဖွင့်ဆိုချက်တွင် ဖမ်းဆီးခံရသူများနှင့် အတင်းအကျပ်ထိန်းသိမ်းခံရပြီး၊ တရားဝင် စွဲချက်မတင်ခံရသူများ ပါဝင်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၁,၆၂၁ ဦးအနက် ၁၀၈ ဦးမှာ တရားဝင်ခုံရုံးတင် စွဲချက်တင်မခံရသော်လည်း ပြန်လွှတ်မပေးမီ အနည်းဆုံး ၂၄-နာရီကြာ ဖမ်းဆီး၊ ထိန်းသိမ်းခံရသူများ ဖြစ်ကြပါသည်။

စစ်တမ်းပြီးဆုံးသည့် အချိန်တွင်၊ ဖြေဆိုသူ ၁,၄၅၉ ဦးမှာ အသက် ၂၁ မှ ၈၆ နှစ်အကြားရှိသူများ ဖြစ်ပါသည်။ နောက်ထပ် စစ်တမ်း ၁၆၂ စောင်ကို သေဆုံးသူ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုများက ဖြေကြားပေးခဲ့ကြပါသည်။[၇] သေဆုံးသူ နိုင်ငံရေးအကျဉ်းသားဟောင်းများအနက် ၈ ဦးမှာ၊ ထိန်းသိမ်းထားစဉ်ကာလအတွင်း၊ သို့မဟုတ် စစ်ကြောရေး၌ သေဆုံးခဲ့ကြရသူများ ဖြစ်ပါသည်။ ယင်းတို့အနက် ၂၇ ဦးမှာထောင်များအတွင်း၊ သို့မဟုတ် အလုပ်ကြမ်းစခန်းများတွင် သေဆုံးခဲ့သူများဖြစ်ကြပါသည်။ ၁၂၆ ဦးမှာ ပြန်လည်လွတ်မြောက်ပြီး မကြာမီသေဆုံးခဲ့သူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လူများ၏ပျမ်းမျှသက်တမ်းမှာ ကမ္ဘာ့ပျမ်းမျှထက် (မြန်မာက ၆၅. ၉၄ နှစ် ပျမ်းမျှသက်တမ်းရှိပြီး၊ ကမ္ဘာက ၇၀ နှစ် ရှိနေသည်[၈]) နည်းပါးသည့် အားလျော်စွာ၊ သေဆုံးရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများမှာအသက်အရွယ်ကြီးရင့်သောကြောင့် သေဆုံးရခြင်းမဟုတ်ပါ။ အကျဉ်းထောင်များအတွင်း မတော်မတရားပြုမူမှုများ၏ ဒဏ်ရာဒဏ်ချက်များကြောင့်သေဆုံးရခြင်းဖြစ်ပါသည်။ ယင်းကို ယခုအစီရင်ခံစာ၏ (အခန်း ၆၊ ၇)တွင် အသေးစိတ် ဆွေးနွေးထားပါသည်။ အောက်ဖော်ပြပါ ဇယားများ[၉] တွင်၊ နိုင်ငံရေးအကျဉ်းသားဟောင်း ၁,၆၂၁ ဦး၏ ကြွင်းအင်လက္ခဏာများကို ခွဲခြားဖော်ပြထားပါသည်။

| | |
|---|---|
| လိင် | |
| ကျား | ၉၁% |
| မ | ၉% |
| မွေးရပ်ဇာတိ | |
| ဧရာဝတီတိုင်း | ၂၄% |
| ပဲခူးတိုင်း | ၁၉% |
| ရန်ကုန်တိုင်း | ၁၈% |
| မန္တလေးတိုင်း | ၁၃% |
| မကွေးတိုင်း | ၇% |
| စစ်ကိုင်းတိုင်း | ၇% |
| တနင်္သာရီတိုင်း | ၃% |
| ချင်းပြည်နယ် | ၃% |
| ကချင်ပြည်နယ် | ၃% |
| မွန်ပြည်နယ် | ၁% |
| ရခိုင်ပြည်နယ် | ၁% |
| ရှမ်းပြည်နယ် | ၁% |
| ကရင်ပြည်နယ် | ၁% |
| ကယားပြည်နယ် | ၁% |
| တိုင်းရင်းသား | |
| ဗမာ | ၇၃% |
| ကရင် | ၂၀% |
| ရှမ်း | ၁% |
| ရခိုင် | ၁% |
| ချင်း | ၁% |
| မွန် | ၁% |
| တရုတ်-ဗမာ | ၁% |
| ထားဝယ် | ၁% |
| ပသီ | ၁% |
| အခြားဂ | ၁% |
| ကိုးကွယ်မှု | |
| ဗုဒ္ဓဘာသာ | ၇၉% |
| ခရစ်ယာန် | ၁၇% |
| အစ္စလမ် | ၅% |
| အခြား | ၁% |
| ပညာရေး အဆင့် | |
| စာမတတ် | ၁% |
| စာတတ်-ကျောင်းမနေရ | ၁% |
| ဘုန်းကြီးကျောင်းပညာရေး | ၄% |
| မူလတန်းကျောင်း | ၁၅% |
| အလယ်တန်းကျောင်း | ၁၇% |
| အထက်တန်းကျောင်း | ၇% |
| အထက်တန်းအောင် | ၂၄% |
| သက်မွေး ဒီပလိုမာ | ၂% |
| ဘွဲ့ကြို | ၈% |
| ဘွဲ့ရ | ၂၂% |
| ဘွဲ့လွန် | ၁% |
| အိမ်ထောင်ရေးအခြေအနေ | |
| အိမ်ထောင်ရှိ | ၇၉% |
| လူပျို-အပျို | ၁၉% |
| အိမ်ထောင်ကွဲ | ၂% |
| မိဘဖြစ်မှုအခြေအနေ | |
| ကလေးရှိ | ၈၆% |
| ကလေးမရှိ | ၁၆% |

၇။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ယေဘုယျအားဖြင့် သူတို့၏ ထောင်တွင်းအတွေ့အကြုံကို နီးစပ်သည့် သူငယ်ချင်းများနှင့် မိသားစုထံ ပြန်လည်ဝေမျှလေ့ရှိပါသည်။

၈။ စီအိုင်အေ (CIA)၊ ကမ္ဘာ့အချက်အလက်များ (၂၀၁၄ ခုနှစ်)။ <http://1.usa.gov/1dsLynr>

၉။ ယခုဇယားနှင့်ပုံများပါ အချက်အလက်များသည်၊ ပြန်လည်စုစည်းရာတွင် အမှားရှိနိုင်သောကြောင့် ၁၀၀% မမှန်နိုင်ပါ။



From -4A

# အခန်း - ၃
# တရားရေးစနစ်ကို အလွဲသုံးစားပြုမှုများ

## ၃- ၁ နိဒါန်း

၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ တရားရေးစနစ်သည် စစ်တပ်ထိန်းချုပ်မှုအောက်တွင်သာ အခိုင်အမာရှိနေခဲ့သည်။ လက်ရှိအစိုးရလက်ထက်တွင်ပင် တရားရေးစနစ်သည် တရားဝင်မဟုတ်သော်လည်း စစ်တပ်နှင့်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ပင် ရှိနေသေးသည်ဟု ဆိုနိုင်သည်။ ထို့အပြင် အဖွဲ့အစည်းစနစ်အရ အကျင့်ပျက်ခြစားမှုများနှင့် မထိရောက် မထက်မြက်မှုများရှိနေသည်။ [၁၀] ဆိုးရွားပြင်းထန်သည့် ဥပဒေများကို ဆက်လက်အသုံးပြုနေဆဲနှင့် အတင်းအကျပ်ထိန်းသိမ်းထားခြင်း၊ ထိန်းသိမ်းထားခံရသူများကို လျော်ကန်သည့်တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများဖြင့် တရားခုံရုံးတင် စစ်ဆေးခြင်းများမရှိခြင်း ဆက်လက်ရှိနေပြီး အစိုးရကတက်ကြွလှုပ်ရှားသူများကို နိုင်ငံရေးအမှုများအစားရာဇဝတ်မှုဖြင့် စွဲချက်တင်ပြစ်ဒဏ်ပေးခြင်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကိုကာကွယ်ရန်ကြိုးပမ်းကြသူများကို ပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်နေပါသည်။ယခုအခန်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ အတင်းအကျပ်ဖမ်းဆီး၊ ထောင်သွင်းအကျဉ်းချခံရသည့် အခြေအနေများနှင့် မြန်မာနိုင်ငံရှိအာဏာပိုင်များက တရားရေးစနစ်ကို အလွဲသုံးစားပြု၍ နိုင်ငံရေးအရ အတိုက်အခံပြုမှုများကို အသံတိတ်ဆိတ်သွားအောင်လုပ်ဆောင်ပုံနည်းလမ်းများကို မီးမောင်းထိုးဖော်ပြထားပါသည်။

## ၃- ၂ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်း

၂၀၀၄ ခုနှစ်မတိုင်မီ အဓိက အမှုများတွင် စစ်ထောက်လှမ်းရေးနှင့် (SB)ဟု သိကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးသတင်းတပ်ဖွဲ့တို့က နိုင်ငံရေးအကျဉ်းသားဟောင်းများကို ဖမ်းဆီးခဲ့ကြပါသည်။ ၂၀၀၄ ခုနှစ်တွင် စစ်ထောက်လှမ်းရေးတပ်ဖွဲ့ကို ဖျက်သိမ်းခဲ့ပြီး စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) ဖြင့် အစားထိုးခဲ့သည်။ ထိုအချိန်မှစ၍ သတင်းတပ်ဖွဲ့ (SB) ကနိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးမှုအများစုအတွက် တာဝန်ရှိလာခဲ့သည်။ များသောအားဖြင့် ဤအဖွဲ့အစည်းများက တရားရုံး၏ ဖမ်းဆီးမိန့်မပါဘဲ သံသယရှိကြသည့် နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း အများကဖော်ပြရာတွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အကြားတွင် အကြိမ်ကြိမ်ဖမ်းဆီးခံကြရသူများရှိခဲ့ကြသည်။ (ဇယား-၁ ကို ကြည့်ပါ။) ထိုအချက်က ၎င်းတို့၏လှုပ်ရှားမှုနှင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တန်းတူမှုနှင့် မြန်မာနိုင်ငံရှိ ပြည်သူများလွတ်မြောက်ရေးအတွက် သန္နိဋ္ဌာန်ပိုင်းဖြတ်ထားမှုကို ဖော်ပြနေပါသည်။

**ဇယား ၁။**

| အကြိမ်ကြိမ် ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အရေအတွက် | |
|---|---|
| ၁ ကြိမ် | ၁,၂၈၄ |
| ၂ ကြိမ် | ၂၂၅ |
| ၃ ကြိမ် | ၇၇ |
| ၄ ကြိမ် | ၂၅ |
| ၅ ကြိမ် | ၈ |
| ၆ ကြိမ် | ၁ |
| ၇ ကြိမ် | ၁ |

၁၀။ အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ "မြန်မာနိုင်ငံ၊ ၂၀၁၃ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာ" <http://1.usa.gov/1fv2Reb>

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ငါးပုံတစ်ပုံမှာ အနည်းဆုံး ၂ကြိမ်ဖမ်းဆီးခံခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဒေသဆိုင်ရာNLDရုံးခွဲတစ်ခု၏ ဒု-ဥက္ကဋ္ဌဖြစ်သူမှာ စစ်အစိုးရကို ဆန့်ကျင်မှုကြောင့်နှင့်နောက်ပိုင်းတွင် NLDတွင် ပါဝင်လှုပ်ရှားမှုကြောင့် ပစ်မှတ်ထားခံရကာ ၁၉၆၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အကြား ၇ ကြိမ် စစ်ထောက်လှမ်းရေးနှင့် အထူးသတင်း တပ်ဖွဲ့တို့က ဖမ်းဆီး၊ ထောင်ချခံခဲ့ရသည်။ စုစုပေါင်း ၇ ကြိမ်တွင် ၅-ကြိမ်တိုင်တိုင် ၎င်းကို တရားရုံးတင်အမှုစွဲဆိုခြင်းမရှိပဲ ၆-ရက်မှ ၃-လတိုင် အတင်းအကျပ်ဖမ်းဆီး ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ [၁၁] တက်ကြွလှုပ်ရှားသူများ၊ အထူးသဖြင့် NLD အဖွဲ့ဝင်များမှာ ပုံမှန်အားဖြင့် နှောင့်ယှက်ဖိနှိပ်ခံကြရသည်။ ၎င်းတို့၏ လှုပ်ရှားမှုများ ရပ်တန့်သွားစေရန် ဖိအားပေးခြင်းနှင့် အခြားသူများ ပါဝင်လာခြင်းမရှိစေရန် ဟန့်တားခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အဓိကကျသည့် မတည်ငြိမ်မှုများ၊ လှုပ်ရှားမှုများ ဖြစ်ပွားပြီးတိုင်း ထင်ရှားသည့်တက်ကြွလှုပ်ရှားသူများမှာ ပစ်မှတ်ထား ဖိနှိပ်ခံကြရသည်။ ပုံ-က တွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဖမ်းဆီးခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အရေအတွက်ကို မိမိတို့၏ သုတေသနပြုမှုအရ နှစ်အလိုက်ပြသထားပါသည်။ ဖမ်းဆီးခံရမှု အနိမ့်အမြင့်ရှိပြီး၊ ယင်းတို့မှာ မတည်ငြိမ်မှုကာလများနှင့် ယင်းနောက်ပိုင်း ချေမှုန်းမှုများအပေါ် မူတည်ပါသည်။

**ပုံ-က။ ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက် (၁၉၆၂-၂၀၁၃ ခုနှစ်)**




၁၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများကို စစ်တမ်းကောက်ယူမှု FPP/DC/00507 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

### ‘လွှတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်’

ပုံကားချပ်-က တွင်ဖော်ပြထားရာ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း နိုင်ငံရေးလှုပ်ရှားမှုများကြောင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်းနှင့်ယှဉ်လျှင် (အထင်ရှားဆုံးဖြစ်ရပ်မှာ စစ်အစိုးရက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ရုပ်အလောင်းကို နိုင်ငံတော်ဈာပနအဖြစ်ကျင်းပပေးရန် ငြင်းပယ်ပြီးနောက်ပိုင်း ဆန္ဒပြပွဲများ ဖြစ်ပါသည်။) ၁၉၈၈ ခုနှစ် ကျောင်းသားများဦးဆောင်သည့် ဒီမိုကရေစီအရေးတော်ပုံကာလနှင့် နောက်ပိုင်းတွင် ဆတိုးများပြားလာခဲ့သည်မှာ ထင်ရှားနေပါသည်။ ၈-လေးလုံးလူထုအရေးတော်ပုံကြီးဟု လူသိများသော ၁၉၈၈ ခုနှစ် ဆန္ဒပြပွဲများတွင် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီလှုပ်ရှားတောင်းဆိုမှု မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့ပါသည်။ နောက်ပိုင်းတွင် ဖမ်းဆီးမှုများမှာ ၁၉၈၈ မတိုင်မီ ပမာဏဆီသို့ ပြန်လည်လျော့နည်းမသွားတော့ပဲ ပို၍တိုးများလာသည်ကို ပြသနေသည်။ အမှန်ဆိုရလျှင် ဖမ်းဆီးခံရသူအရေအတွက်သည် နိုင်ငံရေးအရ တက်ကြွလှုပ်ရှားမှုများ၊ အရေးပါသည့် မြန်မာနိုင်ငံသမိုင်း ဖြစ်ရပ်များနှင့် တိုက်ဆိုင်နေပါသည်။ ၁၉၉၁ ခုနှစ်တွင် နေအိမ်အကျယ်ချုပ် ချထားခံရဆဲ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရရှိခဲ့ရာ သူ့ကိုထောက်ခံကြသူများက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် ကျောင်းသားများက ဆန္ဒပြပွဲများဖော်ဆောင်၍ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးနှင့် ရဲများ၏ ရက်စက်ကြမ်းကြုတ်မှုအပေါ် ကန့်ကွက်ခဲ့ကြသည်။ ၁၉၉၈ ခုနှစ်တွင် ကျောင်းသားဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ၉-လေးလုံး ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ‘ဒီပဲယင်းလုပ်ကြံမှုကြီး’ ဟု နာမည်ကျော်သော ဖြစ်ရပ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်း တိုက်ခိုက်ခံရပြီး NLD ပါတီဝင်များ သတ်ဖြတ်ခံခဲ့ရသည့်အပေါ် ဆန္ဒပြဆန့်ကျင်မှုများ ဖြစ်ပွားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် သံဃာများဦးဆောင်သည့် ရွှေဝါရောင်တော်လှန်ရေး ဖြစ်ပွားခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ရွေးကောက်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားသည်။ ၂၀၁၀ ခုနှစ်မှ စတင်၍ ဖမ်းဆီးမှုအရေအတွက် လျော့ကျသွားခဲ့သည်။ သို့သော် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပြဌာန်းပြီး နောက်ပိုင်း ၂၀၁၂ ခုနှစ်မှ စတင်၍ အရေအတွက်မှာ တိုးတက်လာပြန်သည်။

## ၃-၃ တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ရာတွင် အသုံးပြုသည့်ဥပဒေများ

အစိုးရကို ဆန့်ကျင်ကြသူ အတိုက်အခံများအား ဖမ်းဆီးထိန်းသိမ်းရာတွင် အဓိကအသုံးပြုသော ဥပဒေများမှာ ဖိနှိပ်ချုပ်ချယ်သည့် “လုံခြုံရေးဆိုင်ရာ” ဥပဒေများနှင့်၊ လွတ်လပ်စွာဖွင့်ဟပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့် တို့အပေါ် အထူးသဖြင့် ကန့်သတ်ချုပ်ချယ်သော ဥပဒေများ၊ ရာဇဝတ်ကြောင်း ဥပဒေပါ ကန့်သတ်ချုပ်ချယ်သည့် ဥပဒေများဖြစ်ကြသည်။ ဇယား-၂ တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ယေဘုယျစွဲချက်တင်လေ့ရှိသည့် ဥပဒေပုဒ်မများနှင့် ယင်းဥပဒေများအရ စွဲချက်တင်ပြစ်ဒဏ်ပေးခံရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အချိုးအစားရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်နိုင်အောင် သေချာစီမံကာ ဤဥပဒေများကို ပေါင်းစည်း၍ စွဲချက်တင်လေ့ရှိပါသည်။

**ဇယား-၂**

| နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် စွဲဆိုလေ့ရှိသော ဥပဒေများ | |
|---|---|
| အရေးပေါ်စီမံချက် အက်ဥပဒေ | ၄၄% |
| မတရားအသင်းဥပဒေ | ၂၉% |
| ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) | ၁၀% |
| ရာဇသတ်ကြီး ပုဒ်မ ၁၄၃ | ၅% |
| အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ | ၄% |
| ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ | ၄% |
| မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်စီမံချက်) အက်ဥပဒေ | ၃% |
| ရာဇသတ်ကြီး ပုဒ်မ ၁၂၂ | ၃% |
| ရာဇသတ်ကြီး ပုဒ်မ ၄၄၇ | ၁% |
| ရာဇသတ်ကြီး ပုဒ်မ ၃၅၃ | ၁% |
| နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏အန္တရာယ်မှ ကာကွယ်တားဆီးရေး ဥပဒေ | ၁% |
| ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ | ၁% |

### အရေးပေါ်စီမံချက် အက်ဥပဒေ (၁၉၅၀ ခုနှစ်)

နိုင်ငံရေးအကျဉ်းသားဟောင်းများကိုအများအားဖြင့် အရေးပေါ်စီမံချက် အက်ဥပဒေကိုသုံး၍ စွဲချက်တင်လေ့ရှိသည်။ မကြာခဏဆိုသကဲ့သို့ သတင်းထောက်များနှင့် စာရေးဆရာများကို ထောင်ဒဏ်ချမှတ်ရန်လည်း ဤဥပဒေကို အသုံးပြုသည်။ ဤဥပဒေ၏ ပုဒ်မ ၅ (င) အရ၊ “မမှန်ဟုသိလျက်နှင့် (သို့) မမှန်ဟု ယုံကြည်လောက်အောင် အကြောင်း ရှိလျက်နှင့် မမှန်သတင်းလွှင့်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် (သို့)ယင်းသို့ဖြစ်ရန် အကြောင်းရှိသော အမှုကိုပြုလျှင်” [၁၂] ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်နိုင်သည်ဟုဖော်ပြထားပါသည်။ ထို့အပြင် အစိုးရဝန်ထမ်းများ၊ သို့မဟုတ် တပ်မတော်ဝန်ထမ်းများနှင့် အစိုးရအပေါ် အကြည်ညိုပျက်စေသည့် လုပ်ရပ်များကိုလည်း ရှုံ့ချထားသည်။ ဤဥပဒေ၏ ပုဒ်မ ၅ (ည) တွင် “ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကို သော်လည်းကောင်း၊ ထိခိုက်စေရန် အကြောင်းရှိသောနည်းလမ်းဖြင့် အများပြည်သူ၏ (သို့) ပြည်သူတစ်စု၏ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လဲဖောက်ပြန်ဖြစ်စေရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် (သို့) ယင်းသို့ဖြစ်စေရန် အကြောင်း ရှိသော အမှုကိုပြုလျှင်” လုပ်ဆောင်သူများကို ထောင်ဒဏ် ၇-နှစ်တိုင် အပြစ်ပေးနိုင်သည်ဟု ဖော်ပြထားပါသည်။

### မတရားအသင်းဥပဒေ (၁၉၀၈ ခုနှစ်)

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သော မတရားအသင်းဥပဒေ ပုဒ်မ ၁၇/၁ ကို ဆက်လက်ကျင့်သုံး၍ နိုင်ငံရေးအရ အတိုက်အခံပြုမှုများကိုဖိနှိပ်နေသည်။ ပုဒ်မ ၁၇/၁ အရ သမ္မတက မတရားအသင်းဟု ကြေညာထားသည့် အသင်းများနှင့် ဆက်သွယ်သူများကို ထောင်ဒဏ် ၂-နှစ်မှ ၃-နှစ်အထိ၊ ငွေဒဏ်နှင့်အတူချမှတ်နိုင်သည်။ [၁၃]

### အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (၁၉၈၈ ခုနှစ်)

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ၁၉၈၈ ခုနှစ်ကျောင်းသားများ အရေးတော်ပုံပြီးနောက်ပိုင်းတွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းကို အသုံးပြု၍ မြန်မာနိုင်ငံတွင် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို ချုပ်ချယ်ထားခဲ့သည်။ ဤဥပဒေက အရပ်ဖက်လူထု အဖွဲ့အစည်းများအပေါ် အစိုးရနှင့် နီးစပ်မှုမရှိပါက မှတ်ပုံမတင်နိုင်ရန် ထိရောက်စွာ တားမြစ်ထားသည်။ မှတ်ပုံမတင်ထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGO) အဖွဲ့ဝင်ဖြစ်ပါက ထောင်ဒဏ် ၃-နှစ်အထိ ချမှတ်ခံရနိုင်သည်။ [၁၄] ဤဥပဒေကို ဖျက်သိမ်း၍ ပို၍တိုးတက်မှုရှိသော ‘အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ’ ဖြင့် ၂၀၁၄ ခုနှစ်တွင် အစားထိုးခဲ့သည်။ ဥပဒေအသစ်အရ အစိုးရမဟုတ်သည့် အဲန်ဂျီအိုအဖွဲ့အစည်းများ မဖြစ်မနေ မှတ်ပုံတင်ရန် မလိုအပ်တော့ဘဲ မိမိဆန္ဒအလျောက် မှတ်ပုံတင်စေသည့်လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းပေးခဲ့သည့်အတွက် ကန့်သတ် ချုပ်ချယ်မှုများ သို့မဟုတ် ရာဇဝတ်ကြောင်းအရ အပြစ်ပေးနိုင်မှုများ မပါဝင်တော့ပါ။ သို့သော်လည်း နည်းဥပဒေတွင် ပြစ်မှုနှင့် ပြစ်ဒဏ်များ ဆက်လက်ပါဝင်နေသေးသည်ဖြစ်ရာ ပြင်ဆင်လိုအပ်နေပေသေးသည်။

### ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ (၁၉၆၂ ခုနှစ်)

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ စာစောင်စာတမ်းများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေဖြန့်ချိခြင်းပြုပါက ထောင်ဒဏ် ၇-နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်။ ယင်းကို ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေဖြင့် အစားထိုးခဲ့ပြီး ယခင်ဥပဒေဟောင်းနှင့်စာလျှင် ပြစ်ဒဏ်သက်သာလျော့ပေါ့ထားသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများက ဤဥပဒေနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများ ဖော်ပြထားကြပြီး သတင်းမီဒီယာကို ထိန်းချုပ်ရန် နောက်ထပ်ယန္တယားစနစ်များ ဖန်တီးလာဖွယ်ရှိသည်ဟု ဖော်ပြပြောဆိုကြသည်။ [၁၅]

---

၁၂။ အရေးပေါ်စီမံမှု ဥပဒေ (၁၉၅၀ ခုနှစ်) <http://bit.ly/1SajMRu>

၁၃။ မတရားအသင်းဥပဒေ (India Act XIV) (၁၉၀၈ ခုနှစ်) <http://bit.ly/1KQnKQy>

၁၄။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (၁၉၈၈ ခုနှစ်) http://www.burmalibrary.org/docs17/1988-09-30-06-bu.pdf

၁၅။ Article 19, “Myanmar: Printing and Publishing Law” (November 2014) <http://bit.ly/1LXMGFS>

## မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (အရေးပေါ်စီမံချက်) အက်ဥပဒေ (၁၉၄၇ ခုနှစ်)

လဝကဥပဒေဟု လူသိများသော မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်စီမံချက်) အက်ဥပဒေကိုသုံး၍ အထူးသဖြင့် ၂၀၁၁ ခုနှစ်မတိုင်မီတွင် တက်ကြွလှုပ်ရှားသူများအပေါ် ပြစ်ဒဏ်ချမှတ်လေ့ရှိသည်။ ယင်းမှာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ လူထုအခြေပြုအဖွဲ့အစည်းများ("CBOs") နှင့်ဆက်သွယ်ရန် ကြိုးပမ်းမှု၊ ပြင်ပကမ္ဘာသို့ သတင်းများပေးပို့ဖြန့်ဝေနိုင်ရန် လုပ်ဆောင်မှုများအပေါ် အရေးယူခြင်းဖြစ်သည်။ (မြန်မာနိုင်ငံတွင် ၂၀၀၀ ခုနှစ်မှသာအင်တာနက် ရရှိနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မတိုင်မီတွင်တင်းကျပ်စွာ ဆင်ဆာစိစစ်မှုပြုခဲ့သည်။) နိုင်ငံရေးအကျဉ်းသားအများစုမှာ မြန်မာနိုင်ငံ ဒီမိုကရေစီအရေးအတွက် ထိုင်းနိုင်ငံသို့နယ်စပ်ဖြတ်ကျော်၍ အရပ်ဖက်လူထုအဖွဲ့အစည်းများက ပို့ချကြသည့် လူ့အခွင့်အရေးနှင့် နိုင်ငံရေးအံတုမှု သင်တန်းများတက်ရောက်လေ့ရှိကြသည်။ ၎င်းတို့က နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ကြသည့်အတွက်ကြောင့် အာဏာပိုင်များက သူတို့လှုပ်ရှားမှုများကို သတိထားမိခြင်း နည်းပါးပါသည်။

## နိုင်ငံတော်ကို နှောက်ယှက်ဖျက်ဆီးလိုသူများ၏အန္တရယ်မှ ကာကွယ်တားဆီးရေး ဥပဒေ (၁၉၇၅ ခုနှစ်)

နိုင်ငံတော်ကာကွယ်ရေးဥပဒေဟု သိကြသည့် နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်တားဆီးရေးဥပဒေမှ "နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်"[၁၆]ဟု ဖွင့်ဆိုချက်အရ အစိုးရကို နိုင်ငံတစ်ခုလုံးအတွက် ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအတွက်ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာခွင့် ပေးအပ်ထားသည်။ ပုဒ်မ-၄ အရ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ကန့်သတ်ရန် ခွင့်ပြုထားသည်။ ပုဒ်မ-၁၀ တွင်၊ ၅-နှစ်တိုင် တရားစွဲဆို ခုံရုံးတင်ခြင်းမရှိဘဲ ထိန်းသိမ်းနိုင်ရန် ခွင့်ပြုထားသည်။ နိုင်ငံရေးအကျဉ်းသားများကို ၎င်းတို့ကျခံရသော ပြစ်ဒဏ်သက်တမ်း ကုန်ဆုံးသည့်တိုင် ပုဒ်မ ၁၀ ကိုအသုံးပြု၍ ဆက်လက်၍ထိန်းသိမ်းထားတတ်သည်။

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်)

၎င်းတို့၏ အခွင့်အရေးများအတွက် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ('ငြိမ်း၊ စု၊ စီ ဥပဒေ') ၏ ပုဒ်မ (၁၈) ကို မကြာခဏ အသုံးပြု၍ ဖမ်းဆီး၊ ထောင်ချကာ မြန်မာနိုင်ငံတွင် နိုင်ငံရေးလွတ်လပ်ခွင့်ကို ကြီးလေးစွာကန့်သတ်ချုပ်ချယ်ထားသည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို အကျယ်အပြန့်သုံး၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ၎င်းတို့ကိုစွဲဆိုထားသည့်ပုဒ်မနှင့် မမျှတသောပြစ်ဒဏ်များချမှတ်လေ့ရှိသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ယင်းဥပဒေကို ပြဋ္ဌာန်းခဲ့ချိန်မှစတင်၍ လူပေါင်း ရာကျော်ကို အပြစ်ဒဏ်ပေးထောင်ချခဲ့ပြီးဖြစ်သည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့သည့် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် ဖမ်းဆီးအကျဉ်းချခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်း ၄၇ ဦးအနက် သုံးပုံတစ်ပုံကျော်မှာ ဤငြိမ်းစုစီဥပဒေဖြင့် စွဲချက်တင်ခံခဲ့ရသူများ ဖြစ်ကြပါသည်။

တက်ကြွလှုပ်ရှားသူများက ၂၀၁၄ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် နိုင်ငံတဝှမ်းစည်းရုံးဆောင်ရွက်ကြသောကြောင့် နောက်ပိုင်းတွင် ငြိမ်းစုစီဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့သော်လည်း ယင်းဥပဒေမှာ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ ချိုးဖောက်နေဆဲဥပဒေအဖြစ်ဆက်လက်ရှိပါသည်။ ပြင်ဆင်ဖြည့်စွက်ထားသည့် ငြိမ်းစုစီဥပဒေအရ အာဏာပိုင်များထံမှ ဆန္ဒဖော်ထုတ်မှု တစ်ခုခုပြုမည်ဆိုလျှင် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်ဆဲဖြစ်ပါသည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က နိုင်ငံတော်အနေဖြင့် ကြိုတင်ခွင့်ပြုချက်ရယူရမည်ဟု သတ်မှတ်ချုပ်ချယ်ခြင်း မဖြစ်သင့်ကြောင်း၊ ကြိုတင်အသိပေးမှုသာ အများဆုံး လိုအပ်သင့်ကြောင်းဖော်ပြအကြံပြုခဲ့ပါသည်။[၁၇] လူစုဝေးခွင့်တောင်းခံမှုများအပေါ် အာဏာပိုင်များက ဆက်လက်၍လုံးဝငြင်းပယ်ရန် မဖြစ်နိုင်တော့သော်လည်း ယင်းဥပဒေ ပုဒ်မ-၅ တွင် "နည်းဥပဒေများအရ ခွင့်ပြုမိန့်လျှောက်ထားလာမှုအပေါ်"[၁၈] ခွင့်ပြုမိန့်ထုတ်ပေးရန် ပြဋ္ဌာန်းထားသည်။ သို့အတွက်ကြောင့်လူစုဝေးရန် ခွင့်ပြုမိန့်ထုတ်ပေးမည့်ကိစ္စအပေါ် ကျယ်ပြန့်စွာ ဖွင့်ဆိုနိုင်ခွင့်ရှိနေသည့်အပြင် ခွင့်ပြုမိန့်မရဘဲ ငြိမ်းချမ်းစွာစု

---

၁၆။ Ibid

၁၇။ ကုလသမဂ္ဂ၊ အထွေထွေညီလာခံ "Report of the Special Rapporteur on the rights to freedom of peaceful assembly and of association, Maina Kiai" (2012 ckESpf? arv) <http://bit.ly/1fd7O6A>

၁၈။ ARTICLE 19, "Myanmar: Amended Right to Peaceful Assembly and Peaceful Procession Law," (August 2014) <http://bit.ly//1HP3IW2>

ဝေးပါက၊ လူစုလူဝေးဖြင့်စီတန်းလှည့်လည်ပါက အမြင့်ဆုံးပြစ်ဒဏ်ကို ထောင်ဒဏ် တစ်နှစ်အစား ၆-လ သို့ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းကဲ့သို့ အနည်းငယ်သာပြင်ဆင်ဖြည့်စွက်မှုပြုလုပ်ကာ နာမည်ဆိုးဖြင့်ကျော်ကြား နေသည့် ပုဒ်မ ၁၈ ကိုဆက်လက်အသုံးပြုနေခဲ့သည်။ [၁၉] ထို့ကြောင့် ဤသို့ ပြင်ဆင်ဖြည့်စွက်သည့်တိုင် မြန်မာအစိုးရက ဆက်လက်၍ ငြိမ်းစုစီဥပဒေကို အသုံးပြုကာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ထောင်ချနေသည်။

## ရာဇသတ်ကြီး ဥပဒေ

ရာဇသတ်ကြီးဥပဒေ၏ အချို့သောပြဋ္ဌာန်းချက်များကိုသုံး၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ထိန်းသိမ်းတတ်ပါသည်။ ဥပမာအားဖြင့် ပုဒ်မ ၅၀၅ (ခ) အရ "မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကို ဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သော သူကကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်" ထိုသူကို ရာဇဝတ်မှုဖြင့်အရေးယူနိုင်သည်ဟုပြဋ္ဌာန်းထားသည်။ [၂၀] ဥပမာအားဖြင့် "နိုင်ငံတော်အစိုးရကို ဖြစ်စေ"နှင့် "နိုင်ငံတော်ငြိမ်ဝပ်ရေးကို ဖြစ်စေ"ဟုဖော်ပြထားသည့် အလွန်တရာမရှင်းလင်း ဝိဝါဒကွဲစရာ ဤဥပဒေ၏ ပုဒ်မသည် ဥပဒေကို အာဏာပိုင်များက အလွဲသုံးနိုင်သည့် အခြေအနေကို လမ်းကြောင်းပေးနေပါသည်။ ဤပုဒ်မကို မကြာခဏသုံး၍ အာမခံမပေးလိုကြသော တက်ကြွလှုပ်ရှားသူများကို အာဏာပိုင်များမှထိန်းသိမ်းထားလေ့ရှိကြပါသည်။ ထို့အပြင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀တွင် ပြဋ္ဌာန်းထားချက်အရ အသရေဖျက်မှုဖြင့် ရာဇဝတ်ကြောင်းအရ အပြစ်ပေးနိုင်သည်ဟု ဖော်ပြထားသည်။ ယင်းအချက်မှာ နိုင်ငံတကာ စံနှုန်းများနှင့် လွတ်လပ်စွာဖွင့်ဟပြောဆိုခွင့် အခွင့်အရေးတို့နှင့် ဖီလာဆန့်ကျင်ဖြစ်နေပါသည်။ ထို့အပြင်ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၏ အထွေထွေမှတ်ချက် ၃၄ တွင် အသရေဖျက်မှုကို ရာဇဝတ်ကြောင်းအရအပြစ်မပေးရန်တောင်းဆိုထားသည်။ [၂၁] လွတ်လပ်စွာတွေးတော ကြံဆခွင့်နှင့် ဖွင့်ဟပြောဆိုခွင့် မြှင့်တင်ပေးရေးနှင့် ကာကွယ်ပေးရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကလည်း[၂၂] အလားတူပင် အကြံပြုထားပါသည်။ ပြန်ပေးဆွဲခြင်း (ပုဒ်မ ၃၅၉-၃၆၈)၊ သူတစ်ပါးအကျိုးစီးပွား ဖျက်ဆီးမှု (ပုဒ်မ ၄၂၇) နှင့် ကျော်နင်းခြင်း (ပုဒ်မ ၄၄၇) တို့ကဲ့သို့ ရာဇသတ်ကြီးဥပဒေမှ အခြားရာဇဝတ်ကြောင်းဆိုင်ရာ စွဲဆိုမှုများကိုသုံး၍လည်း နိုင်ငံရေးအကျဉ်းသားများကို ထောင်ဒဏ်ချမှတ်လေ့ရှိပါသည်။

## ၃-၄ တရားမျှတမှုမရှိသော ခုံရုံးများ

တရားမျှတသည့် ခုံရုံးများရရှိပိုင်ခွင့်ကို နိုင်ငံတကာဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) အပိုဒ် ၁၀ နှင့်အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (ICCPR)အပိုဒ် ၁၄ နှင့် ၁၅ တို့တွင် အာမခံထားပါသည်။ (ICCPR)၏ အပိုဒ် ၁၄ တွင် "လူတိုင်းသည် တရားမျှတသည့်၊ လူအများ တက်ရောက်ကြားနာနိုင်သည့် ခုံရုံးတစ်ခုကို ပြဋ္ဌာန်းပေးထားသည့် အရည်အချင်းပြည့်ဝသော၊ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသည့် ဥပဒေကြောင်းအရတည်ထောင်ထားသော တရားခွင်တစ်ခု ရရှိခံစားနိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။[၂၃] သို့သော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအတွက် တရားခွင်မှာ ပုံမှန်အားဖြင့် မျှတသည့်ခုံရုံးများဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ ပျက်ကွက်နေပါသည်။ အထူးသဖြင့် စစ်ခုံရုံးနှင့် အကျဉ်းထောင်များအတွင်းခုံရုံးများ (ဇယား-၃ ကို ကြည့်ပါ) စီရင်ခံကြရသူများဖြစ်ပြီး ယင်းတို့မှာ တံခါးပိတ်စီရင်မှုများ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအားလုံး၏ ၉၇% နီးပါးသည် တရားမျှတသည့် ခုံရုံးတစ်ခု ခံစားခွင့်မရှိခဲ့ဟု ဆိုကြပါသည်။ စစ်တမ်းဖြေကြားသူများက မျှတသည့်ခုံရုံးဆိုင်ရာ ချိုးဖောက်မှုများကို ကိုးကား၍ဖော်ပြကြရာ ၄င်းတို့မှာ သီးခြားလွတ်လပ်သည့် တရားစီရင်ရေးမဟုတ်ခြင်း၊ ရှေ့နေဖြင့် ခုခံချေပခွင့်ငြင်းပယ်ခံရခြင်း၊ အကြံဉာဏ်ရယူနိုင်ရန် ဆက်သွယ်ခွင့် မရှိခြင်းနှင့်၊ မျက်မြင်သက်သေများကိုခေါ်ဆိုခွင့် အခွင့်အရေး မရှိခြင်းတို့ ဖြစ်ကြပါသည်။

၁၉။ Ibid

၂၀။ မြန်မာနိုင်ငံ၊ ရာဇသတ်ကြီးဥပဒေ (၁၈၆၀ ခုနှစ်) <http://bit.ly/THzmO2>

၂၁။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် နံပါတ်-၃၄ (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ) <http://bit.ly/1iEDw3C>

၂၂။ ကုလသမဂ္ဂ၊ အထွေထွေညီလာခံ "Report of the Special Rapporteur on the promotion and protection of the right to freedom of opinion and expression, Frank La Rue" (June 2012) <http://bit.ly/1eI4MO5>

၂၃။ ICCPR, Article 14 (1966) <http://bit.ly/1eeGc40>



From -4B

**ဇယား ၃**

| နိုင်ငံရေးအကျဉ်းသားများ၏ အမှုများကိုချမှတ်သော တရားခုံရုံးများ (၁၉၆၂-၂၀၁၃ ခုနှစ်) | |
|---|---|
| အရပ်ဖက်ခုံရုံး | ၄၅% |
| စစ်ခုံရုံး | ၂၈% |
| အကျဉ်းထောင်တွင်း ခုံရုံး [၂၄] | ၂၇% |

မြန်မာနိုင်ငံရှိ စစ်ခုံရုံးများနှင့် အကျဉ်းထောင်တွင်း ခုံရုံးများတွင် စီရင်သည့်အမှုများသည် ကျော်မကောင်း ကြားမကောင်း လောက်အောင် တရားမျှတမှုကင်းမဲ့ကြပါသည်။ အမှုရင်ဆိုင်ရသူများအနေဖြင့် ၎င်းတို့အတွက် ဥပဒေကြောင်းအရ အကြံဉာဏ်ရယူပိုင်ခွင့်ကို ငြင်းပယ်ခံကြရပြီး၊ ခုံရုံးများကို အများပြည်သူတက်ရောက်ခွင့်မရှိဘဲ များသောအားဖြင့် လျှို့ဝှက်စစ်ဆေးမှုဖြင့်တံခါးပိတ်စီရင်ကြပါသည်။ သမ္မတဦးသိန်းစိန်၏ အုပ်ချုပ်ရေးမတိုင်မီတွင် ယေဘုယျအားဖြင့် နိုင်ငံရေးအကျဉ်းသားများကို စစ်ခုံရုံး၊ အကျဉ်းထောင်များအတွင်းရှိ ခုံရုံးများဖြင့် စစ်ဆေးစီရင်ကြပါသည်။ ဤခုံရုံးများတွင် ချမှတ်သည့် အမိန့်များမှာ များသောအားဖြင့် ကြိုတင်ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များဖြစ်ပြီး ခုံရုံးမှာ ဟန်ဆောင်သဘောမျှသာဖြစ်သည်။ အမှုအများစုတွင် ဤခုံရုံးများသည် ၅-မိနစ်မှ ၁၅-မိနစ်မျှသာ ကြာမြင့်တတ်သည်။ ပုံမှန်အားဖြင့် တရားသူကြီးက စာရွက်ပေါ်မှပြစ်ဒဏ်ကို ဖတ်ပြရုံမျှသာဖြစ်သည်။[၂၅] အကယ်၍ နိုင်ငံရေးအကျဉ်းသားများကို တရားခွင်အတွင်း ဥပဒေကြောင်းအရ ရှေ့နေခွင့်ပြုပါကလည်း အစိုးရကခန့်အပ်ပေးသည့် ရှေ့နေကိုသာရရှိနိုင်သည်။ ထို့အတွက်ကြောင့် ကြိုတင်ဆုံးဖြတ်ချက် ချထားသည့်အပေါ် မည်သို့မျှသက်ရောက်မှုရှိနိုင်မည် မဟုတ်သောကြောင့် နိုင်ငံရေးအကျဉ်းသားများက ရှေ့နေရယူရန် ငြင်းပယ်ခဲ့ကြသည်။ [၂၆] နောက်ထပ်ဖြစ်နိုင်ခြေမှာနိုင်ငံရေးအကျဉ်းသားဟောင်းအများစုမှာ ပထမအကြိမ် ဖမ်းဆီးခံရစဉ်က ငယ်ရွယ်ကြသူများဖြစ်ကြပြီး ဥပဒေကြောင်းအရ ရှေ့နေရယူနိုင်ခွင့်အပေါ်မသိရှိကြသောကြောင့် ငြင်းပယ်ခြင်းလည်းဖြစ်နိုင်သည်။

**ဇယား ၄**

| အမှုများကို ချမှတ်သော တရားခုံရုံးများ (၂၀၁၁-၂၀၁၃ ခုနှစ်) | |
|---|---|
| အရပ်ဖက် ခုံရုံး | ၈၀% |
| စစ်ခုံရုံး | ၈% |
| အကျဉ်းထောင်တွင်း ခုံရုံး | ၁၂% |

၂၄။ အကျဉ်းထောင်အတွင်း ခုံရုံးဆိုသည်မှာ ထောင်အတွင်းဆောင်ရွက်သည့် အကျဉ်းရုံးတရားရုံးများဖြစ်သည်။

၂၅။ AAPP, "The Darkness We See: Torture in Burma's Interrogation Centers and Prisons" (December 2005) <http://bit.ly/1CqJ4cH>

၂၆။ Ibid

၂၀၁၁ ခုနှစ်နောက်ပိုင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ အပေါ် စီရင်ခဲ့သည့် တရားခွင်များကိုချည်း အလေးထားလေ့လာခဲ့ရာ အမှုအများစုတွင် စစ်ခုံရုံး၊ အကျဉ်းထောင်အတွင်းရှိ ခုံရုံးများတွင် မဟုတ်ဘဲ အရပ်ဖက်တရားရုံးများတွင် စစ်ဆေးစီရင်ကြသော်လည်း၊ အခြေအနေတိုးတက်လာမှုမရှိသည်ကိုတွေ့ရပါသည်။ (ဇယား-၄ ကို ကြည့်ပါ) သို့သော် ဤကာလအတွင်း တရားရင်ဆိုင်ခဲ့ရသည့် နိုင်ငံရေး အကျဉ်းသား ၅၀ အနက်မှ[၂၇] တစ်ဦးသာလျှင် တရားခွင်သည် တရားမျှတမှုရှိသည်ဟု ထင်မြင်ကြောင်း ဖော်ပြထားပါသည်။ လက်ရှိအစိုးရအောက်တွင် နိုင်ငံရေးအကျဉ်သားများကို အရပ်ဖက်တရားရုံး၌ကြားနာလျှင် ဥပဒေကြောင်းအရ ရှေ့နေရယူခွင့်ရှိပါသည်။ သို့သော် ထိန်းသိမ်းခံထားရသူများကို အစဉ်သဖြင့် ၄င်းတို့စိတ်ကြိုက် ရှေ့နေကိုယ်စားပြုခွင့်မပေးပါ။ များသောအားဖြင့် ရှေ့နေများကို အကျဉ်းထောင်များသို့ သွားရောက်၍ ၄င်းတို့၏ အမှုသည်နှင့် တွေ့ဆုံဆွေးနွေးခွင့်ကို ငြင်းပယ်တတ်ပါသည်။ ဤသို့သောဖြစ်ရပ်များတွင် ပထမအကြိမ်အဖြစ် တရားခွင်ကြားနာစဉ်တွင် နိုင်ငံရေးအကျဉ်းသားများနှင့် ရှေ့နေတို့အား တွေ့ဆုံခွင့်ပြုပါသည်။ အကျဉ်းထောင် ဥပဒေ(၁၉၈၄ ခုနှစ်) ပုဒ်မ ၄၀ အရ တရားခွင်ကြားနာမှု မတိုင်မီတွင် အမှုသည်နှင့် ရှေ့နေကိုတွေ့ဆုံခွင့် ခွင့်ပြုထားသော်လည်း ဤသို့ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်ပါသည်။ ယင်းပုဒ်မတွင် ဖော်ပြထားရာ၌ "တရားခွင်တွင် အမှု ရင်ဆိုင်နေရသည့် အကျဉ်းသားများသည် ဥပဒေရေးရာ အကြံရယူပိုင်ခွင့်အပြည့်အဝခံစားပိုင်ခွင့်ရှိပြီး အခြားမည်သူမျှမရှိဘဲ တွေ့ဆုံနိုင်ရမည်"ဟု ဆိုပါသည်။[၂၈] ရှေ့နေများကို အမှုသည်နှင့် အကျဉ်းထောင်အတွင်းတွေ့ဆုံရန် ခွင့်ပြုသည်မှာ ရှားပါးလှပါသည်။ ထို့အပြင် တစ်ဦးချင်းလွတ်လပ်စွာတွေ့ဆုံခွင့်ကိုလည်း တားဆီးခံရတတ်ပါသည်။ ထောင်ဝန်ထမ်းများက အချိန်ပြည့်စောင့်ကြည့်နေကြပြီးတွေ့ဆုံမှုကို အသံသွင်းမှတ်တမ်းတင်ခြင်း ပြုကြပါသည်။ နိုင်ငံရေးအကျဉ်းသားများ ရရှိရမည့် ဥပဒေရေးရာအကြံရယူနိုင်မှုအပေါ် တင်းကျပ်ချုပ်ချယ်မှုများကြောင့် ၄င်းတို့အမှုအတွက် အမှန်တကယ်ခုခံချေပရန် အခွင့်အလမ်းကို ငြင်းပယ်ခံကြရပါသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ ၁,၆၂၁ ဦး အနက်မှ ၁,၅၁၃ ဦးမှာ တရားဝင်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး၊ ထောင်ဒဏ်လအနည်းငယ်မှ ၆၅ နှစ်တိုင် အမျိုးမျိုးချမှတ်ခံခဲ့ကြရပါသည်။ (အယူခံမှုများနှင့် နောက်ထပ်ပြစ်ဒဏ်ချမှတ်မှုများအား ထည့်သွင်းတွက်ချက်ထားပါသည်။) ပျမ်းမျှတွက်ချက်မည်ဆိုလျှင် ပြစ်ဒဏ်ချမှတ်မှုမှာ လူတစ်ဦးလျှင် ၈-နှစ် ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၆ ဦးကို ထောင်ဒဏ် ၆၅-နှစ်တိုင်ချမှတ်ခဲ့သည်။ ဥပဒေစွဲချက် အမျိုးမျိုးကို ပေါင်းစပ်သုံး၍ အာဏာပိုင်များက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို အလွန်အကျူး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၉၃ ဦးကို တစ်သက်တစ်ကျွန်းထောင်ဒဏ်များ ချမှတ်ခဲ့သည်။ ယေဘုယျအားဖြင့် နှစ်-၂၀ ထောင်ဒဏ် ဖြစ်သည်။ သို့သော် တရားသူကြီးအပေါ် မူတည်၍ ယင်းသည် ထောင်ဒဏ် ၂၅ နှစ်မှ နှစ် ၃၀ တိုင် ဖြစ်နိုင်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၅၃ ဦးကိုအလုပ်ကြမ်းနှင့် ထောင်ဒဏ်များချမှတ်ခဲ့သည်။ နိုင်ငံရေး အကျဉ်းသားဟောင်း ၁၄ ဦးကို သေဒဏ်ချမှတ်ခဲ့သည်။ စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအနက်မှ များမကြာမီက သေဒဏ်ချမှတ်ခံခဲ့ရသူမှာ ၂၀၀၆ ခုနှစ်တွင်ဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားတစ်ဦးကို ပဲခူးမြို့ ဈေးအပြင် အမှိုက်ပုံတွင် ဗုံးထောင်ရန်ကြံစည်သည်ဟု စွပ်စွဲ၍ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၄င်းက ဗုံးထောင်သည့်ကိစ္စအား လုံးဝမသိရှိသော်လည်း ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီး ဇနီးနှင့် သမီးအပေါ် ခြိမ်းခြောက်မှုများကြောင့် နောက်ဆုံး မဟုတ်သော်လည်း ဝန်ခံခဲ့ရသည်ဟု ဖော်ပြပါသည်။ [၂၉]သမ္မတဦးသိန်းစိန်က ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် သေဒဏ်ကျခံရသူများကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့သော်လည်း သေဒဏ်ပေးနိုင်သည့် ဥပဒေကြောင်းအခြေခံမှုဘောင်မှာ ဆက်လက်ရှိနေဆဲဖြစ်ပြီး ယင်းအချိန်မှစ၍ အနည်းဆုံး လူတစ်ဦးကိုသေဒဏ်ချမှတ်ခဲ့သည်။ [၃၀]

---

၂၇။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၅၂ ဦး ဖမ်းဆီးခံခဲ့ရပြီး၊ ၂-ဦးမှာ တရားစွဲဆိုခံရခြင်းမရှိဘဲ ထိန်းသိမ်းခံရပြီး ပြန်လွှတ်ပေးခဲ့သည်။

၂၈။ အကျဉ်းထောင် အက်ဥပဒေ၊ ပုဒ်မ ၄၀ (၁၉၈၄ ခုနှစ်) <http://bit.ly/1gpA8u2>

၂၉။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု FPP/DC/00033 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

၃၀။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ "Amnesty International Report 2014/15" (2015) <http://bit.ly/1GZojRH>





From -5A

## ၃-၅ တရားလက်လွတ် ထိန်းသိမ်းထားခြင်း

တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်းကို ဥပဒေကြောင်းအရ အတိအကျ တားမြစ်ထားခြင်းမရှိသော်လည်း လူတစ်ဦးကို ၂၄-နာရီ ထက် ကျော်လွန်ထိန်းသိမ်းမည်ဆိုပါက တရားရုံးခွင့်ပြုမိန့် လိုအပ်ပါ သည်။ တရားရုံး၏ ခွင့်ပြုမိန့်ဖြင့်သာ ရဲတပ်ဖွဲ့က လူတစ်ဦးကို တရားစွဲ ဆိုခြင်းမရှိဘဲ ရက်သတ္တ ၂-ပတ်တိုင် ထိန်းသိမ်းထားနိုင်ပြီး ထိန်းသိမ်း ထားသူများကို တရားသူကြီး ရှေ့မှောက်သို့မဟုတ် ထိုသူတို့ကို မည် သည့်ပြစ်မှုဖြင့် စွဲဆိုကြောင်း အသိပေးရန်မလိုအပ်ဘဲ နောက်ထပ်ရက် သတ္တ ၂- ပတ် ထပ်မံတိုး၍ ထိန်းသိမ်းနိုင်သည်။ [၃၀]

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအကျဉ်းသား ဟောင်း ၁၀၈ ဦးမှာ တရားဝင်အမှုစွဲဆိုခြင်းမရှိဘဲ အနည်းဆုံး ၂၄-နာရီကြာထိန်းသိမ်းခံခဲ့ရပါသည်။ ထိုနိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၀၈ ဦး၏ ဆယ်ပုံတစ်ပုံခန့်မှာ တရားရုံးတင်အမှုစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ် ခြင်းမရှိပဲ တစ်နှစ်ကျော်ကြာ ထိန်းသိမ်းခံခဲ့ကြရသည်။ ထိုအချက်က မြန်မာနိုင်ငံတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပေါ် အလွန်အကျူး နှင့်တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းထားတတ်သည့် သဘောသဘာဝ ရှိနေကြောင်း သက်သေပြသနေပါသည်။ တက်ကြွလှုပ်ရှားသူတစ်ဦးမှာ တရားရုံးတင်အမှုစွဲဆိုခြင်းမရှိပဲ စုစုပေါင်း ၃-နှစ်တိုင် ဤသို့ တရား လက်လွတ်ထိန်းသိမ်းခံခဲ့ရပါသည်။

အကျဉ်းချခံရသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် လည်း တရားစွဲဆိုခြင်းမပြုမီ ကာလကြာရှည် ထိန်းသိမ်း ထားခြင်းမျိုး ကြုံတွေ့ကြရပါသည်။ လက်ရှိအစိုးရအောက်တွင်ပင် တရားစွဲဆိုခြင်း မပြုမီ ထိန်းသိမ်းထားခြင်းကို အာဏာပိုင်များက မကြာခဏဆိုသကဲ့သို့ အချိန်ဆွဲ၍ဆောင်ရွက်နေကြပါသည်။ [၃၁] ထို့အပြင် နိုင်ငံရေးအကျဉ်းသား ဟောင်း အချို့မှာ ပြစ်ဒဏ်ကာလပြီးဆုံးပြီးနောက် တရားစွဲဆိုခြင်းမရှိ၊ ထပ်မံခုံရုံးတင်ခြင်းမပြုဘဲဆက်၍ထိန်းသိမ်းထားခြင်းမျိုးဖြင့် ၄င်းတို့ကို ချမှတ်သည့် ပြစ်ဒဏ်ထက် ပိုမိုကာလကြာရှည်စွာ အကျဉ်းချခံကြရပါ သည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်း အချို့မှာ ပြန်လွတ်သည့် နေ့တွင်ပင် ခုံရုံးတင်တရားစွဲဆိုခြင်းမရှိဘဲ ၅-နှစ်တိုင် ဆက်လက်ထိန်း သိမ်းခွင့်ပြုထားသည့် နိုင်ငံတော်လုံခြုံရေးဥပဒေ ပုဒ်မ ၁၀ (က) နှင့် စွဲချက်တင် ထိန်းသိမ်းခံရသူများရှိပါသည်။

ကုလသမဂ္ဂ တရားလက်လွတ်ထိန်းသိမ်းမှုဆိုင်ရာ အလုပ်အဖွဲ့ ၏အဆိုအရ လူတစ်ဦး၏ လွတ်လပ်ခွင့်ကို ချိုးဖောက်ထိပါးခြင်းသည် အောက်ပါအမျိုးအစား တစ်ခုခုတွင် ကျရောက်ပါက တရားလက်လွတ် သဘောသဘာဝ သက်ရောက်ပါသည်။ ယင်းတို့မှာ- လွတ်လပ်ခွင့် ဆုံးရှုံးစေခြင်းအတွက် ဥပဒေကြောင်းအရ ဆင်ခြေပေးရန် အခြေခံမရှိခြင်း (လူတစ်ဦးကို သူ၏ ထောင်သက်တမ်းကုန်ဆုံးသော်လည်း ဆက်လက်၍ ထိန်းသိမ်းထားခြင်းမျိုးဖြစ်သည်)၊လွတ်လပ်ခွင့်ဆုံးရှုံးစေခြင်းသည် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများသဘောတူစာချုပ် (ICCPR)ပါ အချို့သောပုဒ်မ များကိုချိုးဖောက်သည့်အခါနှင့် နိုင်ငံတကာ စံနှုန်းဖြစ်သည့် တရားမျှတ သည့် တရားခွင် ရရှိခွင့်အခွင့်အရေးနှင့်ပတ်သက်၍ လျစ်လျူရှုခံရခြင်း၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ ကျင့်သုံးခြင်းခံရသည့်အခါမျိုးတွင် ဖြစ်သည်။ [၃၂] ယခုသုတေသနအစီအစဉ်တွင် ပါဝင်ဖြေကြားခဲ့သည့် နိုင်ငံ ရေးအကျဉ်းသားဟောင်းများ အားလုံးကို ထိန်းသိမ်းထားခဲ့ခြင်းသည် UNWGAD က သတ်မှတ်ထားသည့်စံသတ်မှတ်ချက်များ အားလုံးကို မချိုးဖောက်လျှင်သော်မှ အနည်းဆုံး စံနှုန်းတစ်ခုကို ချိုးဖောက်ခဲ့ကြောင်း ထင်ရှားနေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း အချို့မှာ ၄င်းတို့၏ ထောင်ဒဏ်များ ပြီးဆုံးသွားလျှင်သော်မှ ဆက်လက်ထိန်းသိမ်းခံခဲ့ကြရ ပါသည်။ ၄င်းတို့၏ အခြေခံအခွင့်အရေးဖြစ်သော လွတ်လပ်စွာ ဖော်ပြ ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့ခွင့်နှင့် စုဝေးခွင့်ကို ကျင့်သုံးမှုကြောင့် ထိန်းသိမ်းခြင်းသည် လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) နှင့် ICCPR နိုင်ငံတကာ သဘောတူစာချုပ်ကို ချိုးဖောက်ရာကျနေပါသည်။ နောက်ဆုံးအနေဖြင့် အမှုအများစုတွင်တရားမျှတသည့် ခုံရုံးရရှိပိုင် ခွင့်ဖြစ်သည့် နိုင်ငံတကာစံနှုန်းများကို လုံးဝလျစ်လျူရှုရာ ရောက်နေ ပါသည်။ လက်ရှိမြန်မာအစိုးရက တက်ကြွလှုပ်ရှားသူများကို အတင်း အကျပ်ထိန်းသိမ်းသည့် ဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ကြောင့်လည်း ဤသို့ဖြစ်ရပ်များနိဂုံးမချုပ်သေးကြောင်း သတိထားဖွယ်ရာ ဖြစ်စေပါသည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ထောင်ဒဏ်ချမှတ်ခံရသည့် နိုင်ငံရေးအကျဉ်းသားများနှင့် ယခုနှစ်အတွင်း နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများကို တိုး၍ဖမ်းဆီးနေခြင်းတို့က ဤအချက်ကို သက်သေ ပြသနေကြပါသည်။

---

၃၀။ အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ "မြန်မာနိုင်ငံ၊ ၂၀၁၃ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာ"

၃၁။ Ibid

၃၂။ OHCHR Fact Sheet No. 26, ကုလသမဂ္ဂ အတင်းအကျပ်ထိန်းသိမ်းမှုဆိုင်ရာ အလုပ်အဖွဲ့ <http://bit.ly/1NUUmH9>

# အခန်း ၄
# စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် ညှဉ်းပမ်းနှိပ်စက်မှုများ

## ၄-၁ နိဒါန်း

မြန်မာနိုင်ငံတွင် ကာလကြာရှည်စွာကပင် စစ်ကြောမေးမြန်းသူများက ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့ကြသည်။ သတင်းအချက်အလက်ရရှိရန်သာမက နိုင်ငံရေးအရ ထိန်းသိမ်းထားသူများကို ပြစ်ဒဏ်အဖြစ်ပေးရန်၊ ချိုးနှိမ်ရန်နှင့်လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက ထိန်းသိမ်းခံထားရစဉ်ကာလတွင် ကြုံတွေ့ခဲ့ရသည့် ညှဉ်းပန်းနှိပ်စက်မှုအတွေ့အကြုံများကိုဖော်ပြခဲ့ကြသည်။ ဤမေးခွန်းကို ဖြေဆိုခဲ့ကြသူများအနက်မှ ၇၂% က ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများခံခဲ့ကြရသည်ဟု ဖော်ပြကြသည်။ ညှဉ်းပန်းနှိပ်စက်မှုကြောင့် နိုင်ငံရေးအကျဉ်းသား ၈-ဦးသေဆုံးခဲ့ရာတွင် ၂-ဦးမှာ ညှဉ်းပန်းနှိပ်စက်မှုကြောင့်ရရှိသောဒဏ်ရာများဖြင့်သေဆုံးခဲ့ခြင်းဖြစ်ပြီး ၆-ဦးမှာ စစ်ကြောသူများက ပစ်ခတ် သတ်ဖြတ်ခြင်းကြောင့်သေဆုံးခဲ့ကြခြင်း ဖြစ်သည်။ စစ်ကြောရေးကာလတွင်း ညှဉ်းပမ်းနှိပ်စက်မှုများနှင့် တရားမဝင်သတ်ဖြတ်မှုများအတွက် ထင်ရှားသည့် သက်သေသာဓကများရှိနေသော်လည်း ကျူးလွန်သူများမှာ ၎င်းတို့ကျူးလွန်မှုများအတွက် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေကြသည်။ ဤသို့ ပြစ်မှုများကျူးလွန်ခဲ့ကြသူများမှာ မြန်မာနိုင်ငံရှိ နိုင်ငံသားများ၏ လုံခြုံရေးအတွက် တာဝန်ပေးအပ်ခြင်းခံထားရသောလုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြစ်ကြပါသည်။ စစ်ထောက်လှမ်းရေးတပ်ဖွဲ့ကို စစ်ဖက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) နှင့် ၂၀၀၄ ခုနှစ်တွင် အစားထိုးဖွဲ့စည်းခဲ့ပြီးနောက်ပိုင်းတွင် အထူးသတင်းတပ်ဖွဲ့မှာ နိုင်ငံရေးအရ ထိန်းသိမ်းထားသူများအပေါ် ညှဉ်းပန်းနှိပ်စက်မှု အဓိကကျူးလွန်နေကြသူများ ဖြစ်လာသည်။

ယခုအခန်းတွင် အကျဉ်းသားများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်ထားသည့် ဥပဒေကြောင်းဆိုင်ရာ အခြေခံမူဘောင်များနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ကြရသည့် အထွေထွေရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ဖော်ပြပါမည်။ မိမိတို့၏ သုတေသနပြုမှုများအရ မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများကို စနစ်တကျနှင့်အကျယ်အပြန့်ကျူးလွန်နေကြောင်း ဖော်ထုတ်တွေ့ရှိသည့်အတွက် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်သည့်ပြစ်မှုအဆင့်သို့တိုင် သက်ရောက်စေပါသည်။



မောင်ကို (ခ) မင်းသစ်



မောင်ကို (ခ) မောင်လေး

## ၄-၂ အကျဉ်းသားများကို ညှဉ်းပမ်းနှိပ်စက်မှု တားမြစ်ထားသည့် ဥပဒေကြောင်း အခြေခံမူဘောင်

မြန်မာနိုင်ငံ ပြည်တွင်းဥပဒေများတွင် ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်ထားပါသည်။ ညှဉ်းပန်းနှိပ်စက်မှုများကို မည်သို့တားမြစ်ကြောင်း တိကျသည့် ပြဋ္ဌာန်းထားချက်များမရှိသော်လည်း မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေတွင် အစိုးရဝန်ထမ်းများက လူတစ်ဦးအပေါ် ထိခိုက်နာကျင်စေခြင်းသည် ဥပဒေနှင့်မညီဟု ဖော်ပြထားသည်။ ပုဒ်မ ၃၃၀ နှင့် ၃၃၁ တွင် အထူးသဖြင့် စစ်ကြောရေးကာလတွင် "နာကျင်စေခြင်း"နှင့် "ပြင်းထန်စွာထိခိုက်နာကျင်စေခြင်း" ကို တားမြစ်



ဦးမောင်ကို (ခ) မင်းသစ်၏ ရုပ်အလောင်း

ထားသည်။[၃၄] ဤပြဋ္ဌာန်းချက်များအရ ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်ထားသော်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများတွင် ညှဉ်းပန်းနှိပ်စက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကြီးလေးသည့် ရာဇဝတ်မှုအဖြစ် အတိအလင်း ဖွင့်ဆိုထားရန်ပျက်ကွက်နေပါသည်။ သို့အတွက်ကြောင့် ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်သူများအပေါ် အပြစ်မပေးဘဲ ကင်းလွတ်ခွင့်ရှိနေစေသည့်ယဉ်ကျေးမှု ဖြစ်ထွန်းစေပါသည်။

သို့သော်လည်း နိုင်ငံတကာ စံနှုန်းများအရ ညှဉ်းပန်းနှိပ်စက်မှုများကို ကာကွယ်တားဆီးပေးထားမှုများရှိပြီး မြန်မာနိုင်ငံအနေဖြင့် လိုက်နာကျင့်သုံးရန် တာဝန်ရှိပါသည်။ မြန်မာအစိုးရက UNCAT ညှဉ်းပန်းနှိပ်စက်မှုများကို တားမြစ်သည့် နိုင်ငံတကာသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ သို့သော်လည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်း (UDHR) နှင့် (ICCPR) နိုင်ငံတကာစာချုပ်··· စသည့် လူ့အခွင့်အရေးဥပဒေများတွင် ညှဉ်းပမ်းနှိပ်စက်မှုများအား တားမြစ်ခြင်းကို နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ အခြေခံမူတန်ဖိုး (jus cogens) အဖြစ် အကျယ်အပြန့် လက်ခံထည့်သွင်းပြဋ္ဌာန်းထားကြပြီးဖြစ်သည့်အတွက် မည်သည့်နိမ့်ချဆက်ဆံ ညှဉ်းပန်းနှိပ်စက်ခြင်းကိုမှ လက်ခံခွင့်ပြု၍မရပါ။ [၃၅]

ယခုအစီရင်ခံစာတွင် ညှဉ်းပန်းနှိပ်စက်မှု အဓိပ္ပာယ်အား ဖော်ပြရန်အတွက် (UNCAT) နိုင်ငံတကာသဘောတူစာချုပ်တွင် ဖော်ပြထားသည့် ညှဉ်းပန်းနှိပ်စက်မှုအဓိပ္ပါယ်ဖွင့်ဆိုချက်အား အောက်ပါအတိုင်း ထည့်သွင်းထားပါသည်-

"လူတစ်ဦးထံမှ သတင်း သို့မဟုတ် အခြားသူတစ်ဦး၏ သတင်းကို ရရှိလိုခြင်း၊ သို့မဟုတ် ဝန်ခံဖြောင့်ချက်ပေးစေခြင်း၊ ထိုသူ·· သို့မဟုတ် အခြားပုဂ္ဂိုလ်က ကျူးလွန်သည့်ပြစ်မှု၊ သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသည့် လုပ်ရပ်အတွက် ပြစ်ဒဏ်ပေးခြင်း၊ ထိုသူ သို့မဟုတ် အခြားပုဂ္ဂိုလ်ကို ခြိမ်းခြောက်ရန်၊ သို့မဟုတ် အကျပ်ကိုင်တိုက်တွန်းရန်၊ သို့မဟုတ်မည်သည့်နည်းနှင့်မဆို ခွဲခြားဖိနှိပ်ဆက်ဆံမှုအပေါ် အခြေခံသည့်အကြောင်းအချက်များဖြင့် ·· စသည့် ရည်ရွယ်ချက်များအတွက် လူတစ်ဦးအပေါ်ရည်ရွယ်ချက်ရှိရှိဖြင့် ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ပြင်းထန်စွာ နာကျင်စေရန်၊ သို့မဟုတ် ခံစားရစေရန် အစိုးရအရာရှိ သို့မဟုတ် အာဏာရှိသူ တာဝန်ရှိသူတစ်ဦးဦးမှ သို့မဟုတ် ထိုသူ၏ အမိန့်အရ၊ သဘောတူညီမှုအရ၊ လှုံ့ဆော်မှုအရ ဤသို့ပြင်းထန်စွာ နာကျင်စေရန်၊ သို့မဟုတ် ခံစားရစေရန် လုပ်ဆောင်သည့် မည်သည့်လုပ်ဆောင်ချက်မဆို ညှဉ်းပန်းနှိပ်စက်မှုမြောက်သည်။ ယင်းတွင် ဥပဒေကြောင်းအရ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြစ်ဒဏ်ပေးခြင်းကြောင့်ဖြစ်သည့် နာကျင်မှု၊

၃၄။ မြန်မာနိုင်ငံ ရာဇသတ်ဥပဒေ (၁၈၆၁ ခုနှစ်)

၃၅။ Human Rights Watch,"The Legal Prohibition Against Torture" (March 2003) <http://bit.ly/1eI7Fyl>

သို့မဟုတ် ခံစားရမှုပါဝင်သည့် လုပ်ရပ်များနှင့် ဖြစ်ရပ်များ အကြုံး မဝင်ပါ’’ [၃၆] ဟု ဖော်ပြထားသည်။

## ၄-၃ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုနည်းနာများ

ညှဉ်းပန်းနှိပ်စက်မှုများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဟူ၍ ခွဲခြားရသည်မှာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတို့အကြား ဆက်စပ်နေသည့်သဘောသဘာဝကြောင့် ပင်ကိုယ်အရပင် ပြဿနာရှိပါသည်။ သို့သော်လည်း အစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် ယခုအခန်းတွင် ဖော်ပြမည့် ရုပ်ပိုင်းဆိုင်ရာနည်းနာများတွင် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ်ပေါ်စေရန်၊ ကိုယ်ကာယအပေါ် လုပ်ဆောင်သည့် နည်းနာများကိုသာ ဆိုလိုခြင်းဖြစ်သည်။ မိမိတို့ သုတေသနပြုချက်အရနိုင်ငံရေးအကျဉ်းသားများကို ရုပ်ပိုင်းဆိုင်ရာအရ ရိုက်နှက်ခြင်းများအပြင်၊ (ဖြေဆိုသူများ၏ ၄၈% ကစစ်ကြောရေးတွင် ရိုက်နှက်ခံရကြောင်းဖြေဆိုကြသည်) မြန်မာနိုင်ငံရှိ စစ်ကြောသူများက ကိုယ်ကာယနာကျင်မှု အမြင့်ဆုံး ဖြစ်ပေါ်စေရန် အမျိုးစုံသော ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းများကို အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁ တွင်နိုင်ငံရေးအကျဉ်းသားများ တွေ့ကြုံခဲ့ရသည့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ရှင်းပြချက်များကိုဖော်ပြထားပါသည်။)

နိုင်ငံရေးအကျဉ်းသားများအပေါ် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို အမျိုးသားများအပေါ်တွင်သာ ဆောင်ရွက်ခြင်း မဟုတ်ပါ။ အမျိုးသားနှင့် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားအားလုံးက ပြင်းထန်သည့်ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုများ ကြုံကြရကြောင်း ဖော်ပြကြသည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားတစ်ဦးက ပြန်ပြောပြရာတွင် ၁၉၈၄ ခုနှစ် စစ်ကြောရေးကာလတွင် ၈-ရက်တိုင်တိုင် ရုပ်ပိုင်းဆိုင်ရာ ရိုက်နှက်ခံရပြီးနောက်သွေးအန်ကြောင်းပြောပြသည်။ [၃၇] အမှန်တွင် နိုင်ငံရေးအကျဉ်းသားအများစုက ဖော်ပြရာ၌၊ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုခံရခြင်းကြောင့် ချောင်းဆိုးရာတွင် သွေးပါခြင်း၊ နာကျင်လွန်းခြင်းကြောင့် မေ့မျောသွားခြင်းများ ဖြစ်လေ့ရှိကြောင်းဆိုကြသည်။ သို့တိုင်အောင် နိုင်ငံရေး အကျဉ်းသားအများစုသည် စစ်ကြောရေးတွင် ရရှိသည့် ဒဏ်ရာများအတွက် ဆေးကုသမှုပေးရန် ငြင်းဆိုခံကြရပြီး ၉၀% သော နိုင်ငံရေးအကျဉ်းသားများက ထိန်းသိမ်းထားစဉ်ကာလ၌ ပုံမှန်အားဖြင့် ဆေးဝါးကုသခွင့်မရကြောင်း ဖော်ပြကြပါသည်။

**ပုံ- ၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသော ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုနည်းနာများ**




### နာကျင်မှုဖြစ်စေသည့် မသက်မသာအနေအထားဖြင့် နေစေခြင်း

ဖိစီးနာကျင်စေသည့် အနေအထားဖြင့် နေစေခြင်းသည် ကိုယ်ခန္ဓာရှိ အချို့သောကြွက်သားများအပေါ် အလေးချိန်ဖိအားများစွာ ကျရောက်စေကာ မခံမရပ်နိုင်အောင် နာကျင်မှုဖြစ်စေပြီး နောက်ဆုံးတွင် ကြွက်သား ညောင်းညာသေဆုံးစေနိုင်သည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၄၀% က စစ်ကြောရေးကာလတွင် ဖိစီးနာကျင်စေသည့် အနေအထားဖြင့် ၄င်းတို့ကို ကာလကြာရှည်နေစေခဲ့သည်ဟု ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားများကို အနေအထားတစ်ခုတည်းဖြင့် နာရီများစွာ ကြာရှည်ထိုင်စေခြင်း၊ ရပ်စေခြင်း၊ တဝက်ဆောင့်ကြောင့်ထိုင်စေခြင်း စသည့် မသက်မသာ ပုံစံများအား ခိုင်းစေကြသည်။ အကယ်၍ နေနိုင်သည့် အနေအထားကိုချိုးဖောက်ပြင်ဆင်ပါက ရိုက်နှက်ခံကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများက (ဖြေဆိုသည့် နိုင်ငံရေးအကျဉ်းသားများ၏ ၁၃% က) ဖော်ပြကြသည့် အများအားဖြင့် ခိုင်းစေလေ့ရှိသော ဖိစီးစေသည့်အနေအထားမှာ ‘‘လေယာဉ်ပျံစီးခြင်း’’ ဖြစ်သည်။ ယင်းအနေအထားတွင် အကျဉ်းသားများကခြေတစ်ဖက်ပေါ်တွင်ရပ်ကာ၊ လက်နှစ်ဖက်ကို ဆန့်တန်း၍ လေယာဉ်ပျံကဲ့သို့ပြုမူကြရသည်။ [၃၈] (ဖြေဆိုသည့် နိုင်ငံရေး အကျဉ်းသားဟောင်း ၂၃% က ပြောပြသည့်) နောက်ပုံစံတစ်မျိုးမှာ‘‘မော်တော်ဆိုင်ကယ်စီးခြင်း’’ ဖြစ်သည်။ ယင်းအနေအထား

---

၃၆။ ကုလသမဂ္ဂ၊ ‘‘ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်းကြုတ်သည့်၊ လူမဆန်သည့်၊ သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု၊ သို့မဟုတ် အပြစ်ပေးမှုများ ဆန့်ကျင်ရေး နိုင်ငံတကာသဘောတူညီချက်’’ (၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ) <http://bit.ly/1aS9qjc>

၃၇။ နိုင်ငံရေးအကျဉ်းသား Survey: FPP/DC/00471 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၃၈။ နောက်ဆက်တွဲ-၃ ပုံဖော်ပြချက်ကို ကြည့်ပါ။

တွင် အကျဉ်းသားက ခြေဖျားထောက်၍ ပေါင်ကွထိုင်ကာ မော်တော်ဆိုင်ကယ်စီးနေသည့်သဖွယ် ပြုမူရခြင်း ဖြစ်သည်။ [၃၉] ထို့နောက် (နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ၁၀% က ဖြေဆိုကြသည်) "ဆီမီးခွက်အက"[၄၀] ဖြစ်ပြီးခြေလက်များကို မြေနှင့်မထိဘဲဒူးခေါင်းများနှင့် တထောင်ဆစ်များပေါ်ထောက်နေခိုင်းသည့်ပုံစံဖြစ်သည်။ [၄၁] နိုင်ငံရေးအရထိန်းသိမ်းခံရသူများ အခြားကြုံတွေ့ကြရသော ဖိစီးစေသည့်ပုံစံမှာ လက်များကို လေထဲမြှောက်၍ ခြေဖျားထောက်ကာ ခါးကုန်းရပ်နေရသည့် 'ပုံစံကြီး' ဖြစ်သည်။ [၄၂] နိုင်ငံရေးအကျဉ်းသားတစ်ဦးက စစ်ကြောသူများမှ ပုံစံကြီးရပ်ခိုင်းပြီး ခြေဖျားမထောက်နိုင်တော့၍ ဖနောင့်ချမိပါက သံမှိုစူးစေရန် ၎င်း၏ဖနောင့်အောက်တွင် သံမှိုများထောင်ထားကာ နှိပ်စက်သည်ကို ဖော်ပြပါသည်။ "ခြေဖျားထောက်ပြီး အကြာကြီးရပ်နေရတော့ နာလာတယ်။ သံမှိုကြောင့်လည်း ဒဏ်ရာရတယ်။ ခြေဖျားပေါ်မှာ အကြာကြီးရပ်နေရတော့ ဟန်ချက်ပျက်ပြီး ရှေ့ကိုဟပ်ထိုးလဲလဲကျတယ်။ ဒီလိုရပ်နေရတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စဘဲ" [၄၃] ဟု ဆိုသည်။

ပြင်းထန်စွာ နာကျင်စေသည့်အပြင် ထိုသို့ဖိစီးစေသည့် အနေအထားတွင် ကြာရှည်နေစေခြင်းကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကြီးလေးသည့် ထိခိုက်မှုဖြစ်စေသည်။ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ကျော်ကြားသူပညာရှင်တစ်ဦးက ဖိစီးစေသည့် အနေအထားဖြင့်နေစေခြင်း၏ ထိခိုက်သက်ရောက်မှုများကို ဖော်ပြထားရာ၌ 'ခြေကျင်းဝတ်များ (ယောင်လာကာ) အရွယ်အစားနှစ်ဆ ဖြစ်လာစေသည်'၊ အရေပြားများ 'တင်းမာ၊ နာကျင်လာသည်၊ ရေကြည်ဖုများ ထလာသည်၊ ဖူးယောင်လာသည်'၊ နှလုံးခုန်နှုန်းမြန်လာပြီး ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။'စိတ်ထင်ယောင်ထင်မှား ဖြစ်မှုကို ပို၍နက်ရှိုင်းစေသည်'ဟုဆိုသည်။ [၄၄]

## သံလမ်း

နိုင်ငံရေးအကျဉ်းသားများ၏ ၁၅% က 'သံလမ်း' ဟူသည့် နှိပ်စက်နည်းကို ကြုံခဲ့ရသည်ဟု ဖြေဆိုကြသည်။ သံလမ်း နှိပ်စက်နည်းမှာ နှိပ်စက်စစ်ကြောသူက သံလုံး သို့မဟုတ် ဝါးရင်းတုတ်ကို အကျဉ်းသား၏ ညိုသကျည်း ပေါ်တင်၍ အရေပြားကွာကျသည်အထိ လှိမ့်ခြင်းဖြင့် ပြင်းထန်စွာနာကျဉ်စေခြင်းဖြစ်သည်။ ဤသို့ အရေပြားလန်နေသည့်အနာကို ကုသမပေးဘဲ ဆိုးရွားသည့် နေထိုင်မှုအခြေအနေတွင် ကူးစက်ရောဂါများ ရရှိစေသည်။

## တစ်တောက် နှိပ်စက်နည်း

နိုင်ငံရေးအကျဉ်းသားများ၏ ၁၆% က "တစ်တောက်နည်း" ဟု ခေါ်သည့်နည်းဖြင့် နှိပ်စက်ညှဉ်းပမ်းခံကြရကြောင်း ဖော်ပြကြသည်။ ယင်းနည်းတွင် ထိန်းသိမ်းထားသူကို အရာဝတ္ထုတစ်ခုခု (ဥပမာ-ပေတံဖြင့်) နေရာတစ်ခုတည်းကိုနရီစည်းကျကျ ကြာရှည်ခေါက်နေခြင်း ဖြစ်သည်။ နာရီများစွာ၊ တစ်ခါတရံ နေ့တိုင်အောင် ခေါက်နေသောကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းအကြီးအကျယ် ထိခိုက်နာကျင်မှုဖြစ်စေသည်။ [၄၅]

## ရေဖြင့်နှိပ်စက်မှု

နိုင်ငံရေးအကျဉ်းသားများ၏ ၇% က ရေဖြင့် နှိပ်စက်ခံရသည်ဟု ဖော်ပြကြသည်။ ရေအသုံးပြု၍ နှိပ်စက်နည်း ၂-မျိုးရှိသည်ဟု ဆိုသည်။ တစ်ခုမှာမျက်နှာကို ပုဝါအုပ်ကာ ရေလောင်းချခြင်းဖြစ်ပြီး ရေနစ်မွန်းသကဲ့သို့ ခံစားရစေသည်။ (ယင်းကို ရေမွန်းစေခြင်း "waterboarding") နည်းဟုလည်း ခေါ်ကြသည်။ ကျန်တစ်နည်းမှာ လူတစ်ဦး၏ နဖူးပေါ်သို့ ရေတစ်စက်ချင်းကြာရှည်ချပေးခြင်းဖြစ်သည်။ရုပ်ပိုင်းနာကျင်မှုကို ခံစားရစေ၍၊ စိတ်ပိုင်းဆိုင်ရာလည်းထိခိုက်စေသည်။ (ယင်းကို "တရုတ်နည်း ရေဖြင့်နှိပ်စက်ခြင်း"ဟု ခေါ်ကြသည်။)

## လျှပ်စစ်ဖြင့် ရှော့တိုက်ခြင်း

နိုင်ငံရေးအကျဉ်းသားများ၏ ၇% က လျှပ်စစ်ဖြင့် ရှော့တိုက်ခြင်း ခံခဲ့ကြရကြောင်း ဖော်ပြကြသည်။ ခန္ဓာကိုယ်ကို ဝါယာကြိုးဖြင့်ဆက်သွယ်၍ သို့မဟုတ် အကျဉ်းသားကို လျှပ်စစ်ခါတ်စီးနေသည့် တုတ်တံကို ကိုင်စေ၍ သို့မဟုတ် နားတွင်နားကျပ်သဖွယ် တပ်ဆင်စေ၍ ရှော့တိုက်ခြင်း ဖြစ်သည်။ နာကျင်မှု အမြင့်ဆုံးဖြစ်စေရန် လူခန္ဓာကိုယ်၏ အနူးညံ့ဆုံးသော အစိတ်အပိုင်းကိုရွေး၍ ရှော့တိုက်တတ်ကြသည်။ [၄၆]

---

၃၉။ နောက်ဆက်တွဲ-၃ ပုံဖော်ပြချက်ကို ကြည့်ပါ။

၄၀။ မြန်မာနိုင်ငံရှိ သရုပ်ဆောင်ဖျော်ဖြေမှုနှင့် အသွင်တူ နာမည်ပြောင်ပေးထားခြင်း ဖြစ်သည်။

၄၁။ နောက်ဆက်တွဲ-၃ ပုံဖော်ပြချက်ကို ကြည့်ပါ။

၄၂။ နောက်ဆက်တွဲ-၃ ပုံဖော်ပြချက်ကို ကြည့်ပါ။

၄၃။ နိုင်ငံရေးအကျဉ်းသား တွေ့ဆုံမေးမြန်းမှု- FPP/DC/00766 (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ)

၄၄။ A. McCoyç A Question of Torture: CIA Interrogationç from the Cold War to the War on Terror (Henry Holt and Company) (2006)

၄၅။ AAPP, "The Darkness We See: Torture in Burma's Interrogation Centers and Prisons" (December 2005) <http://bit.ly/1CqJ4cH>

၄၆။ Ibid

### လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများ

(AAPP)မှ ယခင်က လုပ်ဆောင်ခဲ့သော သုတေသနများတွင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း လိင်ပိုင်းဆိုင်ရာ ကျူးကျော်စော်ကားမှုများရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ [၄၇] ယခုလေ့လာမှုတွင် လိင်မှုဆိုင်ရာ ကျူးလွန်စော်ကားမှုနှင့် ပတ်သက်၍ မေးခွန်းအတိအကျကို ထည့်သွင်းမေးမြန်းခဲ့ခြင်းမရှိပါ။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားအချို့က ၎င်းတို့၏အတွေ့အကြုံများကို ဖော်ပြကြရာ၌ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများနှင့် လိင်အင်္ဂါကို ထိခိုက်စေခြင်းများ စစ်ကြောရေးတွင် လုပ်ဆောင်ကြသည်ဟု ဆိုသည်။ အချို့မှာ အာဏာပိုင်များက ၎င်းတို့အား လုံးဝကိုယ်လုံးတီး ချွတ်ခံကာ လိင်အင်္ဂါကို ပလတ်စတစ်ပေတံမျိုးဖြင့် သို့မဟုတ် ဖြစ်ရပ်တစ်ခုတွင် သေနတ်ဒင်ဖြင့်အဆက်အမြတ် ရိုက်နှက်ခြင်းများ ကြုံကြရသည်ဟု ဖော်ပြကြသည်။ [၄၈]လိင်အင်္ဂါကို လျှပ်စစ်ဖြင့် ရှော့ရိုက်ခြင်း၊ စီးကရက်မီးဖြင့်တို့ခြင်း၊ ဖယောင်းရည် သို့မဟုတ် ရေနွေးပူလောင်းချခြင်းများလည်း ရှိသည်ဟု ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက ဖော်ပြရာတွင် ယင်းသို့လိင်အင်္ဂါကို ထိခိုက်စေမှုတွင် “စစ်ကြောရေးမှာ သူတို့က ကျွန်တော့်လိင်အင်္ဂါကို အဆက်မပြတ်ပုတ်တယ်၊ စီးကရက်မီးနဲ့တို့တယ်၊ လူမဆန်အောင် နှိပ်စက်တာခံရတယ်” [၄၉] ဟု ဖော်ပြသည်။

## ၄-၄ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုနည်းနာများ

စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများအား အဓိကအားဖြင့် ကြောက်ရွံ့စေခြင်းဖြင့်စိတ်ပိုင်းဆိုင်ရာသက်ရောက်မှု ဖြစ်စေရန်၊ အကျဉ်းသား၏ စိတ်ခိုင်မာမှု ပြိုလဲစေရန်၊ စစ်ကြောသူများ၏ တောင်းဆိုမှုများကို လိုက်လျောလာစေရန် ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးအမျိုးမျိုး သက်ရောက်စေနိုင်ကြောင်း မှတ်တမ်းအများအပြားတွင် ဖော်ပြထားသည်။ ယင်းအထောက်အထားများအရ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းစစ်ကြောမှုသည် ညှဉ်းပမ်းနှိပ်စက်မှုမြောက်ပြီး ဥပဒေအရ တရားမဝင်ဟု ဆိုနိုင်သည်။ [၅၀] ပုံ-၈ တွင် နိုင်ငံရေးအကျဉ်းသားများ ကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနည်းနာများကို ခွဲခြားဖော်ပြထားပါသည်။

**ပုံ- ၈။ နိုင်ငံရေးအကျဉ်းသားဟောင်းများကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုနည်းနာများ**




၄၇။ See AAPP, “The Darkness We See: Torture in Burma’s Interrogation Centers and Prisons” (December 2005) pp.50-56 <http://bit.ly/1CqJ4cH>

၄၈။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00624 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

၄၉။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01007 (၂၀၁၄ ခုနှစ်၊ မေလ)

၅၀။ H. Reyes “The worst scars are in the mind: psychological torture”, International Review of the Red Cross, Vol. 89, No. 867 (2007) <http://bit.ly/1P3BPsl>



From -5B

## ခေါင်းစွပ်စွပ်ခြင်းနှင့် မမြင်အောင်မျက်စေ့ပိတ်ကာ အဝတ်ဖြင့်စည်းနှောင်ခြင်း

စစ်ကြောရေးကာလတွင် နိုင်ငံရေးအကျဉ်းသားများမှာ များသောအားဖြင့် ခေါင်းစွပ်စွပ်ထားခြင်း၊ မမြင်အောင်မျက်စေ့ စည်းနှောင်ထားခြင်းများ ခံကြရသည်။ သို့အတွက်ကြောင့် အသုံးပြုသောပစ္စည်း အမျိုးအစားကိုလိုက်၍ အမြင်၊ အနံ့၊ အကြားအာရုံ ခံစားမှုများ ပြတ်တောက်စေသည်။ ခေါင်းစွပ်စွပ်ထားခြင်းကြောင့် အသက်ရှူမှုကို အနှောင့်အယှက် ဖြစ်စေသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် ယေဘုယျအားဖြင့် ညစ်ပတ်နေသည့် အဝတ်စအထုပ်၊ ဆန်အိတ်ဟောင်း သို့မဟုတ် အကျဉ်းသား၏ ကိုယ်ပိုင်အဝတ်များ၊ စောင်များအား ခေါင်းစွပ်အဖြစ် အသုံးပြုတတ်ကြသည်။ [၅၁] ထိန်းသိမ်းခံထားရသူ၏ အာရုံခံစားမှုကို ဖြတ်တောက်လိုက်ခြင်းကြောင့် ကိုယ်ဟန်ချက်ထိန်းနိုင်မှုနှင့် ကိုယ်ဟန်ညှိနှိုင်းမှုကိုလည်း ပျက်ပြားစေသည်။ ခေါင်းစွပ်ခြင်းနှင့်မမြင်ရစေရန် မျက်စေ့စည်းနှောင်ခြင်းတို့ကြောင့် အထိန်းသိမ်းခံရသူများအနေဖြင့် ကျူးလွန်ဆောင်ရွက်သူများကိုမြင်တွေ့နိုင်ခြင်း မရှိတော့ပေ။ နိုင်ငံရေးအကျဉ်းသားများ၏ ၃၇% က ၎င်းတို့ကို စစ်ကြောနေစဉ် ခေါင်းစွပ်အစွပ်ခံရကြောင်း၊ ၄၂% မှာ မျက်စေ့စည်းနှောင်ခံကြရကြောင်း ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက ပြန်ပြောပြရာတွင် ၎င်းကိုမျက်စေ့စည်းနှောင်ထားသည်မှာ ကြာမြင့်လှသောကြောင့် နေ့နှင့်ည မခွဲခြားနိုင်အောင်ပင် ဖြစ်ရသည်ဟု ဆိုသည်။ [၅၂]

ထိန်းသိမ်းထားသူများကို ရည်ရွယ်ချက်ဖြင့် ခေါင်းစွပ်ခြင်း၊ မျက်စေ့စည်းနှောင်ခြင်းပြုပြီး အာရုံခံစားမှု ပြတ်တောက်စေရန် ဆောင်ရွက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်သည့်၊ လူ့ဂုဏ်သိက္ခာကို ကျဆင်းစေသည့် ပြုမူမှုဟု နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများက အကျယ်အပြန့် သတ်မှတ်ထားကြပါသည်။ ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီက အချို့သောအခြေအနေများ အထူးသဖြင့် ယင်းကိုအခြားသောအတင်းအကျပ် တိုက်တွန်းသည့် စစ်ကြောရေးနည်းနာများနှင့် ပေါင်းစပ်အသုံးပြုသည့် အခါမျိုးတွင်တွင် ခေါင်းစွပ်စွပ်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု မြောက်သည်ဟု သတ်မှတ်ထားသည်။[၅၃] နိုင်ငံရေးအကျဉ်းသား အားလုံးက စစ်ကြောရေးကာလအတွင်း ခေါင်းစွပ်စွပ်ခံရခြင်း သို့မဟုတ် မျက်စေ့စည်းနှောင်ခံရခြင်း တစ်ခုမဟုတ်တစ်ခု ကြုံတွေ့ခဲ့ရပြီး အခြားသော ဖိနှိပ်ကျူးလွန်မှုများလည်း ခံစားခဲ့ကြရသည်ဟု ဖော်ပြကြပါသည်။ သို့အတွက်ကြောင့် တင်ပြကြသည့် ခေါင်းစွပ်မှု၊ မျက်စေ့စည်းနှောင်မှုဖြစ်ရပ်များအားလုံးကို ညှဉ်းပန်းနှိပ်စက်မှုဟု သတ်မှတ်နိုင်သည်။

ခေါင်းစွပ်စွပ်ခြင်းနှင့် မျက်စေ့စည်းနှောင်ခြင်းကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှုအများအပြား ဖြစ်စေနိုင်သည်။ အရေးကြီးသည်မှာ ဤလုပ်ရပ်များသည် လက်သီးဖြင့်ထိုးခြင်း၊ ကန်ကျောက်ခြင်းစသည့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကိုလည်း မခန့်မှန်းနိုင်တော့ပဲ လူတစ်ဦး၏ အခြားသောညှဉ်းပန်းနှိပ်စက်မှုများအပေါ် ခံနိုင်ရည်လျော့နည်းကျဆင်း၍ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်စွမ်းမရှိတော့အောင် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။[၅၄] ထို့မှမက၊ အာရုံခံစားမှု ပြတ်တောက်စေခြင်းကြောင့် ကြောက်ရွံ့ခြင်း၊ အာရုံထွေပြားခြင်း၊ စိတ်ဖိစီးမှုမြင့်မားစွာ ဖြစ်ပေါ်စေခြင်း၊ စိုးရိမ်ပူပန်မှု၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု မရှိတော့ခြင်းနှင့် ခွန်အားအစွမ်းအစမဲ့နေသည်ဟု ခံစားရမှုများ ဖြစ်ပေါ်စေသည်။ ဤသို့ ဦးနှောက်အာရုံခံစားမှုနှင့် စိတ်ခံစားမှုဆိုင်ရာ သက်ရောက်မှုများကြောင့်၊ ခေါင်းစွပ်စွပ်ခြင်းသည် လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ ခုခံရင်ဆိုင်ရေး စနစ်များကို ထိခိုက်ပျက်စီးစေပါသည်။ [၅၅]

## အအိပ်အနေ ပျက်ပြားစေခြင်း

နိုင်ငံရေးအကျဉ်းသားများ၏ ၆၃% က ဖြေကြားရာတွင် စစ်ကြောရေးကာလတွင် အအိပ်အနေမမှန်စေရန် လုပ်ဆောင်ခံရသည်ဟု ဖော်ပြကြသည်။ ဤသို့ ညှဉ်းပန်းနှိပ်စက်မှုပုံစံအားအချိန်ကာလ တစ်စုံတရာတိုင်ကြာအောင် ဆက်တိုက်အသုံးပြုလေ့ရှိသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက ဖော်ပြရာတွင် စစ်ကြောရေးတစ်ကြိမ်နှင့် တစ်ကြိမ်ကြား တစ်ခါလျှင် ၁၅-မိနစ် ခန့်သာ အိပ်ခွင့်ပေး၍ နောက်တစ်ကြိမ်စစ်ကြောရန်ပြန်နှိုးကာ ၁၅ ရက်တိုင်တိုင်နီးပါးကောင်းစွာ အိပ်ခွင့်မပေးသည်ကို ကြုံတွေ့ရသည်ဟု ဆိုသည်။ လူတစ်ဦး၏ အအိပ်အနေကို ငြင်းပယ်သောကြောင့် လူတိုင်းအတွက်လိုအပ်သည့် အခြေခံဇီဝလုပ်ငန်းလည်ပတ်မှုကို ပျက်ပြားစေပြီးသေဆုံးသည့်တိုင် ဖြစ်စေနိုင်သည်။ ရေရှည်ကျန်းမာရေးအတွက်လည်း အန္တရာယ်ဖြစ်စေနိုင်သည်။ [၅၆]

---

၅၁။ AAPP, "The Darkness We See: Torture in Burma's Interrogation Centers and Prisons" (December 2005) <http://bit.ly/1CqJ4cH>

၅၂။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00766 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၅၃။ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မီတီ၊ "Concluding observations of the Committee Against Torture: Israel" (1997) UN Doc. A/52/44 <http://bit.ly/1RlSoVy>

၅၄။ International Forensic Expert Group, "Statement on Hooding" Torture, Volume 21/ No. 3 (2011) <http://bit.ly/1ILn0dO>

၅၅။ Ibid

၅၆။ K. Bulkeley, "Why Sleep Deprivation Is Torture" (December 2015) <http://bit.ly/1j0bKk5>

ရေတို အအိပ်အနေပျက်လျှင်သော်မှ လူများထင်ယောင်မြင်မားဖြစ်စေခြင်း၊ စိတ်မှုမမှန်ခြင်းနှင့် အာရုံထွေပြားခြင်းများ ဖြစ်စေသောကြောင့်၊ လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေပါသည်။ [၅၇]

## ခြိမ်းခြောက်မှုများ

စစ်ကြောရေးကာလအတွင်း များသောအားဖြင့် စစ်ကြောသူများက အန္တရာယ်ပြုမည်ဟု ထိန်းသိမ်းထားသူများအား ကြောက်လန့်စေကာ သတင်းရရှိရန်ခြိမ်းခြောက်မှုလုပ်ဆောင်ကြသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၆၁% က ယင်းမေးခွန်းကို ဖြေဆိုရာတွင် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များကို ထိန်းသိမ်းထားစဉ်အတွင်း ခြိမ်းခြောက်ခဲ့ကြောင်း ဖော်ပြကြပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးအရ ထိန်းသိမ်းခံထားရသူများအနေဖြင့် ပုံမှန်ဆိုသကဲ့သို့ ပစ်သတ်မည်၊ သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခံကြရပြီး ဥပဒေမဲ့သတ်ဖြတ်မှုများ ဖြစ်ပွားလေ့ရှိသောကြောင့် ဤသို့ခြိမ်းခြောက်မှုမျိုးကို မဖြစ်နိုင်ဟု ယူဆ၍မရကြပါ။ နိုင်ငံရေး အကျဉ်းသား ၆ ဦးမှာ စစ်ကြောစဉ်ကာလအတွင်းသတ်ဖြတ်ခံရပါသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက "ကျနော် တကယ်ပဲသတ်ခံရမလား ဆိုပြီးတော့ ကြောက်ရွံ့ထိတ်လန့်ခဲ့ရပါတယ်" ဟု ဖော်ပြသည်။ [၅၈] စစ်ကြောသူများက ဤသို့ သတ်ဖြတ်ခံရမည်ဟု အကြောက်တရားသုံးကာ တမင်ရည်ရွယ်၍ နိုင်ငံရေးအရထိန်းသိမ်းထားသူများအပေါ် စိတ်ပိုင်းဆိုင်ရာ ကစားမှု၊ လှည့်ဖျားမှုများ လုပ်ဆောင်ကြသည်။ ဥပမာဆိုရလျှင် စစ်ကြောစဉ်ကာလ၌ နိုင်ငံရေးအကျဉ်းသားအများအပြားမှာ ကိုယ့်ကျင်းကိုယ်တူးစေခြင်း၊ ခေါင်းကို သေနတ်နှင့် ချိန်ရွယ်ခြင်းမျိုး ရင်ဆိုင်ခဲ့ကြရသည်။ ၄၈-နာရီကြာ ဆက်တိုက် စစ်ကြောခံရပြီးနောက်၊ နိုင်ငံရေးအကျဉ်းသားတစ်ဦးကို (စစ်ကြောရေးအခန်းမှ) ပြင်ပသို့ခေါ်ထုတ်၍ မြေတွင်တူးထားသောကျင်းကို ပြသခဲ့ပြီး ကျင်းအတွင်းသို့ဆင်းရန်စေခိုင်းခဲ့သည်။ [၅၉]

ဤသို့သော ခြိမ်းခြောက်မှုမျိုးကို ထိန်းသိမ်းခံရသူများက မဖြုံသည့်အခါမျိုးတွင် စစ်ကြောသူများက ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ခြိမ်းခြောက်၍ သတင်းကို ရယူကြသည်။ နိုင်ငံရေးအကျဉ်းသားအများအပြားက ဖော်ပြရာတွင် စစ်ကြောရေးကာလတွင်သတင်းအမှန်မပေးပါက ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများအား အရေးယူဆောင်ရွက်မည်ဟု ခြိမ်းခြောက်ပြောဆိုခံခဲ့ကြရသည်ဟု ဆိုပါသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက စစ်ကြောသူတစ်ဦးမှ၎င်းအားမည်သို့ ခြိမ်းခြောက်သည်ကို "အကယ်၍ မင်းအဖြေက မမှန်ဘူးဆိုရင် မင်းမိသားစုကိုပါ ဖမ်းပစ်မယ်" ဟု ပြောဆိုခဲ့သည်။ [၆၀] နိုင်ငံရေးအကျဉ်းသားအများစုအနေဖြင့် မိသားစုဝင်များနှင့် မိတ်ဆွေများအပေါ် ခြိမ်းခြောက်မှုများအား ပုံမှန်အားဖြင့် ကြုံတွေ့ကြရသည်။ ဥပမာအားဖြင့်- နိုင်ငံရေးအကျဉ်းသားများ၏ ၂၉% က စစ်ကြောနေစဉ်တွင်ကပ်ရက် သို့မဟုတ် အနီးအနားရှိအခန်းမှ မိသားစုဝင်များ၏ အသံကို အတင်းအကျပ် နားထောင်စေခြင်းမျိုး ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြကြသည်။ စစ်ကြောသူများ လိုအပ်နေသည့်သတင်းမျိုးကို နိုင်ငံရေးအကျဉ်းသားက မပေးပါက ဤသို့သော စစ်ကြောရေးနည်းနာမျိုးကို အသုံးချလေ့ရှိပြီး မိသားစုဝင်များကို အမှန်တကယ်ဒုက္ခပေးသည်လည်း ရှိခဲ့သည်။၂၀၀၉ခုနှစ်တွင်ညှဉ်းပန်းနှိပ်စက်ခံရသော နိုင်ငံရေးအကျဉ်းသားတစ်ဦးက စစ်ကြောစဉ်တွင် သူ၏သမီးငယ် ငိုယိုနေသည့်အသံကို အကြိမ်ကြိမ် နားထောင်စေခဲ့သည့်အတွက်ကြောင့် စိတ်ဖိစီးမှုကြီးစွာ ဖြစ်ရကြောင်းဖော်ပြပါသည်။ [၆၁] အချို့အချိန်များတွင် မိသားစုဝင်များကဲ့သို့ ချစ်သူခင်သူများအားဦးတည်သည့် ခြိမ်းခြောက်မှုမျိုး ပြုလေ့ရှိသည်။ ၂၀၁၁ ခုနှစ်တွင် နှိပ်စက်ခံရသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦးက အကယ်၍ ဝန်မခံလျှင် ၎င်း၏ကလေးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံခဲ့ရကြောင်း ပြောဆိုခဲ့သည်။ [၆၂]

## အဆိပ်ရှိသော သတ္တဝါများ

စစ်ကြောရေးတွင် ကြောက်လန့်စေရန် စိတ်ဓာတ်ပိုင်းဆိုင်ရာနည်းနာကိုလည်း ပုံမှန်အားဖြင့် အသုံးပြုလေ့ရှိသည်။ နိုင်ငံရေး အကျဉ်းသားများ၏ ၂% ကဖော်ပြကြရာတွင် ယင်းသို့ညှဉ်းပမ်း နှိပ်စက်သည့် နည်းနာများတွင် ကင်းမြီးကောက်နှင့် မြွေအပါအဝင် အဆိပ်ရှိသည့် သတ္တဝါများကို ခန္ဓာကိုယ်ပေါ်တင်ကာ ခြိမ်းခြောက်ကြသည်ဟုဆိုသည်။ သေစေတတ်သည်ဟုသိရှိထားကြသည့်အဆိပ်ရှိသတ္တဝါများကို ကြောက်ရွံ့၍သေစေခြင်း အပါအဝင်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အမြင့်မားဆုံး ထိခိုက်မှုဖြစ်စေရန် အသုံးပြုတတ်ကြသည်။

---

၅၇။ H. Reyes, "The worst scars are in the mind: psychological torture" (2007) <http://bit.ly/1P3BPsl>

၅၈။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00453 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

၅၉။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01505 (၂၀၁၄ ခုနှစ်၊ မေလ)

၆၀။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01505 (၂၀၁၄ ခုနှစ်၊ မေလ)

၆၁။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00903 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၆၂။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00608 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)



From -6A

## ၄-၅ ညှဉ်းပမ်းနှိပ်စက်ခြင်းသည် လူသားမျိုးနွယ်တရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်မှုဖြစ်သည်

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ ရောမ ပြဋ္ဌာန်းချက်ဥပဒေများ (Rome Statute) အရ ညှဉ်းပန်းနှိပ်စက်ခြင်းသည် ယင်းကို "အရပ်သား ပြည်သူလူထုအား ပစ်မှတ်ထားကာ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုပြုရာတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျူးလွန်အသုံးပြုလျှင်၊ ဤသို့တိုက်ခိုက်မည်ဟု သိရှိထားလျှင်" "လူသားမျိုး နွယ်တစ်ရပ်လုံး အပေါ်ကျူးလွန်ချိုးဖောက်မှုဖြစ်သည်" ဟုဖွင့်ဆိုထားပါသည်။[၆၃] ဤနေရာ တွင် မှတ်သားထားသင့်သည့်အချက်မှာ ညှဉ်းပန်းနှိပ်စက်မှုအား ကျယ် ကျယ်ပြန့်ပြန့်ဖြစ်စေ သို့မဟုတ် စနစ်တကျဖြစ်စေ ပုံစံတစ်မျိုးမျိုးနှင့် အသုံးပြုလျှင် လူသားမျိုးနွယ် တစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှုမြောက်ပါသည်။မည်သို့ပင်ဆိုစေကာမူ (AAPP) နှင့် (FPPS) တို့မှ ဦးဆောင်စုဆောင်းခဲ့သည့်မှတ်တမ်းအချက်အလက်များက မြန်မာ နိုင်ငံတွင် ပြီးခဲ့သည့်ဆယ်စုနှစ် ၆-ခု အတွင်း ညှဉ်းပန်းနှိပ်စက်မှုများ ကျင့်သုံးမှုသည် အကျယ်အပြန့်နှင့် စနစ်တကျဖြစ်ကြောင်း ခိုင်လုံစွာ သက်သေပြသနေပါသည်။ ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်မှုကို ဖွင့်ဆိုရာ၌ "ကျယ်ကျယ်ပြန့်ပြန့်ဟူသည်မှာ ထိခိုက်နစ်နာရသူ အမြောက်အမြားအပေါ် တိုက်ရိုက်ကျူးလွန်သည့်လုပ်ဆောင်မှု" ဟုဆိုထားပါသည်။[၆၄] နိုင်ငံရေး အကျဉ်းသားများ၏ ၇၂%က ဖော်ပြရာတွင် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်း နှိပ်စက်မှုများ ကြုံတွေ့ခဲ့ရပြီး၊ ၇၅% က စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ် စက်မှုများ ကြုံတွေ့ခဲ့ရသည်ဟု ဖော်ပြကြသည်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုအားအသုံးပြုမှုမှာ ကျယ်ကျယ် ပြန့်ပြန့် သဘောဆောင်နေပါသည်။ စနစ်တကျလုပ်ဆောင်မှုဟူသည်မှာ ကြိုတင်ချမှတ်ထားသည့် အစီအစဉ် သို့မဟုတ် မူဝါဒအရ ဖြစ်သည်။ ဤအစီအစဉ် သို့မဟုတ် မူဝါဒကို အကောင်အထည်ဖော်ခြင်းကြောင့် လူမဆန်သည့်ပြုမူမှုများကိုဆက်လက်၍ ဖြစ်စေသည် သို့မဟုတ် ဆက် လက်ခွင့်ပြုထားသည့်အတွက် ဖြစ်လာသည့်ရလဒ်များ ဖြစ်သည်ဟု ဆိုထားသည်။[၆၅] စနစ်တကျတိုက်ခိုက်မှုတစ်ခုဖြစ်ရန် နိုင်ငံတော်မူဝါဒတွင် တရားဝင်အရဖော်ပြထားရန် မလိုအပ်ဘဲ အစိုးရပိုင်းဆိုင်ရာ၏ လုပ် ဆောင်ခြင်း သို့မဟုတ်မလုပ်ဆောင်ဘဲနေခြင်းပေါ်သာ မူတည်သတ် မှတ်ပါသည်။[၆၆] မြန်မာနိုင်ငံတွင် အဆက်ဆက်သော အစိုးရများက အရပ်သားပြည်သူများကို ၎င်းတို့၏ နိုင်ငံရေးနှင့် ဆက်နွယ်မှုများကြောင့် စနစ်တကျ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်း ရှိနေသည်မှာအထင်အရှား ဖြစ်ပါသည်။ အထူးသဖြင့် NLD ပါတီဝင်များ ကို ၎င်းတို့၏ အတိုက်အခံပြုမှုအတွက် ရည်ရွယ်ချက်ဖြင့် ညှဉ်းပန်းနှိပ်စက်မှုများ ရှိနေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ သုံးပုံတစ်ပုံ (၃၈%)က NLD ပါတီနှင့် ဆက်နွယ်မှုရှိကြောင်း ဖော်ပြ ခဲ့ကြပါသည်။

ထို့အပြင် လက်ရှိအစိုးရက အတိုက်အခံများအပေါ် ဆက် လက်၍ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်နှိပ်စက်ညှဉ်းပန်းမှုများ ကျူး လွန်နေသေးကြောင်း အထောက်အထားများစွာရှိနေပါသည်။ ၂၀၁၁ ခုနှစ်မှစတင်ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသား ၅၁% က ရုပ်ပိုင်း ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသည်ဟု ဆိုကြပြီး ၅၃% ကမူ စိတ်ပိုင်း ဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု ခံရသည်ဟုဖော်ပြကြသည်။ အောက်ဖော်ပြ ထားသည့် ဖြစ်ရပ်လေ့လာမှုတွင် လက်ရှိအစိုးရက ညှဉ်းပန်းနှိပ်စက်မှုအား ဆက်လက်အသုံးပြုနေပုံကို ဖော်ပြထားပါသည်။

၆၃။ Rome Statute of the International Criminal Courtç Article 7 (f), (1988) UN Doc. A/CONF/.183/9 <http://bit.ly/1d9UiAq>

၆၄။ International Law Commission, "Report on the International Law Commission to the General Assembly on its work of its 48th session, 51 UN GAOR Supplement No. 10" (1966) UN Doc A/51/10 <http://bit.ly/1CqQ4Gs>

၆၅။ International Law Commission, "Report on the International Law Commission to the General Assembly on its work of its 48th session, 51 UN GAOR Supplement No. 10" (1966) UN Doc A/51/10

၆၆။ AAPP, "The Darkness We See: Torture in Burma's Interrogation Centers and Prisons" (December 2005) <http://bit.ly/1CqJ4cH>

## ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ရပ်လေ့လာမှု [၆၇]

"ကျွန်တော့်ကို [ကချင်ပြည်နယ်ရှိ] အိမ်ရှေ့မှာပဲ [မြန်မာစစ်တပ် ခမရ-၃၇ က] ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလထဲ ည ၇ နာရီ လောက်မှာ လာဖမ်းတာခံရတယ်။ ဘာမှ မမေးမမြန်းဘဲ ထိုးကြိတ်၊ ရိုက်နှက်တယ်။ စစ်တပ်က စခန်းချထားတဲ့ရွာက ဘုန်းကြီးကျောင်းရောက်တော့ ကျွန်တော့်ကို အပြင်းအထန် နှိပ်စက်ကြတယ်။ သူတို့က ကျွန်တော့်ကို သူပုန်လို့ စွပ်စွဲတယ်၊ ဝန်ခံခိုင်းတယ်။ ကျွန်တော်က သူပုန်မဟုတ်ပါဘူး၊ အရပ်သားပါလို့ ငြင်းတော့ ကျွန်တော်ငြင်းတိုင်းမှာ ဓားနဲ့ မွှမ်းတယ်။ ကျွန်တော့်လည်ပင်းကို ဓားနဲ့ ၆-ကြိမ် မွှမ်းတယ်။ သူတို့က ကျွန်တော့်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ညှဉ်းပန်းနှိပ်စက်တယ်။ ငါးရက်တိုင်တိုင် ကြိုးတုပ်ထားပြီး၊ အစာလည်း အငတ်ထားတယ်"

ထိန်းသိမ်းထားစဉ်ကာလတွင် အာဏာပိုင်များက ၄င်း၏မိသားစုထံသို့ ထိုသူမည်သည့်နေရာတွင် ရှိနေကြောင်း ပြောပြရန် ငြင်းဆန်သည့်အတွက် သား သေသည်-ရှင်သည်ကို မသိရသောကြောင့် ၄င်း၏မိခင်ဖြစ်သူမှာ ကြီးစွာပူဆွေးသောက ရောက်ခဲ့ရပါသည်။ ၄င်းအား ဘုန်းကြီးကျောင်းတွင် တစ်လကြာထိန်းသိမ်း၊ နှိပ်စက်ညှဉ်းပန်း၍ နောက်ပိုင်းတွင် စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) သို့ ပို့ဆောင်ခဲ့ပြီး ထိုနေရာတွင်လည်း ထပ်မံ၍ ညှဉ်းပန်းနှိပ်စက် ခံရပြန်သည်။ စစ်ကြောစဉ်ကာလတွင် ၄င်းအား မျက်စေ့စည်းနှောင်မှုရော၊ ခေါင်းစွပ်စွပ်ထားမှုပါ ပြုခဲ့သည်။ လုံလောက်စွာ အိပ်စက်ခွင့်မပေးဘဲ စစ်ကြောခဲ့ကြသည်။ မော်တော်ဆိုင်ကယ် စီးစေခြင်း၊ လေယာဉ်စီးစေခြင်း စသည့်ဖိစီးစေသော ကိုယ်အနေအထားဖြင့် နေစေ၍လည်း နှိပ်စက်ခဲ့ကြသည်။ တစ်တောက် ခေါက်ခံရသကဲ့သို့၊ လျှပ်စစ်ရှော့တိုက်ခြင်း၊ စီးကရက်မီးဖြင့်တို့ခြင်းအပြင် ၄င်းနှင့်မိသားစုအပေါ် နှုတ်ဖြင့်လည်း ခြိမ်းခြောက်ခဲ့ကြသည်။ အနာဒဏ်ရာများအတွက် ဆေးကုသခွင့်လည်း မရရှိခဲ့ပါ။ မတရားအသင်း ဥပဒေဖြင့်ထောင်ဒဏ် ၂-နှစ် မချမှတ်မီ ၄င်းအား စုစုပေါင်း ၄၁ ရက်ကြာ ညှဉ်းပန်းနှိပ်စက်ခဲ့ပါသည်။

အထက်ပါဖြစ်ရပ်တွင် ထင်ရှားနေသည်မှာ နိုင်ငံရေးအရ ထိန်းသိမ်းခံရသူများသည် ပြင်းထန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ မတရားပြုမူ ခံရမှုများကို ကြုံတွေ့ရရုံသာမက၊ ဦးသိန်းစိန်အစိုးရ လက်ထက်တိုင် အလားတူ ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်းများကို ဆက်လက်၍ အသုံးပြုနေသေးကြောင်း တွေ့ရှိရသည်။ ထို့အပြင် ၂၀၁၁ ခုနှစ်နောက်ပိုင်းကာလ မြန်မာနိုင်ငံတွင် တက်ကြွလှုပ်ရှားသူများအပေါ် အာဏာပိုင်များက ညှဉ်းပန်းနှိပ်စက်မှု နည်းမျိုးစုံကို ဆက်လက်ကျင့်သုံးနေသည်ကို ဖော်ပြသည့်အစီရင်ခံစာများ အများအပြားရှိနေသည်။ [၆၈] ထို့အတွက်ကြောင့် လက်ရှိအစိုးရက အတိုက်အခံများအပေါ် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက်၍ ကျင့်သုံးနေသည်ဟူသောအချက်အပေါ် ပို၍အလေးဆောင်းပေးရာ ရောက်ပါသည်။

---

၆၇။ Ex-PP Survey and Interview: FPP/DC/00259 (January 2014 and June 2015)

၆၈။ ND-Burma, "To Recognize and Repair" (June 2015) p36-39 <http://bit.ly/1HuAiL9> and AAPP,"AAPP Condemns the Use of Violence and Torture in Burma and Demands the Immediate Unconditional Release of all Political Prisoners" (March 2015) <http://bit.ly/1LdzwRG>

# အခန်း - ၅
# အကျဉ်းထောင်တွင်း မတော်မတရားပြုမှုများ

## ၅-၁ နိဒါန်း

ညှဉ်းပန်းနှိပ်စက်ခြင်း ခံကြရသည့်အပြင် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများသည် မတော်မတရားပြုမူမှုမြောက်သော အကျဉ်းထောင်အတွင်း ဖိနှိပ်ချိုးဖောက်မှုအမျိုးမျိုးကိုလည်း ကြုံတွေ့ကြရပါသည်။ ပြည်သူလူထု မမြင်ကွယ်ရာနံရံများအတွင်း ဖြစ်နေသောကြောင့် အကျဉ်းထောင်များသည် ပြစ်မှုကျူးလွန်သော်လည်း ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် ဝန်းကျင်တစ်ခုသဖွယ် ဖြစ်လာသည်။ အလားတူပင် နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်အာဏာပိုင်များက တမင်ပစ်မှတ်ထား၍ တစိုက်မတ်မတ် မတော်မတရားပြုမူမှုများ ဆောင်ရွက်ကြသည်။ မဖြစ်မနေလိုက်နာကြရမည့် အကျဉ်းထောင်စည်းမျဉ်းများကို ချိုးဖောက်သည်ဟု အကြောင်းပြ၍ နိုင်ငံရေးအကျဉ်းသားများကို တရားဝင်နှင့်တရားမဝင် ပြစ်ဒဏ်ပေးမှုများ ပြုလုပ်ကြသည်။ အကျဉ်းသားများကို မတရားမပြုမူရန် နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများတွင် ကာကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်များ ရှိသော်ငြား ဤသို့ပြုမူနေကြခြင်း ဖြစ်သည်။

ယခုအခန်းတွင် ထိန်းသိမ်းထားသူများအပေါ် မတော်မတရားမပြုရန် တားမြစ်ထားသည့် ဥပဒေအခြေခံမူဘောင်များနှင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအခြေအနေတို့ကို ဖော်ပြပေးမည်ဖြစ်ပြီး ထောင်အာဏာပိုင်များက စနစ်တကျ မတော်မတရား ပြုမူနေကြပုံ၊ နိုင်ငံရေးအကျဉ်းသားများအပေါ် လူ့ဂုဏ်သိက္ခာချိုးနှိမ်ဆောင်ရွက်နေကြပုံနှင့် မြန်မာနိုင်ငံတွင် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး အရေးတကြီးလိုအပ်နေပုံများကို မီးမောင်းထိုးတင်ပြသွားမည် ဖြစ်ပါသည်။

## ၅-၂ အကျဉ်းထောင်တွင်း မတော်မတရားပြုမူမှုများကို တားမြစ်ထားသည့် ဥပဒေ အခြေခံမူ

သီအိုရီအရဆိုလျှင် မြန်မာနိုင်ငံ၏ ထောင်စနစ်နှင့်ပတ်သက်၍ အဓိကကျသည့် ဥပဒေ ၂-ခု ရှိပြီး ယင်းတို့က ထိန်းသိမ်းထားသူများအပေါ် မတော်မတရားပြုမူကို ကာကွယ်ပေးထားပါသည်။ (India Act of 1894 ဟုလည်း သိရှိကြသည့်) အကျဉ်းထောင်ဥပဒေက ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် ထောင်စနစ်တည်ထောင်ရန် အခြေခံမူဘောင်များကို ပြဋ္ဌာန်းထားပါသည်။[၆၉] မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ထောင်ပိုင်နှင့် စီမံအုပ်ချုပ်မှုများအတွက် လက်စွဲဥပဒေများ (Manual of Rules for the Superintendence and Management of Jails in Burma) [(၁၉၅၀ ခုနှစ်တွင်ပြန်လည်ပြင်ဆင်ခဲ့သည့်) "ထောင်လက်စွဲ" Jail Manual] တွင် အကျဉ်းထောင်ဥပဒေကို ချဲ့ထွင်ပြဋ္ဌာန်းထားပြီး၊ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များနှင့်ပတ်သက်၍ ကိုးကားဖော်ပြရမည့် ဥပဒေအဖြစ် တည်ရှိနေပါသည်။[၇၀] ဤဥပဒေ ၂-ခုလုံးသည် ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ခေတ်နောက်ကျနေပြီဖြစ်သည်။ ကုလသမဂ္ဂ၏ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရမည့် အနိမ့်ဆုံးစံနှုန်း (UN's Standard Minimum Rules for the Treatment of Prisoners[၇၁]

---

၆၉။ အကျဉ်းထောင်အက်ဥပဒေ၊ (၁၉၈၄ ခုနှစ်)

၇၀။ မြန်မာအစိုးရ၊ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ထောင်ပိုင်များနှင့် စီမံအုပ်ချုပ်သူများ လက်စွဲဥပဒေများ (Manual of Rules for the Superintendence and Management of Jails in Burma) (revised edition) (Rangoon: Supdt., Govt. Printing and Stationary, 1950) (henceforth: Prison Manual).

၇၁။ ကုလသမဂ္ဂ၊ အကျဉ်းသားများကို ပြုမူဆက်ဆံရမည့် အနိမ့်ဆုံးစံနှုန်းများ (၁၉၅၅ ခုနှစ်တွင် ချမှတ်သည်) <http://bit.ly/1aVcakb>

("SMRs") စသည့် လူအများလက်ခံကြသည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်ဆိုလျှင် ကိုက်ညီမှုမရှိတော့ပဲ နိမ့်ကျနေပါသည်။ အကျဉ်းသားများအတွက် အနိမ့်ဆုံးစံနှုန်း (SMRs) များတွင် ချမှတ်ထားသည့် အချက်များသည် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသော်လည်း အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရမည့် ကောင်းမွန်သောအခြေခံမှုများနှင့် ကျင့်သုံးမှုများ၊ ပြစ်ဒဏ်ပေးရေး အဖွဲ့အစည်းများအပေါ် စီမံခန့်ခွဲမှုစနစ်အဖြစ် တည်ရှိနေပါသည်။ ထိန်းသိမ်းရာနေရာများကို မည်သို့ဒီဇိုင်းပြုတည်ထောင်ရမည်၊ မည်သို့လုပ်ကိုင်လည်ပတ်ရမည်ကို တင်းကျပ်သည့်လမ်းညွှန်မှုများပြုထားခြင်းမဟုတ်ဘဲ ယခု (SMRs) အခြေခံမှုများက ဒေသအခြေအနေနှင့် လိုက်လျောညီထွေစွာ၊ ထူးခြားသည့်အခြေအနေနှင့် လျော်ညီစွာ၊ ဆောင်ရွက်ရမည့် အနိမ့်ဆုံးစံနှုန်းများကို ဖော်ပြပေးထားခြင်းဖြစ်ပါသည်။ ယင်းဥပဒေ အပိုင်း-၁တွင် ကျယ်ပြန့်သော ကိစ္စရပ်များအတွက် အနိမ့်ဆုံးဥပဒေသများကို ပြဋ္ဌာန်းထားပါသည်။ ယင်းတို့တွင် အကျဉ်းထောင်တွင် မှတ်ပုံတင်ခြင်း၊အကျဉ်းသားများကို ခွဲခြားထားခြင်း၊ ထောင်တွင်း နေရာထိုင်ခင်း၊ တစ်ကိုယ်ရေ ကျန်းမာရေး၊ အဝတ်အစားနှင့် အိပ်ယာ၊ အစားအသောက်၊ လေ့ကျင့်ခန်းဆောင်ရွက်နိုင်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ စည်းမျဉ်းနှင့်ပြစ်ဒဏ်ပေးခြင်း၊ အကျဉ်းသားများအား အပြစ်ပေးရာတွင် အသုံးပြုသည့်ကိရိယာများ၊ အကျဉ်းသားများကို သတင်းအချက်အလက် အသိပေးခြင်း၊ အကျဉ်းသားများ၏ တိုင်ကြားနိုင်ခွင့်၊ ပြင်ပကမ္ဘာနှင့် ဆက်ဆံခွင့်၊ စာအုပ်များ၊ ကိုးကွယ်ရာဘာသာ၊ အကျဉ်းသားပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သေဆုံးမှု၊ ဖျားနာမှု၊ ထောင်ပြောင်းရွှေ့မှု စသည်တို့အပေါ် အကြောင်းကြားခြင်း၊ အကျဉ်းသားများကို ဖယ်ရှားခြင်း၊ ထောင်ဝန်ထမ်းများဆိုင်ရာနှင့် အကျဉ်းထောင်ကိုစစ်ဆေးခြင်း•• စသည်တို့ပါဝင်ပါသည်။ အပိုင်း-၂ တွင် အထူးအမျိုးအစား အကျဉ်းသားများ (ဥပမာအားဖြင့် ငယ်ရွယ်အသက်မပြည့်သူအကျဉ်းသားများ၊ အမှုစစ်ဆေးဆဲ အကျဉ်းသားများ၊ တရားမအကျဉ်းသားများနှင့် အမှုစွဲဆိုချက်မရှိဘဲ ထိန်းသိမ်းထားသူအကျဉ်းသားများ) စသည်တို့ ပါဝင်သည်။ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက် မတော်မတရားမှုများကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌၊ (SMRs) အခြေခံမှု စံနှုန်းများအောက် လျော့နည်းသည့်အခြေအနေကို ဆိုလိုပါသည်။

ထို့အပြင် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရမည့် ကုလသမဂ္ဂ၏ အခြေခံမှုများနှင့် မည်သို့သော ပုံစံမျိုးနှင့်မဆို ထိန်းသိမ်းထားသူများ သို့မဟုတ် အကျဉ်းသားများအပေါ် ကာကွယ်မှုပေးရေးအခြေခံမှုများပါ စာသားများအားလုံးသည် အရေးပါသည့် နိုင်ငံတကာစံနှုန်းတန်ဖိုးများဖြစ်ပြီး ယင်းတို့ကအကျဉ်းသားများ၏ အခြေခံအခွင့်အရေးများအပေါ် သေချာကာကွယ်မှုပေးထားကြပါသည်။ ယင်းအခြေခံစည်းမျဉ်း ၂-ခုလုံး၏ အခြေခံမှု -၁ တွင် ဖော်ပြထားရာ၌ “အကျဉ်းသားအားလုံးကို မွေးရာပါလူ့ဂုဏ်သိက္ခာနှင့် လူသားအားလုံး၏ တန်ဖိုးကြောင့် လေးစားမှုဖြင့် ပြုမူဆက်ဆံရမည်” ဟု ဖော်ပြထားသည်။ [၇၂] ထို့အပြင် အခြေခံစည်းမျဉ်းနှစ်ခုလုံးသည် မလိုက်နာမနေရ ဥပဒေ၊ စာချုပ်များ မဟုတ်သော်လည်း နိုင်ငံတနိုင်ငံ၏တာဝန်ယူမှု တာဝန်ခံမှုအား ဤစည်းမျဉ်းစည်းကမ်းလမ်းညွှန်အကြံပြုချက်များအား မည်မျှလိုက်နာသည်ဆိုသည့်အပေါ်တွင်မူတည်ကာ အကဲဖြတ်ကြပါသည်။

## ၅-၃ မြန်မာနိုင်ငံ အကျဉ်းထောင်များ၏ အခြေအနေ

(AAPP) ၏မှတ်တမ်းများအရမြန်မာနိုင်ငံတွင် လက်ရှိအကျဉ်းထောင် ၄၂-ခု ရှိသည်။ အကျဉ်းထောင်များတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကာကွယ်ပေးမှုဆိုင်ရာဥပဒေအခြေခံမှုဘောင်များ ရှိနေသော်လည်း လက်တွေ့တွင် မြန်မာနိုင်ငံအကျဉ်းထောင်များ၏ ဆိုးရွားလွန်းလှသည့်အခြေအနေများက မတော်မတရားပြုမှုသို့ ရောက်ရှိစေသည့်အပြင် ထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများအပေါ် ပုံမှန်ဆိုသလို မတော်မတရားပြုမူ ဆက်ဆံကြပါသည်။ ဤအချက်သည် နိုင်ငံတကာစံနှုန်းများနှင့် မြန်မာနိုင်ငံကိုယ်တိုင်က ချမှတ်ထားသည့် ပြည်တွင်းဥပဒေများကို ချိုးဖောက်ရာကျရောက်နေပါသည်။ ဥပမာအားဖြင့်- နိုင်ငံရေးအကျဉ်းသားဟောင်း အများစုက စစ်တမ်းမေးခွန်းများကို ဖြေဆိုကြရာတွင် (၈၈%) က အကျဉ်းထောင်လက်စွဲတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်ပါ အခွင့်အရေးများကိုမခံစားကြရကြောင်း ဖော်ပြကြသည့်အတွက်ကြောင့် ထောင်လက်စွဲပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှုမရှိသည်ကို ဖော်ပြနေပါသည်။ အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း အကျဉ်းထောင်လက်စွဲကိုယ်၌က နိုင်ငံတကာစံနှုန်းများနှင့် အကျဉ်းသားများအား ဆက်ဆံရာတွင် လိုက်နာရမည့် အနိမ့်ဆုံးစံနှုန်း (SMRs) များထက်နိမ့်ကျနေပါသေးသည်။

## ၅-၄ အကျဉ်းထောင်အတွင်း ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ

မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားများအားလုံးသည်၊ ရာဇဝတ်သားဖြစ်စေ၊ နိုင်ငံရေး အကျဉ်းသားဖြစ်စေ၊ အကျဉ်းထောင်များ၏ နိမ့်ကျဆိုးရွားသော အခြေအနေကို ခံစားကြရပြီး၊ မတော်မတရားပြုမူ

၇၂။ UN General Assembly resolution 45/111, Basic Principles for the Treatment of Prisoners, A/RES/45/111 (14 December 1990) <http://bit.ly/1J5QqyU>

ခံရသည့်သဘော သက်ရောက်နေပါသည်။ ထို့အပြင် တည်ဆဲဥပဒေများအရ ထောင်များတွင် လူကျပ်ပြည့်လွန်းခြင်းကို ကာကွယ်တားဆီးရန် ပြဋ္ဌာန်းမှုများ ရှိနေသော်လည်း အကျဉ်းထောင်များတွင် အစဉ်သဖြင့် လူများပြားလွန်းနေခြင်းကြောင့် ဤအခြေအနေများကို ပို၍ဆိုးရွားစေသည်။ သန့်ရှင်းရေးအခြေခံအဆောက်အဦများ၊ ထောင်တွင်းကျန်းမာရေးစနစ်များ၊ အကျဉ်းသားများနှင့် ဝန်ထမ်းများအတွက်ဖိစီးမှုများ ဖြစ်ပေါ်စေသည်။[၇၃] အောက်တွင် မြန်မာနိုင်ငံရှိအကျဉ်းထောင်များ၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို ဖော်ပြထားပြီး၊ နိုင်ငံရေးအကျဉ်းသားများသည် ဤအခြေအနေကို ရင်ဆိုင်ဖြတ်သန်းကြရပါသည်။

## သန့်ရှင်းရေး

အကျဉ်းထောင်လက်စွဲတွင် ထောင်များကို အပတ်စဉ်စစ်ဆေးရန်၊ လုံလောက်ကောင်းမွန်သော သန့်ရှင်းရေးနှင့် သန့်ရှင်းသည့်ရေပေးရန် ပြဋ္ဌာန်းထားသော်လည်းနိုင်ငံရေးအရထိန်းသိမ်းခံထားရသူများမှာ လူများပြည့်ကျပ်နေသည့် တိရိစ္ဆာန်များ၊ အင်းဆက်ပိုးမွှားများရှိပြီး ညစ်ပတ်နေသည့်အခန်းများတွင် ချုပ်နှောင်ခံကြရသည့်အတွက် ပိုးမွှားများကြောင့်ဖြစ်ပွားသည့် ကူးစက်ရောဂါများလည်း ခံစားကြရသည်။ [၇၄] သို့ဖြစ်သည့်တိုင် နိုင်ငံရေးအကျဉ်းသားများမှာ ၂၀၀၇ ခုနှစ် မတိုင်မီထိ သံမံတလင်းပေါ်တွင်ပင် အိပ်စက်ကြရပြီး (၂၀၀၇ ခုနှစ် မှစတင်၍ အကျဉ်းသားများကို အိပ်စက်ရန် သစ်သားကြမ်းခင်းငယ်များပေးခဲ့ပါသည်) အကျဉ်းထောင်များက ပုံမှန်အားဖြင့် အိပ်ယာနှင့်အိပ်ခွင့်အား ငြင်းပယ်ကြပါသည်။ ထို့အပြင် အကျဉ်းခန်းများတွင် ရေအိမ် သို့မဟုတ် အိမ်သာများ မရှိပဲ နိုင်ငံရေးအကျဉ်းသားများ အိမ်သာသွားရန်အတွက် အိုး၊ သို့မဟုတ် အင်တုံသာပေးထားပါသည်။ အကယ်၍ ပြစ်ဒဏ်ပေးခံရသည့်အခါ ယင်းတို့ကို ဆေးကျောရန်လည်းခွင့်မပြုဘဲ အိမ်သာအိုးများ ပြည့်လာရာ အနံ့ဆိုးများနှင့်နေရပြီး အခန်းတွင်လည်း ဆီး၊ မစင်များ လျှံကျလာတတ်သည့်တိုင် ထိုအညစ်အကြေးများနှင့်နေရပါသည်။ ထိုအခါ အင်းဆက်ပိုးများနှင့် အထူးသဖြင့်လောက်များ ပွားများလာစေပါသည်။ ဤသို့ကူးစက်ရောဂါများ၊ အင်းဆက်ပိုးမွှားများနှင့် ညစ်ညမ်းရင်ဆိုင်နေရသောကြောင့် အအိပ်အနေခက်ခဲစေပါသည်။

ဤသို့ တစ်ကိုယ်ရေကျန်းမာရေးနှင့် မညီညွတ်ဘဲ အဆင့်နိမ့်ကျစွာ အကျဉ်းခန်းအတွင်းနေရသည်သာမက၊ နိုင်ငံရေး အကျဉ်းသားများမှာ အိမ်သာသုံးနှင့် တစ်ကိုယ်ရေကျန်းမာရေးအတွက် ရေချိုးခန်းသုံးပစ္စည်းများကိုလည်း ငြင်းပယ်ခံကြရပါသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၆၇% ကရေချိုးရန်ရေအလုံအလောက်မပေးကြောင်း ဖော်ပြကြသည်။ ၎င်းတို့ကို ရေချိုးခွင့်ပြုသော်လည်း၊ ရေချိုးရန်နှင့် ထောင်ဝတ်စုံလျှော်ဖွပ်ရန် ကန့်သတ်ထားသည့် ရေပမာဏကိုသာ ထောင်အစောင့်များ၏ ထိန်းချုပ်မှုအောက်တွင် အသုံးပြုကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအချို့မှ ၎င်းတို့အား ရေကို ထမင်းစားသံပန်းကန်ပြား ၄-ခုစာမျှသာ ရေချိုးရန်သုံးခွင့်ပြုပြီး သတ်မှတ်ထားသည့် ပမာဏထက်ပို၍သုံးစွဲပါက ပြစ်ဒဏ်ပေးခြင်းခံကြရကြောင်း ဖော်ပြကြပါသည်။

## အစားအသောက်နှင့် ရေထောက်ပံ့ပေးမှု

နိုင်ငံရေးအကျဉ်းသားများအတွက် ကျွေးမွေးမှုနှင့် ပတ်သက်ပြီး အကျဉ်းထောင်လက်စွဲတွင် ဖော်ပြထားရာ၊ ကျွေးမွေးရမည့် အစားအသောက် ပမာဏ၊ အလွဲသုံးစားပြုမှု ကာကွယ်ရေးနှင့် အစားအသောက်များကို စစ်ဆေးမှုကိစ္စများကို ထည့်သွင်း ဖော်ပြထားသည်။[၇၅] သို့သော်လည်း လက်တွေ့တွင် နိုင်ငံရေးအကျဉ်းသားများမှာ သတ်မှတ်ထားသည့်အတိုင်း ကျွေးမွေးခြင်းမျိုး လက်ခံရရှိခြင်းမရှိဘဲ မဝရေစာမျှသာရရှိကြသည်။ အထူးသဖြင့် စစ်ကြောရေးကာလတွင် နိုင်ငံရေးအကျဉ်းသားများကိုရက်အချို့တိုင် အစားအသောက် မကျွေးမွေးခြင်း သို့မဟုတ် တစ်နေ့လုံးနေမှ ဇွန်း ၃ ဇွန်းစာမျှ အနည်းငယ်သာ စားခွင့်ပေးခြင်းမျိုး ပို၍ဆိုးဝါးသည့်အခြေအနေရှိပါသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက "[သူတို့ ကျွေးတာက] မသေရုံတမည် ကျွေးတာပဲ"[၇၆]ဟု ဖော်ပြသည်။ နိုင်ငံရေးအကျဉ်းသားများရရှိသော အစားအစာများမှာ အရည်အသွေးညံ့ဖျင်းလွန်းပြီး များသောအားဖြင့် အစာကြောင့် ကျန်းမာရေးထိခိုက်မှုပင်ဖြစ်စေသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၈၅% က အာဟာရလုံလောက်သည့် အစားအစာကို မရရှိဟု ဖော်ပြကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ထောင်တွင်းစားရသည့် အစားအသောက်နှင့်ပတ်သက်၍ ဖော်ပြရာတွင် "ကျွန်တော်တို့မှာ မနက်စာမရှိပါဘူး။ နေ့လည်စာက ပဲဟင်းရည်ကျဲနဲ့ပါ၊ ညနေစာက တာလပေါ်[၇၇] လို့ခေါ်တဲ့ အရွက်ပြုတ်ရည်ကျဲပါ။ လုံးဝမကောင်းပါဘူး"[၇၈]

---

၇၃။ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၁၃ ခုနှစ်၊ နိုင်ငံများ၏ လူ့အခွင့်အရေးကျင့်သုံးမှုဆိုင်ရာ အစီရင်ခံစာ- မြန်မာနိုင်ငံ" (၂၀၁၄ ခုနှစ်) <http://1.usa.gov/1fv2Reb>

၇၄။ အကျဉ်းထောင်လက်စွဲ၊ ပုဒ်မ ၈၉၀

၇၅။ အကျဉ်းထောင်လက်စွဲ၊ ပုဒ်မ ၁၀၇၆-၁၀၉၃

၇၆။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00938 (February 2014)

၇၇။ ထောင်တွင်း ကျွေးမွေးသည့် တာလပေါ်ဟင်းဆိုသည်မှာ ရေများများ၊ ဟင်းရွက်အနည်းငယ်ကို ရေဆေးထည့်၍ ပြုတ်ထားသည့်ဟင်း ဖြစ်သည်။

၇၈။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00760 (March 2014)

ဟု ဆိုသည်။ နိုင်ငံရေးအကျဉ်းသားများကို အစာကျွေးမွေးသည့်အခါ၊ ဟင်းများမှာ အရည်ကျဲဖြစ်နေကြပြီး အရသာလည်း မရှိတတ်ပေ။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းအများက ဖော်ပြရာတွင် အစားအစာများထဲတွင် သဲများ၊ ကျောက်ခဲငယ်များ၊ တီကောင်များပင် ပါလာတတ်သည်။ ကျောက်ခဲငယ်များသည် နိုင်ငံရေးအကျဉ်းသားများ သွားရောဂါဖြစ်စေသည့် အဓိကပြဿနာတစ်ခု ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများကို ပြစ်ဒဏ်ပေးသည့်အခါ ထမင်းမကျွေးဘဲ "ကော်" ကျွေးပါသည်။ ဆန်ကိုရေနှင့် ခပ်ပြစ်ပြစ် ကျိုထားသည့် ကော်ဖြစ်ပါသည်။ အမှုအကျင့်ပြဿနာကြောင့် ပြစ်ဒဏ်ပေးခြင်းမဟုတ်သည့်တိုင် နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များက "နိုင်ငံရေးအကျဉ်းသားဖြစ်နေသည့် အတွက်ကြောင့်"ပစ်မှတ်ထား၍ စိတ်ထင်သလိုရက်ကြဲအပြစ်ပေးတတ်ကြသည်။ ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးကပြောပြရာတွင် ၄င်းအား အမြဲလိုလို တမင်တကာအစားအစာလျှော့ပေးသည်ဟု ဆိုသည်။ နိုင်ငံရေးအကျဉ်းသားဖြစ်နေသည့်အတွက်ရန်ညှိုးသိုထားခြင်းဖြစ်သည်။[၇၉] အစားအသောက်များကို လုံလောက်စွာ ကျွေးမွေးခြင်းမရှိသည့် အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားများမှာ မိသားစုမှပို့လာသည့် ထောင်ဝင်စာများကို မှီခိုအားထားကြရသည်။ ၄င်းတို့က ထိုထောင်ဝင်စာအားဘဝတူနိုင်ငံရေးအကျဉ်းသားများနှင့် တတ်နိုင်သမျှဝေမျှစားကြသော်လည်း နိုင်ငံရေးအကျဉ်းသားများ၏ ထောင်ဝင်စာကို မကြာခဏငြင်းပယ်တတ်ကြရာ ဤသို့ အားထားစားသောက်နေရသည်မှာလည်း အလုပ်မဖြစ်လှပေ။ နိုင်ငံရေးအကျဉ်းသား အများစုသည် အာဟာရပြည့်စုံသည့် အစားအစာများ လုံလောက်စွာ မရရှိမှုကြောင့် အကျဉ်းကျနေစဉ်ကာလအတွင်း အာဟာရချို့တဲ့မှု ခံစားကြရပါသည်။

အကျဉ်းထောင်လက်စွဲတွင် အကျဉ်းသားများကို လုံလောက်သော သောက်သုံးရေပေးရမည်ဟု ဖော်ပြထားသော်လည်း နိုင်ငံရေးအကျဉ်းသားများကို သန့်ရှင်းသည့်သောက်သုံးရေကိုပေးရန်လည်း များသောအားဖြင့် ငြင်းပယ်တတ်ကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ၆၆% ကထောင်အတွင်းတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ခြင်းမရှိဟု ဆိုကြပါသည်။ စစ်ကြောရေးကာလတွင် နိုင်ငံရေးအကျဉ်းသားများကို အချိန်ကြာမြင့်စွာ ရေမတိုက်သည့်အတွက် အိမ်သာသွားခွင့်ပြုသည့်အခါမျိုးတွင်မှ အိမ်သာတွင်းရှိရေအိုး သို့မဟုတ် ရေပိုက်မှ ရေကိုသောက်သုံးကြရသည်ဟု ဖော်ပြကြပါသည်။

## ကျန်းမာရေး စောင့်ရှောက်မှု

ထောင်အတွင်း လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြဟု တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးအကျဉ်းသားများ၏ ၉၀% ကဖော်ပြကြပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအကျဉ်းသားအများစုမှာ ၄င်းတို့ဖမ်းဆီးခံရစဉ်၊ စစ်ကြောရေးဖြတ်သန်းစဉ်က ဒဏ်ရာများရရှိလာကြရာ ယင်းတို့ကို မည်သည့်အခါမျှ ကုသပေးမှု မရှိပါ။ ယင်းအနာဒဏ်ရာများကို မကုသဘဲပစ်ထားသည့်အတွက် ယင်းမှနေ၍ ကျန်းမာရေး ပြဿနာများ ဆက်လက်ဖြစ်ပွားစေသည်။ ၁၉၈၈ အရေးတော်ပုံ ဒုတိယနှစ်ပတ်လည်နေ့အား ဦးဆောင်ကျင်းပသည့်အတွက် ၁၉၉၀ ခုနှစ်တွင် ဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ဖမ်းဆီးတုန်းက ကျွန်တော့်လက်တွေမှာ ဒဏ်ရာရလာတယ်။ ဒါပေမယ့် ဆေးကုမပေးဘူး။ အဲဒီအနာတွေကို တစ်နှစ်လောက် ခံစားလိုက်ရတယ်"[၈၀] ဟု ပြောပြသည်။ အလားတူပင် ညှဉ်းပမ်းနှိပ်စက်မှုမှ ရရှိလာသည့် ဒဏ်ရာများကိုလည်း ကုသမပေးဘဲ ထားတတ်ကြသည်။

ဤသို့ ကုသမပေးဘဲထားသည့် ဒဏ်ရာထိခိုက်မှုများအပြင် ဆိုးရွားသည့် အကျဉ်းထောင်အခြေအနေများ (လူပြည့်ကျပ်နေခြင်း၊ အစားအသောက် အရည်အသွေးညံ့ဖျင်းခြင်းနှင့် မဖူလုံခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးမကောင်းခြင်းတို့)ကြောင့် အဖျားအနာများ၊ ရောဂါများဖြစ်ပွားကာ နိုင်ငံရေးအကျဉ်းသားများ သေဆုံးရသည်အထိ ဖြစ်စေသည်။ (ကောက်ယူခဲ့သမျှ မှတ်တမ်း ၁၆၂ အရသာဖြစ်ပါသည်) အကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသား ၂၇ ဦး သေဆုံးခဲ့ရပြီး အများအားဖြင့် ကာကွယ်၊ ကုသ၍ရနိုင်သောရောဂါများဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ထို့အတွက်ကြောင့် အကျဉ်းထောင်များ အခြေအနေ တိုးတက်ကောင်းမွန်လာလျှင် သေဆုံးမှုများကို ကာကွယ်နိုင်ပါလိမ့်မည်။ အကယ်၍ ယင်းနိုင်ငံရေးအကျဉ်းသားများကို လုံလောက်သည့် ဆေးဝါးကုသမှုများ အချိန်မီပေးခဲ့မည်ဆိုပါက အသက်ကယ်တင်နိုင်ခဲ့မည် ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများအများဆုံးဖော်ပြကြသည့် ကျန်းမာရေး ပြဿနာများမှာ၊ အထွေထွေကိုက်ခဲခြင်း၊ ပြင်းထန်စွာ ကိုင်တွယ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် နာကျင်ခြင်းနှင့် ဖူးယောင်ခြင်း၊ အာရုံကြော ပျက်စီးခြင်း၊ သွေးတိုးနှင့် သွေးအားကျခြင်း၊ ဝဲယားနာနှင့် အရေပြားရောဂါများ၊ ဝမ်းပျက်ဝမ်းကိုက် ရောဂါများ၊ အဖျားတက်ခြင်း၊ ခေါင်းမူးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နှလုံးရောဂါ၊ ငှက်ဖျားနှင့် ကိုယ်လက်သေလေဖြတ်ခြင်း အမျိုးမျိုး၊ ထုံကျင်ခြင်းနှင့် တဆစ်ဆစ်နာကျင်ခြင်းတို့ ဖြစ်ပါသည်။

၇၉။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01059 (၂၀၁၄ ခုနှစ်၊ မတ်လ)

၈၀။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00406 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)



From -6B

ကျန်းမာရေးဆိုးရွားသည့် နိုင်ငံရေးအကျဉ်းသားများမှာ များသောအားဖြင့် ထောင်ဆရာဝန်နှင့် တွေ့ဆုံခွင့် မရရှိကြ သို့မဟုတ် ထောင်ဆေးရုံသို့သွားခွင့်မရှိကြပါ။ ယင်းဆေးရုံများသည်လည်း သန့်ရှင်းမှုမရှိသည့်အပြင် လူပြည့်ကျပ်နေကာ၊ ဝန်ထမ်းမဖူလုံ၊ ဆေးဝါးနှင့် ကုသရေးကိရိယာများ မလုံလောက်သည့် အခြေအနေတွင် ရှိနေကြသည်။ အကျဉ်းထောင် ဆရာဝန်ဟောင်းတစ်ဦးဖြစ်သူ ဒေါက်တာတင့်ဆွေက မြန်မာနိုင်ငံအကျဉ်းထောင်များတွင်နိုင်ငံရေးအကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ပေးမှု လုံလောက်မှုမရှိသည်ကို မကြာသေးမီက လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့သည်။ "နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေဟာ အရေးပေါ်အခြေအနေမှာ ရှိနေပါတယ်" ဟု နိဂုံးချုပ် သုံးသပ်ဖော်ပြခဲ့သည်။ [၈၁] AAPP ၏ တွေ့ရှိချက်အရ ၂၀၁၁ ခုနှစ်အထိ အကျဉ်းသား ၇၃၁၄ ဦးတွင် ဆရာဝန်တစ်ဦးသာရှိပြီး အနည်းဆုံး အကျဉ်းထောင် ၁၂-ခုတွင် သတ်မှတ်ထားသော ဆရာဝန်များ ရှိမနေကြပေ။ [၈၂] နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်ဆေးရုံများ၏ အခြေအနေသည် ဆိုးရွားရွံရှာဖွယ် ဖြစ်လွန်းသောကြောင့် ဖျားနာနေသော်လည်း ကိုယ်တိုင်ဆေးရုံမှပြန်ဆင်းခဲ့သည်များရှိခဲ့သည်။ [၈၃]

နိုင်ငံရေးအကျဉ်းသားများကို များသောအားဖြင့် ဆေးဝါးအကူအညီများပေးရန် ငြင်းပယ်နေသည့်အချိန်တွင်၊ နိုင်ငံရေး အကျဉ်းသား ၅၇ ဦးကို အကျဉ်းထောင်တွင် ရှိနေစဉ်ကာလအတွင်း ဆိုးရွားပြင်းထန်လွန်းသော ရောဂါဝေဒနာများကြောင့် ဆေးရုံတင်ကုသပေးခဲ့သည့်မှတ်တမ်းများတွေ့ရှိရပါသည်။ သို့သော်လည်း အခြေအနေဆိုးရွားပြင်းထန်လွန်းမှသာ ထောင်ပြင်ပရှိဆေးရုံသို့ တက်ခွင့်ပြုခြင်းဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦး မော်လမြိုင်ထောင်တွင် ပြင်းထန်စွာ ရိုက်နှက်ခံရပြီးနောက် ကာလကြာရှည်သတိလစ်မေ့မျောသွား၍ ပြင်ပဆေးရုံသို့တင်ခဲ့သည်။ ၄င်းတို့ လုပ်ရပ်ကို ဖုံးကွယ်သည့်အနေဖြင့် ထောင်အရာရှိများက ဆေးရုံရှိကျန်းမာရေးဝန်ထမ်းများကို နိုင်ငံရေးအကျဉ်းသားက သွားနေသောကားပေါ်မှ ပြုတ်ကျခဲ့ခြင်းဖြစ်သည်ဟု လိမ်ညာပြောခဲ့သည်။ သတိပြန်ရလာသည်နှင့် တစ်ပြိုင်နက်ထောင်အရာရှိများက ယင်းနိုင်ငံရေးအကျဉ်းသားကို အရပ်ဆေးရုံမှ ဆင်းစေကာ ထောင်ဆေးရုံသို့ ပြန်ခေါ်သွားကာ နောက်ပိုင်းတွင် ၄င်းအား ဆေးကုသပေးမှုများလည်း ရပ်ဆိုင်းသွားခဲ့သည်။ [၈၄]

ရုပ်ပိုင်းဆိုင်ရာ အဖျားအနာများ ကူးစက်ခံစားကြရသည့်အပြင် နိုင်ငံရေးအကျဉ်းသားများ အားလုံးသည် မတရားထောင်သွင်း အကျဉ်းချခံရမှု၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းဆဲခံရမှု၊ ဆိုးရွားညစ်ပတ်သည့် အခြေအနေများ၊ တစ်ဦးတည်း ကာလကြာရှည် တိုက်ပိတ်ခံရခြင်းတို့ကြောင့်ရရှိသည့် စိတ်ပိုင်းဆိုင်ရာပြဿနာများ စသည်တို့အား ရင်ဆိုင်ကြရသည်။ အမှန်ဆိုရလျှင် နိုင်ငံရေးအကျဉ်းသားများအား အကျဉ်းခန်းများတွင် အတူတကွထားရှိသည် ဆိုလျှင်ပင်တင်းကျပ်သည့် ကန့်သတ်ပိတ်ပင်များကြောင့် စိတ်ပိုင်းဆိုင်ရာနာကျင်မှုများ ဖြစ်ပေါ်ကြရသည်။ နိုင်ငံရေးအကျဉ်းသားများ အချင်းချင်း စကားပြောဆိုမှုများကို ပြင်းထန်စွာ တင်းကျပ်ဟန့်တားထားပြီး များသောအားဖြင့် စာဖတ်ခွင့်ကိုလည်း ပိတ်ပင်ထားကြသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၇၁% က ဖော်ပြရာတွင် ဖတ်ရန်စာအုပ်များ ထောင်အတွင်း ယူဆောင်လာခွင့်မပြုကြောင်းဆိုကြသည်။ တည်ဆဲအကျဉ်းထောင်လက်စွဲတွင် စာဖတ်လိုသူကို စာအုပ်များပေးရမည်ဟု ဖော်ပြထားသော်လည်း လက်တွေ့တွင် ဤသို့ဆောင်ရွက်ခြင်းမရှိပါ။ နိုင်ငံရေးအကျဉ်းသားအများက ဖော်ပြရာတွင်ထောင်အတွင်း စိတ်ဝေဒနာခံစားရခြင်း၊ သို့မဟုတ် စိတ်ဝေဒနာနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှု၊ တင်းကျပ်မှု၊ အိပ်မပျော်မှု .. စသည့် ရောဂါလက္ခဏာများ ခံစားကြရသည်ဟု ဖော်ပြကြသည်။ အထူးသဖြင့် နှိပ်စက်ညှဉ်းပန်းခံရသည့် နိုင်ငံရေးအကျဉ်းသားများသည် ပဋိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု ("PTSD") နှင့် စိတ်ဓာတ်ကျခြင်းမျိုးကဲ့သို့ ပို၍ပြင်းထန်သော စိတ်ရောဂါဝေဒနာလက္ခဏာများကို ခံစားရကြောင်း ဖော်ပြကြသည်။ [၈၅]

နိုင်ငံရေးအကျဉ်းသားများအတွက် အရည်အသွေး ညံ့ဖျင်းသော ဆေးဝါးများသာ အကန့်အသတ်ဖြင့် ရရှိနိုင်သည်။ ၁၉၉၀ ခုနှစ်တွင် ပုသိမ်အကျဉ်းထောင်၌ အကျဉ်းကျခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ဗိုက်အောင့်သည့်အတွက် ဆေးတောင်းခဲ့ရာ ထောင်ဝန်ထမ်းက ၄င်း၏ဝမ်းဗိုက်ကို လက်သီးဖြင့်ထိုး၍တုံ့ပြန်ခဲ့ပြီး ဆေးလည်းရရှိခဲ့ခြင်း မရှိဟုဖော်ပြခဲ့ပါသည်။ [၈၆] အမှန်တွင် နိုင်ငံရေးအကျဉ်းသားများသည် မကြာခဏဆိုသကဲ့သို့ ဆေးဝါးကုသပေးရန် ငြင်းဆန်ခံကြရပြီး ပြင်းထန်သည့် အဖျားရောဂါ (ဥပမာ-တီဘီအဆုတ်နာ၊ ၄က်ဖျားနှင့် အဆုပ်ကူးစက်ရောဂါ) ခံစားနေရလျှင်ပင် ဆေးကုသမှု

၈၁။ Dr. Tint Swe, "Political prisoners need health care too" Democratic Voice of Burma (July 6, 2015) <http://bit.ly/1HGD9QF>

၈၂။ AAPP, "Submission to the United Nations Periodic Review of Burma" (January 2011) <http://bit.ly/1UXqo7a>

၈၃။ AAPP, "The Darkness We See: Torture in Burma's Interrogation Centers and Prisons" (December 2005) <http://bit.ly/1CqJ4cH>

၈၄။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01598 (၂၀၁၄ ခုနှစ်၊ ဇွန်လ)

၈၅။ K. Allden & N. Murakami (eds), Trauma and Recovery on War's Border: A Guide for Global Health Workers" (2015) (Dartmouth College Press: New England)

၅၆။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01560 (၂၀၁၄ ခုနှစ်၊ မတ်လ)

မရကြပေ။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားများက ကျန်းမာရေးအတွက် မိသားစုထောင်ဝင်စာကို အားထား၍သာ အဖျားအနာများအတွက် ဆေးဝါးကုသကြရသည်။ ထို့အတွက်ကြောင့် ထောင်ဝင်စာများကို တင်းကျပ်ဟန့်တားသည့်အခါ၊ နိုင်ငံရေးအကျဉ်းသားများကို ၄င်းတို့၏ အိမ်များနှင့်တမင်ဝေးစေရန် ထောင်ပြောင်းပစ်သည့်အခါများတွင် နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအား အထူးထိခိုက်စေပါသည်။

မြန်မာစစ်အစိုးရက ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ("ICRC") ကို အကျဉ်းထောင်များတွင်းသို့ သွားရောက်စစ်ဆေးခွင့်နှင့် အကျဉ်းထောင်များသို့ ဆေးဝါးထောက်ပံ့ပေးခွင့်တို့ ပေးခဲ့သော်လည်းထောင်များသို့ ဆေးဝါးထောက်ပံ့ခွင့်ရသည့်တိုင် အာဏာပိုင်များက ယင်းဆေးဝါးပစ္စည်းများကို အပြင်သို့ ပြန်ရောင်းစားခြင်း သို့မဟုတ် အကျဉ်းသားများထံသို့ ပြန်လည်ရောင်းချခြင်းတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများမှာ ဤသို့ထောက်ပံ့ပေးမှုအား အနည်းငယ်မျှသာခံစားကြရပါသည်။ [၈၇] ICRC ၏ အကျဉ်းထောင်တွင်း ဝင်ရောက်စစ်ဆေးကူညီခွင့်ကို အာဏာပိုင်များက ၂၀၀၅ ခုနှစ်ဒီဇင်ဘာလတွင် ပြန်လည်ပိတ်ပင်ခဲ့ပြန်သည်။ အိုင်စီအာစီ (ICRC) ကို ၂၀၁၁ ခုနှစ်တွင်လုပ်ငန်းများလုပ်ဆောင်ရန် ပြန်လည်ခွင့်ပြုခဲ့သော်လည်း ကန့်သတ်ချက်များဖြင့်သာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး သွားရောက်စစ်ဆေးလိုသည့် ထိန်းသိမ်းရေးစခန်းများအတွက် ခွင့်ပြုချက်ယူရန် လိုအပ်နေသေးသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံအကျဉ်းထောင်များသို့ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ထောက်ပံ့ပေးခဲ့သည်။ [၈၈] သို့သော်လည်း ယခင်အခြေအနေမျိုး ပြန်မရခဲ့ပါ။ အိုင်စီအာစီကို တစ်ဖန်ပြန်လည်ခွင့်ပြုခဲ့သည့် ရလဒ်ကြောင့် နိုင်ငံရေးအကျဉ်းသားများ၏ တိုးတက်လာမှုအခြေအနေကို အကဲဖြတ်ရန် စောလွန်းနေပါသေးသည်။

## ၅-၅ အကျဉ်းသားများအပေါ် မတော်မတရား ပြုမူမှု

ဆိုးရွားသည့် အကျဉ်းထောင်အခြေအနေများကို ရင်ဆိုင်ကြုံတွေ့ကြရသည့်အပြင် နိုင်ငံရေးအကျဉ်းသားများမှာ လူမဆန်သည့် ပြုမူဆက်ဆံမှုများ၊ ထောင်အာဏာပိုင်များ၏ လေးစားမှုမရှိ၊ ဂုဏ်သိက္ခာမရှိ ဆက်ဆံပြုမူမှုများကို စနစ်တကျလုပ်ဆောင်ခြင်းနှင့် ကြုံတွေ့ရပါသည်။ နိုင်ငံရေးအကျဉ်းသား ၆၇% က တုံ့ပြန်ဖြေကြားရာတွင် ၄င်းတို့အနေဖြင့် ထောင်တွင်းတွင် ရိုင်းစိုင်းကြမ်းတမ်းစွာ ဆက်ဆံခံကြရသည်ဟုဆိုကြပါသည်။ နိုင်ငံရေး အကျဉ်းသား ၅၈% က ၄င်းတို့ကို ထောင်သွင်းအကျဉ်းချထားစဉ်အတွင်း လူသားဂုဏ်သိက္ခာကို ချိုးဖောက်သည်ဟု ခံစားကြရသည်ဟု ဆိုပါသည်။ ထောင်အာဏာပိုင်များ၏ ဂုဏ်သိက္ခာချိုးနှိမ်ဆက်ဆံမှုများကို နိုင်ငံရေးအကျဉ်းသားအများက ဖော်ပြကြပြီး ယင်းမှာ ၄င်းတို့၏ လူသားဂုဏ်သိက္ခာချိုးဖောက်စော်ကားခံရမှု အဓိကအကြောင်းအဖြစ် ခံစားကြရသည်ဟု ဆိုကြပါသည်။ ယခုအခန်းတွင် ထောင်အာဏာပိုင်များက တက်ကြွလှုပ်ရှားမှုများကို ပစ်မှတ်ထား၍ ထောင်တွင်း လူ့အခွင့်အရေး ချိုးဖောက်ခဲ့ကြပုံ အဓိကနည်းလမ်းများကို တင်ပြထားပါသည်။

### တိုက်ပိတ်ခြင်း
### (တဦးတည်း အဆက်အသွယ်ဖြတ် ချုပ်နှောင်ထားခြင်း)

ပြစ်ဒဏ်မချမှတ်မီ တရားခွင်စီရင်မှု စောင်းဆိုင်းနေဆဲကာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို တစ်ဦးတည်း ချုပ်နှောင်ထားတတ်ကြသည်။ သို့သော်လည်း အကျဉ်းထောင်တွင် တစ်ဦးတည်းထားခြင်း (တိုက်ပိတ်ခြင်း) ကို ထောင်ဥပဒေများ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးသည့်အနေဖြင့် အများဆုံးအသုံးပြုပါသည်။ ယင်းတို့တွင် အငယ်စားအမူအကျင့် ချိုးဖောက်မှုများနှင့် မသဲကွဲဝေဝါးစွာ ဖွင့်ဆိုထားသော မှားယွင်းသည့် အမူအကျင့်များဟူ၍ ပါဝင်သည်။ မှားယွင်းသည့် အမူအကျင့်ဆိုရာတွင် “ကျင့်ဝတ်နှင့် မလျော်ညီသော၊ မယဉ်ကျေးသော၊ သို့မဟုတ် စည်းကမ်းပျက်ယွင်းသည့် အမူအကျင့်များ”ဟု ဖော်ပြထားပြီး ထောင်ဝန်ထမ်းများ သို့မဟုတ်ဧည့်သည်များအပေါ် မလေးမစားဆက်ဆံမှုများ [၈၉] သို့မဟုတ် “အခြေအမြစ်မရှိဘဲ စောဒကတက်တိုင်ကြားခြင်း”မျိုးဖြစ်သည်။ [၉၀] သြဇာရှိသည့် တက်ကြွလှုပ်ရှားသူများကို ကျန်နိုင်ငံရေးအကျဉ်းသားများနှင့် ခွဲခြားထားရန် ယင်းကိုအသုံးပြုသည်။ ဥပမာအားဖြင့် ၈၈အရေးတော်ပုံတွင် သြဇာကြီးမားသည့် ဦးဆောင်မှုအခန်းကဏ္ဍကြောင့် ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်သည် ၁၆-နှစ်ကြာ တစ်ဦးတည်းတိုက်ပိတ်ချုပ်နှောင်ထားခြင်း ခံခဲ့ရသည်။

တစ်ဦးတည်း ချုပ်နှောင်ထားခြင်း (တိုက်ပိတ်ခြင်း)မှာ အခြားသူများနှင့် အဆက်အသွယ်လပ်ခွင့် မပြုဘဲ အကျဉ်းခန်းငယ်တစ်ခု

---

၈၇။ AAPP, “The Darkness We See: Torture in Burma’s Interrogation Centers and Prisons” (December 2005) <http://bit.ly/1CqJ4cH>

၈၈။ ICRC, “The ICRC in Myanmar” (2015) <http://bit.ly/1SawKim>

၈၉။ အကျဉ်းထောင်လက်စွဲ၊ ပုဒ်မ ၈၀၉ (၄)

၉၀။ အကျဉ်းထောင်လက်စွဲ၊ ပုဒ်မ ၈၀၉ (၅)



From -7A

အတွင်း တစ်နေ့လျှင် ၂၂ နာရီမှာ ၂၄ နာရီကြာ တစ်ဦးတည်း ချုပ်နှောင်ထားရှိခြင်းဖြစ်သည်။[၉၁] မြန်မာနိုင်ငံတွင် တိုက်ပိတ်ခံရသည့် နိုင်ငံရေးအကျဉ်းသားများသည် ရေချိုးဆင်းချိန်မှလွဲ၍ ၎င်းတို့၏ အခန်းကျဉ်းထဲတွင်ပင် နေကြရသည်။ ရေချိုးချိန်ထုတ်သည်မှာလည်း တစ်နေ့လျှင် မိနစ် ၃၀ ထက်မပိုပေ။ တိုက်ပိတ်သည့် အခန်းများမှာ ပုံမှန်အကျဉ်းခန်းများထက် ပိုမိုဆိုးရွားညစ်ပတ်နေတတ်သည်။ ထို့ပြင် အကျဉ်းသားကိုတိုက်ပိတ်၍ တစ်ဦးတည်းထားစဉ်တွင် သံခြေကျင်းလည်း ခတ်ထားတတ်သည်။ အကျဉ်းထောင်လက်စွဲအရ အကျဉ်းသားကို တစ်ဦးတည်း တိုက်ပိတ်ကာ အများဆုံး ၁၄ ရက်ထက် ပို၍မထားရဟု ဆိုထားပါသည်။[၉၂] ယင်းနောက်တွင် အကျဉ်းသားများကို ပုံမှန်အခန်းသို့ အနည်းဆုံး သတ်မှတ်သည့်အတူကာလကို ပြန်ထားရန်လိုအပ်သည်။ ပြစ်ဒဏ်ပေးရန် ထပ်၍လိုအပ်ပါက နောက်မှသာတစ်ဦးတည်းချုပ်နှောင်သည့် တိုက်ပိတ်ခန်းသို့ ပြန်ထားနိုင်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ထောင်အာဏာပိုင်များက ထိုစည်းမျဉ်းများကို လိုက်နာရန်ပျက်ကွက်ကြပြီး ၎င်းတို့ကို ကာလကြာရှည် တိုက်ပိတ်ထားခံရကြောင်း နိုင်ငံရေးအကျဉ်းသားအများစုက ဖော်ပြကြပါသည်။ ဥပမာအားဖြင့်- နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးမှာ တစ်နှစ်ခွဲကြာတစ်ဦးတည်း တိုက်ပိတ်ချုပ်နှောင်ထားခံခဲ့ရသည်။[၉၃] စစ်တမ်းဖြေဆိုသူ နိုင်ငံရေးအကျဉ်းသားများထဲမှ ၃၂% က ၎င်းတို့ကို အကျဉ်းချထားစဉ်ကာလအတွင်း အနည်းဆုံးတစ်ကြိမ် တိုက်ပိတ်ခံခဲ့ရသည်ဟု ဖော်ပြကြသည်။ ၇၃% မှာ ထိုသို့တိုက်ပိတ်ထားခံရချိန်တွင် ကျန်းမာရေးလည်း ဆိုးရွားနေကြောင်း ဖော်ပြကြပါသည်။

တိုက်ပိတ်သည့် အကျဉ်းခန်းများသည် များသောအားဖြင့်ပုံမှန်အခန်းထက်ကျဉ်းပြီး အလင်းရောင်နည်းသည်။ သို့သော် နိုင်ငံရေးအကျဉ်းသားများကို တိုက်ပိတ်ထားသည့်အခါမျိုးတွင် လုံးဝမှောင်ပိန်းနေသည့် အမှောင်ခန်းတွင် ထားတတ်ကြသည်။ ယင်းကို အနိမ့်ဆုံးစံနှုန်းများ (SMRs)က တားမြစ်ထားပါသည်။[၉၄] အချုပ်ခန်း၏သံတိုင်များကို အပြည့်ကာ၍ နိုင်ငံရေးအကျဉ်းသားကို ပြင်ပသို့ လုံးဝမမြင်ရအောင်ပိတ်လှောင်ထားသည့်အတွက် အခြားသူများကိုမမြင်ရသောကြောင့် အထီးကျန်ဖြစ်မှုကို ပို၍ပြင်းထန်စေပါသည်။ နိုင်ငံရေးအကျဉ်းသားများကို တိုက်ပိတ်ခန်းမှ ရေချိုးဆင်းစေသည့်အခါတွင်ပင် အခြားနိုင်ငံရေးအကျဉ်းသားများနှင့် မဆက်သွယ်နိုင်စေရန်၊ တစ်ဦးနှင့်တစ်ဦးမမြင်ရစေရန် အခြားအခန်းများ၏ သစ်သားတံခါးများကို ပိတ်ထားတတ်ကြသည်။ အခန်း၏သံတိုင်များအောက်မှ ထမင်းပန်းကန်ကိုလျှောသွင်းပေး၍ ကျွေးမွေးလေ့ရှိသည်။ ထိုအခါအစာများဖိတ်စင်၍ စား၍မရနိုင်သည်လည်း ဖြစ်တတ်သည်။ ထို့ပြင် တိုက်ပိတ်ခံရသည့် အချို့သူများကို ပြစ်ဒဏ်ပေးသည့်အနေဖြင့် "ကော်" ကျွေးသည်လည်း ရှိတတ်သည်။

ညှဉ်းပန်းနှိပ်စက်မှုများ ကာကွယ်တားဆီးရေး ဥရောပကော်မတီကတစ်ဦးတည်း ချုပ်နှောင်ထားခြင်းကို မှတ်ချက်ပြု ထားရာတွင် "သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် အန္တရာယ်ရှိစေသော နောက်ဆက်တွဲများဖြစ်စေနိုင်သည် [ယင်းသည်] အချို့သော အခြေအနေများတွင် လူသားမဆန်သည့်၊ ချိုးနှိမ်ဆက်ဆံသည့် ပြုမူမှုအဖြစ် သက်ရောက်စေနိုင်သည်။ မည်သည့်အခါမဆို တစ်ကိုယ်တည်းချုပ်နှောင်ခြင်းသည် ဖြစ်နိုင်သမျှ အတိုတောင်းဆုံး ဖြစ်စေရမည်"[၉၅]ဟု ဖော်ပြထားသည်။ ထို့အပြင် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်းကြုတ်၊ လူမဆန်သည့် ပြုမူဆက်ဆံမှုများ၊ လူသားဂုဏ်သိက္ခာကို ကျဆင်းစေသည့်ပြုမူမှုများ၊ အပြစ်ပေးမှုများနှင့်ပတ်သက်သည့် ကုလအထူးကိုယ်စားလှယ်က ကာလကြာရှည်တစ်ကိုယ်တည်းချုပ်နှောင်ထားမှုကို တားမြစ်ရန် တောင်းဆိုထားပြီး "ညှဉ်းပန်းနှိပ်စက်မှုအဖြစ် သက်ရောက်စေသည်"ဟု ဖော်ပြထားသည်။[၉၆] (၁၅-ရက် ထက်ပို၍) ကာလကြာရှည် တစ်ကိုယ်တည်း ထိန်းသိမ်းခံရသော အကျဉ်းသားသည် ဦးနှောက်လုပ်ငန်းများ ပြောင်းလဲမှုများတွေ့ကြုံရပြီး ပြန်ပြင်ဆင်ကုသ၍ မရနိုင်သည့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဘေး ဖြစ်စေနိုင်ပါသည်။

သုတေသနများက ဖော်ပြကြရာတွင် စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်ပေးမှုဝန်းကျင် မရှိခြင်းနှင့် တစ်ဦးတည်း ချုပ်နှောင်ထားစဉ် လူမှုရေးအရ အထီးကျန်ခြင်းတို့ကြောင့် စိတ်ပိုင်းဆိုင်ရာကို ဆိုးကျိုးကြီးစွာသက်ရောက်စေသည်။ ပြင်းထန်သည့် ဖြစ်ရပ်အများတွင် ရူးသွပ်သည် (psychosis)အထိပင် ဖြစ်စေသည်။ စိတ်ဓာတ်ကြံ့ခိုင်သည့် အကျဉ်းသားများသည်ပင် ကာလကြာရှည်တိုက်ပိတ်ခံရသည့်အခါ၊ ဤသို့တိုက်ပိတ်မှုကိုအာဏာပြအနိုင်ကျင့် ခြိမ်းခြောက်မှုအဖြစ် ကျင့်သုံး

---

၉၁။ Shalev S., A Sourcebook On Solitary Confinement (London: Mannheim Center for Criminology) (2008) p.3

၉၂။ အကျဉ်းထောင် လက်စွဲ၊ ပုဒ်မ ၈၁၁ (၈)

၉၃။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00358 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၉၄။ SMRs, Rule 31 <http://bit.ly/1LESAtl>

၉၅။ ညှဉ်းပန်းနှိပ်စက်မှုကာကွယ်ပေးရေးကော်မီတီ၊ "The CPT Standards: "Substantive" sections of the CPT's General Reports" (2006) p.20 <http://bit.ly/1JR026g>

၉၆။ United Nations, General Assembly, "Interim report of the Special Rapporteur of the Human Rights Council on torture and other cruel, inhuman or degrading treatment or punishment" (August 2011) <http://bit.ly/1iceeGf>

သည့်အခါ စိတ်ပိုင်းဆိုင်ရာနာကျင်မှုများ ခံစားကြရသည်။[၉၇] စိတ်ဓာတ်ခိုင်မာသည့် နိုင်ငံရေးအကျဉ်းသားများကိုထောင်ဝန်ထမ်းများက သတ်မှတ်ဖော်ထုတ်၍ စိတ်ဓာတ်ကို ရိုက်ချိုးရန် တစ်ဦးတည်း တိုက်ပိတ်ချုပ်နှောင်တတ်သည်။ ဤသို့ပြုမူမှုများသည် နိုင်ငံရေးအကျဉ်းသားအပေါ် အာဏာပြခြင်းနှင့် ခြိမ်းခြောက်ခြင်းတစ်စိတ်တစ်ပိုင်းဖြစ်ရာ အနည်းအကျဉ်း စည်းကမ်းပျက်ယွင်းရုံ၊ အမှုအကျင့် ပြဿနာမျှနှင့် တိုက်ပိတ်ခံကြရပါသည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားများမှာ မတရား အကျဉ်းချခံရသည့် အခြေအနေတွင် နောက်ထပ် အတင်းအကျပ်ပြစ်ဒဏ်ပေးခံရပြန်ရာ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများ ဖြစ်စေပါသည်။ ထို့အပြင်၊ အအိပ်အနေခက်ခဲခြင်းများ၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်းနှင့် မှတ်ဉာဏ်လစ်ဟင်းခြင်း‥ စသည့် တစ်ကိုယ်တည်း ချုပ်နှောင်ထားမှုကြောင့် ဖြစ်ပွားသည့် ရေရှည်ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။ ထို့အတွက်ကြောင့် အကျဉ်းသားက လွတ်မြောက်ပြီးနောက် လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းမှုအတွက်ကြိုးစားရာတွင်လည်း ကြီးလေးသည့် နောက်ဆက်တွဲပြဿနာများ ဖြစ်စေသည်။[၉၈]

အချို့သော နိုင်ငံရေးအကျဉ်းသားက အင်းစိန်ထောင်အတွင်း စစ်ခွေးတိုက်ဟုခေါ်သည့် ပြစ်ဒဏ်တိုက်တွင် တိုက်ပိတ်ခံရသည့်အတွေ့အကြုံကို ဖော်ပြကြသည်။ ယင်းမှာ နောက်ထပ်အပြစ်ပေးပုံတစ်မျိုးဖြစ်သည်။ အင်းစိန်ထောင်တွင်သာ စစ်ခွေးတိုက်ကို အထူးပြစ်ဒဏ်ပေးမှုအဖြစ်ထားရှိပြီး မူလကဗြိတိသျှကိုလိုနီလက်ထက်တွင် စစ်ခွေးများထားရှိရန် ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ခွေးများကို အကျဉ်းသားများနှင့်အတူ မထားရှိသော်လည်း ၁၉၈၈ ခုနှစ်မှစတင်၍ စစ်ခွေးတိုက်အားပြစ်ဒဏ်တိုက်အဖြစ် ယခုထိတိုင်အသုံးပြုနေဆဲဖြစ်သည်။ များသောအားဖြင့် ထောင်အခွင့်အရေးများတောင်းဆိုသူများကို သို့မဟုတ် အစာအငတ်ခံဆန္ဒပြကြသူများကို စစ်ခွေးတိုက်ပို့ကာ ပြစ်ဒဏ်ပေးတတ်ကြသည်။[၉၉] များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပြစ်ဒဏ်ပေးမှုအစိတ်အပိုင်းတစ်ခုအနေဖြင့် ပြင်းထန်စွာရိုက်နှက်၊ နှိပ်စက်ကြပြီး စစ်ခွေးတိုက်သို့ ပို့ကြသည်။ ဤအခန်းများသည် အင်းစိန်ထောင်ရှိ အခြားသော အချုပ်ဆောင်များ၊ တိုက်များနှင့် ဝေးကွာသောကြောင့် စစ်ခွေးတိုက်တွင် မည်သို့ဖြစ်နေသည်ကို မည်သူမျှ မကြားနိုင်ကြပေ။ စစ်ခွေးတိုက်အခန်းများမှာ ၁၀ ပေပတ်လည်မျှသာကျယ်ပြီး သဘာဝအလင်းရောင်မရှိ မှောင်မဲနေကာ မီးသီးငယ်မှ အလင်းရောင်မှုန်ပျပျသာရှိကြသည်။ စစ်ခွေးတိုက်အခြေအနေမှာ ဆိုးရွားပြင်းထန်ပြီး တိုက်ပိတ်ရာတွင်သုံးသည့် အခြားတိုက်များထက် ကန့်သတ်ချုပ်ချယ်မှု ပိုတင်းကျပ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက စစ်ခွေးတိုက်တွင်သံခြေကျင်းခတ်၍ ရေချိုးခွင့်မပြု၊ မိလ္လာချ ဆေးကြောခွင့်မပြုသဖြင့် လောက်တဖွားဖွား ဆိုးရွားလှသည့် အခြေအနေတွင် ၆-လကြာ နေထိုင်ခဲ့ရသည်ဟု ဖော်ပြပါသည်။[၁၀၀]

မြန်မာနိုင်ငံရှိ ထောင်တွင်းပြစ်ဒဏ်ပေးသည့် အခန်းများသည် အကျဉ်းသားတစ်ဦးအတွက်သာ ရည်ရွယ်ထားသော်လည်း များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများ များပြားသည့် အခြေ အနေကြောင့် တစ်ခန်းတည်းတွင် လူများစွာ ချုပ်နှောင်ခြင်းသို့မဟုတ် နိုင်ငံရေးအကျဉ်းသားများအား စိတ်ဒုက္ခရောက်စေရန် တစ်ခန်းတည်းတွင် ရာဇဝတ်သား လူဆိုးများနှင့်အတူချုပ်နှောင်ထားလေ့ရှိပါသည်။ ဤသို့ တိုက်ပိတ်ခြင်းကို တစ်ကိုယ်တော်တိုက်ပိတ်ခြင်းမဟုတ်ဟု ဆိုနိုင်သော်လည်း နိုင်ငံရေးအကျဉ်းသား ၂၉% က သူတို့ကို တိုက်ပိတ်ထားစဉ် အခြားသော အကျဉ်းသားနှင့်အတူ နေထိုင်ခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အတွက်ကြောင့်ဖြေဆိုသည့် နိုင်ငံရေးအကျဉ်းသား တစ်ဝက်ကျော်မှာ အကျဉ်းကျနေစဉ်အတွင်း တစ်ချိန်မဟုတ်တစ်ချိန် တိုက်ပိတ်သည့် ပြစ်ဒဏ်ပေးအခန်းများတွင် နေထိုင်ခဲ့ကြရသည်။

## အလုပ်ကြမ်းခိုင်းစေခြင်း

နိုင်ငံရေးအကျဉ်းသားများ၏ ၅၃% က မတရားအကျဉ်းချခံရသည့်အပြင် အလုပ်ကြမ်းပါတွဲ၍ ပြစ်ဒဏ်ချခံကြရကြောင်း ဖော်ပြကြသည်။ ယင်းသို့သော ပြစ်ဒဏ်ချမှတ်မှုမျိုးကို ယနေ့တိုင်လုပ်ဆောင်နေဆဲဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများအပေါ် ချမှတ်ခိုင်းစေလေ့ရှိသော အလုပ်ကြမ်း၏ သဘာသဘာဝမှာ၊ ထောင်နေရာအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ အကျဉ်းသားများက ထောင်အာဏာပိုင်များကို လာဘ်ပေး၍ အလုပ်ကြမ်းလုပ်ရခြင်းမှ ရှောင်ရှားနိုင်သည်လည်းရှိသည်။ နိုင်ငံရေးအကျဉ်းသားများမှာမူ လာဘ်ပေးလေ့မရှိသဖြင့် နိုင်ငံရေးအကျဉ်းသားများကို ဥပမာအားဖြင့် ရေပုံးများ၊

---

၉၇။ Grassian S., "Psychiatric Effects of Solitary Confinement", Washington University Journal of Law & Policy, Vol. 22 (January 2006) <http://bit.ly/1gpHf5C>

၉၈။ Ibid

၉၉။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International), "Burma: prisoners kept in ]dog cages] after protests" (June 2011) <http://bit.ly/1HhtXRr>

၁၀၀။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00908 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

ဆန်အိတ်များ သယ်စေခြင်း၊လက်သမားလုပ်ငန်း၊ မိလ္လာအညစ်အကြေးများ ဆေးကြောသုတ်သင်ရသည့်အလုပ်ကဲ့သို့သော အလုပ်မျိုးကို ခိုင်းစေလေ့ရှိသည်။ [၁၀၁]

အလုပ်ကြမ်းစခန်း (ရဲဘက်စခန်း) သို့ ပို့ခံရသူ အကျဉ်းသားများကို အမျိုးမျိုးသော နိုင်ငံတော်ဖွံ့ဖြိုးရေး စီမံကိန်းများတွင် တာဝန်ပေးတတ်ကြသည်။ များသောအားဖြင့် အန္တရာယ်များပြီး၊ စခန်းတွင် စားနပ်ရိက္ခာ၊ အဝတ်အစားနှင့် ဆေးဝါးထောက်ပံ့မှု ရှားပါးခြင်း၊ "အသက်အန္တရာယ်ရှိလောက်အောင်"အခြေအနေများနှင့်ကြုံတွေ့ကြရသည်။ [၁၀၂] (AAPP) ၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် အကျဉ်းဦးစီးဌာနအောက်၌ စိုက်ပျိုးမွေးမြူရေးစခန်း ၃၃ခု (ယင်းတို့တွင် အကျဉ်းသားများကို အပင်များစိုက်စေခြင်း၊ ရေသွင်းတူးမြောင်းများ တူးစေခြင်းကို အတင်းအကျပ် ခိုင်းစေကြသည်) ကျောက်ထုတ်လုပ်ရေးစခန်း ၂၆-ခု (ယင်းတွင်ကျောက်ထုရခြင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းအတွက် အခြားပစ္စည်းများထုတ်လုပ်ကြရသည်)၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း ၄၄ ခု (ယင်းတို့တွင် ထောင်သားများကို အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရာတွင်သုံးသည်)၊ (ပေါ်တာထုတ်သည့်) စစ်ဝန်ထမ်းစခန်းများ (ယင်းတို့တွင် အကျဉ်းသားများကို မြန်မာ စစ်တပ်က တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအပေါ် စစ်ဆင်ရေးများ၌ ရှေ့တန်းစစ်စခန်းများတွင် ပေါ်တာများအဖြစ် အသုံးပြုကြသည်။) [၁၀၃] အပါအဝင် အနည်းဆုံးအလုပ်ကြမ်းစခန်း ၁၀၃ ခု ရှိပါသည်။

အကျဉ်းထောင်လက်စွဲတွင် လုပ်ငန်းခွင်အခြေအနေများနှင့် အကျဉ်းသားများအတွက် အလုပ်ချိန်ကန့်သတ်ချက်များ ဖော်ပြထားသော်လည်း ယင်းတို့ကို များသောအားဖြင့် လျစ်လျူရှုထားကြပါသည်။ အကျဉ်းသားများကို အနားယူချိန်မပေးဘဲ ကာလကြာရှည် ခိုင်းစေကြသည်။ ဆိုးရွားသော ရာသီဥတုများတွင် ဖြစ်စေ၊ သံချိန်းကြိုးများ ခတ်ထားလျက်ဖြစ်စေ ခိုင်းစေကြသည်။ ဆိုးရွားသည့် အခြေအနေအောက်တွင် နိုင်ငံရေးအကျဉ်းသားများကို အလုပ်ကြမ်းစခန်းများတွင် အတင်းအကျပ် လုပ်ကိုင်စေသည်။ ထို့အတွက်ကြောင့် ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရမှု၊ နောက်ဆုံးသေဆုံးမှုပင် ဖြစ်ပေါ်စေသည်။ ကျောက်ထုတ်လုပ်ရေးစခန်းများမှာနာမည်ဆိုးဖြင့် အထူးကျော်ကြားပြီး ကျောက်တုံးများပြုတ်ကျသည့် မတော်တဆမှုများကြောင့် လူအများသေဆုံးရသည်အထိ အန္တရာယ်ရှိသည်။ ကချင်ပြည်နယ် မြစ်ကြီးနား အလုပ်ကြမ်း

**အမျိုးသမီးနိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက မအူပင်အကျဉ်းထောင်တွင် ကလေးမွေးဖွားခဲ့ရာ ထောင်အာဏာပိုင်များက သူမကိုကူညီရန်အတွက် ဆရာဝန်ခေါ်ပေးရန် ငြင်းဆိုခဲ့ကြသဖြင့် ၎င်း၏သမီးငယ်ကို လက်သည်အကူအညီမပါဘဲ မွေးဖွားခဲ့ရပါသည်။ ကလေးမွေးဖွားပြီးနောက်ပိုင်းတွင်ပင် ၎င်းအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အပိုဆောင်းအစာပေးရန် ငြင်းပယ်ခဲ့ကြပါသည်။ ၎င်းကိုပေးသည်မှာ ကလေးကိုထုတ်ပိုးရန် အဝတ်စုတ်များသာ ဖြစ်ပါသည်။**

စခန်းသို့ အပို့ခံရသည့် နိုင်ငံရေးအကျဉ်းသား ၅၃ ဦးအနက် တစ်ဦးမှာ ဂလိုင်ချောင် ရေအားလျှပ်စစ်စီမံကိန်းတွင် အလုပ်ခိုင်းစေခံရပြီး ထိုနေရာတွင်ပင်သေဆုံးခဲ့ရသည်။ [၁၀၄] ၁၉၈၈ ခုနှစ်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀-နှစ် ပြစ်ဒဏ်ချမှတ်ခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးမှာ မွန်ပြည်နယ် ဇင်းကျိုက်မြို့နယ်ရှိ အလုပ်ကြမ်းစခန်းသို့ ပို့ဆောင်ခံရကာ ကျောက်ထုတ်လုပ်ရေးစခန်းတွင် ကျောက်တုံးများထုရန် ခိုင်းစေခံခဲ့ရသည်။ ထိုစခန်းတွင်ရှိစဉ် ခြေထောက်ပေါ် ကျောက်တုံးပြုတ်ကျပြီး ခြေထောက်ဖြတ်ပစ်ခဲ့ရသည်အထိ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ [၁၀၅] စစ်တပ်အတွက်ပေါ်တာအဖြစ်အတင်းအကျပ် ခိုင်းစေခြင်းမှာလည်း နောက်ထပ်အလားတူ အန္တရာယ်များသော အခြေအနေမျိုးပင်ဖြစ်သည်။ ပေါ်တာအကျဉ်းသားများကိုစစ်သားများအတွက် လူသားဒိုင်းအဖြစ် အကာအကွယ်အတွက်အသုံးပြုသလို မိုင်းရှင်းရန်အတွက် မိုင်းကွင်းများထဲ ဖြတ်လျှောက်စေသည်လည်း ရှိတတ်သည်။ [၁၀၆]

---

၁၀၁။ AAPP, "မြန်မာနိုင်ငံတွင် အကျဉ်းသားများကို အစေ့ခိုင်းစေမှု" (၂၀၀၂ ခုနှစ်) p. 1 <http://bit.ly/1dNQkmY>

၁၀၂။ အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ "၂၀၁၂ ခုနှစ်လူ့အခွင့်အရေးအစီရင်ခံစာ" <http://1.usa.gov/1W52E3D>

၁၀၃။ Ibid p.2

၁၀၄။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/01642 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၀၅။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00688 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၀၆။ Karen Human Rights Group, "From Prison to the Frontlines: Analysis of Convict Porter Testimony 2009 – 2011" (July 2011)

အကယ်၍ အကျဉ်းသားက သတ်မှတ်ထားသည့် အလုပ်သတ်မှတ်ချက် မပြည့်မီပါက သို့မဟုတ် ပြုမူဆက်ဆံပုံအပေါ် စောဒကတက်ပါက ရိုက်နှက်ခြင်း၊ နောက်ထပ်အလုပ်များ ခိုင်းစေခြင်းကဲ့သို့သော ပြင်းထန်သည့် ပြစ်ဒဏ်များ အပေး ခံရတတ်သည်။ အလုပ်ကြမ်းလုပ်ရန် ငြင်းဆိုသော၊ ယင်းသို့ပြစ်ဒဏ်ချမှတ်ခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးသည် နေရာတွင်ပင် ပုံလဲကျသည်အထိ ရိုက်နှက်ပြစ်ဒဏ်ပေးခံရကာ နောက်ပိုင်းတွင်တိုက်ပိတ်ထားခံခဲ့ရသည်။ [၁၀၇]

## ထောင်ဝင်စာတွေ့ခြင်း

အကျဉ်းထောင်ဥပဒေတွင်ရော ထောင်လက်စွဲတွင်ပါ အကျဉ်းသားများအတွက် ထောင်ဝင်စာတွေ့ခွင့်ကို အာမခံထားပါသည်။ အကျဉ်းထောင်လက်စွဲတွင် ခွင့်ပြုထားရာ၌ မိသားစုနှင့် တစ်လလျှင်နှစ်ကြိမ်အထိ တွေ့ဆုံခွင့် ခွင့်ပြုထားပါသည်။ [၁၀၈] အကျဉ်းသားများအပေါ် ပြုမူရမည့် အနိမ့်ဆုံးစံနှုန်းများ (SMRs) ကလည်း အကျဉ်းသားများကို မိသားစုများ၊ ယုံကြည်အားထားရသည့် မိတ်ဆွေများနှင့် ပုံမှန်အချိန်ပိုင်းခြားတစ်ခုအရ တွေ့ဆုံခွင့်ပြုသင့်သည်ဟုပြဋ္ဌာန်းထားပါသည်။ [၁၀၉] သို့သော်လည်း နှီးနှော ယှဉ်ဖော်ပြရလျှင် နိုင်ငံရေးအကျဉ်းသားများ၏ သုံးပုံတစ်ပုံ (၃၇%) က တုံ့ပြန်ဖြေဆိုကြရာ၌ ၎င်းတို့ကို မိသားစုများနှင့် ပုံမှန်ထောင်ဝင်စာတွေ့ဆုံရန် ခွင့်မပြုခဲ့ဟုဆိုကြပါသည်။ ထောင်အာဏာပိုင်များက "လုံခြုံရေး"အား အကြောင်းပြချက်အဖြစ်အသုံးပြုကာ ပိတ်ပင်လေ့ရှိသည့်အပြင် ထောင်ဝင်စာပိတ်ခြင်းအား ပြစ်ဒဏ်ချမှတ်မှု တစ်ခုအနေဖြင့်ပါအသုံးပြုကြပါသည်။ [၁၁၀]နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးက အင်းစိန်ထောင်တွင် ထိန်းသိမ်းခံထားရစဉ်က တစ်နှစ်ပတ်လုံး ထောင်ဝင်စာတွေ့ခွင့် ငြင်းပယ်ခံခဲ့ရသည်ဟု ဆိုပါသည်။ [၁၁၁]

ထို့အပြင် နိုင်ငံရေးအကျဉ်းသားများကို ၎င်းတို့နေထိုင်ရာ မိသားစုရှိရာမြို့နှင့် ဝေးလံသည့် အကျဉ်းထောင်များသို့ ပို့ကြသည်။ ထို့အတွက်ကြောင့် မိသားစုဝင်များကထောင်ဝင်စာသွားတွေ့ရန် ခရီးစားရိတ်၊ ဝေးကွာသည့် ခရီးကြောင့် အချိန်ကုန်မှုများ၊ အခက်အခဲများအား ရင်ဆိုင်ကြရသဖြင့် ချုပ်နှောင်ခံထားရသည့် ချစ်ခင်သူ၊ ဆွေမျိုးများနှင့် ပုံမှန် ထောင်ဝင်စာမတွေ့ဆုံနိုင်ဖြစ်ရသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများကို မိသားစုနှင့်တွေ့ဆုံခွင့်ပြုသည့်တိုင် အချိန်ကို လျှော့ချတတ်ပြီး ထောင်ဝန်ထမ်းများက အနီးကပ်စောင့် ကြည့်နေတတ်သည်။ ဖြေဆိုကြသည့် နိုင်ငံရေးအကျဉ်းသားများ၏ ၉၀% က ၎င်းတို့ကို မိသားစုနှင့် ထောင်ဝင်စာတွေ့ခွင့်ပြုရာ၌ လုံလောက်သော အချိန်မပေးဟု ခံစားကြရကြောင်းနှင့် ၉၁% သော နိုင်ငံရေးအကျဉ်းသားများက ဆွေမျိုးများနှင့် ထောင်ဝင်စာတွေ့စဉ် ကာလအတွင်း လွတ်လပ်စွာ ဆက်သွယ်ပြောဆိုခွင့် မပြုကြောင်း ဖော်ပြကြပါသည်။

ဆွေမျိုးသားချင်းများကို ကာလကြာရှည် မတွေ့ဆုံရသည့် စိတ်ခံစားမှုဆိုင်ရာ သက်ရောက်မှုများအပြင်၊ မိသားစုများ ထောင်ဝင်စာတွေ့ရန် ငြင်းပယ်ခံရသောကြောင့် နိုင်ငံရေးအကျဉ်းသားများအပေါ် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများဖြစ်ပေါ်စေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအကျဉ်းသားများမှာ များသောအားဖြင့် မိသားစုများထံမှပေးပို့လာသော အစားအသောက်နှင့် ဆေးဝါးများအပေါ် မှီခိုအားထားနေကြရပါသည်။ နိုင်ငံရေးအကျဉ်းသားများမှာ မိသားစုများထံမှသာ ယခုကဲ့သို့ မရှိမဖြစ်လိုအပ်သော ပစ္စည်းများ ရရှိနိုင်ကြသည်။ ထောင်အာဏာပိုင်များက ထောင်ဝင်စာပစ္စည်းများကို ခွင့်ပြုပေးသည့်တိုင် အချို့ကိုသိမ်းဆည်းခြင်း ဖြတ်ယူခြင်းများ ပြုတတ်ကြသဖြင့် ရံဖန်ရံခါ အချို့သောထောင်ဝင်စာပစ္စည်းများမှာ ပျက်စီး၊ ပျောက်ဆုံးနေတတ်ကြသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ၆၆% က ထိုသို့ ပစ္စည်းသိမ်းယူခံရခြင်း၊ ထောင်ဝင်စာထုပ် ကန့်သတ်ခံရခြင်းများ တွေ့ကြုံကြရသည်ဟု ဖော်ပြကြသည်။

## အမျိုးသမီးအကျဉ်းသားများအပေါ် မတော်မတရားပြုမူမှုများ

အကျဉ်းချခံထားရချိန်တွင် အမျိုးသားနှင့်အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ အားလုံးသည် ညှဉ်းပန်းနှိပ်စက်မှုများနှင့် အခြားသော မတော်မတရားပြုမူမှုများကို ခံစားကြရပါသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ စော်ကားခံရမည်ဟူသော ခြိမ်းခြောက်မှုသည် စစ်ကြောရေးလုပ်ဆောင်သူများ၏ ပြောကြားချက်များတွင် အတိအလင်းပါဝင်နေတတ်ကြပြီး အမျိုးသမီးများအတွက် နစ်နာခံစားမှုနှင့်ကြောက်ရွံ့မှုကိုဖြစ်စေပါသည်။ [၁၁၂]

---

၁၀၇။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00509 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၁၀၈။ အကျဉ်းထောင်အက်ဥပဒေ၊ ပုဒ်မ ၄၀၊ အကျဉ်းထောင်လက်စွဲ၊ ပုဒ်မ ၇၉၀၊ ၇၉၀ (၁)၊ ၇၈၁၊

၁၀၉။ SMRs, Rule 37 <http://bit.ly/1LESAtl>

၁၁၀။ AAPP, "Submission to the United Nations Periodic Review of Burma," 5; AAPP, "The Situation of Political Prisoners In Burma: May to August 2011," 3.

၁၁၁။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00656 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၁၂။ AAPP, "မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ"၊ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ) <http://bit.ly/1Mhbl5g>

လိင်ပိုင်းဆိုင်ရာစော်ကားမှုများအပြင် အမျိုးသမီးနိုင်ငံရေး အကျဉ်းသားများသည် မျိုးပွားမှုလိင်ပိုင်းဆိုင်ရာဘေးအန္တရာယ်များနှင့်လည်း ရင်ဆိုင်ကြရပါသည်။ စစ်တမ်းတွင်ပါဝင်ဖြေဆိုခဲ့သည့် အမျိုးသမီး နိုင်ငံရေးအကျဉ်းသား ၁၄၁ ဦးအနက် အများက အကျဉ်းထောင်အတွင်း ကြုံခဲ့ရသည့် ဤသို့သောအခက်အခဲများကိုဖော်ပြခဲ့ကြပါသည်။ အကျဉ်းထောင်လက်စွဲတွင် အမျိုးသမီးနှင့်အမျိုးသားအကျဉ်းသားများကို ခွဲခြား၍ထိန်းသိမ်းရမည်ဟု အတိအလင်းဖော်ပြထားသော်လည်း မကြာခဏဆိုသကဲ့သို့ အမျိုးသမီးများကို အမျိုးသားအကျဉ်းသားများအကြား (တဆောင်တည်းတွင် အခန်းခွဲထားခြင်း)တွင် ထိန်းသိမ်းထားတတ်ပါသည်။ [၁၁၃] အင်းစိန်အကျဉ်းထောင်ရှိ အမျိုးသားများထားသည့် အခန်းများအကြား အချုပ်ခန်းတစ်ခုတွင် ထိန်းသိမ်းခံခဲ့ရကြောင်း NLD အဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ဖော်ပြပါသည်။ “အမျိုးသားများက အစဉ်သွားလာဖြတ်သန်းနေကြ၍” [၁၁၄] ၄င်းအတွက်အလွန်အကျုးအနေအထိုင် ခက်စေသည်ဟု ဖော်ပြပါသည်။

ထောင်အာဏာပိုင်များက ကိုယ်ဝန်သည် အမျိုးသမီးနိုင်ငံရေး အကျဉ်းသားများကို ပုံမှန်ကဲ့သို့လျစ်လျူရှုလေ့ရှိကြပါသည်။ နိုင်ငံရေးအရထိန်းသိမ်းခံထားရသူ အမျိုးသမီးအချို့တွင် ဖမ်းဆီးခံရသည့်အချိန်၌ ကိုယ်ဝန်ရှိနေကြပြီး ထောင်ထဲတွင်မီးဖွားကြရရာ မိခင်အတွက်နှင့် ကလေးအသက်အတွက်ပါအန္တရာယ်ကြီးစွာ ကြုံတွေ့ရပါသည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများမှာ ကိုယ်ဝန်အရင့်အမာကာလတွင်ပင် ဆေးဝါးကုသမှု အလုံအလောက်မရရှိဘဲ ကလေးမွေးဖွားပြီးနောက် ဒဏ်ရာအနာတရများကို ရင်ဆိုင်ကြရသည့်အပြင် မီးဖွားပြီးနောက်ပိုင်း စောင့်ရှောက်ပေးခြင်းနှင့် ကလေးအတွက် လုံလောက်သည့် အထောက်အပံ့ အရင်းအမြစ်များကိုလည်း ငြင်းပယ်ခံကြရပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားအများစု ခံစားကြရသည့် အာဟာရချို့တဲ့မှုကြောင့် မွေးဖွားပြီးနောက် ကလေးနို့တိုက်ရန် နို့မထွက်သည်အထိ ပြဿနာရှိလာစေသည်။ [၁၁၅] အမျိုးသမီးနိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက မအူပင်အကျဉ်းထောင်တွင် ကလေးမွေးဖွားခဲ့ရာ ထောင်အာဏာပိုင်များက သူမကိုကူညီရန်အတွက် ဆရာဝန်ခေါ်ပေးရန် ငြင်းဆိုခဲ့ကြသဖြင့် ၄င်း၏သမီးငယ်ကို လက်သည် အကူအညီမပါဘဲ မွေးဖွားခဲ့ရပါသည်။ ကလေးမွေးဖွားပြီး နောက်ပိုင်းတွင်ပင် ၄င်းအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အပိုဆောင်းအစာပေးရန် ငြင်းပယ်ခဲ့ကြပါသည်။ ၄င်းကိုပေးသည်မှာ ကလေးကိုထုပ်ပိုးရန် အဝတ်စုတ်များသာ ဖြစ်ပါသည်။ ထောင်တွင်း ၁၁-လကြာ နေထိုင်ခဲ့ရပြီးပြန်လွတ်သည့်အချိန်တွင် ကလေးမှာ ၃-လအရွယ်ရှိနေပြီ ဖြစ်ပြီး ပြန်လွတ်ပြီး ၁၅-ရက် အကြာတွင် ကလေးသေဆုံးခဲ့သည်။ [၁၁၆] သေဆုံးရသည့်အကြောင်းအရင်းကို အတိအကျ မသိရှိရသော်လည်း၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု အစဉ်တစိုက်ငြင်းပယ်ခဲ့ခြင်း၊ ကလေးအတွက် အခြားထောက်ပံ့ပေးမှုများ မရှိခြင်းအပြင်၊ ဆိုးရွားသည့် အကျဉ်းထောင် အခြေအနေများကြောင့် ကလေးအပေါ်အန္တရာယ်ဖြစ်စေခဲ့ခြင်း ဖြစ်ပါသည်။

၁၁၃။ အကျဉ်းထောင် အက်ဥပဒေ၊ (၁၉၈၄ ခုနှစ်) ပုဒ်မ 27 <http://bit.ly/1Hhx4ZG>

၁၁၄။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00656 (January 2014)

၁၁၅။ AAPP, "မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ"၊ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ)

၁၁၆။ နိုင်ငံရေးအကျဉ်းသား စစ်တမ်းကောက်ယူမှု- FPP/DC/00267 (March 2014)

# အခန်း - ၆
# ပြန်လည်ပေါင်းစည်းရေးအတွက် အဟန့်အတားများ

## ၆-၁ နိဒါန်း

နိုင်ငံရေးအကျဉ်းသားများမှာ ထောင်မှပြန်လွတ်ပြီးနောက်ပိုင်း တွင်ပင် ရင်ဆိုင်ကြရသည့် အခက်အခဲများ မကုန်ဆုံးကြသေးပါ။ ပြန်လွတ်ပေးပြီးသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများကို အာဏာပိုင်များက အနီးကပ် လေ့လာ စောင့်ကြည့်နေကြပြီး မကြာခဏဆိုသလို ဖိနှိပ်နှောင့်ယှက်ကြပါသည်။ ထို့အတွက်ကြောင့် ပြန်လည်အဖမ်းခံရမည့် အရေး အစဉ်သဖြင့် အကြောက်တရားနှင့် နေကြရသည်။ နိုင်ငံရေး အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လွတ်ပေးသော်လည်း ထိုသူများမှာလည်း ပြန်လည်ဖမ်းဆီးခံရမည့်အရေး အန္တရာယ်ရှိနေကြသည်။ မြန်မာနိုင်ငံတွင် လွတ်ငြိမ်းခွင့် ပေးသော်လည်း ရာဇသတ်ကြီး ဥပဒေကျင့်ထုံး ပုဒ်မ ၄၀၁ အရ ခြွင်းချက်ရှိနေသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းများကို လွတ်ငြိမ်းခွင့်ပေးသော်လည်း ယင်းတို့အနက် ၆၁% မှာ ခြွင်းချက် ကန့်သတ်ချက်များဖြင့် ပြန်လွတ်လာခြင်းဖြစ်သည်။ ဤသို့ ကန့်သတ်ထားချက်အခြေအနေများမှာ တက်ကြွလှုပ်ရှားသူများ၏ ဘဝအတွက် အနှောင့်အယှက် အဟန့်အတား ဖြစ်စေပြီး ၎င်းတို့၏ လွတ်လပ်ခွင့်ကိုလည်း ကန့်သတ်ချုပ်ချယ်ထားရာရောက်ပါသည်။ ထောင်မှ ပြန်လည်လွတ်မြောက် လာသည်ဟူသည့် အခြေအနေကို ပြန်၍ချိုးဖောက်နေရာ ရောက်စေသည်။ စိုးရိမ်ပူပန်ဖွယ် အခြေအနေမှာ ပုဒ်မ ၄၀၁ (၃) တွင် ဖော်ပြထားရာ၌ အကယ်၍ နိုင်ငံရေးအကျဉ်း သားဟောင်းတစ်ဦးက ပြန်လွတ်ပေးသည့် ရည်ညွှန်းချက်များကို ဖောက်ဖျက်သည်ဟု အာဏာပိုင်များကယူဆပါက “ဝရမ်း မပါဘဲ ဖမ်းဆီးနိုင်ပြီး ယခင်မပြီးဆုံးသေးသည့်ကြွေးကျန်ပြစ်မှုကို ပြန်၍ကျခံစေနိုင်သည်” [၁၁၇] ဟု ဆိုထားသည်။ လူမှုရေးတက်ကြွလှုပ်ရှားသူနှင့် မြန်မာလူမှုဖွံ့ဖြိုးရေး ကွန်ရက်အဖွဲ့၏ ပူးပေါင်းညှိနှိုင်းရေးမှူး ကိုနေမျိုးဇင်ကို ၂၀၁၃ ခုနှစ်မေလတွင် ပြန်လည်ဖမ်းဆီးခြင်းသည် ခြွင်းချက်ဖြင့် လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးအတွက် ၎င်းတို့တွင် ပြန်လည်ထောင်ချခံရနိုင်သည့် အန္တရာယ်အမြဲတစေရှိနေကြောင်း သတိပေးလိုက်သည့် ကျောချမ်းဖွယ်သတိပေးချက်ဖြစ်နေသည်။[၁၁၈] မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ယခင်ကုလအထူးကိုယ်စားလှယ်မှ နိုင်ငံရေး အကျဉ်းသားများလွတ်ပေးမှုသည် “မည်သို့သော ကန့်သတ်ချက်မျိုးမှ မရှိသင့်” [၁၁၉] ဟု ပြောကြားခဲ့ပြီး အထူးကိုယ်စားလှယ်အသစ်မှလည်း အလားတူ ဆက်၍ပြောကြားခဲ့သည်။ [၁၂၀]

---

၁၁၇။ The Code of Criminal Procedure, Article 401, <http://bit.ly/1Hhy0xa>

၁၁၈။ AAPP, “AAPP condemns the sentencing of former political prisoner under Article 401 (1)” (May 2013) <http://bit.ly/1KrIi1m>

၁၁၉။ Human Rights Council, “Report of the Special Rapporteur on the situation of human rights in Myanmarç Tomas Ojea Quintana” (March 2013) <http://bit.ly/1RlVIjK>

၁၂၀။ ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးစုံစမ်းအစီရင်ခံသူ သံအရာရှိ၏ အစီရင်ခံစာ၊(ယန်ဟီလီး) Report of the Special Rapporteur on the situation of human rights in Myanmar, Yanghee Lee, (September 2014) <http://bit.ly/1pnfR64>



From -7B

ပြန်လည်ဖမ်းဆီးခံရမည့်အရေးစိုးရိမ်နေရသည့်အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ၄င်းတို့၏ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများအတွက် တင်းကျပ်စွာ ကန့်သတ်ခံထားရခြင်းကဲ့သို့ အာဏာပိုင်များ၏ နှောင့်ယှက်ဖိနှိပ်မှုကိုလည်း ရင်ဆိုင်ကြရသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ ၅၈% က ပြန်လွတ်ပြီးနောက် အာဏာပိုင်များ၏ဖိနှိပ်နှောင့်ယှက်မှု သို့မဟုတ် ကန့်သတ်ချုပ်ချယ်မှုများကို ကြုံတွေ့ခဲ့ကြရသည်ဟုဖော်ပြကြသည်။

ယခုအခန်းတွင် မှတ်တမ်းအချက်အလက်ကောက်ယူ စုဆောင်းစဉ်တွင်အသက်ရှင်နေဆဲဖြစ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၄၅၉ ဦးအပေါ် သုတေသနပြုမှု တွေ့ရှိချက်များကိုအခြေခံ၍ နောက်ထပ်ဖိနှိပ်နှောင့်ယှက်မှုများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ချုပ်ချယ်မှုများ၊ လူမှုအဖွဲ့အစည်းမှ ခွဲခြားဖယ်ကျဉ်ခံရမှုများ၊ ထောင်တွင်းနှင့် စစ်ကြောရေးမှ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ရခဲ့သော ရေရှည်ထိခိုက်သက်ရောက်မှုများက လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် အဟန့်အတားဖြစ်နေရမှုများကို တင်ပြထားပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ထောင်တွင်း နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရသောကြောင့်လွတ်လာသည့်အခါသူတို့သိထားသည့် လူမှုအဖွဲ့အစည်းမှာ များစွာပြောင်းလဲနေသည်ကို ကြုံတွေ့ကြရသည်။ ထိုအခါ အစိုးရ၏ပံ့ပိုးမှုနှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်များ မရှိကြသောကြောင့် ၄င်းတို့ဘဝကို ပြန်လည်ထူထောင်နိုင်ရန် အပြင်းအထန်ကြိုးစားရုန်းကန်ကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ပြန်လွတ်ပြီးတဲ့နောက်မှာ ကျွန်တော့်ဘဝကို အစကနေ ပြန်စရတယ်"[121] ဟု ဆိုခဲ့ပါသည်။

## ၆-၂ ပြည်ပသို့ထွက်ခွာရခြင်း

မိမိဆန္ဒအလျောက် ရွေးချယ်မှုကြောင့်ဖြစ်စေ၊ ပြန်လည်ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့သောကြောင့် ဖြစ်စေ၊ သို့မဟုတ် ၄င်းတို့၏လှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် ဖြစ်စေ၊ သို့မဟုတ် ၄င်းတို့ကို နိုင်ငံတော်လုံခြုံရေးအပေါ် ခြိမ်းခြောက်သူအဖြစ် နာမည်ပျက်စာရင်းသွင်းထားပြီး နိုင်ငံတွင်းမှ ထွက်ခွာခြင်း ပြန်ဝင်ခြင်းကို တားမြစ်ထားသောကြောင့်ဖြစ်စေ နိုင်ငံရေးအကျဉ်းသားဟောင်း အများမှာ ပြည်ပတွင်သွားရောက်ခိုလှုံနေထိုင်ရန် ရွေးချယ်ကာ မြန်မာပြည်ပြင်ပသို့ထွက်ခွာခဲ့ကြသည်။ အမည်ပျက်စာရင်း သွင်းခံရသည့်အခါတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ များသောအားဖြင့် တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ထွက်ခွာကာ နိုင်ငံရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ခြင်း၊ သို့မဟုတ် ဒုက္ခသည်စခန်းသို့ သွားရောက်၍ ပြည်ပနိုင်ငံတစ်ခုခုတွင် ခိုလှုံအခြေချရေးအတွက် ရွေးချယ်ကြသည်။ ထိုင်းနိုင်ငံသည် ဒုက္ခသည်များဆိုင်ရာ ၁၉၅၁ ခုနှစ် နိုင်ငံတကာသဘောတူညီချက်နှင့် ၁၉၆၇ ခုနှစ် ယင်း၏ကျင့်ထုံးများ (Protocol) ကို လက်မှတ်ရေးထိုးထားခြင်း မရှိသော်လည်း ထိုင်းနိုင်ငံအစိုးရက လက်ရှိတွင် မြန်မာနိုင်ငံမှ ဒုက္ခသည် ၁၁၀, ၅၁၃ ဦးကို ထိုင်း-မြန်မာနယ်စပ် စခန်း ၉-ခုတွင် လက်ခံထားရှိသည်။[122] စခန်းတွင် လူများပြည့်ကျပ်နေပြီး ရိက္ခာလုံလောက်မှု မရှိသည့်အပြင် စခန်းပြင်ပထွက်၍ အလုပ်အကိုင် ရှာဖွေရန်မှာ တရားမဝင်ကိစ္စဖြစ်သည့်အတွက် ဒုက္ခသည်စခန်းတွင် နေထိုင်ကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ဘဝတွင်ခက်ခဲမှုများ ကုန်ဆုံးသွားသည်မဟုတ်ပဲ အကန့်အသတ်ရှိသည့် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်ပေးမှုများဖြင့်သာ တင်းတိမ်ကြရသည်။ သို့တိုင်အောင် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ကြောက်မက်ဖွယ်အခြေအနေများကြောင့်၊ အိမ်ပြန်ရေး မစဉ်းစားကြပေ။ အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသည့် ကြောက်ရွံ့ဖွယ် အခြေအနေများကို နမူနာအဖြစ် ဖော်ပြထားပြီး၊ မြန်မာနိုင်ငံသို့ပြန်ရန် မစဉ်းစားနိုင်ဘဲ ဒုက္ခသည်စခန်းအတွင်း ရှင်သန်ကြံ့ကြံ့ခံရပ်တည်နေရသည်ကို ဖော်ပြထားပါသည်။

---

၁၂၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00454 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၂၂။ The Border Consortium, "Refugee and IDP Camp Populations: March 2015" (၂၀၁၅ ခုနှစ်၊ မတ်လ) <http://bit.ly/1KJA2sa>

## ပြည်ပသို့ထွက်ခွာမှု- ဖြစ်ရပ်လေ့လာချက်[၁၂၃]

၂၀၀၃ ခုနှစ်တွင် ဒီပဲယင်းလုပ်ကြံမှုကြီးအပြီး၌ ထိုင်းနိုင်ငံသို့ထွက်ပြေးကြသည့် NLD ပါတီဝင်များကို ကူညီခြင်းကြောင့် ကိုထွန်း [၁၂၄] ကို ၂၀၀၅ ခုနှစ်တွင် ဖမ်းဆီးခဲ့သည်။ ယင်းဒီပဲယင်းလုပ်ကြံမှုဖြစ်ရပ်တွင် NLD ပါတီဝင်များနှင့် ထောက်ခံအားပေးသူ ၇၀ ခန့်သည်စစ်ကိုင်းတိုင်းရှိ အစိုးရအားပေးထောက်ခံသည့် လူစုလူဝေးကသတ်ဖြတ်လုပ်ကြံခြင်း ခံခဲ့ရသည်။ ကိုထွန်းသည် ဖမ်းဆီးခံရပြီး နောက် စစ်ကြောရေးတွင်တစ်လကြာနေခဲ့ရပြီး ပြင်းထန်စွာနှိပ်စက်ညှဉ်းပန်းခြင်း၊ လူမဆန်စွာရိုက်နှက်ပြုမူခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၄င်းအနေဖြင့် ဖန်ကွဲစများပေါ်တွင် ဒူးထောက်စေခြင်း၊ လိင်အင်္ဂါကို စီးကရက်မီးဖြင့်တို့ခြင်း၊ ကိုယ့်ကျင်ငယ်ရည်ကို ပြန်သောက်စေရန် အတင်းအကျပ် ခိုင်းစေခြင်းများခံစားခဲ့ရသည်။ သူ၏မိသားစုကိုလည်း နှိပ်စက်ညှဉ်းပမ်းရာနေရာသို့ ခေါ်ဆောင်ခဲ့သည်။ နောက်ဆုံး ကိုထွန်းသည် ၃-နှစ် ပြစ်ဒဏ်ချခံရပြီး၊ ၂၀၀၈ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာသည်။

ပြန်လွတ်ပြီးနောက်ပိုင်းတွင် ၄င်း၏ မိသားစုအပေါ် အထူးသတင်းတပ်ဖွဲ့နှင့် စစ်ထောက်လှမ်းရေးများက ပုံမှန်ဆိုသကဲ့သို့ နှောင့်ယှက်ဖိနှိပ်ခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ ခြိမ်းခြောက်ခြင်းများပြုခဲ့ကြသည်။ ပြန်လည်ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် မိသားစု လုံခြုံရေးအတွက် ကိုထွန်းက ၄င်း၏မိသားစုကိုခေါ်ဆောင်၍ တောလမ်းမှတဆင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးကာ ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာခဲ့သည်။ ထိုင်းနိုင်ငံရောက်သည့်အခါ အုန်းဖျံဒုက္ခသည်စခန်းသို့ ဝင်ရောက်ခဲ့သည်။ ယခုအခါ ကိုထွန်း စခန်းသို့ရောက်ရှိသည်မှာ ၆-နှစ်ကြာမြင့်ပြီ ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အစုံမရသောကြောင့် စစ်ကြောရေး တွင်ရရှိခဲ့သော ဒဏ်ရာများကို ကာလကြာရှည်ခံစားနေရပြီး စခန်းတွင်းရရှိသော ရိက္ခာမှာလည်း ချို့တဲ့သည်။ ၄င်း၏သမီးဖြစ်သူမှာ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချခဲ့ပြီးသားက အနီးရှိစခန်းတစ်ခုသို့ ပြောင်းရွှေ့သွားကာ ၄င်းတို့နှင့် တစ်လလျှင်တစ်ကြိမ်မျှသာ အဆက်အသွယ်ရှိတော့သည်။

ကိုထွန်းက စခန်းရှိ သူ၏ဘဝကို သုံးသပ်ပြသည်။ "အခုစခန်းထဲ နေရတဲ့ဘဝကလည်း ထောင်ထဲနေရတဲ့ ဘဝ၊ အိမ်အကျယ်ချုပ် နေရတာနဲ့မခြားပါဘူး။ ကျွန်တော်တို့က အခြေခံလူတစ်ယောက်ရဲ့ လိုအပ်ချက်တွေ ဆုံးရှုံးနေကြရပြီး၊ ပြင်ပကမ္ဘာနဲ့ [ပြတ်တောက်နေကြတယ်] စခန်းထဲကအခြေအနေက မြန်မာပြည်ထောင်ထဲက အခြေအနေလိုပါပဲ"ဟု ဆိုသည်။ သို့တိုင်အောင် မြန်မာပြည်သို့ ပြန်ရေးစဉ်းစား သလားဟု မေးသည့်အခါ ကိုထွန်းက စခန်းတွင်ဆက်လက်၍ ရေရှည်နေထိုင်ရန် ဆန္ဒမရှိသော်လည်း"အရင်ကျနော်နေခဲ့တဲ့ မြန်မာပြည် ပြန်ဖို့တော့ ဘယ်တော့မှ မစဉ်းစားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော့်အသက်ဆုံးလိမ့်မယ်"ဟု ဆိုပါသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အစောပိုင်းကာလမှစတင်၍ သမ္မတဦးသိန်းစိန်က "ကြီးလေးသည့်ပြစ်မှုများ" မကျူးလွန်ခဲ့ကြသည့် ပြည်ပရောက်နေသူများ မြန်မာနိုင်ငံသို့ပြန်လာရန် ဖိတ်ခေါ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် လူပေါင်း ၂,၀၀၀ ခန့်ကိုအမည်ပျက်စာရင်းမှ ဖယ်ရှားပေးခဲ့ပြီး ထိုသူများတွင် ပြည်ပရောက်တက်ကြွလှုပ်ရှားသူ ရာဂဏန်းကျော် ပါဝင်သည်။ သို့သော်လည်းတိကျသည့်မူဝါဒမရှိခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များကြောင့် အိမ်ပြန်ရန်ကြိုးပမ်းကြသူများ၊ မြန်မာနိုင်ငံသို့ ပြန်နေရန် ကြိုးပမ်းကြသူများသည် အကြောင်းပြချက်မရှိဘဲ ဗီဇာအတွက် ဌာနအမျိုးမျိုးလွှဲပြောင်းနေခြင်း၊ ဗီဇာငြင်းပယ်ခြင်းများ အပါအဝင်ကန့်သတ်မှုမျိုးစုံနှင့် ကြုံတွေ့ရပါသည်။ ထို့အပြင် ပြန်လည်ပြည်နှင်ခြင်း၊ နိုင်ငံရေးကိစ္စများတွင် မပါဝင်စေရန် ကန့်သတ်ထားခြင်းများလည်း ကြုံတွေ့ကြရသည်။ [၁၂၅]တိကျသည့်မူဝါဒရှိမနေသည့် အနေအထားတွင် အိမ်ပြန်လိုကြသူ နိုင်ငံရေးအကျဉ်းသားဟောင်း အများသည်

---

၁၂၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှုနှင့်တွေ့ဆုံမေးမြန်းမှု- FPP/DC/02214 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီနှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ)

၁၂၄။ အမည်ရင်း မဟုတ်ပါ။

၁၂၅။ ယခင်က ပြည်ပသို့သွားရောက်ခဲ့ပြီး၊ မြန်မာပြည်သို့ပြန်လာသူ တက်ကြွလှုပ်ရှားသူများအပေါ် ပို၍ တင်းကျပ်ကန့်သတ်မှုများ ပြုလုပ်သည်။ AAPP, Burma Partnership & Equality Myanmar, "ပြည်ပရောက်နိုင်ငံရေးအင်အားစုများနှင့် တက်ကြွလှုပ်ရှားသူများ ပြည်တွင်းပြန်လည်ဝင်ရောက်ရေးနှင့် အခြေချနေထိုင်ရေးအစိုးရမူဝါဒ အပေါ်သဘောထားကြေညာချက်"ကို ကြည့်ပါ။ (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။) <http://bit.ly/1iGOaYy>



From -8A

ပြည်ပတွင်ဆက်လက်နေရန်သာ ရွေးချယ်ကြရတော့သည်။ အိမ်ပြန်လျှင် ၎င်းတို့နှင့် မိသားစုအတွက် အန္တရာယ်ရှိမည်ကို စိုးရိမ်ကြောက်ရွံ့နေကြရဆဲဖြစ်သည်။ လူအားလုံးကို အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခြင်း မဟုတ်သည့်အပြင် အချို့သော ပြည်ပရှိတက်ကြွလှုပ်ရှားသူများကို နိုင်ငံရေးဆက်လက် လှုပ်ရှားနေမှုကြောင့် လက်ရှိအစိုးရက မကြာသေးမီက အမည်ပျက်စာရင်းတွင် ပြန်လည်ထည့်သွင်းခဲ့ပြန်သည်။ [၁၂၆]

## ၆-၃ ခရီးသွားလာခွင့် ကန့်သတ်ချုပ်ချယ်မှုများ

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံရေးအကျဉ်းသားဟောင်းအများကို နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) ထုတ်ပေးရန် ပုံမှန်ဆိုသကဲ့သို့ ငြင်းဆန်တတ်ပါသည်။ ထို့အတွက်ကြောင့် မိသားစုများနှင့်အတူ နိုင်ငံခြားသို့ခရီးသွားခြင်း၊ အစည်းအဝေးတက်ရောက်ခြင်း၊ ပညာရေးနှင့် သင်တန်းများ တက်ရောက်ခြင်း၊ ဆုများရယူခြင်းတို့ကို တားဆီးထားသကဲ့သို့ ဖြစ်စေပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်း အများစုမှာနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခံထားရသူများဖြစ်ကြပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနက လွတ်မြောက်ပြီးနောက် တစ်နှစ်ကာလအထိ နိုင်ငံကူးလက်မှတ်မရရှိနိုင်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများကို ပြောဆိုလေ့ရှိပါသည်။ သို့သော် ဤဆုံးဖြတ်ချက်အပေါ် ဥပဒေကြောင်းအရရှင်းပြရန် အချက်အလက်မရှိပါ။ [၁၂၇] မြန်မာနိုင်ငံတွင် နိုင်ငံကူးလက်မှတ်ရရှိရန် လျှောက်ထား စောင့်ဆိုင်းရသော လုပ်ငန်းစဉ်မှာပုံမှန်အားဖြင့် ၁၀-ရက် မျှသာ ကြာမြင့်လေ့ရှိပါသည်။ သို့သော်လည်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာထားရာ၌ နိုင်ငံရေးအရ ထိန်းသိမ်းခံရသူများ အပါအဝင် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် အပိုဆောင်းမှတ်တမ်းအထောက်အထားများပြသရန်လိုအပ်ပြီး ပို၍ကြာရှည်စွာ စောင့်ဆိုင်းရနိုင်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံကူးလက်မှတ် ရရှိရန်အတွက် လူတစ်ဦးသည် ၎င်း၏နိုင်ငံသား စိစစ်ရေးကဒ်ပြားနှင့်၊အိမ်ထောင်စုစာရင်း မှတ်တမ်းများကို တင်ပြရသည်။ သို့သော် နိုင်ငံရေးအကျဉ်းသားဟောင်း အများစုမှာ ဖမ်းဆီးခံရသည့်အချိန်တွင် ၎င်းတို့၏ မှတ်ပုံတင်ကဒ်ပြားများ သိမ်းဆည်းခံရသည့်အတွက် ထိုသို့တင်ပြနိုင်ရန်ခက်ခဲလှသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ဖော်ပြရာတွင် ခေတ်ထောက်လှမ်းရေးက "ကျွန်တော့်အိုင်ဒီကဒ်တွေရော စာအုပ်တွေပါသိမ်းသွားတယ်။ ကျွန်တော်ထောင်က ပြန်လွတ်တော့၊ စာအုပ်တွေလည်း ပြန်မပေးဘူး" [၁၂၈] ဟုဆိုသည်။ ထို့အပြင် နိုင်ငံသားတစ်ဦးသည် ၎င်း၏မှတ်ပုံတင်ကဒ်ပြားကို အသက် ၃၀ တွင် ပြန်၍အသစ်ပြုလုပ်ရန် လိုအပ်သောကြောင့် ဤအသက်မတိုင်မီ ထောင်ချခံခဲ့ရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများမှာအခက်အခဲများကြုံရပြီး ကဒ်ပြားသစ်ပြန်လည်လဲလှယ်ရန် ခက်ခဲတတ်ပါသည်။ နိုင်ငံသားစိစစ်ရေးကဒ်ပြားမရှိသောကြောင့် နိုင်ငံကူးလက်မှတ်မရရှိနိုင်ပါ။ ထိုအခါ ခရီးသွားလာရန် ကန့်သတ်ချုပ်ချယ်မှုဖြစ်ရပြီး၊ အလုပ်အကိုင်ရရှိရန်လည်း အလွန်ခက်ခဲစေပါသည်။

## ၆-၄ ပညာရေးအခွင့်အလမ်းများ ငြင်းပယ်ခြင်း

နိုင်ငံရေး အကျဉ်းသားဟောင်းအများသည် ပညာရေးအဆင့်မြင့်မားစွာ ရရှိခဲ့သူများဖြစ်ကြပါသည်။ (အခန်း ၂။ ၅။ တွင် ပညာရေးအခြေအနေကို ခွဲခြားဖော်ပြထားသည်။) မြန်မာနိုင်ငံတွင် မသင်မနေရ ပညာရေးသည် ၅-တန်းအထိဖြစ်သော်လည်း [၁၂၉] နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ တစ်ဝက်ကျော်မှာ အနည်းဆုံးအထက်တန်းပညာရေး (၁၁-တန်း အောင်မြင်ပြီးသည်နှင့် တူညီသည်) ရောက်ရှိသူများဖြစ်ကာ သုံးပုံတစ်ပုံမှာ အဆင့်မြင့်တက္ကသိုလ်ပညာရေးတစ်စုံတရာ ရရှိထားကြပြီးသူများ၊ ၂၂% မှာ တက္ကသိုလ်ဘွဲ့ရပြီးသူများ ဖြစ်ကြပြီး ၁% မှာ ဘွဲ့လွန်ဘွဲ့ပြီးမြောက်သူများ ဖြစ်ကြသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ၈% က ဘွဲ့ကြိုပညာရေး မပြီးဆုံးသေးသော်လည်း ဖမ်းဆီးခံရစဉ်က ကျောင်းသားများ ဖြစ်ကြသည်ဟု ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း အများစုမှာ နောက်ထပ်ဘွဲ့များရရှိရန်ကြိုးပမ်းနေစဉ် ဖမ်းဆီးခံကြရခြင်း ဖြစ်ကြသည်။ လွတ်မြောက်ပြီးသည့်အခါ ၎င်းတို့ ပညာဆက်လက်သင်ကြားရေးအား အာဏာပိုင်များက ငြင်းဆန်သည်ကို ရင်ဆိုင်ကြရသည့်အတွက် ပညာရေးမပြီးဆုံးနိုင် ဖြစ်ကြရသည်။ ပညာဆက်လက်သင်ကြားရန် ကြိုးပမ်းနေသည့်အချိန်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ပညာရေးဝန်ကြီးဌာနကဖြစ်စေ၊ တက္ကသိုလ်အာဏာပိုင်များက ဖြစ်စေ၊ သို့မဟုတ် အာဏာပိုင်များကဖြစ်စေ တက္ကသိုလ်ကို ဖိအားပေး၍ ပညာ

---

၁၂၆။ ဥပမာအားဖြင့်၊ များမကြာမီက မြန်မာအစိုးရက ထင်ရှားသည့် တက်ကြွလှုပ်ရှားသူများနှင့် ပြည်ပရှိ တက်ကြွလှုပ်ရှားသူ မခင်ဥမ္မာကို ဗီဇာထုတ်ပေးရန် ငြင်းပယ်ခဲ့ပါသည်။ သူ့က ထိုင်း-မြန်မာနိုင်ငံအကြားသွားလာနေသူဖြစ်ပြီး၊ ယခုနှစ်ဆန်းပိုင်းက သူ့ကို ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခဲ့ပြီးမှ ပြန်လည်ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

၁၂၇။ Human Rights Watch, "Burma: Former Political Prisoners Persecuted, End Passport, Education Restrictions; Provide Support for Those Released" (September 17ç 2012) <http://bit.ly/1JLHrpt>

၁၂၈။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01484 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

၁၂၉။ ဤအချက်များ မှန်ကန်သော်လည်း၊ ကျေးလက်ဒေသနေ ကလေးအများအပြားမှာ၊ ၅-တန်းရောက်အောင် ကျောင်းမနေနိုင်ကြပါ။

သင်ခွင့်မရရှိအောင် ဆောင်ရွက်တားမြစ်ကြပါသည်။ များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ကျောင်းဝင်ခွင့်မပြုမီ တက္ကသိုလ်များက ရဲစခန်းမှထောက်ခံစာရယူလာရန်ခိုင်းစေတတ်ကြသည်။ သို့သော် ပညာရေးကိစ္စနှင့် ရဲကိစ္စမည်သို့မျှ ပတ်သက်မှုမရှိသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများက ဤအချက်ကို မူအရငြင်းပယ်ကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးသည် ဆေးတက္ကသိုလ်ပဋ္ဌမနှစ်တွင် သင်ကြားနေစဉ် သခင်ကိုယ်တော်မှိုင်း နှစ် ၁၀၀ ရာပြည့်အခမ်းအနားကျင်းပမှုတွင် ပါဝင်မှုကြောင့် ဖမ်းဆီးခံရသည်။ ပြန်လွတ်လာသည့်အခါ ကျောင်းပြန်တက်ခွင့်ငြင်းပယ်ခံရသည်။ ၄င်းက "ထောင်ချခံရတဲ့အတွက် ကျွန်တော့်ပညာရေး ဆုံးရှုံးခဲ့ရတယ်"ဟု ရှင်းပြသည်။ ယခုအခါ ၄င်းသည် အလုပ်လက်မဲ့ဖြစ်နေပြီး ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းတစ်ခုတွင် နေထိုင်နေသည်။[၁၂၀] ပညာရေးအခွင့်အလမ်းများကို ငြင်းပယ်မှုသည် ၄င်းတို့၏ အလုပ်အကိုင်ရရှိနိုင်မှု စွမ်းရည်နှင့် အရည်အချင်းလိုအပ်သော အချို့သက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်နိုင်မှုအပေါ် ထိခိုက်စေသဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ လူ့အဖွဲ့အစည်းတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးကြိုးပမ်းရာတွင် ကြီးစွာဆိုးကျိုးသက်ရောက်စေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ပြန်လွတ်လာပြီးနောက် ပညာရေးဆက်လုပ်ရန် ခွင့်မပြုခဲ့သဖြင့် "ကျွန်တော်ပညာရေးပြီးဆုံးဖို့ အခွင့်အလမ်းဆုံးရှုံးသွားတယ်။ ဒါကြောင့်ပဲ အလုပ်အကိုင်အခွင့်အလမ်းလည်း ပျောက်ဆုံးရတယ်" [၁၂၁] ဟု ဖော်ပြပါသည်။

## ၆-၅ အလုပ်အကိုင်အခွင့်အလမ်းများ ငြင်းပယ်ခြင်း

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက်အခက်ခဲဆုံး အဟန့်အတားတစ်ခုမှာ ဥပဒေကြောင်းအရ၊ လူမှုရေးအရနှင့် ရုပ်ပိုင်းဆိုင်ရာ အကန့်အသတ်များအရ ဝင်ငွေရရှိနိုင်သောအလုပ်အကိုင် အခွင့်အလမ်းများ ကင်းမဲ့နေခြင်းဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း အများစုမှာ ပြန်လည်လွတ်မြောက်လာပြီးနောက်တွင် အလုပ်အကိုင်မရှိ ဖြစ်ကြရသည်။ ယခင်အလုပ်အကိုင်ရှိပါကလည်း ဖမ်းဆီးခံရသည့်အချိန်တွင် ထုတ်ပစ်ခံရပြီး ဖြစ်နေသည်။ မတရားအထုတ်ခံရသည့်အတွက်ကြောင့် လျော်ကြေး ရရှိနိုင်ခြင်းမရှိသည့်အပြင် ၄င်းတို့၏ ပင်စင်အတွက်လည်း မတောင်းဆိုနိုင်ကြပါ။ ထို့အပြင် အရွယ်ကောင်း ဝင်ငွေရှာနိုင်သည့်အချိန်များကို အကျဉ်းထောင်များအတွင်း ဖြတ်သန်းခဲ့ကြရသည့်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ အလုပ်အကိုင် ထပ်၍ရှာဖွေရန်လည်း ခက်ခဲလှသည်။ ဤအချက်မှာ ၄င်းတို့အတွက် အရေးပေါ်လိုအပ်ချက်ပင် ဖြစ်ပါသည်။ ပုံ(ဃ)တွင် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံရေး အကျဉ်းသားဟောင်းများ၏အလုပ်အကိုင်ရရှိမှုအခြေအနေကို ဖော်ပြထားပါသည်။

**ပုံ- ဃ ။ ယခင်နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ အလုပ်အကိုင်ရရှိမှုအခြေအနေ**




၁၂၀။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01785 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၂၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00576 (၂၀၁၄ ခုနှစ်၊ မတ်လ)

## 'လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်'

ထောင်မှပြန်လွတ်ပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ရှာဖွေရန်ခက်ခဲသည့်အချက်ကို အလေးထားဖော်ပြလိုခြင်းမှာ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ၂၀% မှာ (ယခင်က ယင်းတို့၏ လေးပုံသုံးပုံမှာ အလုပ်ရှိသူများ ဖြစ်ကြသော်လည်း) လက်ရှိ အလုပ်အကိုင်မရှိဖြစ်နေကြသည်။ ပုံ(ဃ)တွင် မြင်တွေ့ရသည့်အတိုင်း နိုင်ငံရေးအကျဉ်းသားဟောင်း အများစုမှာ တစ်နည်းတစ်ဖုံအလုပ်ရှိနေကြပါသည်။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်း ၈၂ % က ဖော်ပြရာတွင် တစ်စုံတရာအလုပ်အကိုင်ရှိနေသော်ငြား ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုကို ထောက်ပံ့ရန် လုံလောက်သည့်ဝင်ငွေမရှိဟု ဆိုကြပါသည်။ ဤသည်မှာ အလုပ်အကိုင် အပြည့်အဝမရခြင်းနှင့် အများစုမှာ ဝင်ငွေရရှိနိုင်သော အလုပ်အကိုင်များ မရရှိကြသောကြောင့်ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည်ဝင်ငွေနည်းသောအလုပ် သို့မဟုတ် ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းမျိုးကိုသာ လုပ်ကိုင်နေကြရပါသည်။ ပုံ(င)တွင် စစ်တမ်းကောက်ယူသည့်အချိန်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ လုပ်ကိုင်နေကြသော အလုပ်အမျိုးအစားများကို ခွဲခြားဖော်ပြထားပါသည်။

**ပုံ- င ။ အလုပ်အကိုင် အမျိုးအစားများ**




နိုင်ငံရေးအကျဉ်းသားဟောင်း ၇၁% က အကျဉ်းချခံရခြင်းကြောင့် ၎င်းတို့၏အလုပ်အကိုင်ရရှိနိုင်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသည်ဟု ဆိုကြသည်။ ၁၀% သော နိုင်ငံရေးအကျဉ်းသားဟောင်းများကမူ ၎င်းတို့၏အလုပ်အကိုင်အပေါ် တစ်စုံတရာသက်ရောက်သည်ဟု ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများမှာ ယခင်အကျဉ်းမကျမီက ဥပဒေ၊ ဆေးပညာ၊ သွားဆေးပညာ၊ စာရင်းကိုင်ပညာ၊ အင်ဂျင်နီယာနှင့် ကျောင်းဆရာ အလုပ်များကဲ့သို့ ကောင်းမွန်စွာဝင်ငွေရှိပြီး ခိုင်မာစိတ်ချရသည့် အလုပ်ရှိသည် သို့မဟုတ် တက္ကသိုလ်များတွင် ဤသို့ဝင်ငွေကောင်းစေမည့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် တက်ရောက်သင်ကြားနေခဲ့ကြသည်ဟု ဖြေကြားကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ အားလုံး၏ ပညာသင်ကြားရရှိထားမှုအခြေအနေအား ခြုံငုံသုံးသပ်မှုမှ ဤအချက်ကို ထောက်ခံနေပါသည်။

ဤသို့အခြေအနေရှိသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများ ယေဘုယျလုပ်ကိုင်နေကြသည့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပုံ- (င)တွင် ပြသထားသည့်အတိုင်း ကျွမ်းကျင်မှုမလိုအပ်သည့် ကျပန်းအလုပ်များ၊ လက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ ဤသို့သောကျပန်းလုပ်ငန်းများမှာ ဝင်ငွေလစာ အလွန်နည်းပါးပြီး လုပ်ငန်းခွင်လုံခြုံမှုလည်း မရှိတတ်ကြပါ။ စစ်တမ်းကောက်ယူမှုက နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ရရှိမှု၏ အခြားအခြေအနေတစ်ရပ်ကို ဖော်ပြနေကြပါသည်။ စီးပွားရေးလုပ်ငန်းရှင်များမှာ ၄င်းတို့၏ လုပ်ငန်းများပျက်စီး၍အသေးစားဈေးရောင်းသူများ ဖြစ်လာကြသည်။ ကျောင်းများနှင့် တက္ကသိုလ်များတွင် အလုပ်အကိုင်ရရှိနိုင်ခြင်း မရှိကြဘဲ ကျောင်းဆရာများသည် ပုဂ္ဂလိကစာသင်ကျောင်းမှ ကျူရှင်ဆရာများ ဖြစ်လာကြသည်။ အခြားကျွမ်းကျင်ပညာရှင်များမှာလည်း တက္ကစီမောင်းသူများ၊ ဆိုက္ကားနင်းသူများအဖြစ် ဘဝကိုရင်ဆိုင်ဖြေရှင်းနေကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ဝင်ငွေနည်းသော အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေကြရခြင်းမှာ ပို၍အဓိပ္ပါယ်ရှိသော၊ ပို၍ဝင်ငွေကောင်းသော သက်မွေးဝမ်းကျောင်းအလုပ်များကို ရှာဖွေရရှိရေးတွင် ၄င်းတို့အပေါ် ကန့်သတ်ထားမှုများ ရှိနေသောကြောင့်လည်း ဖြစ် သည်။

အထူးသဖြင့် ကျေးလက်ဒေသနေ နိုင်ငံရေးအကျဉ်းသားဟောင်းများက ဖော်ပြကြရာတွင် အကျဉ်းမချခံရမီကလယ်ပိုင်သူ လယ်သမားများဖြစ်ကြပြီး ကိုယ်တိုင်နှင့် ၄င်းတို့၏ မိသားစုများအတွက် လုံလောက်သည့်ဝင်ငွေ ရှာဖွေနိုင်ခဲ့ကြသူများ ဖြစ်ကြသော်လည်း ၄င်းတို့၏ လယ်များကို ၄င်းတို့ထောင်ကျနေစဉ်ကာလအတွင်း အာဏာပိုင်များမှသိမ်းယူခြင်းခံကြရပြီး ပြန်လွတ်လာသည့်အခါ သက်မွေးဝမ်းကျောင်းလုပ်ငန်းလုံးဝဆုံးရှုံးရမှုမျိုး ကြုံတွေ့ကြရသည်ဟု ဆိုကြပါသည်။ မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ စစ်တမ်းတွင်မေးခွန်းအတိအကျ မပါဝင်ခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်း ၄၀% က ထောင်ကျနေစဉ်အတွင်း ၄င်းတို့၏မြေ သို့မဟုတ် လယ်များကိုအာဏာပိုင်များက သိမ်းဆည်းခဲ့ကြသည်ဟု ဖော်ပြကြသည်။ ဧရာဝတီတိုင်းတွင် နေထိုင်သူ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ထောင်ကျနေစဉ်အတွင်း ၄င်း၏ လယ်ဧက ၃၀၀ နှင့် ထွန်စက် ၃ စီး၊ မော်တော်ဘုတ်တစ်စီးကို အာဏာပိုင်များက သိမ်းဆည်းခဲ့ကြသည်ဟုဖော်ပြခဲ့သည်။ [၁၃၂] ၄င်းတို့၏မြေများ မရှိတော့သောကြောင့် ယင်းနိုင်ငံရေးအကျဉ်းသားဟောင်းများသည် ကျပန်းလယ်လုပ်သားများ ဖြစ်လာကာ လုပ်ခနည်းနည်းဖြင့် အခြားသူများ၏ လယ်ယာများတွင် သွားရောက်လုပ်ကိုင်ကြရသည်။

နိုင်ငံရေး အကျဉ်းသားဟောင်းများမှာ ထောင်မှပြန်လွတ်ပြီးနောက် အလုပ်အကိုင်ရှာဖွေနိုင်ခဲ့ကြသော်လည်း အချို့မှာ အထူးသတင်းတပ်ဖွဲ့နှင့် စစ်ထောက်လှမ်းရေးတို့၏ ဖိအားများကြောင့် အလုပ်ရှင်က အလုပ်ပြန်ဖြုတ်သည်ကိုလည်း ကြုံတွေ့ကြရသည်။ ထောင်မကျမီက ရေခဲသေတ္တာပြင်သည့် ဝန်ဆောင်မှုပေးနေသူ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ၂၀၀၁ ခုနှစ် ပြန်လည်လွတ်မြောက်ပြီးတွင် လုပ်ငန်းပြန်လည်ထူထောင်ရန် ကြိုးပမ်းခဲ့သည်။ သို့သော်ဖောက်သည်များဆက်သွယ်လာတိုင်း အာဏာပိုင်များကဝင်ရောက်နှောက်ယှက်ကြသောကြောင့် နောက်ဆုံးလုပ်ငန်းပျက်စီးခဲ့ရသဖြင့် လက်ရှိတွင်အလုပ်မရှိဘဲ ဖြစ်နေပြီးမိသားစုမှာရပ်တည်နိုင်ရေးအတွက် ရုန်းကန်ကြိုးပမ်းနေရသည်။ [၁၃၃]

အာဏာပိုင်များက ကန့်သတ်ချုပ်ချယ်မှုများ ဖန်တီးထားသည့်အပြင် တည်ရှိနေသော လူမှုရေးအဟန့်အတားများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ဝင်ငွေရရှိစေမည့် အလုပ်အကိုင်များ ရရှိနိုင်ရန် ဟန့်တားထားသကဲ့သို့ ဖြစ်စေသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းဟူသော ၄င်းတို့၏အဆင့်အတန်းအခြေအနေသည်ပင် အလုပ်ရှင်များအတွက် အဟန့်အတား ဖြစ်နေစေသည်။ အလုပ်ရှင်များဖက်ကလည်း ၄င်းတို့နှင့် ဆက်စပ်မိသောကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲပြဿနာများအပေါ် စိုးရိမ်ကြသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးက ဖော်ပြရာတွင် "အလုပ်ရှင်တွေက ကျွန်တော် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ယောက်ဆိုတာ သိတာနဲ့အလုပ်မခန့်ရဲတော့ဘူး"[၁၃၄] ဟုဆိုပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများကို အလုပ်ခန့်ထားကြသူ အလုပ်ရှင်များသည်လည်း ၄င်းတို့ကို ဖြုတ်ပစ်ရန် အာဏာပိုင်များက ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများကို သို့မဟုတ် လုပ်ငန်းအပေါ် အနှောင့်အယှက်ပေးခြင်းများ ကြုံတွေ့ရင်ဆိုင်ကြရသည်။

ထောင်မှပြန်လွတ်ပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုသည် ယခင်သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု လုပ်ငန်းများသို့ ပြန်ဝင်ရောက်ရန် တရားဝင်တားမြစ်ခံကြရသည်။ နိုင်ငံရေးအကျဉ်းသားများတွင် ရာဇဝတ်မှုကြောင်းဆိုင်ရာ မှတ်တမ်းရှိနေကြပြီး အချို့သော သက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ဝင်ရောက်ရန် တားမြစ်ခံကြရသည်။ အာဏာပိုင်များက မကြာခဏဆိုသကဲ့သို့ ၄င်းတို့၏ ရှေ့နေ၊ ဆရာဝန်·· စသည်ကဲ့သို့ သက်မွေးဝမ်းကျောင်းလုပ်ငန်းလိုင်စင်များကို ရုတ်သိမ်း

၁၃၂။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00481 (၂၀၁၄ ခုနှစ်၊ မတ်လ)
၁၃၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00971 (၂၀၁၄ ခုနှစ်၊ မတ်လ)
၁၃၄။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00026 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

ခဲ့သဖြင့် လိုင်စင်မရှိဘဲလုပ်ငန်းပြန်စ၍ မဖြစ်နိုင်ပေ။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ရရှိရန် လိုအပ်သော မှတ်ပုံတင်ကဒ်ပြားများ၊ ရဲစခန်းထောက်ခံစာများကဲ့သို့ မှတ်တမ်း အထောက်အထားများကိုလည်း အာဏာပိုင်များက ထုတ်မပေးဘဲ သိမ်းဆည်းထားတတ်ကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးကို "ပြန်လွတ်သည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြားပေါ်၌ မင်နီဖြင့် "ရာဇဝတ်မှုကျူးလွန်သည်" ဟု ဖော်ပြထားသည့်အတွက် ပညာရေးဝန်ကြီးဌာနက အလုပ်မှထုတ်ပယ်ခဲ့ပြီး ထိုသို့သော မှတ်ချက်ကြောင့် အလုပ်အကိုင်တစ်ခု ရရှိနိုင်စရာအကြောင်း မရှိတော့ပေ။ [၁၃၅]

ဥပဒေကြောင်းအရ အဟန့်အတားများရှိနေသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ရရာအလုပ်ကို ဝင်ရောက် လုပ်ကိုင်ကြရသဖြင့် အမှန်ပြောရလျှင် ၎င်းတို့၏အရည်အချင်းက လက်တွေ့လုပ်နေရသည့် အလုပ်များထက်ကျော်လွန်နေကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ၎င်း၏ရှေ့နေလိုင်စင်ကို နှစ် ၂၀-ကျော် ဆိုင်းငံ့ထားပြီးနောက် ၂၀၁၃ ခုနှစ် ကမှ ပြန်ရရှိခဲ့သည်ဟု ဖော်ပြခဲ့ပါသည်။ ယင်းသို့လိုင်စင်မရှိသည့် ကာလများတွင် ၎င်းအနေဖြင့် လယ်လုပ်သားအဖြစ် အသက်မွေးကာခဲယဉ်းစွာရုန်းကန်ရပ်တည်နေခဲ့ရသည်။ [၁၃၆] အခြားသောနိုင်ငံရေး အကျဉ်းသားများကို အခမဲ့ရှေ့နေလိုက်ပေးသောကြောင့် ထောင်ချခံရသူ အကျဉ်းသားဟောင်းရှေ့နေတစ်ဦးက သူမ၏ရှေ့နေလိုင်စင်ကို ၁၉၉၆ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပြီး ယခုတိုင် ပြန်လည်ထုတ်ပေးခြင်းမရှိသဖြင့် သက်မွေးဝမ်းကျောင်းအဖြစ် ရှေ့နေမလိုက်နိုင်တော့သည့်အကြောင်း ဖော်ပြခဲ့ပါသည်။ "ကျွန်မ ရှေ့နေလိုင်စင် အသိမ်းခံရတယ်။ ရှေ့နေလိုက်လို့ မရဘူး၊ ဝင်ငွေလည်းမရှိဘူး။ ဒီတော့ ကျွန်မစိတ်ဓာတ်ကျလာတယ်"[၁၃၇]ဟုပြောသည်။ အမှန်တွင် အလုပ်အကိုင်မရှိခြင်းနှင့်အလုပ်အကိုင်နှင့် အရည်အချင်းမတန်ဘဲ လုပ်ကိုင်နေရခြင်းသည် နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်စေသည်။ ရှက်ရွံ့အားငယ်မှုနှင့် မျှော်လင့်ချက်ပျက်ပြားခြင်းကို ဖြစ်စေသည်။ အသက် ၃၅-နှစ် အရွယ် စီးပွားရေးဘွဲ့ ရရှိထားသော်လည်း ယခုတိုင်အလုပ်အကိုင်မရရှိသေးသူ နိုင်ငံရေးအကျဉ်းသား တစ်ဦးက "ကျွန်တော့်မှာအလုပ်မရှိ၊ ဝင်ငွေမရှိဆိုတော့ အရေးမပါဘူးလို့ ခံစားလာရတယ်" [၁၃၈] ဟု ဆိုပါသည်။

အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်က နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ရရှိရေးအတွက် အဟန့်အတားများကို ဖော်ပြနေပါသည်။

---

၁၃၅။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00679 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)
၁၃၆။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01072 (၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ)
၁၃၇။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01204
၁၃၈။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00312 (၂၀၁၄ ခုနှစ်၊ မတ်လ)

## အလုပ်အကိုင်ရရှိမှု ဖြစ်ရပ်လေ့လာချက်[၁၃၉]

မချို[၁၄၀]ကို အထူးသတင်းတပ်ဖွဲ့က ၁၉၉၅ ခုနှစ်တွင် လာရောက်ဖမ်းဆီးသည့်အခါ အသက် ၂၉-နှစ်မျှသာ ရှိသေးသည်။ မြန်မာနိုင်ငံ၏ ယခင်ဒီမိုကရေစီ ခေါင်းဆောင်ဦးနု၏ဈာပနတွင် စစ်အစိုးရဆန့်ကျင်ရေး သီချင်းတစ်ပုဒ်သီဆိုမှုကြောင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ၄-တန်း အရွယ်က သူမ သူငယ်ချင်း၏ အစ်ကိုဖြစ်သူမှာ မြန်မာစစ်တပ်က ရဲဒင်းဖြင့်ခုတ်၍ သတ်ဖြတ်ခံခဲ့ရသောကြောင့် မချိုကငယ်ရွယ်စဉ်ကပင် နိုင်ငံရေးတွင်ပါဝင် လှုပ်ရှားရန်ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်ကပင် ၎င်းတို့အရွယ် ရောက်လျှင် သူ့အတွက်လက်စားချေပေးမည်ဟု ကတိပြုထားခဲ့ကြသည်။ သူမ တက္ကသိုလ်တက်ရောက်နေချိန်တွင် ကျောင်းသားတက်ကြွလှုပ်ရှားသူများက သူမကိုအားကျကြသည်။ ဖမ်းဆီးခံရသည့်အချိန်တွင် သူမက မြန်မာစာဖြင့် ဘွဲ့ရရှိပြီး စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်ဖြင့် ဒီပလိုမာရရှိထားကာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် အတွင်းရေးမှူးအဖြစ် လုပ်ကိုင်နေချိန်ဖြစ်သည်။ သူမသည် ထောင်ဒဏ် ၇-နှစ် ချမှတ်ခံခဲ့ရသည်။

၅-နှစ်နှင့် ၄-လ အကျဉ်းကျပြီးချိန်တွင် ကျန်းမာရေးမကောင်းသောကြောင့် သူမကို ပုဒ်မ (၄၀၁-၁) နှင့် စောစီးစွာ ပြန်လွှတ်ပေးပြီးနောက်တွင် မချိုသည် အရင်အလုပ် ပြန်မရတော့ပါ။ သို့သော် သူမကအောင်မြင်ရမည်ဟု ဆုံးဖြတ်ချက်ချမှတ်ထားသည်။ သူမက "အစိုးရက ကျွန်မကို အခြေအနေမဲ့တစ်ယောက်ဖြစ်စေချင်တယ်လို့ ကျမထင်တယ်။ ကျွန်မ ဒီလိုအဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ကျွန်မအဖေ မော်တောင်ဆိုင်ကယ်ကိုရောင်းပြီး ဒီပလိုမာဘွဲ့အတွက် [ကွန်ပြူတာသိပ္ပံ] တက်တယ်။ သင်တန်းမှာ ကျွန်မထူးချွန်ရင် ကျွန်မအလုပ်ရမှာပဲသိနေတယ်။ ဒါ့ကြောင့် ပိုကြိုးစားတယ်"ဟု ပြောသည်။ ကွန်ပြူတာသင်တန်းပြီးနောက် မချိုကိုတက္ကသိုလ်နည်းပြအဖြစ် လုပ်ဆောင်ရန် ကမ်းလှမ်းသည်။ ၃-လအကြာတွင် သူ့ကို တက္ကသိုလ်ဆရာအဖြစ် ရာထူးတိုးမြှင့်ပေးသည်။ သို့သော် တစ်နှစ်ခန့် ကျောင်းတွင် သင်ကြားပေးနေပြီးနောက် အထူးသတင်းတပ်ဖွဲ့က သူမ၏ နိုင်ငံရေးအကျဉ်းသားဟောင်းရာဇဝင်ကို တက္ကသိုလ်သို့ အကြောင်းကြားလာသည့်အတွက် အလုပ်ဖြုတ်ခံရသည်။ ထူးချွန် အရည်အချင်းများစွာရှိနေသော်လည်း ထိုအချိန်မှစ၍ အလုပ်ရှာဖွေနိုင်ခဲ့ခြင်း မရှိပဲ အစဉ်သဖြင့်စောင့်ကြည့်ခံနေခဲ့ရသည်။

"အချိန်ပြည့် စောင့်ကြည့်ခံနေရတယ်။ အလုပ်တွေက ရဲစခန်းထောက်ခံစာတောင်းလို့ အလုပ်ရှာတာမှာ ကျွန်မ အခက်အခဲတွေကြုံရတယ်။ အခြားသူတွေက ထောက်ခံစာလာတောင်းပြီး ထွက်သွားကြတာ ကျွန်မမြင်တယ်။ ထောက်ခံစာရဖို့ ကျွန်မနာမည်ကို ပြောတာနဲ့ ရဲစခန်းက ချက်ချင်းသဘောထားပြောင်းသွားတာပဲ"ဟု ဆိုသည်။

အမှန်ဆိုရလျှင် မချိုထောင်မကျမီက လုပ်ကိုင်ခဲ့သလို အတွင်းရေးမှူးအလုပ် ပြန်လုပ်ကိုင်လိုသည်။ အနာဂတ် ပုဂ္ဂိုလ်ရေးရည်မှန်းချက် ပန်းတိုင်နှင့် ပတ်သက်၍ သူမကို မေးမြန်းရာတွင် "အနာဂတ်အတွက် ဘာရည်ရွယ်ချက်ပန်းတိုင်မှ မရှိပါဘူး။ အရင်အတိတ်ဘဝကို ကျွန်မပြန်သွားလို့ မရပါဘူး"ဟု ဖြေကြားခဲ့သည်။

၁၃၉။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှုနှင့် တွေ့ဆုံမေးမြန်းမှု - FPP/DC/00319 (၂၀၁၄ ခုနှစ်၊ မတ်လနှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ)
၁၄၀။ သူမ၏ အမည်မှန် မဟုတ်ပါ။



From -8B

## ၆ - ၆ ငွေကြေးအခက်အခဲများ

ယခင်အခန်းတွင် ဖော်ပြထားသကဲ့သို့ပင် အလုပ်အကိုင်မရှိခြင်းနှင့် မတန်သည့်အလုပ်များကို လုပ်ကိုင်နေကြရသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက လုံလောက်သည့် ဝင်ငွေမရှိကြောင်း ဆိုကြသည်။ထိုမျှမကနိုင်ငံရေးအကျဉ်းသားဟောင်းအများစုမှာ ၎င်းတို့၏ ဝင်ငွေအရှာနိုင်ဆုံး အရွယ်ကောင်းကို အကျဉ်းထောင်အတွင်း ကုန်ဆုံးခဲ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ကျွန်တော် အလုပ်ကောင်းကောင်း လုပ်နိုင်တဲ့အချိန်တွေကို ထောင်ထဲမှာ ကုန်ခဲ့ရတယ်။ ခုတော့ကောင်းကောင်းလုပ်ဖို့သိပ်အိုသွားပြီ"[၁၄၁]ဟု ရှင်းပြသည်။ ထို့အပြင် ဝင်ငွေအရှာနိုင်ဆုံးအသက်အရွယ်ကို ထောင်ထဲတွင် ကုန်ခဲ့ကြရသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်း အများစုသည် အခြားရွေးချယ်စရာလမ်းမရှိဘဲ မြေကွက်ရောင်းချရခြင်း၊ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို ရောင်းချရခြင်းဖြင့် ၎င်းတို့၏ ဥပဒေကြောင်း ကုန်ကျစားရိတ်များကို ကုန်ကျခံခဲ့ရသည်။ ပြန်လွတ်လာသော နိုင်ငံရေးအကျဉ်းသားများမှာလည်း ဝင်ငွေရှာရန်ရင်းမြစ်ဖြစ်သည့် မြေများ၊ စီးပွားရေးလုပ်ငန်းများကို သိမ်းပိုက်ခံရသည်နှင့် ကြုံရပြန်သည်။ အခြားသော ပိုင်ဆိုင်မှုပစ္စည်း ရှိနေကြသေးသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာလည်း ၎င်းတို့ ထောင်ထဲတွင်ရောက်နေသည့် အတွက် စီမံခန့်ခွဲရန် အခက်အခဲများကြုံတွေ့ကြရသည်။ ထောင်တွင်း ၃-နှစ်နေခဲ့ရသည့် နိုင်ငံရေး အကျဉ်းသားဟောင်း တစ်ဦးက ၎င်းမရှိစဉ်တွင် မြေကိုထိန်းသိမ်းပေးရန် မည်သူမှမရှိခဲ့ဟုဆိုသည်။ "ကျွန်တော်ထောင်ကျနေတုန်း စပါးခင်းတွေကို ပစ်ထားရတယ်။ အခုတော့ လယ်ကွင်းတွေက ပျက်ကုန်ပြီ။ အထွက်မကောင်းတော့ဘူး" [၁၄၂]ဟု ပြောသည်။ အခြားနိုင်ငံရေးအကျဉ်းသားတစ်ဦးတွင် ပုံနှိပ်တိုက် စီးပွားရေးရှိသည်။ ထောင်ထဲရှိနေစဉ်ကာလတွင် ၎င်း၏ညီအစ်ကိုများက ဆိုင်ကိုဦးစီးထားကြသည်။ သို့သော်လည်း ထိုညီအစ်ကိုများမှာ ၎င်းကဲ့သို့ စီးပွားရေးအမြင်မရှိကြသောကြောင့် စီးပွားမဖြစ်တော့ဘဲ ဆိုင်လည်းကျရှုံးခဲ့ရသည်။ ယင်းနိုင်ငံရေးအကျဉ်းသား ထောင်မှပြန်လွတ်သည့်အခါ စက်ပစ္စည်းကိရိယာများမှာ ခေတ်နောက်ကျနေကြပြီး အချို့မှာ သုံး၍ပင်မရတော့ပေ။ ၎င်းက စီးပွားရေးပြန်စရန် မဖြစ်နိုင်ဘဲ ရှိနေချိန်တွင် ချေးငွေယူ၍ လုပ်ငန်းပြန်ထူထောင်ခဲ့ရရာ ယခုအခါအတိုးများတက်ကာ အကြွေးများ ပြန်ပေးနိုင်ရေး ရုန်းကန်နေရသည်။ [၁၄၃]

ထောင်ကျရခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဝင်ငွေအပေါ် ထိခိုက်သက်ရောက်မှုကိုထည့်သွင်းစဉ်းစား ကြည့်မည်ဆိုလျှင် နိုင်ငံရေးအကျဉ်းသားဟောင်း ၈၅%က ရပ်တည်ရေး အခက်အခဲရှိသည်ဟု ဖြေကြားကြသည်မှာ အံ့သြဖွယ်မဟုတ်ပေ။ ဤအခက်အခဲများအပေါ် ထပ်ဆင့်ဖိစီးစေသောအကြောင်းမှာ နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် ထောက်ပံ့ရမည့် မိသားစုများ ရှိနေကြခြင်းဖြစ်သည်။ ထိုမျှမက တုံ့ပြန်ဖြေကြားသည့် နိုင်ငံရေးအကျဉ်းသားများ၏ ၆၇% က ထောင်မကျမီ မိသားစုများက သူတို့အပေါ် ဝင်ငွေအရ မှီခိုနေကြရကြောင်း ဖြေကြားခဲ့ကြပြီး ကျန် ၁၄% ကမူ သူတို့မိသားစုများက သူတို့အပေါ် ငွေကြေးအရတစ်စိတ်တစ်ပိုင်း မှီခိုနေကြရသည်ဟု ဖြေကြားကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုများမှာ ၎င်းတို့ ထောင်ချခံရခြင်းကြောင့် ဝင်ငွေအစိတ်အပိုင်းအများစု ဆုံးရှုံးခဲ့ကြရသည့်အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက ဖြေဆိုကြရာတွင် ၎င်းတို့နှင့်ဆက်စပ်ပတ်သက်၍ မိသားစုဝင်များ အလုပ်ပြုတ်ကြရသည့်အတွက် ဘဏ္ဍာရေးအခြေအနေမှာ ပို၍ဆိုးရွားခဲ့ရသည်ဟု ဖော်ပြကြသည်။ ပုံ(စ)တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုများသည် ၎င်းတို့၏ သားချင်းများ ထောင်တွင်း ရှိနေစဉ်အတွင်း ငွေကြေးလုံခြုံမှုအခြေအနေ ယိုယွင်းကျဆင်းလာသည်ဟု ခံစားကြရကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် တစ်စုံလုံးဆိုင်ရာ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများလည်း ယုတ်လျော့လာခဲ့ကြရသည်။

---

၁၄၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00002 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၁၄၂။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01276 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

၁၄၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှုနှင့် တွေ့ဆုံမေးမြန်းမှု-FPP/DC/00856 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ)

### ပုံ- ၈။ ထောင်ကျစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မိသားစုအခြေအနေယိုယွင်းကျဆင်းလာမှု




နိုင်ငံရေးအကျဉ်းသားဟောင်း အများစု (၈၇%) တွင် ကလေးများရှိကြသည်။ သို့သော်လည်းငင်းတို့ထောင်ကျနေစဉ်အတွင်း ၄င်းတို့၏ ကလေး အများစုမှာ မိသားစုအတွင်း ငွေကြေးအခက်အခဲများကြောင့် ပညာရေးအခွင့်အလမ်းများ ဆုံးရှုံးကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ကျွန်တော်လည်းမထောက်ပံ့နိုင်တော့ရော ကလေးတွေလည်း ပညာမသင်နိုင်ကြတော့ဘူး"ဟု ရှင်းပြသည်။ ၄င်းကိုဖမ်းဆီးပြီးနောက် မူလတန်းပညာရေး (၅-တန်း) ပြီးထားသည့် သူ့ကလေးကို ဝင်ငွေလည်း မရှိတော့သောကြောင့် ဆက်၍မထောက်ပံ့နိုင်တော့ဘဲ ကျောင်းနှုတ်လိုက်ရသည်။ ယခင်က အကျီချုပ်သူတစ်ဦးမှာလည်း ထောင်မှပြန်လွတ်လာပြီးနောက် မျက်စေ့ပြဿနာက ပို၍ဆိုးရွားလာသောကြောင့် စီးပွားရေးကောင်းစွာမလုပ်နိုင်တော့ဘဲ ဖြစ်ရပြန်သည်။ နောက်ပိုင်းတွင် သူတတ်ကျွမ်းသည့်လုပ်ငန်းကိုပင်ဆက်၍ မလုပ်နိုင်တော့သောကြောင့် ရပ်တန့်ခဲ့ရသည်။ ခြံလုပ်သားတစ်ဦးမှာလည်း တစ်နှစ်လျှင်ကျပ် ၄သိန်းခန့်(ခန့်မှန်းဒေါ်လာ ၃၀၀)ခန့်သာဝင်ငွေရှိသည့်အတွက် မိသားစုရပ်တည်ရေး ငွေကြေးအခက်အခဲရှိနေကြောင်း ဖော်ပြခဲ့သည်။[၁၄၄]

### ၆ - ၇ အသိုင်းအဝန်းနှင့် မိသားစုမှဖယ်ကျဉ်ခြင်း

လူမှုအသိုင်းအဝိုင်းနှင့် ပြန်လည်ပူးပေါင်းခြင်းဟု ဆိုရာတွင် လူမှုရေးအရနှင့် စိတ်ဓာတ်ရေးရာအရ လူတစ်ဦး၏ဝန်းကျင်နှင့် ပြန်လည်ပေါင်းစည်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။[၁၄၅] နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးအတွက် ထောင်တွင်းတွင် ရှိနေစဉ်လူမှုအဖွဲ့အစည်းဖက်က ပြောင်းလဲသွားခဲ့ပါက ၄င်းအတွက်အထူးခက်ခဲလှပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းဟူသော အဆင့်အတန်းကလည်း ၄င်းအတွက် ပို၍စိန်ခေါ်မှုဖြစ်စေသည်။ စစ်တမ်းကောက်ယူခဲ့သော နိုင်ငံရေးအကျဉ်းသားအချို့က ဖော်ပြကြရာတွင်၊ မိသားစုများ၊ သူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် ပြန်လည်ပေါင်းစည်းမှုအတွေ့အကြုံများကို ဖော်ပြကြပြီး အဓိကအကြောင်းမှာ အကြောက်တရား လွှမ်းမိုးနေသောကြောင့် လူမှုအသိုင်းအဝိုင်းထံမှ ဖယ်ကျဉ်ခံရခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပြောဆိုကြသည်။ အကျဉ်းထောင်အတွင်းရှိနေစဉ် များစွာသော အိမ်နီးချင်းများ၊ မိတ်ဆွေများ၊ နောက်ဆုံးမိသားစုဝင်များကပင် ကူညီပေးရန်ငြင်းဆန်ကြပြီး ၄င်းတို့ လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း မိသားစုဝင်များနှင့် မိတ်ဆွေများက ၄င်းတို့၏ မိသားစုများ လက်တို့

၁၄၄။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00565 (၂၀၁၄ ခုနှစ်၊ လမသိရ)

၁၄၅။ UNODC, "Introductory Handbook on the Prevention of Recidivism and the Social Reintegration of Offenders" (2012) <http://bit.ly/1M6cnB1>



From -9A

ပြန်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ခပ်စိမ်းစိမ်းနေကြကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းအချို့က ဖော်ပြကြပါသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကြောင့် ၄ ကြိမ်တိုင်တိုင် ဖမ်းဆီးခံရသူ နိုင်ငံရေးအကျဉ်းသားတစ်ဦးနှင့် ၎င်း၏ မိသားစုဝင်များသည် ဤသို့ဖယ်ကျဉ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားကြရသည်။ မြန်မာနိုင်ငံတွင် လူလေးစားခံရသည့် သက်မွေးဝမ်းကျောင်းဖြစ်သော ဆရာဝန်တစ်ဦးဖြစ်နေသည့်တိုင် ၎င်းနိုင်ငံရေးအကျဉ်းသားသည်လည်း ဖယ်ကျဉ်မှုဒဏ်ခံရသည်။ ၎င်းက အခြေအနေကို ချုပ်၍ဖော်ပြရာ၌ "နိုင်ငံရေး မိသားစုတစ်ခုအနေနဲ့ လူတွေက ကျွန်တော်တို့နဲ့မပေါင်းချင်ပါဘူး။ သူတို့က ကျွန်တော်တို့ကို အကူအညီပေးချင်တဲ့တိုင် ပေးဖို့ကြောက်ရွံ့နေကြတယ်" [၁၄၆] ဟု ပြောပြခဲ့သည်။

မိတ်ဆွေများနှင့် မိသားစုဝင်များက ပုံမှန်ဆက်လက်ဆက်ဆံကြသည့်တိုင် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် အကျဉ်းကျပြီးနောက် နိုင်ငံရေးအကျဉ်းသားဖြစ်မှုက ၎င်းတို့၏ဘဝအခြေအနေကို ပြဋ္ဌာန်းသတ်မှတ်ခဲ့ခြင်း အခြားသူများနှင့် ဆက်ဆံရေးတွင် အခက်အခဲတွေ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားတစ်ကြိမ်ဖြစ်ဖူးပါက ထိုသူသည်အမြဲတစေ နိုင်ငံရေးအကျဉ်းသားအဖြစ် ဆက်ဆံခံရကြောင်း၊ ဘဝတူ အတွေ့အကြုံတူသူများသာ ၎င်းတို့အား ခံစားနားလည်နိုင်ကြသည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများက ဆိုသည်။ [၁၄၇] နိုင်ငံရေးအကျဉ်းသားမဟုတ်သူများနှင့် ပေါင်းသင်းဆက်ဆံ၍ မရနိုင်သောကြောင့် နောက်ထပ်အထီးကျန်ဆန်မှု ဖြစ်ပေါ်ရပြန်သည်။

ဤသို့ဖယ်ကျဉ်ခြင်းမျိုးသည် မိသားစုများထံမှလည်း ဖြစ်နိုင်သည်။ များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ထောင်ထဲရှိနေစဉ်အတွင်း ၎င်းတို့ရင်ဆိုင်ကြရသည့် ငွေကြေးနှင့် လူမှုရေးအခက်အခဲများအတွက် မိသားစုဝင်များက မကျေမနပ်ရှိကြသည်။ ထို့အတွက်ကြောင့်လည်း တင်းမာမှုများပိုဖြစ်စေသည်။ အချို့နိုင်ငံရေးအကျဉ်းသားဟောင်းများက ၎င်းတို့ပြန်လွတ်ပြီးနောက် မိသားစုများလုံးဝပြိုကွဲသွားသည်မျိုး ဖြစ်ကြသည်ဟုဆိုသည်။ ယေဘုယျတွေ့ရှိချက်မှာ နိုင်ငံရေးအကျဉ်းသားဟောင်းများ ထောင်ထဲရှိနေစဉ်အတွင်း ၎င်းတို့၏ ဇနီး၊ ခင်ပွန်းများနောက်အိမ်ထောင်ပြုသွားကြခြင်းကြောင့်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက မှတ်ချက်ပြုရာတွင် "ကျွန်တော့်ကို အပြစ်ပုံချပြီးတော့ ကျွန်တော့်မိန်းမက နောက်အိမ်ထောင်ပြုလိုက်တယ်။ ဒါကြောင့်မို့ အခု ကျွန်တော့်မိတ်ဆွေနဲ့အတူနေရတယ်" [၁၄၈] ဟု ပြောသည်။ ထောင်ထဲတွင် ကာလကြာရှည် ကွဲကွာနေထိုင်ရပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကလေးများကလည်း ၎င်းတို့နှင့် ခပ်စိမ်းစိမ်း ရှိနေတတ်ကြသည်။

ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက ၎င်းတို့ထောင်ကျနေစဉ်အတွင်း မိသားစုများအခြေအနေသိသိသာသာ ပြောင်းလဲခဲ့သည်ဟု ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း ၂၄% က ၎င်းတို့အကျဉ်းကျနေစဉ်အတွင်း မိသားစုပြိုကွဲရသည်ဟု ဖော်ပြကြပြီး ၃၂% က မိသားစုတစ်စိတ်တစ်ပိုင်းအားဖြင့် ပြိုကွဲရသည်ဟု ဖော်ပြကြသည်။ ရေရှည်ကွဲကွာနေကြရသောကြောင့် လင်မယား ဆက်ဆံရေးပြန်လည်ထူထောင်ရန် ခက်ခဲသကဲ့သို့ မိသားစုပြန်လည် ပေါင်းစည်းရေးပင်ခက်ခဲသဖြင့် ကာလကြာရှည်ကွဲကွာနေရသူများ၊ ပတ်သက်ကြသူများအတွက် အကြီးအကျယ် စိတ်ဖိစီးမှု ဖြစ်စေသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများကိုမိသားစုဝင်များနှင့် မိတ်ဆွေများက ဖယ်ကျဉ်ကြခြင်းကြောင့် အိုးအိမ်မဲ့ဖြစ်ကြရခြင်း သို့မဟုတ် အခြားနိုင်ငံရေးအကျဉ်းသားဟောင်းများထံ သို့မဟုတ် ဘုန်းကြီးကျောင်းထံတွင် ခိုလှုံကြရခြင်းများဖြစ်စေသည်။ မိသားစုကွဲကွာသွားခြင်းကြောင့် အိမ်ယာမဲ့ဖြစ်ကြရခြင်းသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဓိကကြုံတွေ့ကြရသည့် ပြဿနာဖြစ်သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း အောင်မြင်စွာ ပြန်လည်ပေါင်းစည်းနိုင်ရေးတွင် အဓိကအဟန့်အတားဖြစ်စေသည်။

## ၆ - ၈ ဆက်လက်ခံစားနေရသော ကျန်းမာရေးပြဿနာများ

ယေဘုယျအားဖြင့် ထောင်အတွင်းရှိနေစဉ် ဆေးဝါးကုသမှု ငြင်းပယ်ခံကြရသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်း များသည် ၎င်းတို့ရရှိသည့် ဒဏ်ရာများ၊ ရောဂါဝေဒနာများကို ထောင်မှပြန်လွတ်ပြီးနောက်ပိုင်းတွင်လည်း ဆက်လက်၍ခံစားကြရလေ့ရှိပါသည်။ ပြန်လွတ်ခဲ့ပြီးသည်မှာ နှစ်ကြာပြီဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်း ၇၇% က ထိန်းသိမ်းခံထားရစဉ်ကာလက ဒဏ်ရာဒဏ်ချက်များကိုယခုတိုင်ခံစားနေကြရသည်ဟု ဖော်ပြကြသည်။ အစိုးရက ထောက်ပံ့ပေးမှု မရှိခြင်းကြောင့်နှင့် ချို့တဲ့ရှားပါးခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုမှာ ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ခြင်းလုံးဝမရှိသလောက်ဖြစ်ကြရသည်။ ထောင်အတွင်းရရှိခဲ့သည့် ဒဏ်ရာဒဏ်

၁၄၆။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01554 (၂၀၁၄ ခုနှစ်၊ လမသိရ)

၁၄၇။ AAPP, "The Role of Political Prisoners in the National Reconciliation Process" (March 2010) <http://bit.ly/1izyibs>

၁၄၈။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00495 (၂၀၁၄ ဇန်နဝါရီလ)

ချက်များ သည်လည်း ပြန်လည်ကုသ၍ မရလောက်အောင်ဖြစ်ရသည့် ဖြစ်ရပ်အများအပြား ရှိနေခဲ့သည်။ ဤသို့ကာလရှည်ဒဏ်ရာ ဒဏ်ချက်များ ဖြစ်ရခြင်းသည်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများ ပြန်လည်ထူထောင်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ အလုပ်အကိုင်ရရှိရေးနှင့် နေ့စဉ်ဘဝ၏လုပ်ငန်းများအတွက် ပြဿနာရှိစေသည်။ ယခုအခန်းတွင် ထောင်မှပြန်လွတ်ပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်းများ ခံစားရသည့်ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နစ်နာရမှုများကို တင်ပြထားပါသည်။

## ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ

နိုင်ငံရေးအကျဉ်းသားဟောင်း အများစုသည် ရုပ်ပိုင်းဆိုင်ရာ အရ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် နောက်ပိုင်းတွင် ပြုစုကုသပေးမှု မရှိခြင်းကြောင့် နာတာရှည်ဒဏ်ရာဝေဒနာများအဖြစ် ခံစားကြရပါသည်။ ယခုလေ့လာမှုတွင် ကိုယ်ခန္ဓာ မည်သည့်နေရာကိုမဆို ထိုးကြိတ်ရိုက်နှက်ဒဏ်ရာများ သို့မဟုတ် တုံးသောပစ္စည်းဖြင့် ထုနှက်ခံရသည့်သူများသည် အမြဲတစေ ဆိုသကဲ့သို့ ကိုယ်ခန္ဓာနာကျဉ်မှုများကို နှစ်ပေါင်းများစွာတိုင် ခံစားနေကြရသည်။ [၁၄၉] နိုင်ငံရေးအကျဉ်းသားဟောင်း ၁၁% သည် နာတာရှည်ကိုက်ခဲမှု၊ နာကျဉ်မှုများ ဆက်လက်ခံစားနေကြရဆဲဖြစ်ပြီး ယင်းတို့၏ လေးပုံသုံးပုံမှာ ထိန်းသိမ်းခံထားရစဉ် သို့မဟုတ် အကျဉ်းထောင်အတွင်း ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသူများ ဖြစ်ကြသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း ၃% က လေဖြတ် ကိုယ်တစ်ခြမ်းသေခြင်း သို့မဟုတ် ထုံကျင်ခြင်း၊ ကိုယ်လက်များတွင် တဆစ်ဆစ်နာကျဉ်ခြင်းတို့ကဲ့သို့ ယင်းနှင့်ယှဉ်တွဲသည့် ရောဂါလက္ခဏာများ ခံစားကြရသည်ဟု ဖော်ပြကြသည်။ ဤသို့ မလှုပ်ရှားနိုင်ဖြစ်ရခြင်းမှာ ခြေလက်များကို ပုံမှန်မဟုတ်သည့် အနေအထားဖြင့် သံခြေကျင်း၊ လက်ထိပ်ခတ်ထားပြီး ကာလကြာရှည်နေစေခြင်းတို့ကြောင့် ဖြစ်နိုင်သည်။ ထို့အပြင်ထောင်၏သံမံတလင်း ကြမ်းခင်းပေါ်တွင် ကာလကြာရှည် အိပ်စက်ခဲ့ရခြင်းသည်လည်း ပြဿနာတစ်ခုဖြစ်သည်။ လိုအပ်သည့်လှုပ်ရှားမှုမလုပ်ဆောင်နိုင်ခြင်း၊ ကိုယ်လက်သေနေခြင်းတို့ကြောင့် ပြန်လည်ပေါင်းစည်းရေးတွင် အဓိကအဟန့်အတားဖြစ်စေသည်။ ဥပမာအားဖြင့်- နိုင်ငံရေးအကျဉ်းသား တစ်ဦးသည်ထောင်တွင်းတွင် ၆-လကြာခြေကျင်းခတ်ခံထားရသည့်အတွက် ခြေနှစ်ဖက်လုံးတွင် အကြောသေသကဲ့သို့ ခံစားရသောကြောင့် အလုပ်မလုပ်နိုင်တော့ကြောင်း ဖော်ပြသည်။ [၁၅၀]

အသက်ကြီးရင့်သူ နိုင်ငံရေးအကျဉ်းသားဟောင်းများက ဖော်ပြရာတွင် အသက်ရလာသည့်အခါ မျက်စိမှုန်ခြင်း၊ ခြေလက်ဖောယောင်ခြင်း (rheumatism)၊ အဆစ်အမြစ်ယောင်ခြင်း (arthritis) များခံစားကြရသည်ဟု ဆိုသည်။ ဤအခြေအနေမှာ အသက်အရွယ်ကြီးသူများအတွက် ဖြစ်လေ့ရှိသောအခြေအနေဖြစ်နိုင်သည်။ သို့ပါသော်လည်း၊ အသက်ငယ်ရွယ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကလည်း ၄င်းတို့ အဆစ်အမြစ်ယောင် ရောဂါတစ်ခုခုခံစားနေကြရကြောင်း၊ ရောဂါဖော်ထုတ် တွေ့ရှိခြင်းမရှိပါဘဲနှင့် အဆစ်အမြစ်ယောင်ကြောင်း ဖော်ပြကြသည်။ ဤနေရာတွင် မှတ်ချက်ပြုရန်မှာ ဤဝေဒနာများသည် ရိုက်နှက် ထုနှက်ညှဉ်းပမ်းနှိပ်စက်မှု၏ ဒဏ်ရာဒဏ်ချက်များ သို့မဟုတ် လူကိုကြိုးဖြင့် ဆိုင်း၍ ဆွဲထားသောကြောင့်ဖြစ်သည့် ရောဂါအချို့နှင့် ဆက်စပ်နိုင်သည်။ [၁၅၁]

နိုင်ငံရေးအကျဉ်းသားဟောင်းများမှ မကြာခဏဆိုသကဲ့သို့ ဖော်ပြလေ့ရှိသော နောက်ထပ်ကျန်းမာရေး ပြဿနာတစ်ခုမှာ သွေးတိုးရောဂါနှင့် သွေးအားကျခြင်း၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါနှင့် အသည်းမာခြင်းတို့ ဖြစ်သည်။ ဤသို့သော ရောဂါများမှာ တစ်ဖက်တွင် ပြင်းထန်သည့် စိတ်ဖိအားများကြောင့် ပိုဆိုးစေပုံရပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် ဤသို့တွေ့မြင်ရသည်မှာ အံ့သြဖွယ်တော့မဟုတ်ပါ။

## စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး

နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် နှိပ်စက်ညှဉ်းပမ်းမှုဒဏ်ချက်များကြောင့် ရေရှည်ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိမည်မှာ သံသယရှိဖွယ်မဟုတ်သော်လည်း ညှဉ်းပမ်းနှိပ်စက်မှုများနှင့် မတော်မတရားပြုမူမှုများ ခံစားရသူများ၊ မတရားထောင်သွင်းအကျဉ်းချခံရသူများသည် စိတ်ပိုင်းဆိုင်ရာလက္ခဏာ အမျိုးမျိုးကိုလည်း ခံစားကြရနိုင်ပါသည်။ သို့သော် ပြင်းထန်မှုတွင် အနိမ့်အမြင့် ရှိနိုင်ပါသည်။ အလွန်အကျူးဖြစ်ရပ်သာဓကတစ်ခုတွင် နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးမှာ စစ်ကြောရေးကာလတွင် ပြင်းထန်စွာညှဉ်းပမ်းနှိပ်စက်ခံရပြီး ရူးသွပ်ခဲ့ရသည့်အပြင် ထောင်မှလွတ်ပြီး နောက်ပိုင်းလည်း စိတ်ဝေဒနာ ဆက်ခံစားနေရပြီး သူ့ကိုယ်သူပင် စောင့်ရှောက်နိုင်ခြင်းမရှိသည့်အတွက် ယခုအခါ ညီမငယ်၂-ဦး၏ပြုစုစောင့်ရှောက်မှုအောက်တွင်နေရပါသည်။ [၁၅၂] ပြင်းထန်

---

၁၄၉။ Adam J, et al. "Chronic Pain in Torture Victims", Current Pain and Headache Reports (March 2010) <http://bit.ly/1HMCAXA>

၁၅၀။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/00011 (၂၀၁၅ ဖေဖော်ဝါရီလ)

၁၅၁။ Adam J, et al. "Chronic Pain in Torture Victims", Current Pain and Headache Reports (March 2010) <http://bit.ly/1HMCAXA>

၁၅၂။ နိုင်ငံရေးအကျဉ်းသားဟောင်းများစစ်တမ်းကောက်ယူမှု- FPP/DC/00887 (၂၀၁၅ ဖေဖော်ဝါရီလ)

မှုနည်းသော အနေအထားတွင်ပင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ပြန်လည်ထူထောင်ရေးကို နှောင့်နှေးစေပါသည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အခက်အခဲများသည် အလားတူအတွေ့အကြုံ မရှိခဲ့ကြသော အခြားသူများနှင့် မတူညီနိုင်ပါ။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် မကြာခဏဆိုသကဲ့သို့ အထီးကျန်ဆန်သည့် ခံစားမှုများကိုလည်း တွေ့ကြုံကြရပါသေးသည်။ လူမှုရေးအရဖယ်ကျဉ်ခံရမှုနှင့် မတရားဖမ်းဆီးထောင်ချ ခံရခြင်းများကြောင့် ၎င်းတို့တွင် မယုံသင်္ကာစိတ်မြင့်မားလွန်းခြင်း၊ ဒေါသဖြစ်လွယ်ခြင်းတို့ ဖြစ်ကြရသည်။ ထို့အတွက် နောက်ဆက်တွဲအဖြစ် အထီးကျန်ဆန်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ခြင်းတို့ကိုဖြစ်စေသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "အခြားသူတွေက ကျွန်တော့်အပေါ် အဆိုးမြင်နေကြတာကို စိတ်အနှောင့်အယှက်ဖြစ်မိတယ်"[၁၅၃] ဟုပြောပြသည်။ ထို့အပြင် မိသားစုဝင်များက နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ထောင်ကျနေစဉ်နှင့် ထောင်မှလွတ်ပြီးကာလတွင် အပြစ်ဖို့ကြသောကြောင့် မိမိကိုယ်ကိုအပြစ်ရှိနေသည်ဟု ခံစားကြရခြင်းမှာလည်း ပုံမှန်ဖြစ်တတ်ကြသည်။ အပြစ်ရှိနေသည်ဟု ခံစားကြရခြင်း၊ မျှော်လင့်ချက်မဲ့နေခြင်း၊ အနာဂတ်အတွက် စိုးရိမ်ပူပန်ခြင်းတို့ကြောင့် အိပ်ပျော်ရန် ခက်ခဲစေပြီး တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာတတ်သောအတွေးများနှင့် အထိခိုက်အနာကျင်ရဆုံး၊ အကြောက်ရွံ့ရဆုံး အတိတ်မှတ်ဉာဏ်များသည် နိုင်ငံရေးအကျဉ်းသားဟောင်းများကို အိပ်ပျော်နေရာမှလန့်နိုးခြင်းသို့မဟုတ် အိပ်မက်ဆိုးများကို ပြန်မက်ခြင်းတို့ဖြစ်တတ်ကြသည်။

အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသော နိုင်ငံရေးအကျဉ်းသားဟောင်းများအဖို့ စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ပူပန်ခြင်း လက္ခဏာများဖော်ပြကြသည်မှာ ပုံမှန်ဖြစ်ပြီး ဝမ်းနည်းလွယ်ခြင်း၊ မျက်ရည်လွယ်ခြင်းများ ဖြစ်စေသည်။ အရက်နှင့်မူးယစ်ဆေးဝါးစွဲခြင်း၊ ဒေါသထွက် ရန်ဖြစ်လွယ်ခြင်း၊ အထီးကျန်ဖြစ်ခြင်းနှင့် အနာဂတ်ပျောက်နေသည်၊ မိမိကို ဖယ်ချန်ထားသည်ဟု ခံစားရခြင်းများနှင့် စိတ်စုစည်းရန်ခက်ခဲခြင်းများကိုလည်း ပုံမှန်တွေ့ကြရသည်။ ဤရောဂါ လက္ခဏာများကို ထောင်တွင်းတွင်ရှိနေစဉ် ခံစားရသည်ဟုဖော်ပြကြပြီး မကုသဘဲထားသောကြောင့် လွတ်မြောက်ပြီး နောက်ပိုင်းတွင်ပင် ဆက်လက်၍ ခံစားနေကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "သူတို့က ကျွန်တော့် နှလုံးသားနဲ့ စိတ်ကိုထောင်ထဲမှာ၊ စစ်ကြောရေးမှာ နှိပ်စက်ညှဉ်းပန်းကြတယ်။ ကုသမှုမရခဲ့တော့ ခုချိန်ထိခံစားနေရတုန်းပဲ"[၁၅၄] ဟု ဆိုသည်။ အံ့သြဖွယ်မဟုတ်သည့်အချက်မှာ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ပူပန်ခြင်းကို နေ့စဉ်လူမှုဘဝတွင် ဆက်လက်၍ရင်ဆိုင်ရုန်းကန်နေကြရခြင်းဖြစ်သည်။ စစ်ကြောရေးနှင့် ထောင်တွင်းတွင် ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်ခံခဲ့ရ သော နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ကျွန်တော့် မျှော်လင့်ချက်ပန်းတိုင်တွေ အားလုံးဟာ ထောင်ကျတာကြောင့် ပျက်စီးသွားခဲ့ရတယ်"[၁၅၅] ဟု ပြောပြခဲ့သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ၂% ကသာ စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ပူပန်ခြင်းများဖော်ပြကြသော်လည်း၊ ဤနေရာတွင် အရေးတကြီးမှတ်ချက်ပြုရန်မှာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို များသောအားဖြင့် လျစ်လျူရှုထားလေ့ရှိသည်။ နစ်နာခံစားရသူ ကိုယ်၌ကပင်လျှင် မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာတည်ရှိနေသည့် လူမှုခွဲခြားသတ်မှတ်မှု ပြဿနာများကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိစ္စများနှင့် တိုက်ဆိုင်ဆက်စပ်ခြင်းဖော်ပြခြင်း မပြုဘဲနေလေ့ရှိကြသည်။ နိုင်ငံရေးအရ ဖိနှိပ်မှု၊ အကြောက်တရားရှိနေသည့် သမိုင်းများ၊ ပြောနေခြင်းအားဖြင့် အလုပ်မဖြစ်ဟူသော ယုံကြည်ချက်များ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် ကောင်းစွာနားလည်မှု မရှိကြခြင်း၊ ရောဂါလက္ခဏာများကို ငြင်းပယ်ခြင်း၊ ရှက်ခြင်း၊ ယဉ်ကျေးမှု စသည်တို့ကြောင့် မြန်မာနိုင်ငံတွင် စိတ်ပိုင်း ဆိုင်ရာ ဝေဒနာများနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုရသည်မှာ ခက်ခဲလှပါသည်။[၁၅၆] ဤအကြောင်းအချက်များကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုသည်ထောင်သွင်းအကျဉ်းချခံခဲ့ရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ ခံစားနေကြရသော်လည်း ယခုစစ်တမ်းကောက်ယူမှုတွင် မဖော်ပြကြခြင်းလည်း ဖြစ်နိုင်ဖွယ်ရှိပါသည်။ စိတ်ဝေဒနာ ပြဿနာသည်ယခုစစ်တမ်းတွင် မိမိကိုယ်ကို ဖော်ပြကြသည်ထက် ပို၍မြင့်မားနေဖွယ်ရှိသည်ဟုလည်း တွက်ဆ၍ ရပါသည်။ ထို့မျှမကအရက်နှင့်ပတ်သက်၍ဖြစ်သောရောဂါများ အချို့သော နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် ဖြစ်ပေါ်နေခြင်း [အသည်းကြွပ်ရောဂါ

၁၅၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများစစ်တမ်းကောက်ယူမှု-FPP/DC/02028 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၁၅၄။ နိုင်ငံရေးအကျဉ်းသားဟောင်းများစစ်တမ်းကောက်ယူမှုနှင့် တွေ့ဆုံမေးမြန်းမှု- FPP/DC/02214 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၀၁၅ ခုနှစ် ဇွန်လ)

၁၅၅။ နိုင်ငံရေးအကျဉ်းသားဟောင်းများစစ်တမ်းကောက်ယူမှု- FPP/DC/00473 (၂၀၁၄ ခုနှစ်၊ မတ်လ)

၁၅၆။ Patricia J. Shannon, et al. "Beyond Stigma: Barriers to Discussing Mental Health in Refugee Populations" Journal of Loss and Trauma: International Perspectives on Stress & Coping, Vol. 20, No. 3 (2014) <http://bit.ly/1NOmpXX>

(cirrhosis) နှင့် နှလုံးရောဂါများ] ကလည်း နိုင်ငံရေးအကျဉ်းသားဟောင်းများသည် စိတ်ကျန်းမာရေးစောင့်ရှောက်ပေးမှု မရှိသည့်အခြေအနေ၌ အရက်ဖြင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများကို ကုစားနေကြောင်း ဖော်ပြနေပါသည်။

ညှဉ်းပန်းနှိပ်စက်ခံရသူအများတွင် ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD) ကို စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာအဖြစ်အများဆုံးမြင်တွေ့ကြရပါသည်။[၁၅၇] ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု(PTSD) သည် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ရှိမှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်ခံရမှု စသည့် ကြောက်ရွံ့ဖွယ် ဖြစ်ရပ်များနောက်ပိုင်း ဖြစ်ပေါ်လာတတ်သည်။ အလားတူပင် နိုင်ငံရေးအကျဉ်းသားများသည်လည်း ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု ပုံစံမျိုးစုံကိုရင်ဆိုင်ကြုံတွေ့လာရပြီးနောက် ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD) အဖြစ် ရောက်ရှိခံစားလာရခြင်းဖြစ်သည်။ ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD) ခံစားနေကြရသည့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် အတိတ်ကို ပြန်အမှတ်ရခြင်းများ၊ အိပ်မက်ဆိုးမက်ခြင်းများ၊ ကြောက်ရွံ့သည့် စိတ်ခံစားမှုများ၊ ဒေါသပေါက်ကွဲလွယ်ခြင်းများ ဖြစ်ပေါ်တတ်သည်။ ပြန်၍အမှတ်ရစေသည့် စကားလုံး၊ အရာဝတ္ထု သို့မဟုတ် အခြေအနေများကြောင့် ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်သည်။ ဤသို့ ပြန်အမှတ်ရစေသည့် ဖြစ်ရပ်များကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ နေ့စဉ်ဘဝတွင် ပြဿနာများ ဖြစ်စေပြီး ယင်းအမှတ်ရစေမည့် နေရာများကိုရှောင်ကျဉ်ခြင်း ပြုတတ်ကြသည်။ ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD) သည် များသောအားဖြင့် စိတ်ဓာတ်ကျခြင်း၊ အရက်၊ မူးယစ်ဆေးစွဲခြင်း၊ သို့မဟုတ်စိတ်စိုးရိမ်ပူပန်မှု ရောဂါဝေဒနာများနှင့်လည်း ဆက်စပ်နေတတ်သည်။ ထိုမျှမက ဤသို့စိတ်ထိခိုက်ဖွယ်အဖြစ်ဆိုးမျိုးကြုံရသည့် ၄င်း၏ချစ်ခင်ရသော ဆွေမျိုးသားချင်းများ၊ နီးစပ်သူများတွင်လည်း အလားတူပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD)[၁၅၈] များ ဖြစ်ပေါ်လာတတ်သည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏မိသားစုဝင်များသည်လည်း ပဋ္ဌိပက္ခလွန်နောက်ပိုင်း စိတ်ထိခိုက်ဖိစီးမှု (PTSD) ဖြစ်ပေါ်ခံစားနေကြဖွယ်ရှိသည်။

## ၆ - ၉ နိုင်ငံရေးတွင် ဆက်လက်ပါဝင်မှု

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အနည်းဆုံး ငါးပုံတစ်ပုံသည် အန္တရာယ်ကြီးသော်လည်းနိုင်ငံရေးလှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ဆောင်ရွက်နေကြသည်။ ၄င်းတို့အနေဖြင့် အကြိမ်များစွာဖမ်းဆီးခံခဲ့ကြရ၊ ထောင်ကျခဲ့ကြရပြီးသော်လည်း စွန့်စား၍ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ (အခန်း ၃။၁။ ကို ကြည့်ပါ။) မတော်မတရားဖိနှိပ်မှုများနှင့် တရားမျှတမှု မရှိသော ထိန်းသိမ်းမှုများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖို့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရေး ၄င်းတို့၏ စိတ်ပိုင်းဖြတ်ချက် ပိုမိုခိုင်မာလာစေသည်။လက်ရှိတွင် ဝင်ငွေမဖူလုံသည့်လျှပ်စစ်မီးပြင်သည့် လုပ်ငန်းလုပ်နေသူ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ကျွန်တော်ကနိုင်ငံရေးထက်စာရင် ဘာကိုမှ ပထမဦးစားမပေးနိုင်ဘူး"[၁၅၉] ဟုသူ၏စိတ်ပိုင်းဖြတ်ချက်ကိုဖော်ပြသည်။ ထိုကဲ့သို့ စိတ်ခံစားချက်ကို စစ်တမ်းဖြေကြားခဲ့သည့် နိုင်ငံရေးအကျဉ်းသားအများအပြားကလည်း ဖော်ပြကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးကမူ မျက်ရည်များစီးကျ၍ "နိုင်ငံ မလွတ်မြောက်သေးသမျှကာလပတ်လုံး၊ ကျွန်တော်ကတော့ နိုင်ငံရေးဆက်လုပ်နေမှာပဲ"ဟု တွေ့ဆုံမေးမြန်းသူကိုပြောပြခဲ့သည်။ ၄င်းက လက်ရှိတွင် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်နှင့်အတူ အလုပ်လုပ်နေသူလည်းဖြစ်သည်။[၁၆၀] နိုင်ငံရေးအကျဉ်းသားဟောင်းများက နိုင်ငံရေးလှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်နေခြင်းသည် လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် အဟန့်အတားတစ်ခုသဖွယ်ဖြစ်နေပြီး ဤသို့လုပ်ဆောင်နေခြင်းကို မိသားစုက မလိုလားသည့်အခါ မိသားစုအတွင်း တင်းမာမှုများဖြစ်ပေါ်လာစေသည်။ ထို့အပြင် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကို ဆက်လက် ဆောင်ရွက်နေခြင်းကြောင့် လူမှုရေးအရဖယ်ကျဉ်မှုကို ပို၍ဆိုးရွားစေသည်။ အလုပ်အကိုင်ရရှိရေးတွင် အခက်အခဲဖြစ်စေပြီး ပြန်လည်ဖမ်းဆီးခံရမှု၊ ထောင်ကျမှုများလည်းကြုံတွေ့ရနိုင်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများက ဤသို့သော အန္တရာယ်များကိုရင်ဆိုင်ကာ မြန်မာနိုင်ငံဒီမိုကရေစီရရှိသည်အထိ ဆက်လက်ဆောင်ရွက်လိုကြသည်။ နိုင်ငံရေးအကျဉ်းသားတစ်ဦးက "ပန်းတိုင်ကတော့ ဒီမိုကရေစီရဖို့ပဲ။ ရဖို့ ဆက်တိုက်ပွဲဝင်ရမှာပဲ"[၁၆၁] ဟု ဖော်ပြခဲ့သည်။

---

၁၅၇။ Adam J. et al. "Chronic Pain in Torture Victims". Current Pain and Headache Reports (March 2010) http://bit.ly/1HMCAXA

၁၅၈။ National Institute of Mental Healt, "Post-Traumatic Stress Disorder (PTSD)" (2015) <http://1.usa.gov/19BJgRY>

၁၅၉။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှု- FPP/DC/01207 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

၁၆၀။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှုနှင့် တွေ့ဆုံမေးမြန်းမှု- FPP/DC/00766 (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လ)

၁၆၁။ နိုင်ငံရေးအကျဉ်းသားဟောင်းများ စစ်တမ်းကောက်ယူမှုနှင့် တွေ့ဆုံမေးမြန်းမှု- FPP/DC/00856 (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လ)

# အခန်း - ၇
# ပြန်လည်ကုစားမှုများ

## ၇ - ၁ နိဒါန်း

ပဋိပက္ခများဖြစ်ပွားစဉ် သို့မဟုတ် အာဏာရှင်အုပ်ချုပ်ရေးစနစ်အောက်ရှိစဉ်တွင် နစ်နာခဲ့ကြရမှုများအတွက် ပြန်လည်ကုစားမှုပေးရန် အစီအစဉ်များဆိုသည်မှာ နိုင်ငံတော်အစိုးရကကမကထပြုသည့် ဆောင်ရွက်ချက်များဖြစ်ပြီး မတရားသဖြင့် ပြုမူခံရ၊ နစ်နာခဲ့ရသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအရ တစ်နည်းတစ်ဖုံ ပြန်လည်ကုစားပေးရန် ရည်ရွယ်သည့်အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ကုလသမဂ္ဂက အဓိပ္ပါယ်ဖွင့်ဆိုထားရာ၌ "အတိတ်သမိုင်းတွင် အကြီးအကျယ်ဖြစ်ပျက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုအမွေများကို လူမှုအဖွဲ့အစည်းက ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်သည့်ကျယ်ပြန့်ပြည့်စုံသော လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်တာများ ဖြစ်သည်။ ယင်းတွင်တာဝန်ယူမှုရှိစေရန်၊ တရားမျှတမှုရရှိစေရန်နှင့် ပြန်လည်ကုစားပေးမှုများ ရရှိစေရန် ရည်ရွယ်သည်" [၁၆၂]ဟုဖော်ပြထားသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒီမိုကရေစီ အဖွဲ့အစည်းစနစ်များ ခိုင်မာစေမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစစ်အမှန် ရရှိစေရန် အရေးပါသည့် လုပ်ဆောင်မှုဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံရေးနှင့်လူမှုရေးအပြောင်းအလဲများ လျှင်မြန်စွာ ဖြစ်ပေါ်နေသော နိုင်ငံတစ်ခုတွင်လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်သည့် နစ်နာခံစားရမှုများသည် ဆက်၍ပေါ်ပေါက်နေဦးမည်ဖြစ်ပြီး နစ်နာရသူများအပေါ်သက်ရောက်မှုရှိနေဦးမည်လည်း ဖြစ်သည်။ သို့တိုင်အောင် အစိုးရကအတိတ်ကာလနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ဆန္ဒရှိမနေသေးသည် သို့မဟုတ် မဟာဗျူဟာ ရှိမနေသေးသည်ကို တွေ့ကြရသည်။ [၁၆၃]

မြန်မာနိုင်ငံရှိ အရပ်ဖက်လူထုအဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးအစီအစဉ်အမျိုးမျိုးကို ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် ဆောင်ရွက်ပေးနေပါသည်။ နိုင်ငံတော် အစိုးရက ၎င်းတို့၏လူမှုဖူလုံရေးကိစ္စများ ပံ့ပိုးပေးရန် ပျက်ကွက်နေသည့်အချိန်တွင် လစ်ဟာချက်ကို ဝင်ရောက်ဖြည့်ဆည်း ပေးနေကြခြင်းလည်း ဖြစ်သည်။ သို့သော် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မတရားထောင်သွင်းအကျဉ်းချခံရခြင်းကြောင့်၊လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းကြောင့်၊ ညှဉ်းပမ်းနှိပ်စက်ခံရခြင်းကြောင့် နစ်နာခဲ့ကြရသော နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် ကုသပေးမှုနှင့် ပြန်လည်ကုစားပေးမှုများ အစိုးရထံမှ ရရှိရန်အခွင့်အရေးရှိပါသည်။ အကယ်၍ အစိုးရ၏ လုပ်ဆောင်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရ ကြီးလေးသည့်ချိုးဖောက် ကျူးလွန်မှုများဖြစ်လျှင် နစ်နာခဲ့ရသူများအတွက်၊ ပြန်လည်ကုစားမှုများ လုပ်ဆောင်ပေးရန် အစိုးရတွင် အမှန်တကယ်တာဝန်ရှိပါသည်။ ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သောကုလသမဂ္ဂ၏ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ ('အခြေခံမူများ')တွင် ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်ခံကြရသည့် နစ်နာရသူများအပေါ် ကုသပေးမှုနှင့် ပြန်လည်ကုစားပေးမှုဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်မှုများတွင် ဤတာဝန်ကို အတိအကျဖော်ပြထားပါသည်။ ဤအခြေခံမူများတွင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအရ ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကို "အပြည့်အဝနှင့် ထိရောက်သည့် ပြန်လည်ကုစားပေးမှု" ထောက်ပံ့ပေးသင့်သည်၊ ယင်းတွင် "ပြန်လည်ဖြည့်ဆည်းပေးမှု၊ လျော်ကြေးပေးမှု၊ ပြန်လည်ထူထောင်ရေး၊ စိတ်ကျေနပ်စေခြင်းနှင့် နောက်ထပ်မဖြစ်

၁၆၂။ ကုလသမဂ္ဂ၊ "အထွေထွေအတွင်းရေးမှူး၏ လမ်းညွှန်မှတ်တမ်းများ- ကုလသမဂ္ဂ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသို့ချဉ်းကပ်ပုံ" (Guidance Note of the Secretary-General: United Nations Approach to Transitional Justice) (March 2010) <http://bit.ly/1HsCezS>

၁၆၃။ ICTJ, "Navigating Paths to Justice in Myanmar's Transition" (June 2014) <http://bit.ly/1M9ROqq>

ပွားစေရန် အာမခံခြင်း'' [၁၆၄] တို့ပါဝင်သည်ဟု ဖော်ပြထားပါသည်။

ယခုအခန်းတွင် နိုင်ငံတကာဥပဒေကြောင်းအရ ပြန်လည်ကုစားပေးမှုများပြုရန် မြန်မာအစိုးရတွင် တာဝန်ရှိနေမှုကိုဖော်ပြထားပြီး လက်ရှိတွင်နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများရရှိနေသည့် ကူညီပံ့ပိုးမှုများ၊ အခြားနိုင်ငံများတွင် ဆောင်ရွက်ခဲ့ကြသည့် ပြန်လည်ကုစားမှု အစီအစဉ်များကိုဆန်းစစ်ထားပြီး အကောင်းဆုံးကျင့်သုံးလုပ်ဆောင်မှုများကို မီးမောင်းထိုးဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင် ပြန်လည်ကုစားမှု အစီအစဉ်များမည်သို့ အကောင်းဆုံးအကောင်အထည်ဖော်နိုင်မည်ကိုလည်း ထည့်သွင်းစဉ်းစားဖော်ပြထားပါသည်။

## ၇-၂ မြန်မာနိုင်ငံဥပဒေကြောင်းအရ ပြန်လည်ကုစားမှုများပေးရန် တာဝန်ဝတ္တရားရှိမှုများ

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပတ်သက်၍ မြန်မာအစိုးရက မည်သို့မျှလုပ်ဆောင်ပေးခြင်းမရှိသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ကုစားပေးမှုများနှင့် ပြန်လည် ထူထောင်ရေးကူညီပံ့ပိုးမှုများပေးရန် နိုင်ငံတကာတန်ဖိုးများအရ အစိုးရတွင် အခိုင်အမာတာဝန်ရှိနေပါသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း မြန်မာအစိုးရသည် နိုင်ငံရေးအကျဉ်းသားများ၏ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများအား ချိုးဖောက်ကျူးလွန်ခဲ့သည်မှာထင်ရှားပြီးဖြစ်ရပ်များစွာတွင် ညှဉ်းပန်းနှိပ်စက်ခြင်းမှကင်းလွတ်ခွင့် အခွင့်အရေးကိုပါ ချိုးဖောက်ခဲ့ပါသည်။ ဤသို့ချိုးဖောက်မှုများ ရှိနေသည့်အတွက် ICCPR နှင့် UNCAT ကဲ့သို့သော နိုင်ငံတကာသဘောစာချုပ်များတွင် အာမခံထားသည့် နိုင်ငံတကာ စံနှုန်းများအရ မြန်မာအစိုးရသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပြန်လည်ကုစားပေးရေး ပံ့ပိုးမှုများပြုရန် တာဝန် ရှိပါသည်။ UNCAT နိုင်ငံတကာသဘောတူညီချက်၏ အပိုဒ်-၁၄ တွင် နိုင်ငံတော်အစိုးရသည် "ညှဉ်းပန်းနှိပ်စက်သည့် လုပ်ရပ်များကြောင့် နစ်နာရသူအနေဖြင့် ပြန်လည်ကုစားပေးမှုများ ရရှိစေရန်နှင့် မျှတပြီးလုံလောက်သည့် လျော်ကြေးပေးမှုများ ရရှိခွင့်နှင့် ယင်းအခွင့်အရေးကို ဥပဒေအရစည်းကြပ်ပိုင်ခွင့်''ကို သေချာစွာဆောင်ရွက်ပေးရမည်၊ "ယင်းတို့တွင် ပြန်လည်ထူထောင်ရေးအတွက် ဖြစ်နိုင်သမျှ အပြည့်အဝ''အကူအညီနှင့်တစ်ချိန်တည်းတွင် "နစ်နာရသူသည် ညှဉ်းပမ်းနှိပ်စက်မှုကြောင့်သေဆုံးခဲ့ရပါက ၎င်း၏မှီခိုသူများအနေဖြင့် လျော်ကြေးခံစားရရှိခွင့် ရရှိသင့်သည်'' [၁၆၅] ဟု အတိအလင်း ဖော်ပြထားသည်။ ထို့မျှမက ICCPR နိုင်ငံတကာသဘောတူညီစာချုပ်၏ အပိုဒ်-၉ တွင် တရားလက်လွတ် ဖမ်းဆီးမှုများ သို့မဟုတ် ထိန်းသိမ်းထားမှုများကို ကာကွယ်ပေးရေးအတွက် "တရားလက်လွတ် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းခံရသူ နစ်နာရသူမည်သူမဆိုသည်၊ ဥပဒေအရစည်းကြပ်နိုင်သောလျော်ကြေးအခွင့်အရေးခံစားခွင့်ရှိသည်'' [၁၆၆] ဟု ပြဌာန်းဖော်ပြထားသည်။

နောက်ဆက်တွဲအနေဖြင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေ၏ စည်းနှောင်လိုက်နာစေမှုများအရ မြန်မာအစိုးရသည် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုများအတွက် ထိရောက်သော ပြန်လည်ကုစားမှုပေးရန် ဤအခြေခံမှုများအရ တာဝန်ရှိသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်းမှ ဤတာဝန်ဝတ္တရားကို ထပ်လောင်း၍ ပြောဆိုခဲ့သေးသည်။ ၎င်းကဖော်ပြရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် လုံလောက်သည့်ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေး အကူအညီများပေးရန် တာဝန်ရှိရာ လျော်ကြေးပေးနိုင်မည့် နည်းလမ်းများကို စဉ်းစားသင့်သည် [၁၆၇] ဟု ဖော်ပြခဲ့သည်။

## ၇-၃ မြန်မာနိုင်ငံရှိ လက်ရှိအကူအညီပေးရေးအစီအစဉ်များ

နိုင်ငံရေးအကျဉ်းသားဟောင်းများသည် မတရားဖမ်းဆီးအကျဉ်းချခံရပြီးနောက် ၎င်းတို့ဘဝ ပြန်လည်တည်ဆောက်ရာတွင် ရုပ်ပိုင်း၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများစွာ ကြုံတွေ့နေရသည်မှာ ထင်ရှားနေသော်လည်း မြန်မာအစိုးရက ယင်းလုပ်ငန်းစဉ်များကို ကူညီပံ့ပိုးပေးရန်၊ ပြန်လည်ကုစားမှု အစီအစဉ်များ ယခုတိုင် အကောင်အထည်ဖော်ဆောင်ခြင်း မရှိသေးပါ။ အစိုးရက ဦးဆောင်သည့် ကူညီမှုများ ကင်းမဲ့နေသည့် အခြေအနေတွင် (AAPP)၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)၊ ဦးဝင်းတင် ဖောင်ဒေးရှင်းနှင့် အချို့သော အရပ်ဖက် လူထုအဖွဲ့အစည်းများက နိုင်ငံရေးအကျဉ်းသားဟောင်းများ၏

၁၆၄။ General Assembly resolution, 60/147, Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law, A/RES/60/147 (December 16, 2005) <http://bit.ly/1zWTUzU>

၁၆၅။ UN General Assembly, Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment (1984) <http://bit.ly/1R_XCOl >

၁၆၆။ International Covenant on Civil and Political Rights (1966) <http://bit.ly/1eeGc40>

၁၆၇။ Human Rights Council, "Report of the Special Rapporteur on the situation of human rights in Myanmar, Tomas Ojea Quintana" (March 2014)

လူမှုဖူလုံရေးလစ်ဟာနေချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းမှုအနေဖြင့် အကူအညီပေးရေးအစီအစဉ်များ ဆောင်ရွက်နေကြသည်။

ကွယ်လွန်သူ NLD ခေါင်းဆောင်နှင့် သတင်းစာဆရာ တစ်ဦးဖြစ်သူ ဦးဝင်းတင်တည်ထောင်ခဲ့သည့် ဦးဝင်းတင် ဖောင်ဒေးရှင်း က လက်ရှိနိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ၄င်းတို့၏ မိသားစုများကို ငွေသားအလှူအဖြစ်ငွေကြေးထောက်ပံ့ပေး နေသည်။ စတင်တည်ထောင်သည့် ၂၀၁၂ ခုနှစ် မတ်လမှစ၍ ၂၀၁၅ ခုနှစ်မတ်လအထိဖောင်ဒေးရှင်းက(ခန့်မှန်းအမေရိကန်ဒေါ်လာ ၁၄,၀၀၀) ကျပ်သန်း ၁၅၀ ငွေသားအဖြစ် ကူညီပေးခဲ့ပြီး ဖြစ်ပါသည်။ [၁၆၈]

ထို့အပြင်ယင်းဖောင်ဒေးရှင်းက နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုဝင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အခမဲ့ ကူညီပေးနေပါသည်။

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ နှင့် ၄င်းတို့၏မိသားစုများကို အကူအညီပေးခြင်းသည် (AAPP) ၏ မြန်မာနိုင်ငံအတွင်းအဓိကလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အောက်ဖော်ပြပါ အခန်းတွင် (AAPP) က ဆောင်ရွက်နေသော နိုင်ငံရေးအကျဉ်းသား ဟောင်းများနှင့် မိသားစုများပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုး နေသည့် လှုပ်ရှားမှုများကို ဖော်ပြထားပါသည်။




FPPS ကျောင်းတော်ပြန်တို့ စကားဝိုင်း

၁၆၈။ “Win Tin Foundation provides Ks 150 million in assistance”ç Eleven Myanmarç (March 14ç 2015) <http:^^bit.ly^1NVMLHD>

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့(FPPS)သည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စိတ်ဒဏ်ရာများသက်သာစေရန် ရည်ရွယ်၍လည်ကောင်း၊ လူမှုပြဿနာများကို အချင်းချင်းကူညီစောင့်ရှောက် ဖြေရှင်းနိုင်ရန်ရည်ရွယ်၍ လည်းကောင်း"ကျောင်းတော်ပြန်တို့ စကားဝိုင်း" (Roundtable Discussion) များကို တိုင်းနယ်ပြည်နယ် အများစုတွင် ပြုလုပ်ခဲ့ပြီး ၄င်းတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် နိုင်ငံရေးအကျဉ်းသားများကွန်ရက် (၂၀)ခန့်ကို ဒေသအသီးသီးတွင် ဖွဲ့စည်းထားနိုင်ခဲ့ပါသည်။

## ကျန်းမာရေးအကူအညီ

ထောင်ကျစဉ်နှင့် ခံစားခဲ့ရသော မတော်မတရားပြုမှုများကြောင့် ဖြစ်ပေါ်လာရသော ရောဂါဝေဒနာများအတွက် ထောင်မှ ပြန်လွတ်မြောက်လာပြီးနောက် အရေးကြီးသည့် ကျန်းမာရေးစစ်ဆေးမှုများပြုနိုင်ရန် (AAPP)၏ အကူအညီပေးရေး အစီအစဉ်များက ထောက်ပံ့ပေးနေသည်။ ထို့အပြင်လိုအပ်ပါက အခြေခံကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆက်၍ထောက်ပံ့ပေးသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၈၄ ဦးအတွက်ကျန်းမာရေးဆေးစစ်မှုနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း ၆၄ ဦးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၄၄ ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ပေးခဲ့သည်။

## စိတ်ကျန်းမာရေး ကူညီပံ့ပိုးမှု အစီအစဉ်

စိတ်ကျန်းမာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာခွဲခြားသတ်မှတ်ထားမှုများ ရှိနေသောကြောင့်လူ့အခွင့်အရေး ချိုးဖောက်ခံရ၍ နစ်နာရသူများ၏ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာအပေါ်များသောအားဖြင့် လျစ်လျူပြုထားတတ်ကြသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးမှုဟုဆိုရာတွင် ယေဘုယျအားဖြင့် ရူးသွပ်နေသူများ၊ ကိုယ်ခံအားကျရောဂါ (HIV)ဝေဒနာရှင်များအတွက်ဟုသာ ထင်မြင်ယူဆကြပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြားပြဿနာများနှင့် ခြားနားသည်ကို မမြင်တတ်ကြပေ။ သို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဆွေးနွေးပြောဆိုရန် ခက်ခဲလှသည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ (AAPP)၏စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအစီအစဉ်("MHAP") က ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ ဘလူးမ်ဘာ့ဂ် ပြည်သူ့ကျန်းမာရေးကျောင်း (John Hopkins University's Bloomberg School of Public Health) နှင့် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးလိုအပ်ချက်များကို အခမဲ့နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ နှင့် မိသားစုဝင်များကို စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများအတွက် အထူးထိရောက်သော၊ လူအများယေဘုယျသုံး ချည်းကပ်ကုသမှုများကို အသုံးပြု၍လိုအပ်ချက်များဖြေရှင်းပေးနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။[၁၆၉] ဤသို့စတင်ဆောင်ရွက် ပေးခဲ့သည့် အချိန်မှစ၍ (MHAP)က လေ့ကျင့်သင်တန်းပေးထားသည့် ဒေသခံနှစ်သိမ့်ဆွေးနွေးအကြံပေးသူများမှ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူ ရာပေါင်းများစွာကို မြန်မာနိုင်ငံတွင်းနှင့် ထိုင်း-မြန်မာနယ်စပ်တွင် ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ (AAPP)၏ ကျယ်ပြန့်သောကွန်ရက်များနှင့် အားပေးထောက်ခံသူများက နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပြည်သူလူထုကြားမှ ကုသပေးရမည့်သူများကို ရှာဖွေဖော်ထုတ်ပေးခဲ့ကြသည်။ ယင်းပုဂ္ဂိုလ်များအတွက် နှစ်သိမ့်ဆွေးနွေးအကြံပေး ယေဘုယျကုသပေးမှုကို ၂ လမှ ၃ လအတွင်း ၈-ကြိမ်မှ ၁၂-ကြိမ်တိုင် ဆောင်ရွက်ပေးခဲ့သည်။ လက်ရှိ MHAP အစီအစဉ်တွင် အကြံပေးနှစ်သိမ့်ဆွေးနွေးသူ အဖွဲ့ ၆-ခု ရှိပြီး ရန်ကုန်၊ မန္တလေးနှင့် မဲဆောက်မြို့များတွင် လုပ်ကိုင်နေကြသည်။ ၂၀၁၄ ခုနှစ်တွင် MHAP အစီအစဉ်မှနေ၍ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် မိသားစုဝင် ၅၁၄ ဦး[၁၇၀] နှင့် ၂၀၁၅ တွင် ၄၄၇ ဦးအား စိတ်ပိုင်းကျန်းမာရေးကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

---

၁၆၉။ မြန်မာနိုင်ငံမှ ပါဝင်ဖြေကြားသူများနှင့် မဲဆောက်မြို့တွင် စမ်းသပ်ဆောင်ရွက်စဉ်က သက်သေအထောက်အထားများ ရရှိခဲ့သည်။ သတင်းများပိုမိုသိရှိရန် P. Bolton et al, "A Transdiagnostic Community-Based Mental Health Treatment for Comorbid Disorders: Development and Outcomes of a Randomized Controlled Trial among Burmese Refugees in Thailand", PLOS Medicine, Vol. 4, Issue 11 (November 2014) <http://bit.ly/1RnXAbz> ကို ကြည့်ပါ။

၁၇၀။ AAPP, "Annual Report 2014", p.19 (March 2015) <http://bit.ly/19NYrPj>



From -10A



ကောင်စယ်လာများ မွမ်းမံသင်တန်း (၂၀၁၅)

**ပညာရေး ကူညီပံ့ပိုးမှု**

ပညာရေးရပ်ဆိုင်းခဲ့ပြီး ပညာပြီးဆုံးအောင် ဆက်လက် သင်ကြားလိုသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပညာရေး အခွင့်အလမ်းများနှင့် ပညာရပ်ဆိုင်ရာပံ့ပိုးမှုများသို့မဟုတ် ကျွမ်းကျင်မှု အသစ် လေ့လာလိုသူများအတွက် ကူညီပံ့ပိုးမှုများ ပေးနေပါသည်။ ပညာရပ်ဆိုင်ရာဘွဲ့ ဒီပလိုမာများ၊ လက်မှတ်များသို့မဟုတ် ထောင် အကျဉ်းချခံရ၍ တစ်စိတ်တစ်ပိုင်းနှင့် ရပ်တန့်နေခဲ့ရသော ပညာရေးပြီး ဆုံးနိုင်အောင် ပညာသင်ဆုများ၊ ပညာရေးဆိုင်ရာရန်ပုံငွေများကို နိုင်ငံ ရေးအကျဉ်းသားဟောင်းများအတွက်ထောက်ပံ့ကူညီပေးပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၂၂-ဦးအတွက် ပညာသင်ဆုများ ထောက်ပံ့ပေးခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် နောက်ထပ် ပညာရေးလေ့လာမှု အခွင့်အလမ်းများကို ပေးအပ်ခြင်းဖြင့် ၎င်းတို့ငြင်းပယ်ခံခဲ့ရသည့် အခွင့်အလမ်းများ ရရှိစေရုံသာမက မြန်မာ နိုင်ငံ၏ အနာဂတ်နိုင်ငံရေးအတွက်လည်း သက်ရောက်မှုရှိစေမည့်အပြင် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပို၍ကျယ်ပြန့်လာ စေမည် ဖြစ်သည်။

ထောင်သွင်း အကျဉ်းချခံရခြင်းကြောင့် ပညာရေးအပေါ် ထိခိုက်သက်ရောက်မှုမှာ ယင်း အကျဉ်းသားများသာ ကြုံတွေ့ရသည့် အခက်အခဲမဟုတ်ပါ။ အိမ်ထောင်စုဝင်ငွေ ကျပ်တည်းလာသောကြောင့် ကလေးများနှင့် မိသားစုဝင်များ အတွက်လည်း ပညာရေးအခွင့်အလမ်း ဆုံးရှုံးမှုများဖြစ်စေသည်။ AAPP က လက်ရှိနှင့်လွတ်မြောက်ပြီး နိုင်ငံ ရေးအကျဉ်းသားများ၏ ကလေးများအတွက်လည်း ၂၀၁၄ ခုနှစ်အထိ မူလတန်းနှင့် အထက်တန်းပညာရေးဆက်နိုင်ရန် ပညာသင်ဆုထောက်ပံ့ ပေးနေပါသည်။ ဤပညာသင်ဆုများတွင်ကျောင်းဝတ်စုံကြေး၊ သင်ထောက် ကူပစ္စည်းများနှင့် အချို့သော အခြေအနေများတွင် အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးစားရိတ်များကိုပါ လုံလောက်အောင်ထောက်ပံ့ပေး နေပါသည်။

ထို့အပြင် AAPP က ရန်ကုန်အခြေစိုက် ရွှေလှားကျောင်း ပညာသင်စနစ်(SKY AGE)ကိုလည်းထောက်ပံ့ပေးနေသည်။ မြန်မာနိုင်ငံရှိ ပညာသင်ခွင့်မရကြသည့် ကလေး၊လူငယ်များ၊ အထူးသဖြင့် ကျေးလက် နေကလေးများ၏ဘဝများ တိုးတက်လာစေရေးအတွက် SKY AGE မှ ယင်းတို့ကို အခမဲ့ပညာသင်ကြားပေးနေသည်။ ဤအစီအစဉ်၏ အဓိက ဦးတည်ချက်မှာ နိုင်ငံရေးအကျဉ်းသားဟောင်းများ အလုပ်အကိုင်ခက်ခဲ သောကြောင့် ပညာသင်ကြားရေး အခက်အခဲရှိနေသည့် ကလေးများကို ပညာသင်ကြားပေးခြင်းဖြစ်သည်။ ယင်းအစီအစဉ်တွင် အထက်တန်းပြီး နောက်ပိုင်း အဆင်မြင့်ပညာရေးအပိုင်း အထူးသဖြင့် အင်္ဂလိပ်စာနှင့်

ကွန်ပြူတာကျွမ်းကျင်မှုများအား ဦးစားပေးသင်ကြားပေးနေပြီး ဤအရည်အချင်းများကြောင့် အလုပ်အကိုင်ရနိုင်စွမ်း မြင့်မားလာစေသည်။ ၆-လကြာ သင်တန်းတစ်ခုစီတွင် သင်တန်းနေရာ ၃၀ ကို အခွင့်အရေးနည်းပါးသည့်နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကလေးငယ်များအတွက် ခွဲတမ်းချထားပြီး SKY AGE အစီအစဉ်က ယင်းသင်တန်းကာလအတွင်း ကျောင်းသားများ အဆောင်နေစားရိတ်၊ အစားအသောက်၊ နေထိုင်ရေးနှင့် ပညာရေးစားရိတ်များ ပံ့ပိုးပေးနေသည်။ SKY AGE အစီအစဉ်ဖြင့် ပြီးမြောက်သူအများစုသည် ဝင်ငွေကောင်းသော အလုပ်အကိုင်များရရှိကြသည်။ အချို့မှာ နောက်ထပ်ပညာဆက်လက်သင်ကြားနိုင်ရန်ပညာသင်ဆုများလည်း ရရှိကြသည်။




ကောင်းကင်ခေတ် ကျောင်းသားများနှင့် အေအေပီပီတာဝန်ခံများ

**၎ သက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှု**

ကာလကြာရှည် ထောင်ကျခဲ့ရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် အလုပ်အကိုင်ရရှိရေးအတွက် လူမှုရေး၊ ဥပဒေကြောင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများရင်ဆိုင်နေကြရစဉ်တွင် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးကျမည့် ကျွမ်းကျင်မှုများ မရရှိနိုင် ဖြစ်ကြရပါသည်။ ထို့အတွက်ကြောင့် AAPP မှ သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းများကို စီစဉ်ပေးပါသည်။ ယင်းတို့တွင် အင်္ဂလိပ်ဘာသာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကားမောင်းသင်တန်းတို့ပါဝင်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ ဆက်လက်တိုးတက်စေရန် အသုံးကျမည့် ကျွမ်းကျင်မှုများဖြည့်ဆည်းပေးကာ အလုပ်အကိုင်ရရှိနိုင်ပြီး ပို၍ကျယ်ပြန့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ လက်လှမ်းမီစေမည် ဖြစ်သည်။




မှိုစိုက်ပျိုးရေး သင်တန်းတွင် လက်တွေ့မှိုက်စိုက်ပျိုးမှု ပြုလုပ်နေစဉ်

ထို့အတူ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) မှလည်းသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းများကိုစီစဉ်ပြုလုပ်ပေးခဲ့ပါသည်။ ကွန်ပျူတာသင်တန်းများ (Basic၊ Photoshop၊ editing) ဖုန်းပြင်သင်တန်း၊ ကားမောင်းသင်တန်း စက်ပြင်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများကို စီစဉ်ပေးခဲ့ပါသည်။



FPPS မှ ကွန်ပြူတာ သို့မဟုတ် အင်္ဂလိပ်စာ သင်တန်းပေးနေစဉ်

### ငွေကြေးကူညီပေးမှု

AAPP နှင့် FPPS အဖွဲ့အနေဖြင့် ထောင်တွင်းကျဆုံးခဲ့သည့် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများအတွက် မိသားစုဝင် သေဆုံးရပြီးနောက် နေထိုင်မှုစားရိတ်များအတွက် အထောက်အပံ့ဖြစ်နိုင်ရန် ငွေကြေးထောက်ပံ့မှုပြုပါသည်။ ၂၀၁၄ ခုနှစ်တွင် AAPP နှင့် FPPS တို့မှ ပူးပေါင်းစီစဉ်ကာထောင်တွင်းနှင့်ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးသူ နိုင်ငံရေးအကျဉ်းသားများကို ပထမအကြိမ်ဂုဏ်ပြုပွဲ အခမ်းအနားပြုလုပ်ကာ မိသားစု ၅၄ စုအားငွေကြေးထောက်ပံ့ပေးခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ကျဆုံးနိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုများအား ဂုဏ်ပြုပွဲကို ၂၀၁၆ မတ်လတွင်ပြုလုပ်ခဲ့ပြီးမိသားစု ၆၁ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

## ၇-၄ ပြန်လည်ကုစားပေးမှုအစီအစဉ်များ - အကောင်းဆုံးကျင့်သုံးသူများ

များစွာသောပဋိပက္ခလွန် လူ့အဖွဲ့အစည်းများတွင် အသွင်ကူးပြောင်းရေးကာလ အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်ကဲ့သို့ တိကျစွာတာဝန်ပေးအပ်ထားသည့် ကော်မရှင်များကို ထူထောင်ခဲ့ကြသည်။ ယင်းတို့ကို မကြာသေးမီအတိတ်ကာလ အရေးပါသည့်ကာလ တစ်စုံတရာအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်မှတ်တမ်းတင်နိုင်ရန် အစိုးရကတာဝန်ပေးအပ်ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။ အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်များကို ပြန်လည်ကုစားမှုဆိုင်ရာလုပ်ငန်းများအတွက် အကြံပြုရန်လည်းများသောအားဖြင့် တာဝန်တစ်ပါတည်းပေးအပ်တတ်ကြသည်။ ဥပမာ အားဖြင့်- တောင်အာဖရိကနိုင်ငံ၏အမှန်တရားပေါ်ပေါက်ရေးနှင့်[၁၇၁] ပြန်လည်သင့်မြတ်ရေး ကော်မရှင်ကအကြံပြုချက်များ ဖော်ထုတ်ဆောင်ရွက်ခဲ့ရာတွင် အသားအရောင်ခွဲခြားရေး ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရုံမျှသာမက အထိမ်းအမှတ်သင်္ကေတသဘောဆောင်သည့် ပြန်လည်ကုစားမှုများဖြင့် တိုးတက်မှုများရှိလာစေရေးလည်း ဆောင်ရွက်ခဲ့ကြသည်။ ငွေကြေးဆိုင်ရာ ပြန်လည်ကုစားပေးမှုများကိုမူ နစ်နာရသူကာယကံရှင်များထံသို့ အများအားဖြင့် ယခုတိုင်ပေးအပ်နိုင်ခြင်းမရှိသေးပါ။[၁၇၂] အမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်အနေဖြင့် တစ်စုံတရာအောင်မြင်မှုများသာ ရရှိခဲ့သော်လည်း ယင်းကော်မရှင် ရှိနေခြင်းကြောင့် တောင်အာဖရိကအစိုးရအနေဖြင့် အတိတ်ကာလဖြစ်ရပ်များအပေါ် ပွင့်လင်းမြင်သာစွာ ကိုင်တွယ်ဆောင်ရွက်လိုသည့် ဆန္ဒရှိကြောင်း ပြသနိုင်ခဲ့သည်။ အခြားဥပမာတစ်ခုမှာ ချီလီနိုင်ငံ၏ နိုင်ငံရေးအရ ထောင်သွင်းအကျဉ်းချမှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများအတွက် အမျိုးသားအမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ဖြစ်ပြီး ယင်းကနစ်နာသူမိသားစုများအတွက် ပြန်လည်ကုစားမှုများကို ကြီးကြပ်အကောင်အထည်ဖော်ပေးခဲ့သည်။ ပီနိုချေးအစိုးရ[၁၇၃] လက်ထက်တွင် ပျောက်ဆုံးသွားသူများ၊ ကွပ်မျက်သတ်ဖြတ်ခံရသူများနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူ နိုင်ငံရေးအကျဉ်းသားဟောင်းများ အတွက်

**တောင်အာဖရိကနိုင်ငံ၏ အမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်က အကြံပြုချက်များ ဖော်ထုတ်ဆောင်ရွက်ခဲ့ရာတွင် အသားအရောင်ခွဲခြားရေးကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရုံမျှသာမက အထိမ်းအမှတ်သင်္ကေတ သဘောဆောင်သည့် ပြန်လည်ကုစားမှုများဖြင့် တိုးတက်မှုများ ရှိလာစေရေးလည်း ဆောင်ရွက်ခဲ့ကြသည်။ ငွေကြေးဆိုင်ရာ ပြန်လည်ကုစားမှုများကိုမူ နစ်နာရသူ ကာယကံရှင်များထံသို့ အများအားဖြင့် ယခုတိုင်ပေးအပ်နိုင်ခြင်း မရှိသေးပါ။**

၁၇၁။ အသားအရောင် ခွဲခြားရေးစနစ်ဟူသည်မှာ၊ တောင်အာဖရိကနိုင်ငံတွင် လူမျိုးရေးအရ ခွဲခြားနေထိုင်စေမှုစနစ် ဖြစ်ပြီး၊ ၁၉၄၈ ခုနှစ်မှ ၁၉၉၄ ခုနှစ် အတွင်း အမျိုးသားပါတီက ဥပဒေချမှတ်ကာ၊ စည်းကြပ်ခဲ့သည်။ အသားအရောင်ခွဲခြားရေးစနစ်အတွင်း၊ လူဖြူမဟုတ်သူများ၏ အခွင့်အရေးများနှင့် သွားလာခွင့်များကို ကန့်သတ်ချုပ်ချယ်ခဲ့ကြသည်။ အစိုးရကို ဆန့်ကျင်သူများအပေါ် ပြင်းထန်သည့်ဖိနှိပ်မှုများနှင့် အာဏာပိုင်များက ထောင်သွင်းအကျဉ်းချမှုများ ပြုခဲ့ကြသည်။

၁၇၂။ Amnesty International/Human Rights Watch "Truth and Justice: Unfinished Business in South Africa" (2003) <http://bit.ly/1K8IkZv>

၁၇၃။ ၁၉၇၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း၊ ဗိုလ်ချုပ်ကြီး ပီနိုချေး၏ စစ်အစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုများ အကြီးအကျယ်နှင့် အနှံ့အပြား ချီလီပြည်သူများအပေါ် ကျူးလွန်ခဲ့သည်။ စစ်အစိုးရကို ဆန့်ကျင်သည်ဟု သံသယရှိသူများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ လက်စတုန်းဖျောက်ဖျက်ခြင်းများ ပြုခဲ့ကြသည်။

ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အမှန်တရားပေါ်ပေါက်ရေး၊ တရားမျှတရေးနှင့် ပြန်လည်ကုစားမှုများ၊ နောက်ထပ်မဖြစ်ပွားစေရေး အာမခံချက်ရှိစေရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ချီလီနိုင်ငံ၏အမှန်တရားပေါ်ပေါက်ရေးကော်မရှင်အပေါ်ကမ္ဘာတစ်ဝန်းရှိအလားတူကော်မရှင်များ အပေါ်တွင်လည်း သြဇာသက်ရောက်နိုင်ခဲ့သည်၊ အသွင်ကူးပြောင်းရေးကာလ၏အရေးပါသည့်အခန်းကဏ္ဍကို ဖော်ဆောင်နိုင်ခဲ့သည်ချီးကျူးပြောဆိုခဲ့သည်။[၁၇၄]

အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်များက ပြန်လည်ကုစားပေးမှုများအတွက် အကြံပြုချက်များ ပြုကြသော်လည်း လိုက်နာလုပ်ဆောင်မှုမရှိသည်များလည်း ရှိနိုင်သည်။ပြန်လည်ကုစားပေးမှု အစီအစဉ်များကို ယင်းသို့သော ကော်မရှင်များက ပုံဖော်ရေးဆွဲပါက အကြောင်းအမျိုးမျိုးကြောင့် အားသာချက်များရှိနိုင်သည်။ ထိုကော်မရှင်များတွင်ဖြစ်နိုင်ခြေရှိသော အကျိုးခံစားခွင့်ရှိသူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များစွာ စုဆောင်းရရှိထားခြင်းကြောင့် အစီအစဉ်များပုံဖော်ရေးဆွဲရာနှင့် အကောင်အထည်ဖော်ရာတွင် အားသာချက်ရှိစေသည်။ ၎င်းတို့၏ ပြန်လည်ကုစားပေးမှု အကြံပြုချက်များအပေါ် လူအများကလေးစားကြပြီး အပြုသဘောသက်ရောက်မှုရှိမည်ဟု ထင်မြင်ကြသောကြောင့် အမှန်တရားပေါ်ပေါက်ရေးကော်မရှင်မှ ထွက်ပေါ်လာသည့်အကြံပြုချက်များသည် အစိုးရတစ်ဦးတည်းမှ ရေးဆွဲသည် ထက်စာလျှင်ပို၍ယုံကြည်လက်ခံနိုင်မည်ဟူသောအချက်မှာ ကျိုးကြောင်းဆီလျော်လှပါသည်။ [၁၇၅] ပြန်လည်ကုစားပေးမှုများအပြင် အမှန်တရားပေါ်ပေါက်ရေးကော်မရှင်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင်လည်း အရေးကြီးသည့်အချက်တစ်ခုဖြစ်ပါသည်။ မြောက်အိုင်ယာလန်တွင် ကောင်းမြတ်သည့်သောကြာနေ့သဘောတူညီချက် [၁၇၆] ရရှိပြီးသည့် နောက်ပိုင်းတွင် လူ့အခွင့်အရေးကော်မရှင်သည် အမှန်တရား ပေါ်ပေါက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုမရှိသောကြောင့်တရားမျှတမှုမရှိ၊ လျစ်လျူရှုသည်၊ လက်ရှိလူမှုရေးပြဿနာများဆက်လက်ဖြစ်ပေါ်နေခြင်းအတွက်လည်း တာဝန်ရှိသည်ဟူသော ခံစားချက်အမြင်များ ဖြစ်ပေါ်ခဲ့သည်။ [၁၇၇]

ထို့အတွက် မြန်မာနိုင်ငံတွင် အမှန်တရားပေါ်ပေါက်ရေးကော်မရှင်တစ်ရပ်သာ ပေါ်ပေါက်လာမည်ဆိုပါက အတိတ်ကို ပြန်လည်အသိအမှတ်ပြုနိုင်ရုံမျှမက နာကျင်ခံစားရမှုများကိုပါ ပြေပျောက် စေနိုင်မည့်သာမက သက်သေအမြောက်အမြား ရှိနေပါသည်။ ထို့အပြင် နောင်အနာဂတ်တွင် အလားတူဖြစ်ရပ်ဆိုးများ မဖြစ်ပေါ်လာစေရေး ကာကွယ်ပေးရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလအထူးကိုယ်စားလှယ်ဟောင်းက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖြေရှင်းရေးအတွက်အမှန်တရား ပေါ်ပေါက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်ယခင်စစ်အစိုးရလက်ထက်က တောင်း

> **ချီလီနိုင်ငံ၏နိုင်ငံရေးအရ ထောင်သွင်းအကျဉ်းချမှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများအတွက် အမျိုးသား အမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ဖြစ်ပြီး ယင်းက နစ်နာသူမိသားစုများအတွက် ပြန်လည်ကုစားမှုများကို ကြီးကြပ် အကောင်အထည်ဖော်ပေးခဲ့သည်။ ပီနိုချေးအစိုးရလက်ထက်တွင် ပျောက်ဆုံးသွားသူများ၊ ကွပ်မျက်သတ်ဖြတ်ခံရသူများနှင့် ညှင်းပန်းနှိပ်စက်ခံရသူနိုင်ငံရေး အကျဉ်းသားဟောင်းများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အမှန်တရားပေါ်ပေါက်ရေး၊ တရားမျှတရေးနှင့် ပြန်လည်ကုစားမှုများ နောက်ထပ်မဖြစ်ပွားစေရေး အာမခံချက် ရှိစေရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ချီလီနိုင်ငံ၏ အမှန်တရားပေါ်ပေါက်ရေးကော်မရှင် အပေါ် ကမ္ဘာတဝန်းရှိ အလားတူကော်မရှင်များ အပေါ်တွင်လည်း သြဇာသက်ရောက်နိုင်ခဲသည်။**

---

၁၇၄။ Pablo De Greiff, “Addressing the Past: Reparations for Gross Human Rights Abuses” Paper presented at the Seventh Annual Gilder Lehrman Center International Conference at Yale University (October 2005) <http://bit.ly/1SoDhpC>

၁၇၅။ OHCHR, “Rule-of-Law Tools for Post-Conflict States: Reparations programmes” (2008) <http://bit.ly/1gBA8qZ>

၁၇၆။ ၁၉၈၈ ခုနှစ်တွင်ပြုခဲ့သည့်၊ ကောင်းမြတ်သော သောကြာနေ့သဘောတူညီချက်ဖြင့် မြောက်အိုင်ယာလန်တွင် တိုင်းရင်းသား-လူမျိုးရေး ပဋိပက္ခနိဂုံးချုပ်စေခဲ့သည်။ ဤပဋိပက္ခများမှာ ၁၉၆၀ ခုနှစ်များမှစတင်၍ ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်သည်။ အချိန်တွင် အမျိုးသားရေးဝါဒီအများကို ခုံရုံးတင်ခြင်းမရှိဘဲ၊ ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ ညှဉ်းပန်းနှိပ်စက်မှုများ ခံခဲ့ကြရသည်။

၁၇၇။ Northern Ireland Human Rights Commission, “Dealing with Northern Ireland’s Past, Towards a Transitional Justice Approach” (July 31, 2013) <http://bit.ly/1TC7NyK>

ဆိုခဲ့ပြီးထိုကော်မရှင်သည် ''ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး''[၁၇၈] အတွက်အထူးအရေးကြီးသည်ဟု ဆိုခဲ့သည်။ ထိုမှုမက နိုင်ငံရေးအကျဉ်းသားဟောင်းများအကြား မြန်မာအစိုးရအပေါ် သံသယမြင့်မားစွာ ရှိနေကြသောကြောင့် အစိုးရကအကောင်အထည်ဖော်ရန် စဉ်းစားသည်ဆိုလျှင်ပင် အမှန်တရားပေါ်ပေါက်ရေးကော်မရှင်ကိုသာ ပြန်လည်ကုစားပေးမှုလုပ်ငန်းစဉ်များအတွက် အစီအစဉ် ပုံဖော်ရေးဆွဲစေသင့်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့်သူတို့မိသားစုများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံရေး အကျဉ်းသားဟောင်းများအား ဦးတည်သည့် ပြန်လည်ကုစားပေးမှုများ မြန်မာနိုင်ငံတွင်ရှိသင့်ပြီး ဤအချက်ကို ယခင်အခန်းများတွင် ဖော်ပြခဲ့ပါသည်။

ယခုအခန်းတွင် မြောက်အိုင်ယာလန်၊ တောင်အာဖရိက၊ ချက်သမ္မတနိုင်ငံနှင့် ချီလီနိုင်ငံတို့တွင် အမှန်တကယ် ထိရောက်ကြောင်း သက်သေပြခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ကုစားပေးမှု အစီအစဉ်များကို မည်သို့အကောင်အထည်ဖော်ခဲ့ကြသည်ကို တင်ပြသွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့်သင့်လျော်သည်များကိုလည်း ဆန်းစစ်တင်ပြသွားပါမည်။ ဤနိုင်ငံအားလုံးတွင် သက်ဆိုင်ရာအစိုးရများက မှားယွင်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခဲ့ကြပြီး၊ ပြန်လည်ပြင်ဆင်ရန် တာဝန်ယူ၍အစီအစဉ်များကို ရေးဆွဲ၊ ပံ့ပိုး၊ ထောက်ပံ့ပေးခဲ့ကြပါသည်။

## ပြန်လည်ဖြည့်ဆည်းပေးခြင်း

ပြန်လည်ဖြည့်ဆည်းပေးခြင်းဟူသည်မှာ နစ်နာရသူ ကာယကံရှင်များကို လူ့အခွင့်အရေးမချိုးဖောက်ခံရမီက အခြေအနေ သို့ရောက်ရန် တတ်နိုင်သမျှ ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ပြန်လည်ဖြည့်ဆည်းပေးခြင်း လုပ်ငန်းများတွင်လွတ်လပ်ခွင့် ပြန်လည်ဖော်ဆောင်ပေးခြင်း၊ လူ့အခွင့်အရေးများခံစားရစေခြင်း၊ ထိုသူ၏ ကြန်အင်သတ်မှတ်ချက်များ၊ မိသားစုဘဝ၊ နိုင်ငံသားဖြစ်မှု စသည်တို့ကို ပြန်လည်ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်း၊ ထိုသူ၏မူရင်း နေထိုင်ရာသို့ ပြန်သွားစေခြင်း၊ အလုပ်အကိုင်ပြန်လည်ခန့်ထားခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းတို့ ဖြစ်သည်။ ဥပမာအားဖြင့်- ချက်သမ္မတနိုင်ငံတွင်ပြန်လည်ကုစားမှုအစီအစဉ်များကို ၁၉၉၁ ခုနှစ်တွင် အကောင်အထည်ဖော်ရာ၌၊ ကွန်မြူနစ်ပါတီအစိုးရ အုပ်ချုပ်စဉ်အတွင်း ပြည်သူပိုင်သိမ်းယူခဲ့သော၊ နိုင်ငံတော်ပိုင် ဖြစ်နေသော ပိုင်ဆိုင်မှုပစ္စည်းများကို မူရင်းပိုင်ရှင်၊ သို့မဟုတ်ဆက်ခံသူများထံသို့ ပြန်ပေးခြင်းတို့ ပါဝင်သည်။ ဤအစီအစဉ်များသည် အလုံးစုံအောင်မြင်မှုမရရှိကြသော်လည်း ထိုနိုင်ငံများ၏ပြန်လည်ဖြည့်ဆည်းပေးရေး အစီအစဉ်များမှာ သမိုင်းတွင်ရည်မှန်းချက်အမြင့်မားဆုံး ထားရှိဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။[၁၇၉]

မိမိတို့၏သုတေသနတွေ့ရှိချက်များအရမြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ဖြည့်ဆည်းပေးမှုမှာ အသက်တမျှအရေးကြီးကြောင်းတွေ့ရှိရသည်။ လူအများမှာ အလုပ်ဖြုတ်ခံခဲ့ကြရပြီး ၎င်းတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းလိုင်စင်များလည်း ရုပ်သိမ်းခံခဲ့ကြရသည်။ ၎င်းတို့၏မြေယာ၊ စီးပွားရေးလုပ်ငန်းများကိုလည်း သိမ်းယူ သို့မဟုတ် ပျက်စီးစေခဲ့ကြသည်။ ဖမ်းဆီးခံရသည့်အချိန်တွင် ၎င်းတို့၏ မှတ်ပုံတင်ကဒ်ပြားများနှင့် အခြားပိုင်ဆိုင်မှုများ သိမ်းဆည်းခံခဲ့ကြရသည်။ ဤအချက်အားလုံးကြောင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းရေးတွင် အခက်အခဲများစွာ ရှိနေရပြီး ၎င်းတို့ပြန်လွတ်ပြီးနောက်တွင်ပင် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဘဝသည် ထောင်မကျမီကနှင့်စာလျှင် သိသာသည့်ပြောင်းလဲမှုမျိုး မရှိပါ။

## လျော်ကြေးပေးခြင်း

နိုင်ငံရေးအကျဉ်းသားဟောင်းများ မတရားထိန်းသိမ်းခံရမှုတွင် မည်သည့်ကာလ နေရသည်ဖြစ်စေ ဝင်ငွေအခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ ဥပဒေကြောင်းနှင့် ကျန်းမာရေးစားရိတ်များ ကုန်ကျရခြင်း‥ စသည့် ငွေကြေးပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။ ထို့အတွက် ၎င်းတို့ကို အခြေခံမူအရငွေကြေးအဖြစ်လျော်ကြေးပေးဆောင်သင့်ပါသည်။ မြောက်အိုင်ယာလန်၊တောင်အာဖရိက၊ ချီလီနိုင်ငံနှင့် ချက်သမ္မတနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် သက်ဆိုင်ရာအစိုးရများထံမှ ငွေကြေးလျော်ကြေးပေးမှု ရရှိခဲ့ကြပါသည်။ အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုတွင် ချက်သမ္မတနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများအား ငွေကြေးလျော်ကြေးပေးလျော်ခြင်းအား ဆန်းစစ်လေ့လာထားပါသည်။

---

၁၇၈။ Tomás Ojea Quintana, "Statement of the Special Rapporteur on the Situation of Human Rights in Myanmar" (August 4, 2012) <http://bit.ly/1OgLb3q>

၁၇၉။ R. David, "Twenty Years of Transitional Justice in the Czech Lands", Europe-Asia Studies, Vol. 64, No.4 (June 2012)



From -10B

## ဖြစ်ရပ်လေ့လာမှု- ချက်သမ္မတနိုင်ငံ လျော်ကြေးပေးမှုအစီအစဉ်

ယခု ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံအဖြစ်ရှိနေသော ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင် ခန့်မှန်းခြေ ချက်ကိုစလိုဗက် ၂၅၀,၀၀၀ ဦးသည် နိုင်ငံရေးကြောင့် ၁၉၄၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း ချက်ကိုစလိုဗက်ကီးယား ကွန်မြူနစ်ပါတီ အုပ်ချုပ်စဉ်ကာလတွင် ဖမ်းဆီးထောင်ချခံခဲ့ရသည်ကို တွေ့ရသည်။[၁၈၀] ကွန်မြူနစ်အစိုးရကို အာခံဆန့်ကျင်ကြသူများသည် အတင်းအကျပ် ဖမ်းဆီးခြင်း၊ စစ်ကြောခြင်း၊ များသောအားဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း၊ တရားခုံရုံးတင်ခြင်း၊ ထောင်ချခြင်း၊ ထောင်အပြင် အလုပ်ကြမ်း စခန်းများသို့ပို့၍ အဓမ္မလုပ်အားခိုင်းစေခြင်းများကို ကြောက်ရွံ့စိုးရိမ်ဖွယ် အခြေအနေအောက်တွင် ခံစားခဲ့ကြရသည်။

ကွန်မြူနစ်စနစ်လွန် နိုင်ငံများအနက် အတိတ်ကာလဖြစ်ရပ်များနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရာတွင် မူဝါဒအရ ဘက်စုံအကျဆုံး နိုင်ငံတစ်ခုအဖြစ် ချက်သမ္မတနိုင်ငံကို အလေးပေးချီးကျူးကြသည်။ [၁၈၁] ယင်းသို့ဆောင်ရွက်သော ရပ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားပေးမှု မူဝါဒများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အထူးအကျိုးရှိစေခဲ့သည်။ ယခင်ကွန်မြူနစ်ခေတ် အပြီးတွင် ပြန်လည်ကုစားပေးမှုများနှင့် ပတ်သက်၍ ဥပဒေအချို့ကိုလည်း ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းတို့တွင် ၁၉၉၀ ခုနှစ် တရားဥပဒေ ပြင်ပလုပ်ဆောင်မှုများအပေါ် ပြန်လည်ထူထောင်ရေး ဥပဒေနှင့် ၁၉၉၃ ခုနှစ်ကွန်မြူနစ်အစိုးရ၏ တရားမဝင်ဆောင်ရွက်မှုဥပဒေများ ပါဝင်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ငွေကြေးထောက်ပံ့မှုများ ခံစားနိုင်ခွင့်ရကြပြီး ၄င်းတို့ကို တစ်လုံးတစ်ခဲတည်း ၂-ကြိမ်ပေးသည်။ ချက်ငွေ CZK ၂၅၀၀ (ခန့်မှန်းအမေရိကန်ဒေါ်လာ ၈၃) ကို ထောင်ကျသည့်လတိုင်းအတွက် ချက်ငွေ CZK ၃၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁,၀၀၀) တိုင်အောင်ထောက်ပံ့ပေးသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ၄င်းတို့၏ ကျန်းမာရေး နှင့်ဥပဒေကြောင်းဆိုင်ရာ ကုန်ကျငွေများအတွက်လည်း လျော်ကြေးခံစားနိုင်ခွင့်ရှိကြသည်။ ထို့အပြင် ၄င်းတို့၏ ပင်စင်လစာငွေများကိုလည်း ထိန်းသိမ်းခံထားရစဉ်နှစ်များအတွက် နစ်နာဆုံးရှုံးခဲ့ရသည်များကို ပြန်လည်တွက်ချက်၍ ချိန်ညှိပေးသည်။ သေဆုံးသူ နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ ဆွေမျိုးများသည်လည်း တစ်လလျှင် ချက်ငွေ CZK ၁၅-၂၀ (အမေရိကန်ဒေါ်လာ ၀.၅၀ ) ထိန်းသိမ်းခံထား ရသည့် လအလိုက်ခံစားခွင့်ရရှိကြသကဲ့သို့ သေဆုံးသူအတွက် ပင်စင်ငွေလည်းရရှိကြသည်။ ထောက်ပံ့ငွေကို အများဆုံးချက်ငွေ CZK ၃,၈၀၀ (အမေရိကန်ဒေါ်လာ ၁၃၀)ဟု သတ်မှတ်ထားသည်။ [၁၈၂] အခြားရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှုများကိုလည်း နိုင်ငံရေးအကျဉ်း သားဟောင်းများသို့ ထောက်ပံ့ပေးပြီး ယင်းတို့တွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကိစ္စများ၊ အချို့သော ဆေးဝါးကုသမှုနှင့် ခန္ဓာဗေဒကုသမှုအတွက် အနိုပ်ခန်းထောက်ပံ့ကြေးများ ပါဝင်ပါသည်။

ချက်သမ္မတနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများအား (နိုင်ငံရေးအကျဉ်းသားများကွန်ဖက်ဒရေးရှင်းနှင့် နိုင်ငံရေးအကျဉ်း သားဟောင်းများအသင်းတို့က) ၂၀၀၀ ခုနှစ်တွင် စစ်တမ်းတစ်ခု ကောက်ယူခဲ့ရာ၌ ငွေကြေးလျော်ကြေးပေးမှုများအပေါ် ၁၅% သော ဖြေကြားသူများကသာ ကျေနပ်သည်ဟု ဖြေကြပြီး ၇၄% က ကျေနပ်မှုမရှိ၊ ၁၀% က မသေချာဟု ဖြေကြပါသည်။ [၁၈၃] အတင်းအကျပ် အငြိမ်းစားယူခိုင်းခံရသည့်အတွက် ယခင်လျှို့ဝှက်ထောက်လှမ်းရေးများ ရရှိသည့်လျော်ကြေးက နိုင်ငံရေးအကျဉ်းသားဟောင်းများ ရရှိ သည်ထက် အဆများစွာပိုမိုသည်ကို နိုင်ငံရေးအကျဉ်းသားဟောင်းများက ထောက်ပြဝေဖန်ကြသည်။ [၁၈၄]

ငွေကြေးလျော်ကြေးပေးမှုနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားဟောင်းအားလုံးက ကျေနပ်မှုမရှိကြသော်လည်း ယင်းမှာချက် သမ္မတနိုင်ငံ၏ ဘက်စုံပြန်လည်ကုစားမှုမူဝါဒ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါသည်။ ယင်းမှာ နစ်နာရသူများအတွက် သင်္ကေတသဘော ဆောင်သည့် အရေးပါမှုတစ်ခုဖြစ်ပြီး ဤသို့ထောက်ပံ့ပေးခြင်းအားဖြင့် ကွန်မြူနစ်အစိုးရအား ခုခံဆန့်ကျင်မှုနှင့် ၄င်းတို့၏ စွန့်လွှတ်မှုများကို အသိအမှတ်ပြုရာရောက်ပါသည်။

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်း အများအပြားမှာ ပြန်လည်လွတ်မြောက်ပြီးနောက်တွင် ဥပဒေကြောင်းဆိုင်ရာနှင့် ကျန်းမာရေးကုန်ကျစားရိတ်များကြောင့် ငွေကြေးအခက်အခဲများဖြင့် ရုန်းကန်နေကြရသည်။ ထို့အပြင် ပြန်လည် ပြင်ဆင်မရနိုင်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဒဏ်ရာဒဏ်ချက်များကြောင့်နှင့် ၄င်းတို့အပေါ် ကန့်သတ်ချုပ်ချယ်မှုများကြောင့်လည်း အလုပ်အကိုင်ရရှိနိုင်ရေး နှောင့်နှေးသည်ကို ရင်ဆိုင်ကြရသည်။ ငွေကြေးလျော်ကြေးပေးမှုသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ဤအခက်အခဲများကိုကျော်လွှားရန် အကျိုးရှိစေနိုင်ပါသည်။ ထို့အပြင် ၄င်းတို့မတရား ထိန်းသိမ်းဖမ်းဆီးခံခဲ့ရသည့် အပေါ်အသိအမှတ်ပြုမှုလည်း ဖြစ်ပါသည်။ သို့သော်လည်း တွေ့ဆုံမေးမြန်းမှုပြုခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြန်လည်ကုစားမှုအဖြစ် ငွေကြေးလျော်ကြေးပေးမှုကို မြန်မာအစိုးရက လက်ခံစဉ်းစားလျှင်သော်မှ လိုလားသည်ဟုဖော်ပြပြောဆိုခြင်း မပြုခဲ့ကြပါ။ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်း အများစုက အစိုးရထံမှငွေကြေးကို လက်ခံရန်အကြောင်းဆင်ခြေများစွာဖြင့် လက်တွန့်နေကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများတွင် အစိုးရအပေါ်သံသယကြီးစွာ ရှိနေခြင်း၊ ငွေပေးခြင်းသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ အသံတိတ်သွားစေရန် လာဘ်ပေးသည်ဟု ယုံကြည်ကြခြင်း၊ ငွေလက်ခံခြင်းအားဖြင့် အစိုးရကို တိတ်တဆိတ် လက်ခံအသိအမှတ်ပြုသည်ဟု ယုံကြည်ကြခြင်း၊ ထို့အပြင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်မှာ ငွေကြေးရလိုမှုကြောင့်မဟုတ်ခြင်း၊ နောက်ဆုံးအနေဖြင့် ဤပမာဏငွေကြေးသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ နစ်နာခံစားရသည်တို့နှင့် နှိုင်းယှဉ်တွက်ချက်၍ မရနိုင်ခြင်း‥ စသောအချက်များကြောင့် ဖြစ်ပါသည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများက တရားဝင်တောင်းပန်မှုမရှိဘဲနှင့် ငွေကြေးလျော်ကြေးပေးမှုကို စဉ်းစားကြလိမ့်မည်မဟုတ်သည့်အတွက် တရားဝင်အသိအမှတ်ပြု တောင်းပန်မှုသည် အလွန်အရေးကြီးပါသည်။

## ပြန်လည်ထူထောင်ရေး

နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ထူထောင်ရေးမှာ ပြန်လည်ကုစားမှုများတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေသည်။ ယင်းသို့ အထောက်အပံ့များမရှိဘဲ အများမှာ လူမှုအဖွဲ့အစည်းအတွင်းသို့ အောင်မြင်စွာပြန်လည်ပေါင်းစည်းဝင်ရောက်ရန် မဖြစ်နိုင်သလောက်ရှိသည်။ ချက်သမ္မတနိုင်ငံ၊ မြောက်အိုင်ယာလန်၊ တောင်အာဖရိကနှင့်ချီလီနိုင်ငံတို့တွင် ၄င်းတို့၏ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ကုစားပေးမှုကြိုးပမ်းချက်များ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ဖော်ဆောင်ထောက်ပံ့ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြန်လည်ထူထောင်ရေး အစီအစဉ်များကို စိတ်ဝင်စားကြောင်းပြသကြသည်။ သို့သော်လည်းမည်သို့သော အနာဂတ်ပြန်လည်ထူထောင်ရေး အစီအစဉ်များပင်ဖြစ်စေ အစိုးရက တရားဝင်တောင်းပန်မှုမရှိဘဲ အကောင်အထည်ဖော်မည်ဆိုပါက ယုံကြည်မှုနည်းနေဦးမည်သာဖြစ်ပါသည်။

သက်မွေးဝမ်းကျောင်းလုပ်ငန်း သင်တန်းများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ၄င်းတို့ကိုယ်တိုင်နှင့် မိသားစုဘဝများ ပြန်လည်ထူထောင်ရပ်တည်နိုင်ရန်၊ လူ့အဖွဲ့အစည်းအတွင်းပြန်လည်ဝင်ရောက်ရန် မရှိမဖြစ်အရေးကြီးပါသည်။ နှစ်ရှည်အကျဉ်းကျခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းအများမှာ ဝင်ငွေရှာဖွေနိုင်မည့် အကောင်းဆုံးကာလများကို ဆုံးရှုံးခဲ့ကြရသည်။ အသုံးဝင်မည့် ကျွမ်းကျင်မှုများကို လေ့လာနိုင်ရန် ငြင်းပယ်ခံခဲ့ကြရသည်။ မြောက်အိုင်ယာလန် နိုင်ငံတွင် ကောင်းမြတ်သည့်သောကြာနေ့ သဘောတူညီချက်က နိုင်ငံရေးအကျဉ်းသားဟောင်းများအား "ပြန်လည်သင်တန်းပေးခြင်း သို့မဟုတ် ကျွမ်းကျင်မှုအရည်အသွေးများ ပြန်မြှင့်တင်ပေးခြင်း"သည် အလွန်အရေးကြီးကြောင်းအသိအမှတ်ပြုခဲ့ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းက ဤသို့သောအခွင့်အလမ်းများကို မြောက်အိုင်ယာလန် ပြစ်မှုကျူးလွန်သူများကို

---

၁၈၀။ J. Kirchick, "Return of the Czech Communists", Foreign Policy, (October 12ç 2012) <http://atfp.co/1L4bNXB>

၁၈၁။ R. David & S. Y. P. Choi, "Retributive Desires of Former Political Prisoners in the Czech Republic", Paper presented at the annual meeting of the American Political Science Association, Marriot, Loews Philadelphia, and the Pennsylvania Convention Center, Philadelphia (August 31, 2006) <http://bit.ly/1DdAB7r>

၁၈၂။ J. Elster (ed.)ç Retribution and Reparation in the Transition to Democracy (Cambridge University Press: 2006)

၁၈၃။ R. David & S. Y. P. Choi, "Retributive Desires of Former Political Prisoners in the Czech Republic", Paper presented at the annual meeting of the American Political Science Association, Marriot, Loews Philadelphiaç and the Pennsylvania Convention Center, Philadelphia (August 31, 2006) <http://bit.ly/1DdAB7r>

၁၈၄။ R. David & S. Y. P. Choi, "Victims on Transitional Justice: Lessons from the Reparation of Human Rights Abuses in the Czech Republic" Human Rights Quarterly, (2005) <http://bit.ly/1HZ1m6T>



From -11A

စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးအသင်း (Association for the Care and Resettlement of Offenders) မှတစ်ဆင့် လျှောက်ထားနိုင်ကြသည်။ သို့သော်လည်း "ရာဇဝတ်အကျဉ်းသား" ဟူသည့် အမည်ကိုလက်ခံသည်ဟု ခံစားကြရသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက ယင်းအခွင့်အရေးများရယူရန် လက်တွန့်ကြသည်။ [၁၈၅]

လူ့အခွင့်အရေး ချိုးဖောက်ခံရ၍ နစ်နာရသူများ၏ စိတ်အထိခိုက်ရဆုံးသက်ရောက်ထိခိုက်မှုမှာအလုပ်အကိုင်များအတွက် အမည်ပျက်စာရင်း သွင်းထားခြင်း၊ ကန့်သတ်ချုပ်ချယ်မှုများနှင့် ခွဲခြားဖိနှိပ်ဆက်ဆံမှုများ စသည်တို့ကြောင့် လူမှုရေးအရနှင့် စီးပွားရေးအရ ရှေ့မဆက်နိုင်ကြခြင်းဖြစ်သည်။ ဤသက်ရောက်ထိခိုက်မှုများကြောင့် ၄င်းတို့၏ ကလေးများလည်းပညာမသင်ကြားနိုင် ဖြစ်စေသည်။ ထို့အတွက်ကြောင့် ပြန်လည်ကုစားပေးမှုများ၏ လုပ်ငန်းကဏ္ဍများတွင် လူ့အခွင့်အရေးချိုးဖောက်ခံရ၍နစ်နာရသူများက များသောအားဖြင့် ပညာရေးအခွင့်အလမ်းများကို ၄င်းတို့ကိုယ်တိုင်အတွက်နှင့် ၄င်းတို့၏ ကလေးများအတွက် အဓိကတန်ဖိုးထားကြသည်။ [၁၈၆] တစ်ခါတရံတွင် နိုင်ငံရေးအကျဉ်းသားများက ပညာသင်ကြားနေဆဲ ဖမ်းဆီးခံကြရပြီး ထောင်ကျစဉ်တွင်လည်း ပညာသင်ကြားခွင့်မရကြပေ။ ပြန်လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း အစိုးရများက ပညာဆက်လက်သင်ကြားခွင့်ကို ငြင်းပယ်ပိတ်ပင်ထားတတ်ကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့်ငွေကြေးအကျပ်အတည်း ရှိကြခြင်းကြောင့်လည်း ၄င်းတို့ပြန်လွတ်မြောက်လာပြီး နောက်ပိုင်းတွင် မိသားစု၏လူမှုရေး စီးပွားရေးအခက်အခဲများကိုရုန်းကန်ရင်ဆိုင်ရင်း ၄င်းတို့၏ကလေးများကို ကျောင်းမထားနိုင်ရှိတတ်ကြသည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၄င်းတို့၏ကလေးများအတွက် အခမဲ့ပညာရေးအစီအစဉ်များသည် ပြန်လည်ကုစားပေးရေးတွင် အဖိုးမဖြတ်နိုင်သော လုပ်ဆောင်ပေးမှုများဖြစ်သည်။ မြောက်အိုင်ယာလန်နိုင်ငံတွင် အစိုးရက နိုင်ငံရေးအကျဉ်းသားဟောင်းများပညာဆက်လက်သင်ကြားနိုင်ရန် ရန်ပုံငွေထောက်ပံ့ပေးပြီး ယင်းကိုမြောက်အိုင်ယာလန်ပြစ်မှုကျူးလွန်ခံရသူများကို စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေး အသင်းမှတဆင့် ထောက်ပံ့ပေးသည်။ [၁၈၇] မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ထောင်ကျနေစဉ်အတွင်း ၄င်းတို့၏ ပညာရေးရပ်ဆိုင်းခဲ့ရခြင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ငွေကြေးအခက်အခဲများကြောင့်လည်း ၄င်းတို့၏ကလေးများကို ကျောင်းမထားနိုင်ခြင်း စသည့် အခြေအနေများအား အလေးအနက်စဉ်းစားမည်ဆိုပါက ပညာရေးအစီအစဉ်များ ပံ့ပိုးပေးရန်မှာအရေးပါလှကြောင်း ထင်ရှားပါသည်။

မိသားစုထံသို့ ပြန်ကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ၄င်းတို့မရှိစဉ် မိသားစုအခြေအနေ ယုတ်လျော့ ယိုယွင်းသွားသည်၊ သိသိသာသာ ပြောင်းလဲသွားသည်ကို ကြုံတွေ့ကြရသည်။ မိသားစုအတွင်းသို့ ပြန်လည်ပူးပေါင်း နိုင်ရေးအတွက် သက်သာပြေလျော့မှုပေးနိုင်မည့် နှစ်သိမ့်ဆွေးနွေး အကြံပေးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့်- မြောက်အိုင်ယာလန်တွင် အစိုးရက အိမ်ထောင်စုဘဝပြန်လည်ပေါင်းစည်းမှု ချောမွေ့စေရန်ရည်ရွယ်ကာ မိသားစုသို့ ဦးတည်သော နှစ်သိမ့်ဆွေးနွေး အကြံပေးမှုများအတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၄င်းတို့၏မိသားစုများကို ရံပုံငွေ ထောက်ပံ့ပေးသည်။ [၁၈၈] မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက ဖော်ပြရာတွင် ၄င်းတို့ထောင်ကျနေစဉ်အတွင်း မိသားစုအခြေအနေ ယိုယွင်းကျဆင်းလာသည်ကို ရင်ဆိုင်ရကြောင်းပြောဆိုကြသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအချို့၏ မိသားစုများပြိုကွဲသည့်အတွက် ၄င်းတို့ပြန်လွတ်လာချိန်တွင် အိုးအိမ်မဲ့ဖြစ်ကြရသည်လည်းရှိသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "နိုင်ငံရေးအကျဉ်းသားဟောင်းအများစုက နေစရာမရှိကြဘူး။ အဲဒါက အဓိကပြဿနာတွေထဲက တစ်ခုပဲ။ အစိုးရကတာဝန်ယူပြီး အဖြေရှာပေးသင့်တယ်။ ဒါမှပဲနိုင်ငံရေး အကျဉ်းသားဟောင်းတွေအတွက် အခြေအနေပိုကောင်းလာနိုင်မယ်" [၁၈၉] ဟုဆိုသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများက အကျဉ်းမကျမီ (စစ်ကြောရေးတွင်) ထိခိုက်ဒဏ်ရာများရရှိခဲ့တတ်ကြပြီး ထောင်တွင်းတွင် ညံ့ဖျင်းသောနေထိုင်မှုဘဝ၊ အာဟာရချို့တဲ့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းတို့လည်း ကြုံတွေ့ကြရသည်။ အနိမ့်ဆုံးအားဖြင့် ချီလီ၊ တောင်အာဖရိက၊ မြောက်အိုင်ယာလန်နှင့် ချက်သမ္မတနိုင်ငံရှိ အစိုးရများက ယင်းနိုင်ငံရေးအကျဉ်းသားဟောင်းများကို ကျန်းမာရေးစောင့်ရှောက်မှု

---

၁၈၅။ Democratic Progress Institute, "The Good Friday Agreement – Prisoner Release Process" (August 2013) <http://bit.ly/1VyJrYI>

၁၈၆။ C. Correa, " Integrating Development and Reparations for Victims of Massive Crimes" (July 2014) <http://ntrda.me/1fPc7fZ>

၁၈၇။ Democratic Progress Institute, "The Good Friday Agreement – Prisoner Release Process" (August 2013) <http://bit.ly/1VyJrYI>

၁၈၈။ Kieran McEvoy, "Prisoners, the Agreementç and the Political Character of the Northern Ireland Conflict", Fordham International Law Journal, Vol. 22, No.4 (1998) <http://bit.ly//1Lmfp7p>

၁၈၉။ နိုင်ငံရေးအကျဉ်းသားဟောင်းများ တွေ့ဆုံမေးမြန်းမှု- FPP/DC/00703 (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ)

သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်ရန် ရံပုံငွေ ထောက်ပံ့ပေးကြသည်။ အလားတူပင်နိုင်ငံရေးအကျဉ်းသားဟောင်းများက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နှစ်သိမ့် ဆွေးနွေး အကြံပေးမှု ဝန်ဆောင်မှုများလည်းရရှိကြသည်။ ဤသို့ဖြင့် ၎င်းတို့၏ ထောင်တွင်း ကြုံတွေ့ခံစားခဲ့ကြရသည့် စိတ်ဒဏ်ရာဖိစီးမှုများကို သက်သာစေသည်။ ၎င်းတို့ လူ့အဖွဲ့အစည်းအတွင်း ပူးပေါင်းရာတွင် ရုပ်ပိုင်း-စိတ်ပိုင်း အဆင်သင့်ဖြစ်စေရန်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ လူမှုအဖွဲ့အစည်း၏ ထုတ်လုပ်နိုင်စွမ်းရှိသောအဖွဲ့ဝင်များ ဖြစ်လာကြပေမည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးမှုများ လိုအပ်နေကြကြောင်း AAPP ၏ထောက်ပံ့ရေးအစီအစဉ်များနှင့် MHAP အစီအစဉ်များမှ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာတောင်းဆိုမှုများကသက်သေပြနေပါသည်။ အလားတူပင် ယခုသုတေသနလုပ်ငန်းတွင်လည်းနိုင်ငံရေးအကျဉ်းသားဟောင်းများ ရေရှည်ခံစားကြုံတွေ့နေရသည့် ကျန်းမာရေးထိခိုက်မှု ဒဏ်ရာဒဏ်ချက်များကို ဖော်ပြထားပါသည်။

## ဖြစ်ရပ်လေ့လာမှု- ချီလီနိုင်ငံ၏ ဘက်စုံစောင့်ရှောက်မှုနှင့် လူ့အခွင့်အရေး အစီအစဉ်မှတဆင့် ပြန်လည်ကုစားပေးမှုများ

၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်ကြီး ပီနိုချေးဦးဆောင်၍ စစ်အာဏာသိမ်းခဲ့ပြီး ချီလီနိုင်ငံ၏ ရွေးကောက်ခံအစိုးရကို ဖြုတ်ချခဲ့ကြသည်။ နောက်ပိုင်းနှစ်တွင် ပီနိုချေးကိုသမ္မတအဖြစ်ခန့်အပ်ခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်များအတွင်း စစ်အစိုးရက ကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ချီလီနိုင်ငံသားများအပေါ် ကျူးလွန်ခဲ့သည်။ စစ်အစိုးရကို ဆန့်ကျင်သည်ဟု သင်္ကာမကင်းရှိသူများကိုဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လက်စဖျောက်ပစ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသား ၁,၅၀၀ ခန့် စစ်အစိုးရလက်ထက်တွင် ဖမ်းဆီးခံရသည်ဟုခန့်မှန်းရသည်။[၁၉၀] ထိုမျှမက ချီလီနိုင်ငံ၏နိုင်ငံရေးအရ ထိန်းသိမ်းခံရသူများနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများဆိုင်ရာ အမျိုးသားကော်မရှင် တွေ့ရှိချက်များအရ အနည်းဆုံးလူပေါင်း ၃၅,၀၀၀ ခန့် ပီနိုချေးစစ်အစိုးရအုပ်ချုပ်မှုကာလ ၁၉၇၃ ခုနှစ်မှ ၁၉၉၀ ခုနှစ်များအကြား တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။ [၁၉၁]

၁၉၈၈ ခုနှစ် ဆန္ဒခံယူပွဲအပြီးတွင် ပီနိုချေးကိုသမ္မတအဖြစ်မှ ဖြုတ်ချခဲ့ကြပြီး ၁၉၈၉ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ချီလီနိုင်ငံက ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ခဲ့သည်။ ချီလီနိုင်ငံ၏ပထမဦးဆုံး အမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေး အမျိုးသားကော်မရှင်၏ ၁၉၉၁ ခုနှစ် မေလထုတ်အစီရင်ခံစာပါ အကြံပြုချက်များအရ [၁၉၂] ချီလီအစိုးရက ဘက်စုံစောင့်ရှောက်ပေးရေးနှင့် လူ့အခွင့်အရေးများ ("PRAIS") အစီအစဉ်မှတဆင့် ပြန်လည်ကုစားပေးမှုအစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည်။ PRAIS အစီအစဉ်အရ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် ၎င်းတို့၏မိသားစုများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးသည်။ ယင်းတို့တွင် ညှဉ်းပန်းနှိပ်စက်ခံရသူများ၊ နိုင်ငံရေးအကျဉ်းသားများ၊ ပျောက်ဆုံးသွားရသူများ၊ သို့မဟုတ် ဥပဒေမဲ့ ကွပ်မျက်သတ်ဖြတ်ခံရသူများ၏ မိသားစုများပါဝင်ကြသည်။ နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွင်းသို့ သွပ်သွင်းစေ၍၊ ခံစားခွင့်ရှိသူပေါင်း ၁၉၀,၀၀၀ ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။ [၁၉၃] PRAIS အဖွဲ့များက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ပြန်လည်ထူထောင်ရေးအထူးအစီအစဉ်များကို အခမဲ့ပေးအပ်ခဲ့သည်။ ပထမ ၁၀-နှစ်တွင် လူပေါင်း ၅၁,၀၆၅ ဦး PRAIS အစီအစဉ်မှတဆင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ခဲ့ကြသည်။ ယင်းအစီအစဉ်က တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံဆောင်ရွက်နိုင်ပြီး အရပ်ဖက်လူထုအဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာ ညှဉ်းပန်း

နှိပ်စက်ခံကြရသူများ ပြန်လည်ထူထောင်ရေးကောင်စီနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်လူ့အခွင့်အရေးများစင်တာ (CINTRAS ဟုလည်း သိကြသည်) တို့နှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ပေးခဲ့သည်။

သို့သော်လည်း ဘတ်ဂျက်နှင့် နည်းပညာအကန့်အသတ်ရှိခြင်း၊ ဝန်ထမ်းနုတ်ထွက်မှုများခြင်း၊ အထူးပြုကျွမ်းကျင်သူ ပညာရှင်နည်းပါးခြင်း စသောအကြောင်းများကြောင့် PRAIS အစီအစဉ်ကို ဝေဖန်မှုအများအပြားရှိခဲ့ကြသည်။ ထို့အတွက်ကြောင့် ကျွမ်းကျင်သူပညာရှင်များနှင့်တွေ့နိုင်ရန် စောင့်ဆိုင်းရသည့်ကာလကြာမြင့်ပြီး အကောင်အထည်ဖော်မှုတွင်လည်း အကန့်အသတ်ရှိသည်။ [၁၉၄] ထို့အပြင်အသစ်သော ညှဉ်းပန်းနှိပ်စက်ခံရသူများကို အသိအမှတ်မပြုဘဲ ယင်းအစီအစဉ်သို့ ထည့်သွင်းကူညီပေးခြင်းမရှိပါ။ ဤသို့ အားနည်းချက်များ ရှိခဲ့သော်လည်း PRAIS အစီအစဉ်သည် ကျန်းမာရေးအခြေပြုဘက်စုံအဖြစ်ဆုံး ပြန်လည်ကုစားမှုအစီအစဉ်အဖြစ် ကမ္ဘာကအသိအမှတ်ပြုထားကြသည်။ [၁၉၅] နောက်ဆုံး PRAIS အစီအစဉ်သည် ချီလီနိုင်ငံ၏အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုအတွက် အရေးပါသည့်အဆင့်တစ်ခုဖြစ်ပြီး စစ်အစိုးရကြောင့် နစ်နာရသူများသည် ချီလီနိုင်ငံအစိုးရထံမှ ပြန်လည်ကုစားပေးမှုများ ရရှိသင့်သည်ဟု အသိအမှတ်ပြုထားခဲ့သည်။

## စိတ်ကျေနပ်မှုရစေခြင်း

ပြန်လည်ကုစားမှုများတွင် အခြေခံမှုများအရ ရုပ်ဝတ္ထုပိုင်းအရ သာမကအထိမ်းအမှတ်သင်္ကေတဆောင်သည့်သဘောပါ ဖြစ်ရပါမည်။ [၁၉၆] သင်္ကေတဆောင်သည့် လုပ်ငန်းများတွင် ပြန်လည်ကုစားပေးမှုများ၏ အစိတ်အပိုင်းများအပေါ် "ကျေနပ်နှစ်သိမ့်မှု"ရှိစေရမည်လည်း ဖြစ်ပါသည်။ ယင်းတို့တွင် ဂုဏ်သိက္ခာပြန်လည်ထူထောင်ပေးသည့် တရားဝင်ထုတ်ပြန်ကြေညာချက်များသို့မဟုတ်တရားရုံးဆုံးဖြတ်ချက်များ၊ နစ်နာရသူများ၏ အခွင့်အရေးဆိုင်ရာ ဂုဏ်သိက္ခာ၊ အချက်အလက်မှန်ကို အသိအမှတ်ပြုခြင်းနှင့် တာဝန်ယူခြင်းအပါအဝင် လူသိရှင်ကြား ဝန်ချတောင်းပန်မှုများ၊ နစ်နာရသူများကိုရည်ရွယ်၍ အထိမ်းအမှတ်ပွဲများ ကျင်းပခြင်းများလည်း ပါဝင်ပါသည်။ အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်များကိုယ်၌ကလည်း ကျေနပ်စေရေးလုပ်ဆောင်မှုများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ကော်မရှင်များ ရှိနေခြင်းကပင်လျှင် အစိုးရက တရားဝင် အသိအမှတ်ပြုရန် ဆန္ဒရှိနေကြောင်းနှင့် တာဝန်ယူမှုအတွက် ပထမအဆင့် ခြေလှမ်းဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်။ ချီလီနိုင်ငံတွင် နစ်နာရသူများက အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်၏ အစီရင်ခံစာတစ်ခုကို

---

၁၉၀။ Pablo de Greiff (ed.), The Handbook of Reparationsç (Oxford University Press: The International Center for Transitional Justice) (2006)

၁၉၁။ J. Franklin, "Chile identifies 35,000 victims of Pinochet", The Guardian, (November 15, 2004) <http://bit.ly/1LdjUzq>

၁၉၂။ Report of the Chilean National Commission on Truth and Reconciliation (1991) (trans. by the United States Institute of Peace) <http://bit.ly/1CTcJcV>

၁၉၃။ OHCHR, "Rule-of-Law Tools for Post-Conflict States: Reparations Programmes" (2008) <http://bit.ly/1eYkDrL>

၁၉၄။ IRCT, "Country Factsheet: Torture in Chile" (2014) <http://bit.ly/1K3nMnS>

၁၉၅။ C. Buchanana (ed.), Gun Violence, Disability and Recovery (2014) (Sydney: Surviving Gun Violence Project)

၁၉၆။ General Assembly resolution, 60/147, Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law, A/RES/60/147 (December 16, 2005) <http://bit.ly/1zWTUzU>

သမ္မတထံမှ စာတစ်စောင်နှင့်အတူ လက်ခံရရှိကြပြီး ယင်းစာရင်းများတွင် ၄င်းတို့၏အမည်ကိုဖော်ပြထားသည်။[၁၉၇] ချက်သမ္မတနိုင်ငံတွင်မူ အချို့ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် နိုင်ငံတော်ဂုဏ်ပြုလက်မှတ်ကို ရရှိကြပြီး ၄င်းတို့၏ အတိတ်ကာလ စွန့်လွှတ်ပေးဆပ်မှုများအတွက် သမ္မတဟာဗဲလ်ကပရာဟာနန်းတော်သို့ဖိတ်ကြားဂုဏ်ပြုသည်ကို လက်ခံရရှိကြသည်။ အချို့မှာမူ မြို့တော်ခန်းမများတွင် ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံကြရသည်။ [၁၉၈]

(နစ်နာခံစားရသူများအား အမှတ်တရရှိနေစေရန်) အမှတ်တရပွဲများ ကျင်းပပေးခြင်း၊ ပြတိုက်များ၊ အထိမ်းအမှတ်များ၊ ဥပမာအားဖြင့်-အများပြည်သူပိုင်နေရာများကို အမည်ပြောင်းလဲသတ်မှတ်ပေးခြင်း‥ ကဲ့သို့ အခြားသင်္ကေတသဘော ဆောင်သောကိစ္စများ ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။ [၁၉၉] ဤသို့လုပ်ဆောင်ခြင်းဖြင့် ပြန်လည်ကုစားမှုများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် “ကျေနပ်မှု”ရရှိစေမည် ဖြစ်ပါသည်။ အမှန်တရားပေါ်ပေါက်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်က အကြံပြုသည့်အတိုင်း တောင်အာဖရိကနိုင်ငံတွင် ဒီဇင်ဘာလ ၁၆ ရက်နေ့အား အမျိုးသားအမှတ်တရနှင့် ပြန်လည်သင့်မြတ်ရေးနေ့ (အမျိုးသားပြန်လည်သင့်မြတ်ရေးနေ့)အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့ကြသည်။ ထို့အပြင် အထိမ်းအမှတ်များ ထူထောင်ခြင်း၊ အမှတ်တရအခမ်းအနားများနှင့် (Gallows Memorial) ဂဲလိုးစ်အထိမ်းအမှတ် ပြတိုက်ကဲ့သို့သော ပြတိုက်များ ထူထောင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

မိမိတို့၏ သုတေသနလုပ်ငန်း တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ရုပ်ဝတ္ထုပိုင်း ပြန်လည်ကုစားမှုများ ပေးသည်ထက်စာလျှင် သင်္ကေတသဘောဆောင်သည့် ပြန်လည်ကုစားမှုများသည် ပို၍အကျိုးဖြစ် စေကြောင်းတွေ့ကြရသည်။ အစိုးရကတရားဝင်တောင်းပန်မှုပြုခြင်း၊ ၄င်းတို့၏ မတော်မတရားပြုမှုများနှင့် မတရားထောင်သွင်းအကျဉ်းချမှုများအပေါ် အသိအမှတ်ပြုခြင်းများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပို၍ အရေးကြီးသည်ကိုဖော်ထုတ်တွေ့ရှိရသည်။ တရားဝင်ဝန်ချတောင်းပန်မှုမရှိလျှင် နိုင်ငံရေးအကျဉ်းသားဟောင်းများက မည်သည့်ပုံစံမျိုးဖြင့်ဖြစ်စေ ပြန်လည်ကုစားမှုများကို လက်ခံကြလိမ့်မည်မဟုတ်ဟူသည့် ယေဘုယျခံစားချက်ကို တွေ့ရှိရသည်။ အချို့သောဖြစ်ရပ်များတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများက ဝန်ချတောင်းပန်မှုသာ ၄င်းတို့လိုအပ်သည်ဟု ခံစားကြရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက “ကျွန်တော်ထောင်ချခံခဲ့ရတာအတွက် အစိုးရပြန်တောင်းပန်တာ လိုချင်တယ်။ ကျန်တာဘာမှ မလိုချင်ဘူး” [၂၀၀] ဟု ဆိုပါသည်။

**ပြန်လည်ကုစားမှုများတွင် အခြေခံမှုများအရ ရုပ်ဝတ္ထုပိုင်းအရသာမက အထိမ်းအမှတ်သင်္ကေတဆောင်သည့် သဘောပါဖြစ်ရပါမည်။ သင်္ကေတဆောင်သည့် လုပ်ငန်းများတွင် ပြန်လည်ကုစားပေးမှုများ၏ အစိတ်အပိုင်းများအပေါ် ကျေနပ်နှစ်သိမ့်မှု ရှိစေရမည်လည်း ဖြစ်ပါသည်။ ယင်းတို့တွင် ဂုဏ်သိက္ခာပြန်လည်ထူထောင်ပေးသည့် တရားဝင်ထုတ်ပြန်ချက်များ သို့မဟုတ် တရားရုံးဆုံးဖြတ်ချက်များ၊ နစ်နာရသူများ၏ အခွင့်အရေးဆိုင်ရာဂုဏ်သိက္ခာ၊ အချက်အလက်မှန်ကို အသိအမှတ်ပြုခြင်းနှင့် တာဝန်ယူခြင်းအပါအဝင် လူသိရှင်ကြား ဝန်ချတောင်းပန်မှုများ၊ နစ်နာရသူများကို ရည်ရွယ်၍ အထိမ်းအမှတ်ပွဲများ ကျင်းပခြင်းများလည်း ပါဝင်သည်။**

## နောက်ထပ်မဖြစ်ပွားစေရန် အာမခံချက်ပေးမှုများ

(လူ့အခွင့်အရေးချိုးဖောက်မှုများ) နောက်ထပ်မဖြစ်ပွားစေရန် အာမခံချက်ပေးမှုများသည် ကျယ်ပြန့်သည့် ပြန်လည်ကုစားမှု လုပ်ငန်းများဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ နောက်ထပ်မဖြစ်ပွားစေရန်အတွက် ကာကွယ်ပေးနိုင်သည်။ ယင်းလုပ်ငန်းများတွင် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် အရပ်သားများက ထိရောက်စွာ ထိန်းချုပ်နိုင်

၁၉၇။ C. Correa, “ Integrating Development and Reparations for Victims of Massive Crimes” (July 2014) <http://ntrda.me/1fPc7fZ>

၁၉၈။ R. David & S. Y. P Choi, “Victims of Transitional Justice: Lessons from the Reparation of Human Rights Abuses in the Czech Republic”, Human Rights Quarterly, Vol. 27, No. 2 <http://bit.ly/1V9M0An>

၁၉၉။ International Center for Transitional Justice, “What is Transitional Justice?” (2009) <http://bit.ly//1Q36RkU>

၂၀၀။ နိုင်ငံရေးအကျဉ်းသားဟောင်းများ တွေ့ဆုံမေးမြန်းမှု- FPP/DC/00766 (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ)

ရေး၊ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို မြှင့်တင်ပေးခြင်း၊ ဥပဒေစည်းကြပ်ခြင်း၊ သတင်းမီဒီယာနှင့် လူမှုရေးဝန်ဆောင်မှုများ၊ လွတ်လပ်အမှီအခိုကင်းသည့် တရားစီရင်ရေးကိုခိုင်မာအားကောင်းစေရေး၊ လုပ်သားများ၏ လူ့အခွင့်အရေးများကို ကာကွယ်ပေးခြင်းနှင့် လူ့အခွင့်အရေးသင်တန်းများ ပါဝင်ပါသည်။ မြောက်အိုင်ယာလန်နိုင်ငံတွင် အဖွဲ့အစည်းအခြေခံအဆောက်အအုံပိုင်းဆိုင်ရာစနစ်ပြုပြင်ပြောင်းလဲမှုအချို့ကို နောက်ထပ်မဖြစ်ပွားစေရေး အာမခံချက်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်ကို တိုင်ပင်အကြံရယူခြင်း လုပ်ငန်းစဉ်များဖြင့်ပြန်လည်သုံးသပ်ခဲ့ကြသည်။ မြောက်အိုင်ယာလန်အတွက် ရှေ့နေချုပ်ခန့်အပ်ခြင်းနှင့် ယခင်ဘုရင်မ၏ အပြစ်ပေးရေးဌာနအစား ပြည်သူ့တရားရေး အကျိုးဆောင်အဖွဲ့များ တည်ထောင်ခြင်းတို့လုပ်ဆောင်ကာတရားစီရင်ရေးစနစ်ကိုပြောင်းလဲစေခဲ့ကြသည်။[၂၀၁] မြန်မာနိုင်ငံတွင် တက်ကြွလှုပ်ရှားသူများမှာ ဆက်လက်အဖမ်းခံနေကြရဆဲဖြစ်ပြီး ၄င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများအတွက် တရားလက်လွတ် ထိန်းသိမ်းမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများရှိနေဆဲဖြစ်သည်။ ထို့အတွက် နောက်ထပ်မဖြစ်ပွားစေရန် အာမခံချက်ပေးမှုများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက်သာမကဘဲ နိုင်ငံအတွင်း တက်ကြွလှုပ်ရှားသူများကို ဆက်လက်ထိန်းသိမ်းနေမှုများအား ဟန့်တားရာတွင် ပို၍ တိုးတက်စေမည်ဖြစ်သည်။

## ၇-၅ ပြန်လည်ကုစားပေးမှုအစီအစဉ်များ အကောင်အထည်ဖော်ခြင်း

အခြားနိုင်ငံများတွင် ပြန်လည်ကုစားပေးမှု အစီအစဉ်များကို စီမံခန့်ခွဲကြရာတွင် အဓိကအားဖြင့် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် အစိုးရတို့၏ ဆက်ဆံရေးအပေါ် မူတည်သည်။ တောင်အာဖရိကနိုင်ငံတွင် အစိုးရက နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ယုံကြည်မှုကို ရရှိသောကြောင့် အစိုးရက နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အစီအစဉ်များကို တိုက်ရိုက်စီမံခန့်ခွဲနိုင်သည်။ အစိုးရက အကူအညီပေးရေးအစီအစဉ်များတိုက်ရိုက်ဆောင်ရွက်နိုင်သည့် နောက်ထပ်အကြောင်းအချက်တစ်ခုမှာ ပြန်လည်ကုစားပေးမှု အစီအစဉ်များသည် အသွင်ကူးပြောင်းရေးကာလတရားမျှတရေး ကျယ်ပြန့်သောလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်နေသောကြောင့်လည်းဖြစ်သည်။ ယင်းတွင် အစိုးရအပေါ် ခွင့်လွှတ်ကျေအေးပေးရေးနှင့်ယုံကြည်မှုတည်ဆောက်ရေးကိစ္စများလည်း ပါဝင်ပါသည်။

သို့သော်လည်း မြောက်အိုင်ယာလန်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အထောက်အပံ့အများစုသည် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ အဲန်ဂျီအိုများ၊ ခရစ်ယာန်ဘာသာရေးအဖွဲ့များထံမှ တဆင့်ရရှိခဲ့ကြသည်။ ယင်းအဖွဲ့များက အစိုးရထံမှ ရံပုံငွေရရှိကြသည်။ ကောင်းမြတ်သည့်သောကြာနေ့ သဘောတူညီချက်နောက်ပိုင်းတွင် အကြမ်းဖက်လှုပ်ရှားမှုများအား နိဂုံးချုပ်စေခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရေး သဘောတူညီခဲ့သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည်အစိုးရထံမှအကူအညီရရှိပိုင်ခွင့်ရှိကြသည်။ ထို့အတွက် အစိုးရကစတင်၍ အဲန်ဂျီအိုများဖြစ်ကြသည့် Abhaile Arís နှင့် Glencree ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေးစင်တာတို့ထံ ရံပုံငွေများစတင်၍ထောက်ပံ့ခဲ့ကြသည်။ ယင်းတို့က နှစ်သိမ့်ဆွေးနွေးအကြံပေးမှုများ၊ ဥပဒေကြောင်းအရအကူအညီများ၊ သင်တန်းများနှင့်ပညာရေးကိစ္စများ၊ ပဋိပက္ခစီမံခန့်ခွဲရေး ကျွမ်းကျင်မှုသင်တန်းများကို ဝန်ဆောင်မှုပေးကြသည်။ ၂၀၁၁ ခုနှစ်အထိ မြောက်အိုင်ယာလန်အစိုးရက ပေါင်စတာလင် ၃၆ သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ ၅၆ သန်း) ကို နစ်နာရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် ထောက်ပံ့ပေးရန် ဘတ်ဂျက်ခွဲခြားသတ်မှတ်ထားပေးခဲ့သည်။အထွေထွေသောကူညီပံ့ပိုးမှုများတွင် လူမှုရေးအရကူညီပေးမှုများ၊ သင်တန်းနှင့် လူတစ်ဦးချင်းဖွံ့ဖြိုးမှုများ၊ စည်းရုံးတိုက်တွန်းမှုများ၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေး လိုအပ်ချက်များအတွက် ပါဝင်ကြသည်။ [၂၀၂]

အံ့သြဖွယ် မရှိသည့်အချက်မှာ မြန်မာနိုင်ငံတွင် အစိုးရနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအကြား သံသယမြင့်မားစွာ ရှိနေကြခြင်းဖြစ်သည်။ သမ္မတဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက "ကျွန်တော် သူတို့ ပြုပြင်ပြောင်းလဲရေးဆိုတာတွေကို မယုံကြည်ဘူး" [၂၀၃] ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဤသို့သံသယကြီးမားစွာရှိနေခြင်းနှင့် တက်ကြွလှုပ်ရှားသူများအပေါ် ဆက်လက်ဖမ်းဆီးမှုများရှိနေသည်ကို တွက်ဆကြည့်ပါက ပြန်လည်ကုစားမှု အစီအစဉ်များကို အစိုးရကဆောင်ရွက်ရန် ဆုံးဖြတ်ပါကလည်း ထိရောက်မှုရှိရန် အရပ်ဖက်လူထုအဖွဲ့အစည်းများကသာ အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် စီမံခန့်ခွဲသွားကြရဖွယ်ရှိပါသည်။

---

၂၀၁။ Commissioner for Victims and Survivors, "Reparations in Northern Ireland – A duty to victims?" (November 16, 2011) <http://bit.ly/1Jm2AE8>
၂၀၂။ Commissioner for Victims and Survivors, "Reparations in Northern Ireland – A duty to victims?" (November 2011) <http://bit.ly/1Jm2AE8>
၂၀၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများ တွေ့ဆုံမေးမြန်းမှု- FPP/DC/00856 (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ)

# အခန်း - ၈
# နိဂုံး

ယခုအစီရင်ခံစာ၏ ရှာဖွေဖော်ထုတ်မှုများအရ တွေ့ရှိချက်များသည် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ငါးခုအတွင်း ထောင်ပေါင်းများစွာသော နိုင်ငံသူနိုင်ငံသားများသည် သူတို့၏ အခြေခံအခွင့်အရေးများကို ကျင့်သုံးရန် ကြိုးစားခဲ့သည့်အတွက် သို့တည်းမဟုတ် ကျင့်သုံးခဲ့သည့်အတွက် ထောင်သွင်းအကျဉ်းကျခံခဲ့ရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်း အစရှိသည့်မြောက်မြားလှစွာသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခါးစည်းခံခဲ့ကြရပါသည်။ ဦးသိန်းစိန်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နေပါသည်ဟု ဆိုသော်လည်း လက်တွေ့တွင် ယခင်စစ်အစိုးရအဆက်ဆက်က အသုံးပြုခဲ့သော နည်းလမ်းများဖြင့်တက်ကြွလှုပ်ရှားသူများကို ထောင်သွင်းအကျဉ်းချခြင်း မပြုလုပ်ခဲ့သော်လည်း သူတာဝန်ယူထားခဲ့သော ၂၀၁၁ နှင့် ၂၀၁၆ ခုနှစ်အတွင်း ယခင်စစ်အစိုးရလက်ထက်နှင့် မတူသော နည်းစနစ်အသစ်များဖြင့် တက်ကြွလှုပ်ရှားသူများကို ထောင်သွင်းအကျဉ်းချနေဆဲဖြစ်ပါသည်ဟု အစီရင်ခံစာက သက်သေပြနေပါသည်။ ထို့အပြင် ဦးသိန်းစိန်အစိုးရလက်ထက်တွင်ပင်နိုင်ငံရေးအရ ထိန်းသိမ်းခံရသူများသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် ဆိုးရွားလှသော ထောင်တွင်းအခြေအနေများကို ရင်ဆိုင်နေရပြီး အစိုးရနှင့် အစိုးရလက်အောက်ခံအဖွဲ့အစည်းများကလည်း လူ့အခွင့်အရေးများကို ဆက်လက်ကျူးလွန်နေဆဲပင် ဖြစ်သည်။

ယခုစာတမ်းပါ အပေါ်ပိုင်းအခန်းများကို ရေးနေချိန်မှာပင် နိုဝင်ဘာ ၈ ရက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသူနိုင်ငံသားများက အပြောင်းအလဲတခုအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တခဲနက် မဲပေးရွေးချယ်ခဲ့ကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တပ်မတော်သား ကိုယ်စားလှယ် ၂၅% ကလွှတ်တော် ၂ ရပ်လုံးတွင် ပါဝင်နေသော်လည်း အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ၂ ရပ်လုံးတွင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အများစုဖြစ်လာခဲ့ပါသည်။ သို့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၉(စ) အရ ဒေါ်အောင်ဆန်းစုကြည်မှာ သမ္မတဖြစ်ခွင့်မရခဲ့သော်လည်းအစိုးရအဖွဲ့ကို သူမဦးဆောင်မည်ဟု ရွေးကောက်ပွဲအနိုင်ရပြီးကတည်းက ကြေညာခဲ့ပါသည်။ ထိုသို့ကြေညာခဲ့သည့်အတိုင်း သူမ၏ အရင်းနှီးဆုံးနှင့် အယုံကြည်ရဆုံးဖြစ်သော ဦးထင်ကျော်ကို သမ္မတအဖြစ် တင်သွင်းပြီး မတ်လ ၃၀ ရက် ၂၀၁၆ ရက်တွင် ဦးသိန်းစိန်ထံမှ နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းယူစေခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်တာဝန် လွှဲပြောင်းယူပြီးရက်ပိုင်းအတွင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဥပဒေကိုတင်သွင်းစေပြီး ဧပြီလ ၆၊ ၂၀၁၆ တွင် လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံ ဖြစ်လာခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံ ဖြစ်လာပြီး နောက်နေ့တွင်ပင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးသည် အစိုးရသစ်၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည်ဟူသော ကြေငြာချက် ထွက်ပေါ်လာပြီး ဆက်တိုက်ပင်နိုင်ငံရေးအကျဉ်းသားများ အများအပြား လွတ်မြောက်လာသည်ကို တွေ့ရှိရပါသည်။

မိမိတို့ သုတေသနတွေ့ရှိချက်များအရ နိုင်ငံရေးအကျဉ်းသား



From -11B

များသည် အကျဉ်းထောင်များမှလွတ်မြောက်လာခဲ့သော်လည်း အာဏာပိုင်များ၏ ဖိနှိပ်မှု၊ကန့်သတ်မှု၊ စိတ်ဒဏ်ရာများနှင့် အကျဉ်းထောင်အတွင်း ခံစားခဲ့ရသောဝေဒနာများကြောင့် လူ့အဖွဲ့အစည်းနှင့်သဟဇာတ ဖြစ်ဖြစ် နေနိုင်ရေးမှာ လွန်စွာမှပင်အခက်အခဲတွေ့နေရပါသည်။ ထိုသို့ အခက်အခဲတွေ့ရာတွင် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများသာမကဘဲ သူတို့၏ မိသားစုများပါ အခက်အခဲဖြစ်ရပါသည်။ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများ ခံစားရလေ့ရှိသော အခက်အခဲများမှာ ကျန်းမာရေး၊ အလုပ်လက်မဲ့နှင့် ငွေကြေးအခက်အခဲ များဖြစ်ကြပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့အနေဖြင့် ကျနော်တို့သုတေသနပြုမှုမှ သိရှိထားရသော နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်စေရန်နှင့် ထိရောက်သော ပံ့ပိုးကူညီမှုပေးနိုင်ရန် တတ်နိုင်သမျှဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့သော်လည်းအရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် မည်သို့ပင်ကြိုးစားစေကာမူ ငွေကြေးအရ၊ လုပ်ပိုင်ခွင့်အရ၊ နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအရ၊ လူအရင်းအမြစ်အရ အကန့်အသတ်များရှိနေသဖြင့် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများ အားလုံးကိုခြုံငုံကူညီနိုင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။ သို့ဖြစ်၍ အားလုံးကို ခြုံငုံကူညီနိုင်စေရန် အစိုးရက ဦးဆောင်ဦးရွက်ပြုရန် မဖြစ်မနေလိုအပ်ပါသည်။

အရင်စစ်အစိုးရများအဆက်ဆက်ဦးသိန်းစိန်အစိုးရအထိ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ရှိသည်ဆိုသည်ကိုပင် လက်ခံထားခြင်း မရှိပေ။ သာဓကအားဖြင့် ပြီးခဲ့သည့် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်အမတ် အချို့၏နိုင်ငံရေးအကျဉ်းသားနှင့် ပတ်သက်သောမေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းမှ ပြန်လည်ဖြေကြားရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးအကျဉ်းသားဆိုသည်မှာ မြန်မာနိုင်ငံတွင် မရှိဟု ဖြေကြားခဲ့ပါသည်။ သို့သော်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် စစချင်းပင် ၄င်းတို့၏ လုပ်ပိုင်ခွင့်များကို အသုံးပြု၍ နိုင်ငံရေးအကျဉ်းသားအကုန် မဟုတ်သော်လည်း အများအပြားကို လွတ်ပေးခဲ့သည့်အတွက် အားရမိသော်လည်း အစိုးရသစ်သမ္မတ ဦးထင်ကျော်၏ ထုတ်ပြန်ကြေငြာချက်တွင် "အကျဉ်းသား" ဟုသာ သုံးထားသည်ကို သတိထားမိပါသည်။ အစိုးရသစ် တက်လာပြီး လွှတ်တော်တွင်လည်း နိုင်ငံရေးအကျဉ်းသားနှင့် သက်ဆိုင်သော ဆွေးနွေးမှုများ ယနေ့တိုင်ဆွေးနွေးသည်ကိုလည်း မကြားမိသေးပါ။ အစိုးရသစ်အနေဖြင့် အဓိကကျသည့် ဝန်ကြီးဌာနများကို တိုက်ရိုက်ကိုင်တွယ်နိုင်ခြင်း မရှိသည့်အတွက် အချို့ကိစ္စများတွင် ကိုင်တွယ်ရခက်ခဲမည်ကိုနားလည်ပေးနိုင်ပါသည်။ သို့သော်လည်း အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဖြတ်သန်းခဲ့ဖူးသောနိုင်ငံများတွင် အတိတ်ကဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများကို အသိအမှတ်ပြုခြင်းနှင့် နစ်နာခဲ့ရသူများအတွက်နစ်နာမှုများကို ကုစားပေးသော ဥပဒေများကို လွှတ်တော်မှရေးဆွဲပြီး အစိုးရမှ အကောင်အထည်ဖော်ဆောင်ခဲ့သည့် ဥပမာများရှိပါသည်။ ထိုသို့သော ဥပဒေများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် များစွာ အထောက်အကူပြုပါသည်။

အစိုးရသစ်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ရည်ရွယ်ပြီး အတိတ်ကနစ်နာခဲ့သူများအား အသိအမှတ်ပြုပြီး ၄င်းတို့နစ်နာခဲ့မှုများအတွက် ကမကထပြုဆောင်ရွက်ပေးရန် လိုအပ်နေပေသည်။

# အခန်း - ၉
# အကြံပြုတိုက်တွန်းချက်များ

### အစိုးရနှင့်လွှတ်တော်သို့

နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းခံနေရသူအားလုံးအား နိုင်ငံရေးအကျဉ်းသားအဖြစ်သတ်မှတ်၍ ခြွင်းချက်မရှိလွှတ်ပေးရန်။

ယခုသုတေသနစာတမ်းတွင် အကြံပြုထားသည့် အခန်း (၇) ပါအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေ၊ လုပ်ငန်းစဉ်များရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်း ပြုလုပ်ပေးပါရန်။

အောက်ပါ အချက်များသည် အခန်း (၇) ပါခေါင်းစဉ်များဖြစ်သည်။

၁။ စိတ်ကျေနပ်မှု ရစေခြင်း၊

၂။ ပြန်လည်ဖြည့်ဆည်းပေးခြင်း၊

၃။ပြန်လည်ထူထောင်ရေး၊

၄။လျော်ကြေးပေးခြင်း၊

၅။ နောက်ထပ်မဖြစ်ပွားစေရန် အာမခံချက်ပေးမှုများ၊

### နိုင်ငံရေးပါတီများနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများသို့

၁။ အစိုးရနှင့်လွှတ်တော်မှ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ်ထွက်လာနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုများ ဝိုင်းဝန်းပြုလုပ်ပေးပါရန်၊

၂။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ဆော်သြပေးပါရန်နှင့် မလွတ်မြောက်ခင်စပ်ကြားနိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို လူအများသိရှိနိုင်စေရန်နှင့် ၄င်းတို့အားတတ်နိုင်သမျှအကူအညီများ ပေးအပ်ရန်၊

၃။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့မှုအား အသိအမှတ်ပြုပေးပါရန်နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် သူတို့မိသားစုများ လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်ဖြစ် နေစေနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ဝိုင်းဝန်းကူညီပေးပါရန်။

### နိုင်ငံတကာအသိုက်အဝန်းသို့

၁။ သုတေသနတွေ့ရှိချက်မှ အကြံပြုမှုများကို အစိုးရနှင့်လွှတ်တော်မှ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရေးအတွက် ဝိုင်းဝန်းတိုက်တွန်းပေးပါရန်၊

၂။ နိုင်ငံတွင်း မတရားဖမ်းဆီးမှုများနှင့် ထောင်သွင်းအကျဉ်းချမှုများကိုစောင့်ကြည့်ပြီး ထိုလုပ်ရပ်များ ရပ်တန့်စေရေးအတွက် အစိုးရကိုတိုက်တွန်းပါရန်၊

၃။ နိုင်ငံသားများ အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံသားလွတ်လပ်ခွင့်များပိုမိုကျင့်သုံးလာနိုင်စေရေး သေချာစေရန်အတွက် တိုးမြှင့်ဆောင်ရွက်ပေးပါရန်။

၄။ လက်ကျန် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန်၊

၅။ နိုင်ငံရေးအကျဉ်းသားဟောင်းများ အတွက် ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များ လုပ်ဆောင်နိုင်ရန်လိုအပ်သော နည်းပညာနှင့် အခြားလိုအပ်ချက်များကို ကူညီပေးပါရန်။

၆။ အစိုးရ အပါအဝင် အခြားသောနိုင်ငံရေးအကျဉ်းသား ကိစ္စရပ်များကိုတစိုက်မတ်မတ်လုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။



From -12A

# နောက်ဆက်တွဲ

## အင်တာဗျူးမေးခွန်းလွှာ ပုံစံ (၁)

# နိုင်ငံရေးအကျဉ်းသားဟောင်း ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံကပ်ရန်

၁။ အမည် (ကျား/မ) ..........................................................

၂။ မွေးဖွားရာဇာတိ ..........................................................

၃။ အဖအမည် .................... (အမိအမည်) ..........................

၄။ မွေးသက္ကရာဇ် ..........................................................

၅။ မှတ်ပုံတင်အမှတ် ............. (လူမျိုး/ဘာသာ) ...........................

၆။ ပညာအရည်အချင်း ..........................................................

၇။ ကျွမ်းကျင်သောအတတ်ပညာ ..........................................................

၈။ လက်ရှိနေရပ်လိပ်စာ ..........................................................

/Eamil/phone number ..........................................................

၉။ လက်ရှိအလုပ်အကိုင် ..........................................................

၁၀။ လက်ရှိကျန်းမာရေးအခြေအနေ ..........................................................

၁၁။ အိမ်ထောင်ရှိ/မရှိ (အမည်) ..........................................................

၁၂။ သား/သမီး (အမည်) ..........................................................

၁၃။ အတူနေမိသားစု ..........................................................

၁၄။ ဖမ်းဆီးခံရနေ့စွဲ ..........................................................

(အကြိမ်အရေအတွက်အလိုက်) ..........................................................

၁၅။ ဖမ်းဆီးသည့်အဖွဲ့အစည်း ..........................................................

(မည်သည့်အဖွဲ့ဖော်ပြရန်) ..........................................................

၁၆။ ဖမ်းဆီးခံရသည့်နေရာ ..........................................................

(အကြိမ်အရေအတွက်အလိုက်) ..........................................................

၁၇။ တရားစွဲဆိုခြင်းမခံရမီ ..........................................................

ထိမ်းသိမ်းခံနေရာ ..........................................................

(အကြိမ်အရေအတွက်အလိုက်) ..........................................................

၁၈။ ပုဒ်မ(အကြိမ်အရေအတွက်အလိုက်)..........................................................

၁၉။ အမိန့်ချ တရားရုံး ..........................................................

(အကြိမ်အရေအတွက်အလိုက်) ..........................................................

၂၀။ ပြစ်ဒဏ်(အကြိမ်အရေအတွက်အလိုက်)..........................................................

၂၁။ အမိန့်ချနေ့စွဲ(အကြိမ်အရေအတွက်အလိုက်)..........................................................

**‘လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်’**

၂၂။ ထောင်ဝင်အမှတ်(အကြိမ်အရေအတွက်အလိုက်)..........................................

၂၃။ နေ့ခဲ့သောထောင်များ ..........................................

(ထောင်အမည်၊ကာလနှင့်တကွဖော်ပြရန်) ..........................................

၂၄။ ဖမ်းဆီးခံကြာချိန် ..........................................

(အကြိမ်ရေအတွက်တိကျစွာဖော်ပြရန်) ..........................................

၂၅။ လွတ်သည့်ထောင်နှင့်နေ့စွဲ(တိကျစွာဖော်ပြရန်) ..........................................

ကန့်သတ်ချက်ဖြင့်လွတ်မြောက်ခြင်း ရှိ/မရှိ ..........................................

၂၆။ ပါဝင်လှုပ်ရှားခဲ့သည့်အဖွဲ့အစည်းများ ..........................................

၂၇။ စစ်ကြောရေးနှင့် ထောင်တွင်းနှိပ်စက်ညှဉ်းပန်းမှု ..........................................

(စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ ရှိ/မရှိ) ..........................................

(ရှိဟု ဖြေဆိုပါက နောက်ဆက်တွဲကို ဆက်လက်ဖြေကြားပေးပါရန်)

၂၈။ စစ်ကြောရေးကာလတွင်ကြာမြင့်ချိန် ..........................................

၂၉။ အမှုဖြစ်စဉ်အကျဉ်း (အကျဉ်း ချုပ်ဖော်ပြရန်)

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

| | | | |
|---|---|---|---|
| လက်မှတ် | .............................. | လက်မှတ် | .............................. |
| ကောက်ယူသူအမည် | .............................. | အမည် | .............................. |
| အချက်အလက်ဖြည့်သည့်နေ့စွဲ | .............................. | မှတ်ပုံတင်အမှတ် | .............................. |

# နောက်ဆက်တွဲ

## အင်တာဗျူးမေးခွန်းလွှာ ပုံစံ (၂)

**၁။ မိသားစုအခြေအနေ**

- ❖ မိသားစု တစ်လပျှမ်းမျှဝင်ငွေ

- ❖ တစ်သိန်းအောက်
- ❖ တစ်သိန်းနှင့် တစ်သိန်းငါးသောင်းကြား
- ❖ တစ်သိန်းငါးသောင်းနှင့် သုံးသိန်းကြား
- ❖ ၃ သိန်းအထက်

- ❖ ပျှမ်းမျှတစ်လအသုံးစရိတ်

| | ၅ သောင်းအောက် | ၅ သောင်း ၁.၅သိန်း | ၁.၅ သိန်း ၂သိန်း | ၂သိန်း ၃သိန်း | ၃သိန်းအထက် | ကိုယ်ပိုင် | အခမဲ့ |
|---|---|---|---|---|---|---|---|
| နေစရိတ် | | | | | | | |
| စားစရိတ် | | | | | | | |
| ပညာသင်စရိတ် | | | | | | | |
| ကျန်းမာရေ | | | | | | | |
| အထွေထွေ | | | | | | | |

**သားသမီးများ၏ ပညာရေးမှတ်တမ်း (စာရင်းကောက်ယူသည့်အချိန်)**

(၁) အမည် ......................။ အတန်း ................။ ကျောင်း/တက္ကသိုလ် .........................
(၂) အမည် ......................။ အတန်း ................။ ကျောင်း/တက္ကသိုလ် .........................
(၃) အမည် ......................။ အတန်း ................။ ကျောင်း/တက္ကသိုလ် .........................
(၄) အမည် ......................။ အတန်း ................။ ကျောင်း/တက္ကသိုလ် .........................
(၅) အမည် ......................။ အတန်း ................။ ကျောင်း/တက္ကသိုလ် .........................

**၂။ ညှဉ်းပမ်းနှိပ်စက်မှုများ**

**စစ်ကြောရေးအတွေ့အကြုံများ**

အောက်ပါညှဉ်းပန်းနှိပ်စက်မှုများမှ မိမိအားစစ်မေးခြင်းများ ရှိ/မရှိကို အမှန်ခြစ်ပေးပါရန်

၁။ မျက်လုံးပေါ် အဝတ်အမဲဖြင့် စည်းထားပြီးစစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၂။ ခေါင်းစွပ်စွပ်၍ စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐

၃။ မျက်လုံးပေါ် အဝတ်အမဲဖြင့်စည်းပြီး အပေါ်မှခေါင်းစွပ်စွပ်၍ စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၄။ ပုံစံကြီး ရပ်လျှက် စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၅။ ပုံစံကြီး ရပ်လျှက် ဖိနောင့်အောက်တွင် သံချောင်းထောင်စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၆။ စစ်ဆေးစဉ် ရိုက်နှက် မေးမြန်းခြင်း။ ရှိ ☐ ၊ မရှိ ☐
၇။ စစ်ဆေးစဉ် ထိုးကြိတ်မေးမြန်းခြင်း။ ရှိ ☐ ၊ မရှိ ☐
၈။ စစ်ဆေးစဉ် ခြေဖြင့် ကန်ကျောက် မေးမြန်းခြင်း။ ရှိ ☐ ၊ မရှိ ☐
၉။ မော်တော်ဆိုင်ကယ်စီးသည့် ပုံစံဖြင့် ခိုင်းစေစစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၀။ လေယဉ်ပျံ မောင်းသည့်ပုံစံဖြင့် ခိုင်းစေစစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၁။ ခန္ဓာကိုယ်အား ဆေးလိပ်မီးဖြင့်ထိုးကာ မေးမြန်းခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၂။ လျှပ်စစ်ရှော့ရိုက်ကာ စစ်မေးခြင်း။ (ခန္ဓာကိုယ်၊ လိင်အင်္ဂါ) ရှိ ☐ ၊ မရှိ ☐
၁၃။ ခန္ဓာကိုယ်အား မီးပူကပ်၍ စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၄။ ခန္ဓာကိုယ်အား အဆိပ်ရှိ သတ္တဝါများဖြင့် တို့ထိစစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၅။ မျက်နှာကျက်မှ ကြိုးဖြင့် ဇောက်ထိုးဆွဲချ စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၆။ ခေါင်း (ငယ်ထိပ်) ပေါ်သို့ ရေစက်ချခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၇။ တံတောင်နှင့် ဒူးခေါင်းကို ထောက်လျက်လက်ဖျားနှင့် ခြေဖျားများကို ကြမ်းပြင်နှင့်မထိစေဘဲ ဝမ်းလျားထိုးသွားခိုင်းခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၈။ ဦးခေါင်းအား ပေတံစောင်းဖြင့် တနေရာထဲ ရိုက်လျက် စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၁၉။ သက်ဆိုင်သူ တစ်ဦးတစ်ယောက်အား တဖက်ခန်းမှ အသံပြုစေလျက် စစ်မေးခြင်း။ ရှိ ☐ ၊ မရှိ ☐
၂၀။ ညှို့တကျဉ်းပေါ်တွင် မျဉ်းလုံးတင်၍ လှိမ့်ခြင်း။ ရှိ ☐ ၊ မရှိ ☐
၂၁။ စစ်ကြောရေးစခန်းတွင် ခန္ဓာကိုယ်ကို နာကျင်အောင်ပြုလုပ်ခြင်းခံခဲ့ရပါသလား။ ရှိ ☐ ၊ မရှိ ☐

## အခြားစစ်မေးမှုများ

၂၂။ မိမိ (သို့) မိသားစုနှင့်ပတ်သက်၍ ခြိမ်းခြောက်ခံရခြင်းရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................

........................................................................................................

၂၃။ အနေအထိုင် နှင့် ပတ်သက်၍ စိတ်ကျဉ်းကျပ်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................

........................................................................................................

၂၄။ အစားသောက်နှင့် ပတ်သက် ၍ လုံလောက်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................

၂၅။ အိပ်စက်နားနေခွင့်မပြုဘဲစစ်ဆေး မေးမြန်းမှု ရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................

၂၆။ ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုပြုမူခြင်း ခံခဲ့ရပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................

၂၇။ စစ်ကြောရေးကာလအတွင်းတွင်ကျန်းမာရေးစောင့်ရှောက်ကုသမှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

........................................................................................................



From -12B

**'လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်'**

၂၈။ အခြားဖြည့်စွက် စရာအကြောင်းအရာများရှိပါက ဖြည့်စွက်ပေးပါရန်။ (လူ့အခွင့်အရေးချိုးဖောက်မှုများ)

..........................................................................................................

..........................................................................................................

..........................................................................................................

၂၉။ စစ်ကြောရေးမှ ရရှိလာသောဒဏ်ရာများကိုပျောက်ကင်းအောင်ဆေးဝါးကုသမှုရှိပါသလား။

ထိရောက်စွာ ☐ အနည်းငယ် ☐ မပေးပါ ☐

၃၀။ ၄င်းဒဏ်ရာများသည် ယခုထောင်မှလွတ်မြောက် လာသည့်အချိန်အထိခံစားနေရပါသလား

အလွန် ☐ ခံစားရပါသည် ☐ အနည်းငယ် ☐ မခံစားရပါ ☐

## ၃။ ထောင်တွင်းအခြေအနေ

ထောင်တွင်းဝင်ဝင်ခြင်း ရိုက်နှက်ခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

ထောင်သို့ရောက်ရှိချိန်တွင် ရိုင်းစိုင်းစွာပြောဆိုဆက်ဆံခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

လူ့ဂုဏ်သိက္ခာကျဆင်းစေသောအပြုအမူများပြုလုပ်ခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

မိမိပါလာသောကိုယ်ပိုင်ပစ္စည်းများဆုံးရှုံးခြင်းရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

လူအများနှင့်အတူတူနေရပါသလား။ ရှိ ☐ ၊ မရှိ ☐

မည်သည့်နေရာတွင်နေရပါသလဲ (အဆောင် ☐ ၊ တိုက် ☐ တိုက်တွင်နေရပါသလား၊အဖော်နှင့်နေရပါသလား။

နေရပါသည် ☐ ၊ မနေရပါ ☐

တိုက်တွင်နေရချိန်တွင် အပြင်ထွက်ချိန်ရှိပါသလား (အချိန်ပိုင်း ☐ ၊ မရှိ ☐ ၊ အချိန်ပြည့် ☐

တိုက်အတွင်းနေထိုင်ချိန်တွင်ကျန်းမာရေးနှင့် ညီညွတ်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

ရေချိုးချိန်တွင်ချိုးရေလုံလောက်စွာရှိပါသလား ရှိ ☐ ၊ မရှိ ☐

တိုက်ခန်းအချင်းချင်းပြောဆိုဆက်ဆံမှုခွင့်ပြုခြင်း ရှိ ☐ ၊ မရှိ ☐

သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရှိ ☐ ၊ မရှိ ☐

စာဖတ်ခြင်း၊စာရေးကိရိယာအသုံးပြုခွင့် ရှိ ☐ ၊ မရှိ ☐ ၊ အကန့်အသတ်ဖြင့် ☐

အာဟာရပြည့်ဝသော အစားအသောက်လုံလောက်စွာရရှိမှု။ ရှိ ☐ ၊ မရှိ ☐

အကျဉ်းထောင်လက်စွဲဥပဒေအတိုင်း ရိက္ခာအစားအစာ၊ အသုံးအဆောင်ခံစားခွင့်များ။ ရှိ ☐ ၊ မရှိ ☐

ကျန်းမာရေးဆေးဝါးကုသမှုများ။ ရှိ ☐ ၊ မရှိ ☐ ၊ အနည်းငယ် ☐

ထောင်တွင်းကျန်းမာရေးလှုပ်ရှားမှု (အားကစား) ပြုလုပ်ခွင့် ရပါသလား ရှိ ☐ ၊ မရှိ ☐ လွတ်လပ်စွာဘာသာတရားကိုးကွယ်ခွင့် ရရှိပါသလား။ ရှိ ☐ ၊ မရှိ ☐ ၊ အနည်းငယ် ☐

မိသားစုနှင့် ထောင်ဝင်စာပုံမှန် တွေ့ခွင့်ရပါသလား။ ရှိ ☐ ၊ မရှိ ☐

ထောင်ဝင်စာပစ္စည်းများကန့်သတ်ခံရခြင်း၊သိမ်းဆည်းခံရခြင်း၊ပျောက်ဆုံးခြင်း။ ရှိ ☐ ၊ မရှိ ☐

မိသားစုနှင့်တွေ့ဆုံချိန်လုံလောက်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

မိသားစုနှင့်တွေ့ဆုံရာတွင်လွတ်လပ်စွာပြောဆိုခွင့်ရရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

မိသားစုနှင့်တွေ့ဆုံရာတွင်မိမိ(သို့)မိသားစုကို စိတ်အနှောင့်အယှက်ပြုခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

ရုံးထုတ်ရာတွင်လူ့ဂုဏ်သိက္ခာနှင့်အညီဆောင်ရွက်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

နယ်ဝေးထောင်များသို့မကြာခဏပြောင်းရွှေ့ခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

ထောင်ပြောင်းရွှေ့ရာတွင်လူ့ဂုဏ်သိက္ခာကျဆင်းစေသောအပြုအမူများ

ပြုလုပ်ခြင်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

## ၄။ တရားစီရင်မှုအခြေအနေ

❖ မျှတစွာတရားစီရင်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

❖ မည်သည့်တရားရုံးတွင် စီရင်ခြင်းခံရပါသနည်း

အရပ်ဖက်တရားရုံး ☐ ၊ စစ်ခုံရုံး ☐ ၊ ထောင်တွင်းတရားရုံး ☐

❖ ရှေ့နေငှားရမ်းခွင့် ရရှိခဲ့ပါသလား။ ရှိ ☐ ၊ မရှိ ☐

## ၅။ ထောင်မှလွတ်မြောက်မှုအခြေအနေ

❖ ထောင်မှမည်သို့လွတ်မြောက်လာခဲ့ပါသနည်း။

အကန့်အသတ်မဲ့ ☐ ၊ အကန့်အသတ် ☐၊ လွတ်ရက်ပြည့် ☐

❖ ထောင်လက်စွဲဥပဒေပါ လျှော့ရက်ခံစားခွင့် ရရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

❖ ထောင်မှလွတ်မြောက်လာသောအချိန်တွင် အိမ်အပြန်ခရီးအတွက်အာဏာပိုင်အဖွဲ့အစည်းမှ

စီစဉ်ပေးခြင်းရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

❖ ထောင်မှလွတ်မြောက်ပြီး အာဏာပိုင်အဖွဲ့အစည်းများ၏နှောက်ယှက်၊တားမြစ်၊ကန့်သတ်မှုရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

ဥပမာ-(ပညာသင်ကြားခွင့်၊လိုင်စင်၊မှတ်ပုံတင်၊ခရီးသွားလာခွင့်၊အလုပ်အကိုင်)

❖ ဖမ်းဆီးချိန်ကာလတွင် မိမိကိုယ်ပိုင် ပစ္စည်းများသိမ်းဆည်းခံရပါသလား။ ရှိ ☐ ၊ မရှိ ☐

❖ သိမ်းဆည်းထားသော မိမိကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခြင်းရှိပါသလား။ ရှိ ☐ ၊ မရှိ ☐

❖ မိမိဖမ်းဆီးထိန်းသိမ်းခံရစဉ်ကာလအတွင်း မိသားစု၊မိမိပတ်ဝန်းကျင်၊မိတ်ဆွေအသိုင်းအဝိုင်း

ထိခိုက်နစ်နာခံစားခဲ့ရမှုများရှိပါသလား။ ရှိ ☐ ၊ မရှိ ☐



From - 13A

**‘လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်’**

အသေးစိတ်ဖော်ပြရန်လိုအပ်ပါက

........................................................................................................................

........................................................................................................................

## ၆။ ကျန်းမာရေးအခြေအနေ

❖ ထောင်တွင်းကျန်းမာရေးအခြေအနေ (အကျဉ်းဖော်ပြပေးပါရန်)

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

❖ လွတ်မြောက်လာပြီးကျန်းမာရေးအခြေအနေ(အကျဉ်းဖော်ပြပေးပါရန်)

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

........................................................................................................................

❖ အကယ်၍ ယနေ့အထိ ရောဂါဒဏ်ခံနေရလျှင် မည်သို့သောအခက်အခဲများနှင့် ရင်ဆိုင်နေရပါသနည်း။

အခက်အခဲမရှိပါ ☐

ငွေကြေးအခက်အခဲရှိပါသည် ☐

ဆေးဝါးကုသသော်လည်းခံစားနေရပါသည် ☐

**တခြားအခက်အခဲများကြောင့် မကုသနိုင်ပါ (အခက်အခဲများကို ဖော်ပြပါ)**

..........................................................................................................................

..........................................................................................................................

**အခြားဖြည့်စွက်စရာ အကြောင်းအရာများရှိပါက ဖြည့်စွက်ပေးပါရန်**

အခြားအခြေအနေများ ..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

## ၇။ ပြန်လည်ထူထောင်ရေး

❖ မိမိထောင်မကျမှီအချိန်တွင် မိသားစုစီးပွားရေးအခြေနေသည်မိမိပေါ်တွင်မှီခိုနေရပါသလား

မှီခိုနေရပါသည် ။ အနည်းငယ်မှီခိုနေရပါသည် ။ မမှီခိုနေရပါ

❖ မိမိထောင်ကျနေရသဖြင့် မိသားစုစီးပွားရေးထိခိုက်ဆုံးရှုံးမှုရှိပါသလား

ထိခိုက်ပါသည် ☐ ။ အနည်းငယ်ထိခိုက်ပါသည် ☐ ။ မထိခိုက်ပါ ☐

❖ မိမိဖမ်းဆီးထိန်းသိမ်းခံရမှု ကြောင့်မိသားစု၏ ပညာရေး၊ကျန်းမာရေး၊လူမှုရေး ဆုံးရှုံးနစ်နာမှုရှိပါသလား။

ရှိ ☐ ။ အနည်းငယ် ☐ ။ မရှိ ☐

❖ စီးပွားဥစ္စာဆုံးရှုံးမှုများသည်ယနေ့အထိ သက်ရောက်မှုရှိပါသလား။

ရှိ ☐ ။ အနည်းငယ် ☐ ။ မရှိ ☐

❖ စားဝတ်နေရေးအခက်အခဲများနှင့်ရင်ဆိုင်နေရပါသလား

ရှိ ☐ ။ အနည်းငယ် ☐ ။ မရှိ ☐

❖ မိမိထောင်ကျနေစဉ်အတွင်း မိသားစုအိမ်ထောင်ရေးဘဝများပြိုကွဲပျက်စီးခဲ့ပါသလား

ရှိ ☐ ။ အနည်းငယ် ☐ ။ မရှိ ☐

**'လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်'**

❖ ထောင်မကျမီအချိန်တွင်ဝင်ငွေ ရသော အလုပ်အကိုင်လုပ်ပါသလား

ရှိ ☐ ၊ မရှိ ☐

❖ လက်ရှိတွင် လုံလောက်သောဝင်ငွေ ရရှိသောအလုပ်ရှိပါသလား

ရှိ ☐ ၊ မရှိ ☐

## အကျဉ်းဖော်ပြပေးပါ

..........................................................................................

..........................................................................................

..........................................................................................

❖ ဝင်ငွေရသောအလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါသလား

ရှိ ☐ ၊ မရှိ ☐

❖ မိမိကျွမ်းကျင်သောအတတ်ပညာများ ရှိပါက ဖော်ပြပေးပါရန်။

အကျဉ်းဖော်ပြပေးပါ ..........................................................................................

..........................................................................................

❖ ထောင်ကျခြင်းသည် အလုပ်အကိုင် ရရှိမှု ကိုထိခိုက်မှု ရှိပါသလား

ရှိပါသည် ☐ အနည်းငယ် ☐ မရှိပါ ☐

အဘယ်ကြောင့်နည်း· ..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

| | | | |
|---|---|---|---|
| လက်မှတ် | .................. | လက်မှတ် | .................... |
| ကောက်ယူသူအမည် | .................. | အမည် | .................... |
| အချက်အလက်ဖြည့်သည့်နေ့စွဲ | .................. | မှတ်ပုံတင်အမှတ် | ................... |

# နောက်ဆက်တွဲ ၂
## တွေ့ဆုံမေးမြန်းမှုအတွက် လမ်းညွှန်များ

## ဖမ်းဆီးထိန်းသိမ်း၊ အကျဉ်းချခြင်းမခံရမီ

- ❖ ထောင်မကျမီကသင်ဘာလုပ်ပါသလဲ။ ပညာသင်ကြားနေပါသလား၊ အလုပ်လုပ်နေပါသလား။
- ❖ မည်သည့်အကြောင်းအချက်က သင့်အား နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပါဝင်စေခဲ့ပါသလဲ။
- ❖ ဘယ်အချိန်၊ ဘယ်နေရာတွင် သင်ဖမ်းဆီးခံခဲ့ရပါသလဲ။

## အသေးစိတ်အချက်အလက်မေးခွန်းများ

- ❖ သင်ကြုံတွေ့ခဲ့ရသောလူ့အခွင့်အရေးချိုးဖေါက်ခံရမှုအားပြောပြနိုင်ပါသလား။
- ❖ ထိုသို့ ချိုးဖောက်ခံရမှုက ဘယ်လောက်ကြာခဲ့ပါသလဲ။
- ❖ ထိုသို့ချိုးဖောက်ခံခဲ့ရမှုက သင်၏ဘဝအတွက် ထိခိုက်မှုရှိခဲ့ပါသလား။ ရှိခဲ့လျှင်မည်သို့ ထိခိုက်ပါသနည်း။
- ❖ လူ့အခွင့်အရေးချိုးဖောက်ခံရသူတစ်ယောက်ဖြစ်ရသည့်အတွက် သင်မည်သို့ ခံစားရပါသနည်း။

## လွတ်မြောက်ပြီး အခြေအနေ

- ❖ သင်ယခုဘယ်လိုအလုပ်မျိုး လုပ်ကိုင်နေပါသလဲ။
- ❖ လွတ်မြောက်လာပြီးနောက် အာဏာပိုင်များရဲ့ နှောင့်ယှက်မှုခံရပါသလား။ ရှိခဲ့လျှင် မည်သို့နှောင့်ယှက်သည်ဆိုသည်အား ဖော်ပြပေးပါ။
- ❖ လွတ်မြောက်လာပြီးကတည်းက ဘယ်လိုကန့်သတ်ချုပ်ချယ်မှုမျိုးများအား သင်ခံခဲ့ရသလဲ။
- ❖ သင်လွတ်မြောက်လာပြီးနောက် နှစ်သိမ့်ဆွေးနွေးမှုခံယူဖူးပါလား။မပြုလုပ်ခဲ့ဖူးလျှင်၊ ထိုအစီအစဉ်ကို လက်ခံရရှိဖို့ စိတ်ဝင်စားပါသလား။
- ❖ ထောင်ထဲမှာသင့်အချိန်တွေ ကုန်ဆုံးခဲ့ရတဲ့အတွက်နဲ့ နိုပ်စက်ညှဉ်းပန်းခံခဲ့ရတဲ့အတွက် အစိုးရအနေနဲ့သင့်ကိုဘယ်လိုမျိုး ပြန်လည်လုပ်ဆောင်ပေးစေလိုသလဲ။
  (ဥပမာ။ ။တောင်းပန်ခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ အစရှိသဖြင့်)
- ❖ နိုင်ငံရေးလှုပ်ရှားမှုတွေကိုဆက်လက်လုပ်ဆောင်သွားမလား။
- ❖ နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့ သူတို့ရဲ့မိသားစုဝင်တွေအတွက် AAPP ကဲ့သို့သော အရပ်ဖက်အဖွဲ့အစည်းများက ပြုလုပ်တဲ့ ဘယ်လို ပြန်လည်ကုစားခြင်းအစီအစဉ်တွေ သင်တွေ့ချင်ပါသလဲ။
  (ဥပမာ။ ။အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ပညာရေး၊ နှစ်သိမ့်ဆွေးနွေးခြင်းအစရှိသဖြင့်)
- ❖ အနာဂတ်ကာလတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ပြန်လည်ကုစားပေးသည့်အစီအစဉ်များအား မည်သူက အကောင်အထည်ဖော်သည်ကို သင်ပိုမိုလိုလားပါသနည်း။ အစိုးရသို့မဟုတ် အရပ်ဖက်အဖွဲ့အစည်း
- ❖ အနာဂတ်အတွက်သင်၏ မျှော်လင့်ချက်နဲ့ ရည်မှန်းချက်တွေက ဘာတွေလဲ။

## အခြားမေးခွန်းများ

- ❖ အသုံးဝင်မယ်လို့ သင်ယူဆတဲ့ ထပ်လောင်းပြောကြားစရာများရှိပါသေးလား။

# နောက်ဆက်တွဲ ၃
## ညှဥ်းပန်းနှိပ်စက်မှုနည်းများ ပြပုံ

From - 13B

## နောက်ဆက်တွဲ ၃ ညဉ်းပမ်းနှိပ်စက်နည်းများပြပုံ



လေယာဉ်မောင်း



ဆိုင်ကယ်စီး



ပုံစံကြီး



ဆီမီးခွက်အက